


www.burmeseclassic.com
လှိုင်းကြက်ဆန်းကြယ်စာရေးဆရာကြီး
ဂျာဂါလိ
ထူသုတော်ချောင်ကာဇောင်း
နှင့်
ထမ်းဆီကျားမင်း
BURMESE CLASSIC .com
သ သစ် စက် စက် လုံး ချိ ဝ ဏ္ဍ ည္တိ ၁ / ဆုံး
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လူသူတော်သျှောင်တစောင်း
# နှင့်
# ထမံသီကျားမင်း

ရာဇဂုဏ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၂၃၀၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၁၀၁၀၇

### ထုတ်ဝေသူ

ဦးကျော်ဆန်း(ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂)

ရဲအောင်စာပေတိုက်

အမှတ်(၂)၊ ချွန်းလမ်း(၁)

မင်္ဂလာတောင်ညွန့်မြို့နယ်။

### အတွင်း•နှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်။

### ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

BURMESE CLASSIC .com

ရှင်က...ဓားသမားပဲ။ ဓားသမားဆိုတာ...
ဓားကိုမြဲအောင်...ကိုင်တတ်ရမယ်နော်။

အမည်မသိမိန်းမပျို

www.burmeseclassic.com

www.burmeseclassic.com



## အငြိမ်းစားတရားသူကြီး၏နိဂုံး

ညဥ့်အမှောင်ထုအောက်တွင် ရွှေဂုံတိုင်လမ်းမကြီးအနီးရှိ ခြံကြီးများသည်တိတ်ဆိပ်ငြိမ်သက်လျက်ရှိနေပေသည်။ ခြောက်ထပ်ကြီးဘုရားကုန်းအနီးတွင် အောက်ဘက်သို့နိမ့်ဆင်းသွားသောလမ်းသွယ်လေးတစ်ခုရှိနေရာ ထိုနေရာမှဆင်းသွားလျှင်ခြောက်ထပ်ကြီးဘုရားကုန်းအနောက်ရှိလမ်းသွယ်လေးတစ်ခုသို့ရောက်ရှိသွားနိုင်ပေသည်။

ထိုလမ်းသွယ်လေး၏ းဘက်ဝဲယာတွင် ခြံကျယ်ကြီးများတည်ရှိနေကာ အလွန်ကောင်းမွန်သောနှစ်ထပ်တိုက်အိမ်ကြီးများကို



အဆန်းအပြားဖြင့်ဆောက်လုပ်ထားကြလေသည်။ ထိုလမ်းလေးထဲတွင်နေထိုင်ကြသူများမှာ ဗြိတိသျှအစိုးရ၏အရာရှိကြီးများဖြစ်ကြကာ အချို့သောခြံကြီးများ၏ခြံတံခါးများအနီးတွင် လုံခြုံရေးအစောင့်များစောင့်ရှောက်နေသည့်အစောင့်အိမ်များကိုပင် မီးလုံးများ၏မှိန်ပျပျအလင်းရောင်အောက်၌ တွေ့ရှိနေရပေသည်။

ထိုလမ်းထဲရှိ သရက်ပင်များဖြင့်အုပ်ဆိုင်းနေသောခြံကြီးသည်ကား ခြံဝတွင်အစောင့်တဲရှိမနေဘဲ ခြံကြီး၏အလယ်မှတိုက်အိမ်ကြီး၏ဆင်ဝင်အောက်တွင်သာ မှိန်ဖျော့ဖျော့မီးရောင်ကလေးလင်းလက်၍နေသည်ကို တွေ့ရှိရပေသည်။

ထိုတိုက်အိမ်ကြီး၏ပိုင်ရှင်သည်ကား လွန်ခဲ့သည့်တစ်နှစ်ကျော်ကမှအငြိမ်းစားယူခဲ့သော ခရိုင်ရာဇဝတ်တရားသူကြီးဦးဘသိန်းဆိုသူပင်ဖြစ်ပေသည်။ ဦးဘသိန်းသည် အလုပ်မှအငြိမ်းစားယူလိုက်ပြီးဖြစ်၍ ဇနီးသည်မှာလည်းသေဆုံးသွားပြီဖြစ်ပေရာ တစ်ဦးတည်းကျန်ရစ်ခဲ့သောသားဖြစ်သူမောင်ဘကြွယ်အား ဘိလပ်သို့ဥပဒေပညာများသွားရောက်သင်ယူစေကာ သူကိုယ်တိုင်မှာမူအစောင့်အရှောက်အဖြစ်တပည့်မိုးသီးအားခေါ်ထားကာ တိုက်အိမ်ကြီးထဲတွင် ဆရာတပည့်နှစ်ယောက်တည်းအေးအေးဆေးဆေးနေထိုင်လျက်ရှိကြပေသည်။

မိုးသီးမှာ ဦးဘသိန်းခရိုင်ရာဇဝတ်တရားသူကြီးလုပ်နေစဉ်ကပင်ရင်းနှီးခဲ့သူဖြစ်ကာ ရိုးသားအေးဆေး၍ သူ့အပေါ်၌ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်သောဦးဘသိန်းအား အလွန်ချစ်ခင်ကြည်ညိုသဖြင့် ဦးဘသိန်းတစ်ယောက်. . တရားသူကြီးဘ၀မှ အငြိမ်းစားယူလိုက်သောအခါ သူကိုယ်တိုင်လည်းပုလိပ်အလုပ်မှအငြိမ်းစားယူလိုက်ပြီး ဦးဘသိန်းထံတွင် အတူလာရောက်နေထိုင်နေသူဖြစ်ပေသည်။

မိုးသီးသည် ပုလိပ်သားဘ၀ကပင်အလွန်လက်သံပြောင်လှသောကြောင့် နာမည်ကြီးလူဆိုးလူမိုက်များကမင်ကြောက်ရွံ့ရသူတစ်ဦးဖြစ်ကာ သိုင်းပြောင်းပြန်ပညာရပ်ကိုလည်း ကျွမ်းကျင်စွာတတ်မြောက်ထားသောကြောင့် တော်ရုံလူဆိုးလူမိုက်သုံးလေးဦးကိုပင် တစ်ယောက်တည်းတိုက်ခိုက်အနိုင်ယူနိုင်ပေသည်။

ယနေ့ညတွင်လည်း မိုးသီးသည်တိုက်အိမ်ကြီး၏အောက်ထပ်ရှိသူ၏အိပ်ခန်းထဲတွင် အရက်ရှိန်တက်၍အိပ်မောကျနေကာ ဆရာဖြစ်သူဦးဘသိန်းမှာလည်း  အိမ်အပေါ်ထပ်ရှိသူ၏အခန်းကျယ်ကြီးထဲ စိတ်အေးလက်အေးဖြင့်စာဖတ်ရင်းအနားယူနေလေသည်။

ဦးဘသိန်းသည် ဂဏန်းဗေဒင်ပညာရပ်ကိုအလွန်ဝါသနာကြီးလှသူဖြစ်ပေရာ အနောက်နိုင်ငံမှဆရာကြီးကိုင်ရို၏ဂဏန်းဗေဒင်ပညာရပ်ဆိုင်ရာစာအုပ်များကို. . အချိန်အားတိုင်းဖတ်ရှုတွက်ချက်နေတတ်သူဖြစ်သောကြောင့် ယခုအချိန်တိုင်မအိပ်ဖြစ်သေးဘဲ စာအုပ်ကိုဖတ်လိုက်၊ တွက်ချက်လိုက်ဖြင့် အလုပ်ရှုပ်နေခြင်းပင်ဖြစ်ပေတော့သည်။



"ဒေါင်. . ဒေါင်. . ဒေါင်. ."

ထိုအချိန်တွင် တစ်အိမ်ကျော်ရှိအတွင်းဝန်ကလေးဦးငွေမောင်း၏ခြံမှ ခြံစောင့်များကတီးခေါက်လိုက်သည့်သံချောင်းခေါက်သံများကိုကြားလိုက်ရသဖြင့် ဦးဘသိန်းကစိတ်ထဲမှရေတွက်ကြည့်နေလိုက်ရာ သံချောင်းခေါက်သံဆယ့်တစ်ချက်တိတိကို ကြားလိုက်ရလေသည်။

"အင်း. .။ ညတောင်. . အတော်နက်နေပြီမဲ့။ ငါလည်းအိပ်မှပါပဲလေ. ."

ဦးဘသိန်းသည် စိတ်ထဲမှတီးတိုးရေရွတ်လိုက်ကာစာရေးစားပွဲပေါ် မှမီးလုံးအားပိတ်လိုက်ပြီး အိပ်ယာဆီသို့သွားရန်ပြင်လိုက်လေတော့သည်။ ထိုအချိန်မှာပင်. .

"ချွမ်း. ."

အိမ်အပေါ်ထပ်နောက်ဘက်အခန်းဆီမှ မှန်ကွဲသံကြောင့် ဦးဘသိန်း၏စိတ်ထဲတွင် အံ့ဩသွားမိလေသည်။

"ဟာ. . အိမ်နောက်ဖေးက တံခါးမှန်ကွဲသွားပြီနဲ့တူတယ်။ ကြောင်တစ်ကောင်ကောင်များ အတင်းတိုးဝင်လာသလားမသိပါဘူး။ မနက်ကျမှပဲ မိုးသီးကိုပြန်ဟပ်ခိုင်းလိုက်တော့မယ်. ."

ဦးဘသိန်းသည်. . စိတ်ထဲမှကျိတ်၍ညည်းတွားလိုက်ပြီးလျှင် အိပ်ခန်းတံခါးကိုအသာအယာဖွင့်လိုက်လေသည်။

"လူကြီးမင်းက  အငြိမ်းစားခရိုင်ရာဇဝတ်တရားသူကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးဘသိန်းပါလားရှင်. . "

နောက်ဘက်မှ ရုတ်တရက်ပေါ်ထွက်လာသည့် သာယာချိုလွင်သောအသံအေးအေးလေးကြောင့် ဦးဘသိန်းသည်အံ့ဩတုန်လှုပ်သွားမိကာ နောက်ဘက်သို့ပြန်လှည့်ကြည့်လိုက်မိလေသည်။

"ဟင်. . "

ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် ဦးဘသိန်းတစ်ယောက်အံ့ဩတကြီးဖြစ်မိကာ နှုတ်ဖျားမှအာမေဍိတ်သံပင်လွှတ်ကနဲထွက်သွားရလေသည်။

အခန်းကျယ်ကြီးထဲတွင်ရပ်၍ သူ့အမည်အားမေးမြန်းနေသောမိန်းကလေးမှာ အသက်အားဖြင့်နှစ်ဆယ့်ငါးနှစ်ခန့်သာရှိဦးမည်ဖြစ်ပြီး အစိမ်းရင့်ရောင်ပိုးသားထက်အောက်ဝတ်စုံကိုဝတ်ဆင်ထားကာ မျက်နှာကိုလည်းလှပသပ်ယပ်စွာပြင်ဆင်ချယ်သထားပေသည်။ မိန်းကလေး၏ထူးခြားချက်မှာ. . မိန်းမတစ်ရာတွင်တစ်ယောက်မရှိနိုင်သော ထူးခြားလှပဝင်းအိနေသည့်အသားအရည်ကိုပိုင်ဆိုင်ထားကာ ရုပ်အဆင်းကလှပသလို ကိုယ်လုံးကိုယ်ပေါက်ကလည်းထူးထူးခြားခြားလှပနေခြင်းပင်ဖြစ်ပေသည်။

"ဟုတ်ပါတယ်. . ။ ကျုပ်ဟာ အငြိမ်းစားခရိုင်ရာဇဝတ်တရားသူကြီးဦးဘသိန်းပါပဲ. . ။ မိန်းကလေးကရော ဘယ်သူလဲ၊ ဘာကြောင့်ကျုပ်အခန်းထဲကို ကျုပ်ရဲ့ခွင့်ပြုချက်မရှိဘဲညဉ့်နက်သန်းခေါင်အချိန်ကြီးမှာ ဖေါက်ထွင်းဝင်ရောက်လာရတာလဲဆိုတာ



ရှင်းပြစမ်းပါဦး. . "

ဦးဘသိန်း၏စကားကြောင့် မိန်းမပျိုလေး၏မျက်နှာတွင်ထူးထူးခြားခြားအပြုံးရိပ်တစ်ခုဖြစ်ပေါ်သွားလေသည်။

"ဝမ်းနည်းပါတယ်. . ဦးဘသိန်း။ ကျွန်မဟာ ရှင့်ရဲ့ခုံရုံးရှေ့မှာရောက်နေတဲ့တရားခံတစ်ယောက်မဟုတ်ထဲ့အတွက်. . ရှင့်မေးခွန်းတိုင်းကိုတော့ အဖြေမပေးနိုင်ပါဘူး။ ကျွန်မအဖြေပေးနိုင်တာတစ်ခုကတော့. . ရှင့်အခန်းထဲကိုကျွန်မဝင်လာတာဟာ ရှင့်အတွက်ကျွန်မကိုယ်တိုင်ချမှတ်ထားတဲ့စီရင်ချက်ကို. . လက်တွေ့အကောင်ထည်ဖေါ်ဖို့ပါပဲ. . "

မိန်းမပျိုလေး၏စကားအဓိပ္ပါယ်ကို နားမလည်နိုင်သောကြောင့် ဦးဘသိန်းသည်အခန်းတံခါးဝသို့လက်ညှိုးဖြင့်ညွှန်ပြလိုက်ပြီးလျှင် အသံမာမာဖြင့်. .

"မင်းပြောနေတာတွေ. . ကျုပ်နားမလည်ဘူး။ ဒီအခန်းထဲက အခုချက်ခြင်းထွက်သွားပါ။ မသွားရင်တော့ ကျုပ်တပည့်မိုးသီးကိုခေါ်ပြီး မင်းကိုအချုပ်ထဲပို့လိုက်မယ်. . "

"သြော်. . ။ ရှင့်တပည့်မိုးသီးဆိုတာက ပုလိပ်လူထွက်မိုးသီးလား. . ။ ခေါ်လိုက်ပါလေ. . ။ ကျွန်မက ပုလိပ်တွေကိုသိပ်မုန်းတာနဲ့တော့ အတော်ပါပဲ. . "

ဦးဘသိန်းသည်. . သာမန်အားဖြင့်ကြောက်ရွံ့စိတ်မရှိသူဖြစ်သော်လည်း သူ့ရှေ့မှမိန်းမပျိုလေး၏ ထိမထင်သောအပြောအ

www.burmeseclassic.com

www.burmeseclassic.com



ဆိုနှင့် ထူးခြားစွာဝင်းလက်တောက်ပနေသည့်မျက်လုံးအစုံကိုစိုက်ကြည့်ကာ ရှင်ထဲတွင်စိုးရွံ့စိတ်များဝင်လာမိလေသည်။

မိန်းမပျိုလေး၏အမူအရာမှာ ပြောသည့်အတိုင်းလုပ်မည့်အမူအရာမျိုးဖြစ်နေသဖြင့် သူ့အိပ်ရာခုတင်နံဘေးရှိစားပွဲအံဆွဲထဲမှ ဘုရင်ခံကဆုချီးမြှင့်ထားသည့်ခြောက်လုံးပြူးသေနတ်အားသွားရောက်ယူဆောင်ထားရန် စဉ်းစားလိုက်မိလေသည်။

"ကဲ. . ရှင့်တပည့်မိုးသီးကိုခေါ် ချင်ရင်လည်း မြန်မြန်ခေါ်လိုက်လေ။ ကျွန်မမှာ. . အချိန်သိပ်မရှိဘူး။ ရှင့်အတွက် ကျွန်မကိုယ်တိုင်ချမှတ်ထားတဲ့သေဒဏ်ကိုလည်း အကောင်အထည်ဖော်ရဦးမယ်. ."

သူ့ကိုသတ်ရန်ကိစ္စကိုပင် သွေးအေးအေးဖြင့်ပြောဆိုနေသောမိန်းမပျိုလေးအား. . တအံ့တသြငေးမောကြည့်နေရင်း ဦးဘသိန်းသည် တပည့်မိုးသီးအားအကူအညီခေါ်လိုက်ကာ သူတို့ယောကျ်ားကြီးနှစ်ယောက်၏အင်အားဖြင့် မိန်းမပျိုလေးအားလက်ရဖမ်းဆီးပြီး အချုပ်ထဲသို့ပို့ရန်ဆုံးဖြတ်လိုက်ပြီး. .

"မိုးသီးရေ. .။ အပေါ်မှာ ရန်သူရောက်နေတယ်ကွ။ အမြန်လာစမ်းပါဦး. ."

ဦးဘသိန်းက သစ်သားခင်းကြမ်းပြင်အားခြေထောက်ဖြင့်ဆောင့်နင်းရင်း အဆက်မပြတ်အော်ဟစ်နေလိုက်ရာ. . အောက်ထပ်တွင်အိပ်နေသောမိုးသီးသည်လန့်နိုးလာပြီးလျှင် ဆရာဖြစ်သူ



၏အော်သံကြောင့် အိပ်ရာဘေးမှဓားကြီးတောင်ဓားကိုဆွဲကိုင်ကာ အိမ်အပေါ်ထပ်သို့ပြေးတက်လာလေတော့သည်။

"ဆရာကြီး. .။ ရန်သူက ဘယ်မှာလဲဗျ. ."

အိပ်ပျော်နေရာမှလန့်နိုးကာ အမောတကြီးပြေးတက်လာသောမိုးသီးသည် ဖွင့်ထားသောအိပ်ခန်းထဲမှမီးရောင်ကြောင့် ဆရာဖြစ်သူဦးဘသိန်းကိုသာမြင်ရပြီး အမှောင်ရိပ်ထဲမှမိန်းမပျိုအားမမြင်ရသောကြောင့် အော်ဟစ်မေးမြန်းလိုက်လေသည်။

"ရန်သူက. . ဒီမှာပါရှင်"

အမှောင်ရိပ်ထဲမှထွက်ပေါ်လာသော မိန်းမပျို၏အသံကြောင့်. . မိုးသီးသည်မျက်လုံးကိုပွတ်သပ်၍မိန်းမပျိုအားသေချာကြည့်လိုက်ကာ. .

"မင်းက. . ဘယ်သူလဲ။ ဆရာကြီးကို ဘာလုပ်မလို့လဲ"

"ကျွန်မဘယ်သူလဲဆိုတာ. . ရှင်မသိချင်ပါနဲ့တော့။ ရှင့်ဆရာကြီးကိုသတ်မလို့လာတာ. . ရှင့်ကိုအကူအညီခေါ်ချင်တယ်ဆိုလို့ ခေါ်ခွင့်ပြုလိုက်တာပဲ. ."

ပုလိပ်မိုးသီးဘဝကပင်. . လူဆိုးဒမြများကဖိန့်ဖိန့်တုန်အောင်ကြောက်လန့်အောင်တိုက်ခိုက်အနိုင်ယူလာခဲ့သောမိုးသီးသည် ဘာပြောတတ်သည့်သမီးအရွယ်မိန်းမငယ်လေးက ရင့်ရင့်သီးသီးပြောဆိုခြင်းကိုခံလိုက်ရသဖြင့် ဒေါသကြောင့်မျက်နှာများနီမြန်းကာ ရှေ့သို့တစ်လှမ်းတိုးလိုက်ပြီး. .

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . မင်းကို မိန်းကလေးမို့ညှာနေ. ."

မိုးသီး၏စကားပင်. . မဆုံးလိုက်ရပေ။ မိန်းမပျိုလေးက ရှတ်တရက်ရှေ့သို့ပြေးဝင်လာကာ မိုးသီး၏ဓားကိုင်ထားသောညာဘက်လက်ကောက်ဝတ်ကိုဖမ်းချုပ်ရန်ပြင်လိုက်သဖြင့် မိုးသီးက ကိုယ်ကိုယိမ်းနွဲ့ကာ ဘေးသို့ရှောင်ထွက်လိုက်ရသည်။

"ရှင်က ဓားသမားပဲ။ ဓားသမားဆိုတဲ့ ဓားကိုမြဲအောင်ကိုင်တတ်ရမယ်နော်. . ဟင်း. . ဟင်း. ."

မိန်းမပျိုလေးကမခံချင်အောင်ပြောလိုက်ရင်း ရှတ်တရက်ဘယ်ခြေဖြင့်လှမ်းခတ်လိုက်ပြန်ရာ မိုးသီးမှာဒေါသထွက်နေပြီဖြစ်၍ ဓားဖြင့်ပြန်ပက်ထည့်လိုက်ချိန်တွင် မိန်းမပျိုလေးကဘယ်ခြေကိုအမြန်ရုပ်သိမ်းလိုက်ပြီး မိုးသီး၏လည်ပင်းသို့လက်သီးဖြင့်ဆတ်တိုးထည့်လိုက်ရာ လက်သီးဆုပ်မှလက်ခေါက်ချွန်က လည်ပင်းမေ့ကြောနေရာသို့တိုက်ရိုက်ထိုးဝင်သွားလေသည်။

"အင့်. ."

မိုးသီးသည် မေ့ကြောနေရာသို့လျှင်မြန်စွာတိုက်ခိုက်ခံလိုက်ရသောကြောင့်. . မေ့မြောလုမတတ်ဖြစ်သွားရသော်လည်း ဝါရင့်သိုင်းမြောင်းပြန်သမားတစ်ဦးဖြစ်သောကြောင့် ခန္ဓာကိုယ်ကို အချိန်မီထိန်းမတ်ကာ ဆရာဖြစ်သူအားကာကွယ်ပေးနိုင်ရန်ရှေ့သို့ ခုန်ထွက်လိုက်စဉ် မိန်းမပျိုကရယ်မောလိုက်ရင်း ညာဘက်လက်ဖျံအားလက်ဖြင့်ရိုက်ချခြင်းကိုခံလိုက်ရပြန်သည်။



"အား. ."

မိန်းမပျို၏လက်ရိုက်အားမှာ သံမဏိတမျှမာကျောပြင်းထန်ပြီး. . လှုပ်ရှားတိုက်ခိုက်ရာတွင် လျှပ်စစ်ကဲ့သို့မြန်ဆန်လျှင်မြန်ကြောင်းသပယိထားမိလိုက်ချိန်တွင် မိုးသီး၏လက်မှငှက်ကြီးတောင်ဓားမှာလွတ်ကျသွားရပြီဖြစ်သည်။

"အဟင်း. .။ ဓားကိုတောင်မြဲအောင်မကိုင်နိုင်ဘဲ ရှင်က ဓားသမားလုပ်ချင်နေတယ်. .။ ကဲ. . ရအောင်ရှောင်. ."

ပြောပြောဆိုဆိုပင်. . မိန်းမပျိုကရှေ့သို့ခုန်ထွက်လာပြီး မိုးသီး၏ရင်ဝသို့ထိုးချလိုက်ရာ မိုးသီးမှာမူးဝေနေသောကြောင့်လုံးဝမရှောင်နိုင်တော့ဘဲ. . အရှိုက်နေရာသို့ ဆယ်ပေါင်တူကြီးဖြင့်ထုချခံလိုက်ရသလိုဖြစ်ကာ နောက်သို့ပက်လက်လန်၍လဲကျသွားလေတော့သည်။

"အွန်. ."

"ဒိန်း. ."

အဖြစ်အပျက်များမှာ. . လျှပ်တစ်ပြက်အတွင်း၌ဖြစ်ပွားသွားခြင်းကြောင့် ဘေးမှရပ်ကြည့်နေသောဦးဘသိန်းသည် မိုးသီးလဲကျသွားသောအချိန်တွင်မှသတိဝင်လာကာ မိန်းမပျို၏အန္တရာယ်သည်မသေးလှကြောင်းရိပ်မိလိုက်သဖြင့် ခြောက်လုံးပြူးသေနတ်ကိုသွားဆောင်ရန် အိပ်ခန်းထဲသို့ ပြေး ဝင်သွားလေတော့သည်။

"ခုချိန်ကြမှတော့. . ပြေးလို့လွတ်ပါ့မလား ဦး. ."

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးသည်. . ကျားပို့မလေးတစ်ကောင်အလား ဦးဘသိန်းနောက်မှခုန်ပျံလိုက်ပါသွားပြီး ခါးကြားမှတစ်စုံတစ်ရာကိုထုတ်ယူလိုက်ကာ သူမ၏လက်တွင်စွပ်လိုက်ပြီး. . ဦးဘသိန်း၏နောက်ကျောပြင်သို့ကုတ်ချလိုက်လေသည်။

"အား. ."

ဦးဘသိန်းသည် နာကျင်သောဝေဒနာကိုကျိတ်မှိတ်ခံစားရင်း. . စားပွဲအံဆွဲထဲမှ ခြောက်လုံးပြူးသေနတ်အားထုတ်ယူနိုင်ရန်ကြိုးစားလိုက်သော်လည်း မိန်းမပျိုလေးကလည်ပင်းနေရာသို့ထိုးစိုက်ချလိုက်ပြန်သောကြောင့် မိန်းမပျိုလေး၏လက်တွင်စွပ်ထားသော သံမဏိအချွန်ငါးချောင်းသည် လည်မျိုနေရာသို့စိုက်ဝင်သွားလေတော့သည်။

ဦးဘသိန်း၏ရှူးရှူးဝါးဝါးအော်ဟစ်သံက ကျယ်လောင်စွာထွက်ပေါ်လာပြီး ဦးဘသိန်းမှာထိုနေရာတွင်ပင်လဲကျ၍ အသက်ပျောက်သွားလေတော့သည်။ နေအိမ်ခြံကြီးက အလွန်ဝေးကွာလှသောကြောင့် ဦးဘသိန်း၏အော်သံအားနံဘေးအိမ်များမှကြားနိုင်ခြင်းမရှိကြပေ။

မိန်းမပျိုလေးသည် နံရံပေါ်တွင်စာတန်းတစ်ခုကိုရေးလိုက်ပြီးလျှင် အခန်းထဲမှပြန်လည်ထွက်ခွာသွားလေတော့သည်။

♥ ♥ ♥

ခွန်အားဗလအားကိုးနဲ့အနိုင်ကျင့်ချင်တဲ့. . .မစ္စတာဂျူပီ။
လောကကြီးမှာ. . .
ခွန်အားဗလကြီးတိုင်းသာ ကြောက်နေရမယ်ဆိုရင်. . .
ဆင်တွေကို. . .ထိုင်ရှိခိုးနေဖို့ပဲရှိတော့တာပေါ့ဘယ်။

ရှိစလင်းဆိုသော မိန်းမချောလေး

www.burmeseclassic.com

www.burmeseclassic.com



## အငြိမ်းစားရာဇဝတ်အုပ်မစ္စတာဂျူပီ

အနက်ရောင်ချက်ပလက်ကားလေးတစ်စီးသည် ညဥ့်အမှောင်ထုထဲတွင် အရှိန်ဖြင့်မောင်းနှင်လျက်ရှိပေသည်။ ကန်တော်ကြီးစောင်းနားသို့ရောက်သောအခါ ကားလေးသည်လမ်းခွဲသွယ်တစ်ခုထဲသို့အရှိန်ကိုလုံးဝမလျှော့ဘဲ ချိုးကွေ့ဝင်ရောက်သွားလေသည်။

ထိုအချိန်တွင် ကင်းတဲတစ်ခုမှခေါက်လိုက်သောသံချောင်းခေါက်သံက ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

"ဒေါင်. ."

ကားကိုမောင်းနှင်လာသောမိန်းမပျိုသည်. . သံချောင်း



ခေါက်သံတစ်ချက်ကိုကြားလိုက်ရသည်နှင့် သဘောကျစွာပြုံးလိုက်ပြီးလျှင်. .

"အင်း. . ။ အချိန်ကိုက်ရောက်လာတာပဲ. ."

ဟု တီးတိုးရေရွတ်လိုက်ပြီးလျှင် ကား၏အရှိန်ကိုလည်းလျှော့ချလိုက်လေသည်။

မကြာမီပင် ချက်ပလက်ကားလေးသည်သံမဏိတံခါးကြီးနှင့်လုံခြုံစွာကာရံထားပြီး အစောင့်ဂိတ်တဲတွင်လက်နက်ကိုင်ပုလိပ်တစ်ဦးစောင့်နေသည့် ခြံကျယ်ကြီး၏တံခါးဝ၌အသာအယာထိုးရပ်လိုက်သည်။

ဂိတ်တဲတွင်အစောင့်ကျနေသော. . ဂေါ်ရခါးပုလိပ်သည်ဂိတ်တံခါးကိုဖွင့်မပေးသေးဘဲ ချက်ပလက်ကားလေးအားစူးစမ်းသလိုလှမ်းကြည့်နေလေရာ ကားရှေ့ခန်းတံခါးပွင့်လာပြီးလျှင် ကားထဲမှအလွန်ချောမောလှပသောမိန်းကလေးတစ်ယောက်ဆင်းလာသည်တွေ့မြင်လိုက်ရမှ မျက်နှာတွင်ပြုံးယောင်သန်းသွားလေ၏။

"ကျွန်မနာမည်. . ရှီစလင်းပါ။ မစ္စတာဂျူပီနဲ့ချိန်းထားလို့လာတာပါရှင်. ."

ဂေါ်ရခါးပုလိပ်၏မျက်နှာမှာ တစ်စုံတစ်ရာကိုတွေး၍သဘောကျနေဟန်ဖြင့်. . ပြုံးနေလေသည်။ အတယ်ကြောင့်ဆိုသော် ထွန်းခဲ့သောနာရီဝက်လောက်ကပင် မိန်းကလေးတစ်ယောက်အား သူကိုယ်တိုင်တံခါးဖွင့်၍ ခြံရှေ့၌ရပ်စောင့်နေသောရထားလုံးပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့ တင်ပေးလိုက်ရသေးသည်မဟုတ်ပါလား။

သို့သော်လည်း . . မစ္စတာဂျူဗီသည် မိန်းမအလွန်ရှုပ်သူဖြစ်သောကြောင့် ယခုရောက်လာသောအလွန်ချောမောလှပသည့် မိန်းမချောလေးကို သွားခွင့်မပြုဘဲနေလိုက်လျှင် ပြဿနာတက်လာနိုင်သည်ကိုတွေးမိကာ . .

"ဟုတ်ကဲ့ . . ။ မစ္စတာဂျူဗီကအလုပ်များတော့ ခုအချိန်ဆိုဧည့်ခန်းထဲမှာပဲရှိနေမှာပါ။ ကျွန်တော်လိုက်ပို့ပေးရဦးမလားမစ္စရှီစလင်း . . "

"မလိုပါဘူးရှင် . . ။ ရှီစလင်းကို မစ္စတာဂျူဗီကိုယ်တိုင်ကက တစ်အိမ်လုံးအနှံ့လိုက်ပြထားပါတယ်။ စနေနေ့ညကဧည့်ခံပွဲကိုတောင် ရှီစလင်းလာသေးတာပဲ။ ရှင်မမှတ်မိလို့ပါ . . ။ ဟင်း . . ဟင်း . . "

ဂေါ်ရခါးပုလိပ်၏စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားမိသည်။ စနေနေ့ညတွင် . . မစ္စတာဂျူဗီကဧည့်ခံပွဲကျင်းပခဲ့သည်မှာမှန်သော်လည်း . . ဤမျှချောမောလှပသောမိန်းမချောလေးကို သူ့အနေနှင့်သတိမထားမိခဲ့ခြင်းကြောင့် စိတ်ထဲတွင်မကျေမနပ်ဖြစ်နေမိလေသည်။

"အေးဗျာ . . ။ ဒီလောက်ချောတဲ့ရှီစလင်းကို ကျွန်တော်မမှတ်မိလိုက်တာ ကျွန်တော့်အပြစ်ပါပဲ . . "

ဂေါ်ရခါးပုလိပ်က ရှီစလင်းအားရိသဲ့သဲ့ပြောဆိုရင်းခြံတံ



ခါးကြီးကိုဖွင့်ပေးလိုက်သဖြင့် ရှီစလင်းအမည်ခံထားသောမိန်းမချောလေးသည်စိတ်ထဲမှကျိတ်၍ပြုံးလိုက်ရင်း ချက်ပလက်ကားလေးကိုညင်သာစွာမောင်းနှင်ကာ တိုက်ကြီးရှိရာသို့မောင်းနှင်သွားပြီး တိုက်ကြီး၏ဆင်ဝင်အောက်တွင် ချက်ပလက်ကားလေးကိုရပ်တန့်လိုက်လေသည်။

မစ္စတာဂျူဗီမှာ ရာဇဝတ်အုပ်အဖြစ်မှမကြာမီကမှအငြိမ်းစားယူထားသူဖြစ်သည်။ ၎င်းသည် အလုပ်ကိုအလွန်ကြိုးစားသူဖြစ်သောကြောင့် ရာဇဝတ်အုပ်အဖြစ်လုပ်ကိုင်စဉ်ကထူးထူးခြားခြားအောင်မြင်မှုများရရှိခဲ့သူတစ်ဦးဖြစ်ကာ နာမည်ကြီးလူဆိုးဒမြများစွာကိုသူကိုယ်တိုင်ပင်ဦးဆောင်ကာလိုက်လံဖမ်းဆီးပေးနိုင်ခဲ့သောကြောင့် အထက်လူကြီးများကအလွန်သဘောကျကာမျက်နှာသာပေးခြင်းခံခဲ့ရပြီး ဂုဏ်ထူးဆောင်ရွှေစလွယ်ဆုကိုပင်ရရှိထားသူဖြစ်လေသည်။

မစ္စတာဂျူဗီမှာ အလုပ်တာဝန်ဝတ္တရားများကိုအလွန်ကျေပွန်သူဖြစ်သော်လည်း မိန်းမမှုအလွန်ရှုပ်ထွေးသူတစ်ဦးအဖြစ်လည်းနာမည်ကြီးနေသူဖြစ်သည်။ အထက်တန်းလွှာမှ ဘိုကပြားမများ၊ ဘိုဆန်သောမြန်မာမလေးများနှင့် . . တစ်ယောက်ပြီးတစ်ယောက်ထည်လဲတွဲနေတတ်သူဖြစ်သောကြောင့် အထက်တန်းလွှာတွင်မစ္စတာဂျူဗီအား မသိသူမရှိသလောက်ပင်ဖြစ်သည်။

ဇနီးဖြစ်သူမှာ လွန်ခဲ့သည့်ရှစ်နှစ်ကျော်ကပင်ကွယ်လွန်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီဖြစ်သောကြောင့် မစ္စတာဂျူဗီသည်ကန်တော်ကြီးစောင်း ရှိတိုက်ကြီးထဲတွင် တပည့်ဖြစ်သူမောင်အေးနှင့်နှစ်ဦးတည်းနေထိုင်ကာ စိတ်တိုင်းကျအပျော်အပါးကိစ္စများကိုလိုက်စားခွင့်ရရှိနေပေသည်။

မစ္စတာဂျူဗီသည် ယနေ့ညတွင်အေမီမြမောင်ဆိုသောမိန်းကလေးတစ်ဦးနှင့်ချိန်းဆိုတွေ့ဆုံခဲ့ပြီးဖြစ်သည်။ အေမီမြမောင်၏အစ်ကိုတစ်ယောက်မှာ တရှုတ်တန်းရှိဟိုင်စွမ်ဟော်တယ်တွင်မူးပြီးရမ်းကားကာ အလုပ်သမားတစ်ယောက်အားရိုက်နှက်လိုက်မှုကြောင့်အဖမ်းခံနေရသည်ကို မစ္စတာဂျူဗီကပြန်လွှတ်အောင်ကူညီပေးလိုက်သောကြောင့် အေမီမြမောင်ကမစ္စတာဂျူဗီချိန်းသည့်အတိုင်း လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အေမီမြမောင်ပြန်သွားပြီဖြစ်သော်လည်း မစ္စတာဂျူဗီမှာအိပ်မပျော်နိုင်သေးသောကြောင့် ဧည့်ခန်းထဲတွင်ဝီစကီအရက်တစ်ခွက်ဖြင့်ဇိမ်ယူနေလေသည်။

အီတလီမီးဆိုင်းကြီးများဖြင့် ခမ်းနားကြီးကျယ်စွာမြင်ဆင်ထားသောဧည့်ခန်းကျယ်ကြီးထဲတွင် ပိုးသားညအိပ်ဝတ်စုံကိုဝတ်ဆင်ထားပြီး အရက်ဘားဦအရက်စပ်နေသောအရုပ်ခြောက်ပေကျော်မြင့်မားပြီး၊ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းလွန်းလှသည့်မစ္စတာဂျူဗီ၏သွင်ပြင်မှာ သာမန်လူဆိုးများကယှဉ်ပြိုင်ဖို့မဆိုထားနှင့်၊ မြင်ရုံနှင့်ပင်ကြောက်ရွံ့ကြရမည့်ပုံစံမျိုးဖြစ်ပေသည်။



ဆင်ဝင်အောက်တွင်. . ကားတစ်စီးရပ်လိုက်သည့်အသံကြောင့် မစ္စတာဂျူဗီမှာအံ့သြသွားကာမျက်ခုံးနှစ်ဖက်ပင်မြင့်တက်သွား၍လေသည်။

"ဟင်. . ။ ဒီအချိန်ကြီး ဘယ်သူများရောက်လာတာလဲ။ ဘာတွေ. . လာအလုပ်ရှုပ်ကြဦးမလဲမသိဘူး. . "

မစ္စတာဂျူဗီသည် အလုပ်တာဝန်မှအနားယူထားပြီးဖြစ်သော်လည်း အရေးပိုင်ကြီးကအလွန်အားကိုးယုံကြည်စိတ်ချခံရသူဖြစ်သောကြောင့် အလွန်အရေးကြီးသောကိစ္စများရှိလျှင်ညဘက်အိပ်ချိန်တွင်ပင်လာရောက်အကူအညီတောင်းတတ်သောကြောင့် စိတ်ပျက်ပျက်ဖြင့်ညည်းညူလိုက်ကာ အိမ်ရှေ့သို့လျှောက်လာရလေတော့သည်။

"ဟာ. . လှလိုက်တဲ့မိန်းကလေး"

မစ္စတာဂျူဗီသည်. . ချက်ပလက်ကားတံခါးကိုဖွင့်၍ ကားဆေါ် ပ္ပတစ်ယောက်တည်းဆင်းလာသောမိန်းမပျိုလေးအားမြင်လိုက်ရသည်နှင့် တအံ့တသြဖြစ်သွားကာ နှုတ်မှပင်ယောင်ယမ်း၍မြည်တမ်းလိုက်မိလေသည်။

အစိမ်းရင့်ရောင်ပိုးသားဝတ်စုံကို ထက်အောက်ဆင်တူဝတ်ဆင်ထားသောမိန်းမပျိုလေးမှာ အသားအရည်ဖြူဝင်းနုညက်သူ့ကား၊ ကိုယ်နေဟန်ထားလှပပြေပြစ်လွန်းသူလေးဖြစ်ပြီး လမ်းလျှောက်ရာတွင်လည်း ညင်သာလှပလွန်းပေသောကြောင့် မစ္စတာ

www.burmeseclassic.com

www.burmeseclassic.com



ဂျူဗီ၏စိတ်ထဲတွင် မြင်မြင်ချင်းပင်အရှုံးအမူးစွဲလန်းတပ်မက်ခြင်းများဖြစ်ပေါ်နေလေတော့သည်။

"လူကြီးမင်းက. . ရာဇဝတ်အုပ်ကြီးမစ္စတာဂျူဗီပါလားရှင်။ ကျွန်မက. . အကောက်ခွန်ရုံးကမစ္စရှိုစလင်းပါ. . "

အလွန်အဆင့်အတန်းမြင့်မားသော အင်္ဂလိပ်လေယူလေသိမ်းဖြင့် သူ့အားနှုတ်ဆက်လိုက်သောမိန်းမချောလေးအား ငေးမောကြည့်ရင်း. . မစ္စတာဂျူဗီ၏စိတ်ထဲတွင် မိန်းမချောလေးအားအထင်ကြီးစိတ်များဝင်လာကာ တပ်မက်စိတ်များကလည်း ဒီရေအလား တဖွားဖွားတိုးတက်လာလေသည်။

ထို့ကြောင့်လည်း မိန်းမချောလေးအားဘာမျှထပ်မံမေးမြန်းမနေတော့ဘဲ သံဘာဂျာတံခါးကိုသူကိုယ်တိုင်ချက်ခြင်းဖွင့်ပေးလိုက်ကာ. .

"ဟုတ်ပါတယ်. . ကျုပ်က ရာဇဝတ်အုပ်ကြီးမစ္စတာဂျူဗီပါပဲ။ အခုတော့. . အလုပ်က အငြိမ်းစားယူလိုက်ပါပြီ။ အပြင်မှာအေးလွန်းနေတယ်ကွယ်. . ။ ဧည့်ခန်းထဲမှာ အေးအေးဆေးဆေးအနားယူလိုက်ပါဦး။ ပြီးတော့မှ. . မစ္စရှိုစလင်း ပြောစရာရှိတာကိုပြောပြပါ. . "

မစ္စတာဂျူဗီကလည်း အင်္ဂလိပ်လိုပြန်ပြောလိုက်ကာ မိန်းမချောလေးအားဧည့်ခန်းထဲသို့ ဦးဆောင်၍ခေါ်ဆောင်သွားလေတော့သည်။



"ထိုင်ပါ. . မစ္စရှိုစလင်း။ မစ္စရှိုစလင်းသောက်ဖို့. . ကျုပ်ကော်ဖီသွားဖျော်လိုက်ဦးမယ်နော်. . "

"အို. . အစ်ကိုကြီးကိုယ်တိုင်သွားဖျော်ရမယ်ဆိုတော့ ရှိုစလင်းမသောက်ရက်တော့ပါဘူးရှင်. . "

မစ္စတာဂျူဗီ၏မျက်နှာတွင် ကျေနပ်နှစ်သက်သောအပြုံးတစ်ခုပေါ်ထွန်းလာကာ. .

"ဒါဆိုလည်း. . မစ္စရှိုစလင်းပါ မီးဖိုချောင်မှာဝိုင်းကူပေးလိုက်လေ။ ကော်ဖီဖျော်ရင်း. . ကျုပ်တို့ပြောစရာရှိတာတွေ ပြောကြတာပေါ့. . "

မိန်းမချောလေးက. . မစ္စတာဂျူဗီအား မျက်နက်ဝန်းလေးထောင့်ကပ်၍ ကြာမူပါပါဖြင့်ကြည့်လိုက်ကာ. .

"အစ်ကိုကြီးက. . သိပ်သဘောကောင်းတာပဲ။ ဒါကြောင့်လည်း. . ရှိုစလင်းရဲ့သူငယ်ချင်းတွေက အစ်ကိုကြီးအကြောင်းကိုအမြဲပြောနေကြတာပေါ့. . ဟင်း. . ဟင်း. . "

မစ္စတာဂျူဗီသည်. . မိန်းမချောလေး၏တစိမ့်စိမ့်လှလွန်းသောအလှအပများကိုခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး လွန်စွာပီတိဖြစ်နေသောဟန်ဖြင့်. .

"ကဲ. . မစ္စရှိုစလင်းသောက်ဖို့ ကော်ဖီသွားဖျော်လိုက်ကြရအောင်. . "

မစ္စတာဂျူဗီက. . ရှေ့မှဦးဆောင်ထွက်သွားသဖြင့် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ချောလေးကလည်း နောက်မှကပ်လျှက်လိုက်ပါကာ မီးဖိုခန်းအတွင်းသို့ရောက်ရှိသွားကြလေသည်။

"အစ်ကိုကြီးက. . ဒီလောက်ချမ်းသာတာတောင် အိမ်စေတွေဘာတွေ မထားဘူးနော်. ."

"ကျုပ်တပည့်မောင်အေးတစ်ယောက်ကိုပဲ အဖော်ခေါ်ထားတာကွယ့်။ ကျုပ်က. . လွတ်လွတ်လပ်လပ်နေရတာကိုသဘောကျတော့ ညဘက်ဆိုရင်မောင်အေးကိုတိုက်နောက်ကအိမ်လေးမှာပဲ သွားနေခိုင်းထားတယ်လေ. ."

စကားအပြန်အလှန်ပြောဆိုနေကြရင်း. . မစ္စတာဂျူဗီက ကော်ဖီခွက်နှင့်ကိတ်မုန့်ပန်းကန်ကို မိန်းမချောလေးရှေ့သို့ချပေးလိုက်ကာ. .

"ကဲ. . ကော်ဖီပူပူလေးသောက်ရင်း ညကြီးမိုးချုပ်အချိန်မှာ ကျုပ်ဆီကိုဘာ့ကြောင့်ရောက်လာရသလဲဆိုတာ ပြောပြစမ်းပါဦး. . မစ္စရှီစလင်း"

မိန်းမချောလေးက မစ္စတာဂျူဗီ၏မျက်နှာအားမျှော်လင့်တကြီးဟန်ဖြင့်မော့ကြည့်လိုက်ကာ. .

"မစ္စတာဂျူဗီဆီက တောင်းချင်တာလေးရှိလို့လာခဲ့တာပါရှင်. ."

"မစ္စရှီစလင်းက. . ကျုပ်ဆီကဘာများတောင်းချင်လို့လဲ။ တောင်းချင်တာကို. . ပြောပြပါဦး"



မိန်းမချောလေးသည် မစ္စတာဂျူဗီအား ဝင်းလက်တောက်ပနေသောမျက်လုံးအစုံဖြင့်စူးစိုက်ကြည့်လိုက်ကာ. .

"ရှီစလင်းတောင်းချင်တာကတော့ အစ်ကိုကြီးရဲ့အသက်ပါပဲ. ."

"ဘာ. . ဘာပြောတယ်. ."

"ဟုတ်ပါတယ်ရှင်. .။ ရှီစလင်းက အစ်ကိုကြီးရဲ့အသက်ကိုနှုတ်ယူမလို့ ရောက်လာတာပါ. ."

မစ္စတာဂျူဗီသည်. . မိန်းမချောလေးအား ရှုမျှားရှူနေသလားဟုစူးစမ်းသလိုအကြည့်မျိုးဖြင့်လှမ်းကြည့်လိုက်ရင်း သဘောကျစွာရယ်မောလိုက်မိလေသည်။

"ဟား. . ဟား. . ဟား. ."

သူလို ခွန်အားဗလထွားကျိုင်းသန်မာလှသူတစ်ဦးအား သူ၏ပုခုံးလောက်မှအရပ်အမောင်းမရှိသောသေးသေးသွယ်သွယ်မိန်းငယ်လေးတစ်ဦးက မည်သည့်လက်နက်မျှကိုင်ဆောင်ထားခြင်းမရှိဘဲ သတ်မည်ဟုခြိမ်းခြောက်ပြောဆိုနေခြင်းကြောင့် မစ္စတာဂျူဗီသည် ထပ်မံရယ်မောလိုက်ပြန်ကာ. .

"ကျုပ်လိုပုလိပ်အရေးပိုင်ဟောင်းတစ်ယောက်ကို သတ်မယ်ခြိမ်းခြောက်ပြောဆိုနေတာဟာ ဥပဒေကြောင်းအရအရေးယူလို့ရတယ်ကွယ့်။ ဒါကြောင့်. . ကျုပ်ကမင်းကို ဖမ်းရလိမ့်မယ်။ ပြီးမှ ထိပ်လက်ကိုအပ်ဖို့လိုမလိုဆိုတာကို. . ညှိနှိုင်းကြတာပေါ့ ရှီစ

www.burmeseclassic.com

www.burmeseclassic.com



လင်းလေးရယ်. . ဟဲ. . ဟဲ. . ”

ပြောပြောဆိုဆိုပင်. . မစ္စတာဂျူဗီက သူ၏ရှည်လျားသန်မာလှသောလက်အစုံဖြင့် ရှိစလင်းဆိုသောမိန်းမချောလေးအား ဖက်၍ပွေ့၍ ရင်ခွင်ထဲသို့ဆွဲသွင်းလိုက်လေသည်။

“အို. . ”

မိန်းမချောလေးသည် ရုတ်တရက်အငိုက်မိသွားသည့်ဟန်ဖြင့် မစ္စတာဂျူဗီ၏ရင်ခွင်ထဲသို့အလိုက်သင့်ပါလာသောကြောင့် မစ္စတာဂျူဗီကကျေနပ်အားရဖြစ်သွားကာ ပိုမိုတင်းကြပ်စွာပွေ့ဖက်လိုက်ချိန်တွင်. .

“အင့်. . ”

မိန်းမချောလေး၏ ပြင်းထန်၍အားပါလှသောတံတောင်ဖြင့်နောက်ပြန်တွက်ခြင်းကိုခံစားလိုက်ရကာ မစ္စတာဂျူဗီမှာရင်ထဲမှစူးအောင့်သည့်ဝေဒနာကိုခံစားလိုက်ရပြီး. . အနောက်ဘက်သို့လည်ထွက်သွားလေတော့သည်။

မစ္စတာဂျူဗီသည်ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း မိန်းမချောလေးအားကြည့်လိုက်ရာ. . ခါးကြားမှတစ်စုံတစ်ရာကိုထုတ်ယူပြီး သူမ၏လက်တွင်စွပ်နေသည်ကိုတွေ့လိုက်ရသဖြင့် မိမိအားတိုက်ခိုက်တော့မည်ကိုရိပ်မိလိုက်ကာ သူ့ဘက်မှစတင်တိုက်ခိုက်ရန်ပြင်လိုက်သော်လည်း ရင်ဘတ်နေရာမှမခံမရပ်နိုင်အောင်နာကျင်နေသောကြောင့် မိမိ၏နံရိုးများကျိုးသွားပြီဖြစ်ကြောင်း နားလည်



သွားကာ အော်ဟစ်အကူအညီတောင်းရန်ပြင်လိုက်လေသည်။

“ကဲ. . “

မိန်းမချောလေး၏မာန်သွင်းသံသဲ့သဲ့ကို နားထဲတွင်ကြားလိုက်ရကာ မိန်းမချောလေးကရုတ်တရက်ခုန်ဝင်လာသည်ကိုတွေ့လိုက်ရသဖြင့် နောက်သို့ဆုတ်ရန်ကြိုးစားလိုက်သော်လည်း အချိန်နှောင်းသွားပြီဖြစ်ရကား မိန်းမချောလေး၏လက်နှစ်ဖက်က မျက်နှာနှင့်လည်ပင်းနေရာများသို့ ပြိုင်တူတိုက်ခိုက်ခြင်းကိုခံလိုက်ရလေတော့သည်။

“ဗြိုး. . ဗြိုး. . ဝုစ်. . ”

“အု. . အင့်. . ”

မိန်းမချောလေး၏. . လက်နှစ်ဖက်မှရှေ့ယမ်းတိုက်ခိုက်လိုက်ခြင်းမှာ သာမန်အားဖြင့်ကြည့်လျှင် မည်သို့မျှထူးခြားခြင်းမရှိသော်လည်း တိုက်ခိုက်ခြင်းကိုခံလိုက်ရသောမစ္စတာဂျူဗီအဖို့ မည်သို့မျှတိမ်းရှောင်ရန်ပင်အခွင့်အရေးမရနိုင်တော့ဘဲ ပြင်းထန်၍အားပါသောတိုက်ကွက်များအောက်တွင် လည်စင်းခံလိုက်ရပေတော့၏။

မစ္စတာဂျူဗီသည် ကြောက်လန့်တကြားဖြင့်အော်ဟစ်ရန်အဝံ့ကြိုးစားလိုက်သော်လည်း မိန်းမချောလေး၏တိုက်ခိုက်မှုကြောင့် လည်ပင်းသွေးကြောပေါက်သွားပြီဖြစ်ရာ. . အသံလုံးဝထွက်မလာနိုင်တော့ဘဲ လည်ပင်းကိုလက်ဖြင့်ဖိရင်းလဲကျသွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ခွန်အားဗလအားကိုးနဲ့အနိုင်ကျင့်ချင်တဲ့. . မစ္စတာဂျူဗီ။ လောကကြီးမှာ ခွန်အားဗလကြီးတိုင်းသာကြောက်နေရမယ်ဆိုရင် ဆင်တွေကို ထိုင်ရှိခိုးနေဖို့ပဲရှိတော့တယ်. ."

မိန်းမချောလေးက. . အခဲမကျေနိုင်ဟန်ဖြင့်ပြောဆိုနေသော်လည်း လဲကျနေရာမှသေဆုံးသွားပြီဖြစ်သောမစ္စတာဂျူဗီအဖို့ သူမ၏ပြောစကားများကို ကြားနိုင်တော့မည်မဟုတ်ပေ။

မိန်းမချောလေးသည် နံရံပေါ်တွင်စာတန်းတစ်ခုကိုရေးလိုက်ပြီးလျှင် အခန်းထဲမှပြန်လည်ထွက်ခွာသွားလေတော့သည်။

ချက်ပလက်ကားလေး၏ကားဟွန်းသံကြောင့် အိပ်ငိုက်နေသောဂေါ်ရခါးပုလိပ်သည် ထိုင်ခုံပေါ်မှအလျှင်အမြန်ထကာ သံမဏိတံခါးကြီးအားပြေးဖွင့်ပေးလိုက်သည်။

"အဆင်ပြေခဲ့ရဲ့လား. . မစ္စရှီစလင်း"

"ပြေပါတယ်ရှင်. .။ ရာဇဝင်အုပ်ကြီးက အင်မတန်သဘောကောင်းတာပဲ။ ကျွန်မလိုချင်တာကိုလည်း ပေးလိုက်ပါတယ်"

ရှီစလင်းဆိုသောမိန်းမချောလေးသည် ရယ်မောပြောဆိုရင်း. . ချက်ပလက်ကားလေးကို ခြံထဲမှအရှိန်ပြင်းစွာမောင်းထွက်သွားလေတော့သည်။

♥ ♥ ♥

လူကြီးမင်းဟာ...
အငြိမ်းစားထောင်ပိုင်ကြီးဘီဝိုဟာပါလားရှင်...။

အမည်မသိမိန်းမပျို

www.burmeseclassic.com

www.burmeseclassic.com



## အငြိမ်းစားထောင်ပိုင်ကြီးဘီမိုဟာ

ရန်ကုန်အင်းစိန်လမ်းမကြီးမှ ကြို့ကုန်းလမ်းသွယ်လေး ဘက်သို့ချိုးကွေ့လိုက်လျှင် လမ်းသွယ်လေး၏အဆုံး၌နွားခြံကြီးတစ်ခြံကိုတွေ့မြင်ကြရမည်ဖြစ်ပေသည်။

ထိုနွားခြံကြီး၏ပိုင်ရှင်မှာ . . ဘီမိုဟာဆိုသောဟိန္ဒူလူမျိုး တစ်ဦးဖြစ်ကာ သူ၏ဇနီး၊ သမီးတစ်ယောက်တို့နှင့်အတူ နွားခြံကြီး၏အလယ်၌ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီးတွင်နေထိုင်ပေသည်။

ဘီမိုဟာသည် လွန်ခဲ့သောသုံးနှစ်ကအင်းစိန်ထောင်ပိုင်



ကြီးရာထူးမှအငြိမ်းစားယူခဲ့သူဖြစ်ပြီး ကြို့ကုန်းရှိခြံကျယ်ကြီးကို ဝယ်ယူကာနွားခြံကြီးအဖြစ်ပြောင်းလဲလိုက်ပြီး သူအလွန်ဝါသနာပါသောနွားမွေးမြူရေးလုပ်ငန်းကို လုပ်ဆောင်နေသူဖြစ်ပေသည်။

"ဒေါင်. . ဒေါင်. . ဒေါင်. . ဒေါင်. ."

အဝေးတစ်နေရာမှ သံချောင်းခေါက်သံလေးချက်ကိုကြား လိုက်ရသည်နှင့် စည်းစနစ်တကျလှသောဘီမိုဟာသည် အိပ်ပျော်နေရာမှနိုးလာပြီး ရေချိုးခန်းအတွင်းသို့ဝင်၍ကိုယ်လက်သန့်စင်ကာ လိုင်စင်ဖြင့်ကိုင်ဆောင်သောခြောက်လုံးပြူးသေနတ်အိတ်ကို ခါး၌ခါးပတ်ဖြင့်ချိတ်လိုက်ပြီး လက်နှိပ်ဓါတ်မီးကိုယူဆောင်၍ နွားခြံသို့လျှောက်လှမ်းလာခဲ့လေသည်။

ဘီမိုဟာသည်. . နွားခြံအစောင့်တဲလေးအနီးသို့ရောက်သည်နှင့်. .

"ဟေ့ကောင်. . ဆွန်နာမန်းနီး။ မြန်မြန်ထပြီး လုပ်စရာရှိတာတွေလုပ်တော့ဟေ့. ."

ဆွန်နာမန်းနီးမှာ သူ၏မိန်းမဘက်မှတူတော်စပ်သူဖြစ်ပြီး ဘီမိုဟာကနွားခြံတွင်တာဝန်ပေးထားသူဖြစ်သည်။

"ဟာရေး. .။ မန်းနီးနိုးပါပြီ. . အကား။ အကားသွားစရာရှိတာ. . သွားပါတော့"

တဲထဲမှ. . ဆွန်နာမန်းနီး၏အော်သံ ထွက်ပေါ်လာရုံပင် ဘီမိုဟာသည်ခြံတံခါးဝဘက်သို့လျှောက်သွားပြီး ခြံတံခါးကိုသော့

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်ကာ ခြံပြင်သို့ထွက်လာခဲ့လေသည်။

ဘီမိုဟာသည် ယေ်စဉ်ကပင်ကျန်းမာရေးလိုက်စားခဲ့သူ ဖြစ်ကာ အပ်လိပ်ဘောက်ဆာခေါ် လေးထောင့်ကြိုးဝိုင်းအတွင်း၌ ထိုးသတ်ရသောလက်ဝှေ့ပညာတွင် လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ အဆင့်ထိဖြစ်ခဲ့ဖူးသူတစ်ဦးဖြစ်၏။

ယခုကဲ့သို့အသက်အရွယ်ရလာသည့်အချိန်တွင်. . ကိုယ်တိုင်လက်ဝှေ့မထိုးနိုင်တော့သော်လည်း လက်ဝှေ့ပညာတွင်ဝါသနာကြီးလှသူဖြစ်သောကြောင့် တပည့်များမွေး၍မနက်ငါးနာရီမှ ခုနစ်နာရီအထိ အင်းစိန်ရှိခြံတစ်ခြံတွင်သွားရောက်သင်ကြားပေးနေခြင်းဖြစ်ပေသည်။

ဘီမိုဟာသည်. . စိတ်ဖြေးလက်အေးလျှောက်လာရာ လမ်းကွေ့တွင် လမ်းကိုပိတ်၍ရပ်ထားသောကားအနက်လေးအား တွေ့လိုက်ရသဖြင့်. . ခြေလှမ်းကိုတုန့်ကနဲရပ်လိုက်ကာ လက်နှိပ်ဓါတ်မီးဖြင့်လှမ်းထိုးကြည့်လိုက်လေသည်။

အရာရာတွင်သတိထားနေတတ်သည့်အကျင့်အတိုင်း သူ၏လက်တစ်ဖက်ကလည်း ခြောက်လုံးပြူးသေနတ်အိတ်အားဖွင့်ထားပြီးဖြစ်နေတော့သည်။

ဖွေးကနဲလင်းလက်သွားသော လက်နှိပ်ဓါတ်မီး၏အလင်းရောင်အောက်တွင်. . ကားအနက်လေးထဲ၌ထိုင်နေသောမိန်းမပျိုလေးအားမြင်တွေ့လိုက်ရသဖြင့် ဘီမိုဟာတစ်ယောက်စိတ်အေး



သွားကာ လက်နှိပ်ဓါတ်မီးအားအောက်စိုက်၍ထိုးလိုက်ပြီး ကားလေးအနီးသို့ချဉ်းကပ်သွားလေသည်။

"အချိန်မတော်ကြီး ဘယ်လိုဖြစ်တာလဲ. . ကလေးမ"

ကားတံခါးဖွင့်သွားကာ ကားပေါ်မှချောမောလှပသောမိန်းမပျိုလေးက အောက်သို့ဆင်းလာရင်း. .

"လူကြီးမင်းဟာ. . အငြိမ်းစားထောင်ပိုင်ကြီးဘီမိုဟာပါလားရှင်. ."

ဘီမိုဟာသည် ကားပေါ်မှမိန်းမပျိုလေးကသူ့နာမည်ကို မေးလိုက်ခြင်းကြောင့်. . စိတ်ထဲတွင် သင်္ကာရန့်မကင်းဖြစ်မိသွားသော်လည်း မိန်းမပျိုလေးအားဂရုစိုက်ရန်မလိုဟုသဘောထားသူဖြစ်သောကြောင့်. .

"ဟုတ်ပဗျာ့. . ။ ကျုပ်က. . ဘီမိုဟာပါပဲ။ ကလေးမက ဘာကိစ္စရှိလို့မေးတာလဲ"

မိန်းမပျိုလေးသည်. . ဘီမိုဟာအား ဝင်းလက်တောက်ပနေသည့်မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်ကာ. .

"ကိစ္စကတော့. . ဘီမိုဟာကိုသတ်ဖို့ပါပဲရှင်"

ပြောပြောဆိုဆိုပင်မိန်းမပျိုလေးက ဘီမိုဟာအားအလွန်လျှင်မြန်သောအရှိန်အဟုန်ဖြင့် ခြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဘီမိုဟာသည်. . လက်ဝှေ့သမားကောင်းပီသစွာပင်မိန်းမပျိုလေး၏လျှင်မြန်စွာတိုက်ခိုက်လိုက်သောလက်နှစ်ဖက်ကိုလွှတ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ရှောင်တိမ်းလိုက်ရင်း လက်ချောင်းများထိပ်မှလက်ကနဲဖြစ်သွားသောသတ္တုရောင်ကြောင့် အန္တရာယ်ရှိသည်ကိုရိပ်မိလိုက်ကာ ခါးကြားမှသေနတ်ကိုဆွဲထုတ်ယူလိုက်လေသည်။

ဘီမိုဟာအနေဖြင့်. . ခါးကြားမှသေနတ်သို့အာရုံရောက်သွားခြင်းသည် သူ့ဘဝအတွက်အလွန်ကြီးမားသောအမှားကြီးတစ်ရပ်ပင်ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ဘီမိုဟာကသေနတ်ကိုထုတ်ယူလိုက်နိုင်သည့်အချိန်တွင်. . လျှပ်ပြက်သကဲ့သို့လျှင်မြန်လှသော မိန်းမပျို၏တိုက်ခိုက်ချက်များက မျက်နှာနှင့်လည်ပင်းနေရာများသို့ ရောက်ရှိလာပြီး. . ဘီဟာမိုအနေဖြင့်ရှောင်၍မလွတ်နိုင်ကော့ဘဲ ဒါဏ်ရာများရရှိသွားခြင်းကြောင့်ဖြစ်ပေသည်။

"အား. ."

ဘီမိုဟာသည်. . နာကျင်စွာအော်လိုက်ရင်းသေနတ်ဖြင့် လှမ်းချိန်လိုက်သော်လည်း မိန်းမပျိုလေးကလျှင်မြန်စွာထပ်မံတိုက်ခိုက်လိုက်သဖြင့် မြေပေါ်သို့လဲကျကာအသက်ပျောက်သွားရလေတော့သည်။

မိန်းမပျိုလေးသည် ဘီမိုဟာလဲကျသေဆုံးနေသည့်လမ်းနံဘေးရှိအုတ်နံရံပေါ်တွင်. . စာတန်းတစ်ခုကို ရေးလိုက်ပြီးလျှင် ကားပေါ်တက်၍ အရှိန်ဖြင့်မောင်းထွက်သွားလေတော့သည်။

♥ ♥ ♥

မစွတာစတီးဝပ်လည်း ရာထူးကထွက်စရာမလိုပါဘူး။
စီအိုင်ဒီကအရာရှိတွေလည်း ထွက်စာတင်ဖို့မလိုပါဘူး။
မေးခွန်းတိုင်းမှာအဖြေရှိသလို လူသတ်မှုဖြစ်လာပြီဆိုရင်
တရားခံကတော့ ရှိနေမှာပါပဲ. . .။

လူသူတော်သျှောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



## စုံထောက်မင်းကြီး၏ရာဇသံ

အင်းစိန်စီအိုင်ဒီရုံးကြီးတွင် ယနေ့မနက်၌ထူးထူးခြားခြား ပင်လူများဖြင့်ပျားပန်းခတ်မျှလှုပ်ရှားစည်ကားလျှက်ရှိနေပေသည်။

ပုံမှန်အားဖြင့် နံနက်ကိုးနာရီခွဲမှသာရောက်လာလေ့ရှိကြ သော စီအိုင်ဒီ၏စုံထောက်အရာရှိများသည်လည်း မနက်ရှစ်နာရီ ကျော်ကတည်းကရောက်ရှိနေကြကာ မိမိတို့အလုပ်စားပွဲများမှမှတ် စုစာအုပ်များကိုယူဆောင်ပြီး. . သတင်းဌာနသို့သွားရောက်ကာ မှတ်သားသင့်သည့်အချက်အလက်များကို ကူးယူရေးမှတ်နေကြ လေသည်။



ကိုးနာရီထိုးရန်ငါးမိနစ်အလိုတွင်. . စုံထောက်အရာရှိအားလုံး အစည်းအဝေးခန်းမကြီးထဲသို့ရောက်ရှိနေကြကာ မိမိတို့၏ကုလားထိုင်ခုံများတွင်ဝင်ထိုင်လိုက်ကြပြီး တစ်ယောက်နှင့်တစ်ယောက် တီးတိုးစကားဆိုနေကြရင်း စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အား စောင့်ဆိုင်းနေကြလေတော့သည်။

ထိုအချိန်တွင်. . အရှိန်ပြင်းစွာမောင်းနှင်လာပြီး စီအိုင်ဒီရုံးရှေ့၌ထိုးရပ်လိုက်သောကားစက်သံကြောင့် အစည်းအဝေးခန်းထဲမှအသံများသည် လုံးဝတိတ်ဆိတ်သွားလေတော့သည်။

"ဒေါက်. . ဒေါက်. . ဒေါက်. ."

ရှူးဖိနပ်သံတစ်ဒေါက်ဒေါက်ဖြင့် အစည်းအဝေးခန်းမကြီးထဲသို့ဝင်ရောက်လာသော စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အား မြင်တွေ့လိုက်ရသည်နှင့် ခန်းမကြီးထဲမှစုံထောက်အားလုံးကထိုင်ရာမှထ၍အရိုအသေပြုလိုက်ကြကာ စုံထောက်မင်းကြီးကစားပွဲထိပ်ရှိ၎င်း၏ထိုင်ခုံတွင်ထိုင်ချလိုက်သောအခါကျမှ အားလုံးပြန်ထိုင်လိုက်ကြလေသည်။

ခန်းမကြီးထဲတွင်. . စုံထောက်မင်းကြီး၏ညာဘက်ဘေးရှိထိုင်ခုံတစ်လုံးမှလွဲ၍ ကျန်ထိုင်ခုံများအားလုံးတွင်စုံထောက်အရာရှိများကနေရာယူထားကြပြီးဖြစ်ပေသည်။

စုံထောက်မင်းကြီး၏ ဘယ်ဘက်ဘေးရှိထိုင်ခုံတွင်ထိုင်နေသူမှာ. . စုံထောက်ကြီးဦး.ဇင်ယော်ဖြစ်ပြီး ရာဇဝတ်မှုများကိုစုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးရာ၌ထူးချွန်ထက်မြက်လှသောကြောင့် အလုပ်မှအငြိမ်းစား ယူထားပြီးသည့်နောက်ပိုင်းတွင်ပင် စုံထောက်မင်းကြီးမစ္စတာ စတီးဝပ်မတိုင်မီက အင်းစိန်စီအိုင်ဒီအဖွဲ့ကြီးကိုတာဝန်ယူအုပ်ချုပ် ခဲ့သည့် စုံထောက်မင်းကြီးမစ္စတာရှက်တဲဝပ်ကိုယ်တိုင် အကြံပေး ပုဂ္ဂိုလ်အဖြစ်ပြန်လည်ခန့်ထားခြင်းခံထားရသူဖြစ်သည်။

စုံထောက်မင်းကြီး၏ ညာဘက်တစ်ခုံကျော်တွင်ထိုင်နေ သူမှာကား မေဂျာဒါနန်းဆိုသူဖြစ်ကာ ဗြိတိသျှစစ်ရဲအဖွဲ့၏ခေါင်း ဆောင်ဖြစ်ပြီး. . ရာဇဝတ်မှုများကိုနှိမ်နင်းရန် စီအိုင်ဒီအဖွဲ့ကြီးနှင့် ပူးတွဲ၍ တာဝန်ချထားပေးသူဖြစ်ပေသည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည်. . အလွန်ဒေါသ ပွက်နေဟန်ရှိကာ မျက်နှာနှင့်နားရွက်များမှာနီရဲနေပြီး အခန်းထဲ မှစုံထောက်အရာရှိများအား မျက်ထောင့်နီကြီးဖြင့်ကြည့်လိုက်ပြီးမှ သူ၏မှတ်စုစာအုပ်ကိုလှန်လိုက်ကာ. .

"မနေ့ညက. . လူသတ်မှုသုံးမှုဖြစ်ပွားခဲ့တယ်လို့ ဆိုင်ရာ ဌာနအုပ်တွေဆီက သတင်းပို့ထားကြတယ်။ အသတ်ခံရတဲ့ပုဂ္ဂိုလ် သုံးယောက်လုံးဟာလည်း အငြိမ်းစားယူထားတဲ့ဗြိတိသျှအစိုးရရဲ့ အကြီးတန်းဝန်ထမ်းကြီးတွေဖြစ်နေတယ်"

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် လက်ထဲမှမှတ်စု စာအုပ်ကြီးဖြင့် စားပွဲအား 'ဒုန်း' ကနဲထုချလိုက်ကာ. .

"လောလောဆယ်မှာ. . ကျွန်ုပ်သိရှိထားတာကတော့ ည



ဆယ့်တစ်နာရီကျော်မှာ အငြိမ်းစားခရိုင်ရာဇဝတ်တရားသူကြီးဦး ဘသိန်းဟာ သူနေထိုင်တဲ့ခြောက်ထပ်ကြီးကုန်းနောက်ကတိုက်ကြီး ထဲမှာ အသတ်ခံလိုက်ရတယ်။ ညတစ်နာရီကျော်မှာ. . အငြိမ်းစား ရာဇဝတ်အုပ်မစ္စတာဂျူဗီဟာလည်း ကန်တော်ကြီးစောင်းကတိုက် ကြီးထဲမှာ အသတ်ခံလိုက်ရပြန်တယ်။ အဲ. . နောက်ဆုံးအသတ်ခံ လိုက်ရတဲ့တစ်ယောက်ကတော့ အငြိမ်းစားထောင်ပိုင်ကြီးဘိမိုဟာ ပါပဲ။ သူကတော့ မနက်လေးနာရီကျော်မှကြို့ကုန်းလမ်းဆုံထောင့် မှာအသတ်ခံရတာ. ."

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏ စကားဆုံးသွားသည် နှင့် အစည်းအဝေးခန်းမကြီးထဲတွင် တအံ့တသြပြောဆိုနေကြသည့် စကားသံများသောသောညံသွားလေသည်။

"ဒုန်း. . ဒုန်း. ."

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် စားပွဲကြီးအား သူ၏ကြီးမားလှသည့်လက်သီးဆုပ်ကြီးဖြင့်ဆက်တိုက်ထုချလိုက်ပြီး အားလုံးတိတ်တိတ်နေကြရန်အချက်ပြလိုက်ကာ. .

"မောင်မင်းတို့က ဒီရုံးခန်းထဲကနေကြွက်ကလေးတွေလို တကျိကျိအော်နေရုံနဲ့တော့ ဘာမှထူးခြားမလာနိုင်ဘူး။ အခုကျွန်ုပ် တို့. . ဘာဆက်လုပ်ကြမလဲဆိုတာ ပြောကြစမ်းပါ။ ဒီကိစ္စနဲ့ပတ်သက်တဲ့အစီရင်ခံစာအပြည့်အစုံကို ဒီညနေမှာသူ့ဆီအရောက်ပို့ ရမယ်လို့ ဘုရင်ခံချုပ်ကဖုန်းဆက်အမိန့်ပေးထားတယ်. ."

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးဦးဇင်ယော်က. .

"လောလောဆယ်မှာ. . အသတ်ခံလိုက်ရတဲ့ အလောင်းတွေကို နေရာရွှေ့ပြောင်းထားခြင်းရှိမရှိသိချင်ပါတယ် စုံထောက်မင်းကြီး"

"အငြိမ်းစားထောင်ပိုင်ကြီးဘီမိုဟာရဲ့ အလောင်းကိုတော့ လမ်းပေါ်မှာဖြစ်နေလို့. . သေဆုံးတဲ့နေရာကိုအမှတ်အသားပြုပြီး အလောင်းကိုသယ်သွားခိုင်းလိုက်ပြီး အနားမှာပုလိပ်အစောင့်တွေ ချထားပါတယ်။ ကျန်တဲ့နှစ်ယောက်ကိုတော့ ကျွန်ုပ်တို့စီအိုင်ဒီက အရာရှိတွေမရောက်မခြင်း ဘယ်သူမှမထိမကိုင်ဖို့အမိန့်ပေးထားတယ်"

စစ်ရဲအဖွဲ့ခေါင်းဆောင်မေဂျာဒါနန်းသည် စုံထောက်မင်းကြီးအားစူးစိုက်ကြည့်လိုက်ကာ. .

"လူသတ်သမားတွေရဲ့လုပ်ရပ်ဟာ စီအိုင်ဒီတစ်ဖွဲ့တည်းကိုစိန်ခေါ်တာမဟုတ်ဘဲ ဗြိတိသျှအစိုးရရဲ့လုံခြုံရေးအဖွဲ့တွေကိုပါ စိန်ခေါ်နေတဲ့လုပ်ရပ်မို့ လူသတ်သမားအားလုံးကိုအမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ဖို့အရေးကြီးပါတယ်. .။ စုံထောက်မင်းကြီးတို့ရဲ့ စီအိုင်ဒီအဖွဲ့က လူသတ်သမားတွေကိုအမြန်စုံစမ်းပေးပါ။ သူတို့ကိုဖြို့ခွင်းဖမ်းဆီးနိုင်ဖို့. . ကျွန်ုပ်တာဝန်ယူပါတယ်"

နဂိုမူလကပင် ဒေါသထွက်နေသော. . စုံထောက်မင်းကြီးမစ္စတာစတီးဝပ်မှာ မေဂျာဒါနန်း၏ခနဲ့၍ပြောလိုက်သောစကားကြောင့်ဒေါသပေါက်ကွဲကာ. .



"ကဲ. . စီအိုင်ဒီအရာရှိတွေအားလုံးသိအောင် ပြောထားလိုက်ပါ့မယ်။ လူသတ်တရားခံတွေကို တစ်ပတ်အတွင်းမိအောင် မဖမ်းဆီးနိုင်ခဲ့ရင် တစ်ပတ်ပြည့်တဲ့နေ့မှာလူကြီးမင်းတို့ရဲ့အလုပ်ထွက်စာတွေကို ကျွန်ုပ်စားပွဲပေါ်မှာလာတင်ထားကြပါ. ."

"လူသတ်တရားခံတွေ မ[illegible]ပါဘူး. . မစ္စတာစတီးဝပ်။ လူသတ်သမားက. . တစ်ယောက်တည်းပါ။ အဲဒီတစ်ယောက်တည်းသော လူသတ်သမားကလည်း မိန်းမပျိုလေးတစ်ယောက်ပါဗျာ. ."

"အို. ."

"ဟာ. ."

အစည်းအဝေးခန်းမကြီးထဲသို့. . အေးဆေးစွာ လျှောက်လှမ်းဝင်ရောက်လာရင်းပြောဆိုလိုက်သော ဆရာကြီးလူသူတော်သျှောင်တစောင်း၏စကားကြောင့် ခန်းမကြီးထဲမှစုံထောက်အရာရှိများ၏အာမေဋိတ်သံများပင် ထွက်ပေါ်လာလေတော့သည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် ဆရာကြီးလူသူတော်သျှောင်တစောင်းအားတွေ့မြင်လိုက်ရသဖြင့် အတန်ငယ်မျှစိတ်ချမ်းသာရသွားဟန်ဖြင့် ပြုံးရွှင်သွားကာ. .

"ဟဲလို. . မစ္စတာသျှောင်တစောင်း။ ကျွန်ုပ်က. . သင့်ကိုစောင့်မျှော်နေတာပါ။ သင့်ကိုတွေ့လိုက်ရတော့ ကျွန်ုပ်အားရှိသွားပြီ. .။ လူသတ်မှုတွေကသိပ်အရေးကြီးတာမို့ တစ်ပတ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



တရားခံကိုမိအောင်မဖမ်းနိုင်ရင် အလုပ်ကထွက်စာလာတင်ကြဖို့ စီအိုင်ဒီစုံထောက်အားလုံးကိုလည်း ဝမ်နင်ပေးလိုက်ပါပြီ။ သူတို့ နုတ်ထွက်ပြီးတာနဲ့ ကျွန်ုပ်ကိုယ်တိုင်လည်းရာထူးကနုတ်ထွက်လိုက်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ မျက်နှာသည်လည်း တစ်စုံတစ်ခုကိုအ[illegible]ကျက်နေဟန်ဖြင့်တည်ငြိမ်နေကာ. .

“အင်း. . ။ လူသတ်မှုသုံးမှုစလုံးဟာ အတော်ဆိုးဝါးတာတော့အမှန်ပဲဗျ။ အုပ်စုနဲ့အဖွဲ့နဲ့ ကျူးလွန်ကြတာမျိုးဆိုရင်လည်း သဲလွန်စတွေကျန်ခဲ့တော့ စုံစမ်းရတာလွယ်တတ်တယ်။ အခုအမှုကတော့ တစ်ယောက်တည်းကကျူးလွန်သွားတဲ့ပုံစံမျိုးမို့ တရားခံကိုဖေါ်ထုတ်နိုင်ဖို့ခက်ခဲမှာအမှန်ပဲဗျ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မျက်နှာများ ညှိုးနွမ်းနေကြသောစီအိုင်ဒီအရာရှိများကိုငဲ့စောင်းကြည့်လိုက်ရင်း မျက်နှာတွင် ပြုံးယောင်သန်းလာကာ. .

“ကဲပါလေ. . ။ မစ္စတာစတီးဝပ်လည်း ရာထူးကထွက်စရာမလိုပါဘူး။ စီအိုင်ဒီကအရာရှိတွေလည်း ထွက်စာတင်ဖို့မလိုပါဘူး။ မေးခွန်းတိုင်းမှာအဖြေရှိသလို လူသတ်မှုဖြစ်လာပြီဆိုရင် တရားခံကတော့ ရှိနေမှာပါပဲ။ ရာဇဝတ်ဘေးကို ဘယ်သူမှရှောင်ပြေးလို့လွတ်ရိုးထုံးစံမရှိပါဘူး. . ။ မစ္စတာစတီးဝပ်က ဝမ်နင်ပေးထားတဲ့တစ်ပတ်အတွင်းမှာပဲ တရားခံကိုဖမ်းမိဖို့ကျွန်ုပ်ကိုယ်



တိုင် ကူညီပေးပါ့မယ်. . ။ ကျွန်ုပ်ကတိပေးပါတယ်. . ”

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏မျက်နှာသည် ယခုမှပင်ပြုံးရွှင်လာကာ ရယ်ရယ်မောမောဖြင့်. .

“မစ္စတာသျှောင်တစောင်းက ကတိပေးလိုက်တယ်ဆိုရင်တော့. . ကျွန်ုပ် စိတ်အေးသွားပါပြီ။ ကြောင်နက်သျှင်သူဇာ၊ ပွဲကျောင်းသားဘဆောင်၊ အောင်ပါရွှေရွှေမင်းသမီး၊ ကိုးသချိုင်းရာဇနဲ့နာဂဒေဝီတို့လို. . ဖမ်းဖို့အင်မတန်ခက်ခဲတဲ့တရားခံတွေကိုတောင် မစ္စတာသျှောင်တစောင်းက. . ကတိပေးပြီးတာနဲ့ရအောင်ဖမ်းပေးခဲ့တာပဲဗျာ. . ”

“ကျွန်ုပ်တို့ မြန်မာလူမျိုးတွေဟာ. . ကတိတစ်လုံးကိုလွယ်လွယ်နဲ့မပေးတတ်ကြပါဘူး။ ကတိပေးပြီးပြီဆိုရင်လည်း အဲဒီပေးထားတဲ့ကတိကို အသက်ထက်ပိုပြီးတန်ဖိုးထားတတ်တယ်ဆိုတာ မစ္စတာစတီးဝပ်အနေနဲ့သိထားရင်ပြီးတာပါပဲဗျာ. . ”

ပြောပြောဆိုဆိုပင် ဆရာကြီးလူသူတော်သျှောင်တစောင်းသည်ထိုင်နေရာမှထ၍ စုံထောက်ကြီးဦးဇင်ယော်အားပြုံး၍ကြည့်လိုက်ကာ. .

“ဦးဇင်ယော်ရေ. . ။ ကျုပ်ကတော့ အမှုဖြစ်တဲ့နေရာတွေကိုရောက်ခဲ့ပြီးပြီဆိုတော့. . အိမ်မှာ အေးအေးဆေးဆေးတွေးပြီးအဖြေထုတ်လိုက်ဦးမယ်ကွဲ့. . ။ ခင်ဗျားတို့အနေနဲ့ သွားစုံစမ်းကြတော့မယ်ဆိုရင်. . တစ်နေရာစီကိုခွဲမသွားကြဘဲ အမှုဖြစ်တဲ့နေ

www.burmeseclassic.com

www.burmeseclassic.com



ရာကနေ. . အစဉ်လိုက်စုံစမ်းသွားကြတာက ပိုအကျိုးများနိုင်လိမ့်မယ်ဗျ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်. . စုံထောက်ကြီးဦးဇင်ယော်အားလှမ်းပြောပြီးသည်နှင့် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အားခေါင်းညိတ်၍နှုတ်ဆက်လိုက်ကာ အစည်းအဝေးခန်းမကြီးထဲမှ ထွက်ခွာသွားလေတော့သတည်း။

♥ ♥ ♥

အင်း...။ လူ့သတ်သမားဟာ...အတိုက်အခိုက်ဘက်မှာတော့...ကြောက်စရာကောင်းလောက်အောင်စွမ်းရည်ထက်မြက်နေတာပဲ။

မောင်းထောင်းကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



## အငြိမ်းစားသူရိယသတင်းထောက်ဦးသိန်းမောင်

ကျွန်ုပ်အငြိမ်းစားသူရိယသတင်းထောက်ဦးသိန်းမောင်သည်. . နံနက်စောစောတွင် ဇနီးသည်မင်္ဂလာခင်ကြီးဖျော်ပေးသည့် ကော်ဖီတစ်ခွက်နှင့်ပေါင်မုန့်မီးကင်ဖြင့်ဇိမ်ကျနေပြီးနောက် သတင်းစာတစ်စောင်လုံးကို ကုန်အောင် ဖတ်လိုက်လေသည်။

ထို့နောက်. . ကျွန်ုပ်သည် အငြိမ်းစားတို့၏ထုံးစံအတိုင်း လုပ်စရာအလုပ်မရှိတော့သဖြင့် ကျောက်မြောင်းဈေးထိပ်ရှိလူထု လက်ဘက်ရည်ဆိုင်သို့သွားကာ ချိုစိမ့်လက်ဘက်ရည်တစ်ခွက်မှာ ခဲ့သောက်ရင်း လက်ဘက်ရည်ဆိုင်များတွင်သာကြားရတတ်သော



သတင်းအထူးအဆန်းများကို ထိုင်နားထောင်နေမိလေသည်။

ကျွန်ုပ်နှင့်ခုံခြင်းကပ်လျက်ထိုင်နေသူများမှာ ဆိုက္ကားဆရာ မောင်ဖိုးမြနှင့်အထမ်းသမားဦးလူလှတို့ဖြစ်ပေရာ ကျွန်ုပ်အတွက် သတင်းအထူးအဆန်းများကို ကြားရပေတော့မည်ဟုတွေးမိကာ သဘောကျနေမိလေသည်။

"ဦးလူလှရေ. . ။ ဒီရက်ပိုင်းမှာတော့. . အငြိမ်းစားတွေ ဘပ်ဆိုက်နေတယ်ဗျ. ."

"ဟေ. . ။ အငြိမ်းစားတွေက. . ဘာများဖြစ်နေကြလို့လဲ မိုးမြရာ. ."

ဦးလူလှသည်ကျွန်ုပ်အား အငြိမ်းစားသတင်းထောက်ကြီး တစ်ဦးဖြစ်ကြောင်းကောင်းစွာသိထားပေသောကြောင့် ကျွန်ုပ်ဘက် သို့အားတုံ့အားနာလှမ်းကြည့်ရင်း မောင်ဖိုးမြအားပြန်မေးလိုက် လေသည်။

"မနေ့ညက. . ကန်တော်ကြီးစောင်းခြံကြီးထဲမှာ အငြိမ်း စားရာဇဝတ်အုပ်တစ်ယောက် အသတ်ခံလိုက်ရတယ်တဲ့. . ။ ပြီး တော့ ခြောက်ထပ်ကြီးကုန်းနောက်က အငြိမ်းစားခရိုင်ရာဇဝတ် အရာရှိကြီးတစ်ယောက်လည်းအသတ်ခံရတယ်လို့ကြားရတယ် ။ တာမွေဂါတ်က ကျွန်တော့်သူငယ်ချင်းပုလိပ်မောင်အေးပြော တာတော့ အင်းစိန်ဘက်မှာလည်းအငြိမ်းစားထောင်ပိုင်ကြီးတစ် ယောက်အသတ်ခံလိုက်ရသေးတယ်ဆိုပဲဗျာ. ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရောဟုတ်ပါ့မလား . . ဖိုးမြရာ။ မင်းကို . . တင်ယောက်ယောက်က နောက်လိုက်ပြီနဲ့တူပါတယ်ကွာ။ ဟား . . ဟား"

"ဟုတ်ပါတယ် . . ဦးလူလှရဲ့။ ကျွန်တော်ကိုယ်တိုင်မနက်ကသတင်းကြားကြားခြင်း ကန်တော်ကြီးစောင်းဘက်ကိုဆိုက္ကားနဲ့ သွားကြည့်လိုက်ပါသေးတယ် . . ။ အဲဒီ အငြိမ်းစားရာဇဝတ်အုပ်ရဲ့ခြံကြီးကို ပုလိပ်တွေအများကြီးစောင့်နေကြတာကိုတွေ့လို့ ဆင်းပြီးစပ်စုခဲ့ပါသေးတယ်ဗျ။ ဘာလဲ . . ဦးလူလှက အလျင်တစ်ခါလိုပန်းသေးခေါက်ဆွဲကြေးလောင်းချင်သေးလို့လား။ သတ္တိရှိရင် လောင်းလိုက်လေဗျာ . . ဟား . . ဟား . ."

ကျွန်ုပ်သည် အလွန်ကြားချင်နေသော သတင်းဦး၊ သတင်းထူးကိုကြားလိုက်ရပေသဖြင့် စိတ်ထဲတွင်အလွန်အံ့သြသွားမိကာ ထိုသတင်းအပေါ်င်းမှန်နေပါက ကျွန်ုပ်၏မိတ်ဆွေကြီးဦးဇင်ယော်အနေနှင့် . . ထိုအမှုများနောက်သို့ လိုက်လံစုံစမ်းရမည်ဖြစ်ပေရာ ကျွန်ုပ်သည်လည်း ထိုအမှုမျိုးဆိုလျှင်အလွန်လိုက်ချင်၊ ကြည့်ချင် စပ်စုချင်သည်ကိုသိနေပါလျှက် . . အဘယ့်ကြောင့်ကျွန်ုပ်အား လာမခေါ်သနည်းဟု စိတ်ထဲတွင်တွေးတောမိကာ ဦးဇင်ယော်အပေါ်တွင်စိတ်မကြည်မလင်ဖြစ်နေမိလေတော့သည်။

"ပွမ် . . ပွမ် . ."

ထိုအချိန်တွင် . . လက်ဘက်ရည်ဆိုင်ရှေ့မှ ကားဟွန်းသံထွက်ပေါ်လာနေသဖြင့်လှည့်ကြည့်လိုက်ရာ ဦးဇင်ယော်၏စကိုဒ



းလေးဖြစ်နေသဖြင့် . . ကျွန်ုပ်သည်လက်ဘက်ရည်ဖိုးနှစ်ဆယ့်ပြားကို စားပွဲပေါ်တင်ပေးခဲ့ကာ ကားဆီသို့အလျှင်အမြန်ပြေးသွားပြီး ကား၏ရှေ့ခန်းတံခါးကိုဆွဲဖွင့်၍ ကားထဲသို့ဝင်ထိုင်လိုက်သတော့သည်။

စုံထောက်ကြီးဦးဇင်ယော်သည် ကျွန်ုပ်အားပြုံး၍ကြည့်လိုက်ပြီးလျှင် . .

"ဘယ်လိုလဲ . . ဦးသိန်းမောင်။ ကျုပ်ကိုလက်ဘက်ရည်းဘာလေးသောက်ဖို့တောင် မခေါ်တော့ဘူးလားဗျာ . ."

"သောက်နေဖို့က အချိန်မရတော့ဘူး . . ဦးဇင်ယော်ရဲ့။ သုပ်တွေက . . တန်းစီနေတယ်ဗျ။ လောလောဆယ် ခြောက်ထပ်ကုန်းနောက်က အသတ်ခံလိုက်ရတဲ့အငြိမ်းစားခရိုင်ရာဇဝတ်အရာသူကြီးအိမ်ကိုမောင်းစမ်းပါဗျာ . . ။ အဲဒီကကိစ္စတွေပြီးရင် န်တော်ကြီးစောင်းက . . အငြိမ်းစားရာဇဝတ်အုပ်အသတ်ခံရတဲ့ မှုကိုသွားစစ်ရဦးမယ်ဗျ။ အဲ . . နောက်ဆုံးမှ အင်းစိန်မှာအသတ်ခံရတဲ့အငြိမ်းစားထောင်ပိုင်ကြီးဆီကို သွားစစ်ကြမယ်ဗျာ . ."

ကျွန်ုပ်က ခပ်တည်တည်ဖြင့်ပြောဆိုလိုက်ရာ . . ဦးဇင်ယော်သည် ကျွန်ုပ်အားတအံ့တသြပင်ငေးမော၍ကြည့်နေပြီးမှ အသဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ရယ်မောနေလေတော့သည်။

"ဟား . . ဟား . . ။ သဘောကျသဗျာ . . ။ ကျုပ်တော့

www.burmeseclassic.com

www.burmeseclassic.com



ဒီလူသတ်မှုတွေအကြောင်း. . ခင်ဗျားလုံးဝမသိနိုင်သေးဘူးဆိုပြီ
ခင်ဗျားကို အံ့ဩသွားအောင်ပြောပြမလို့. . စိတ်ကူးမေးတာဗျ
ကျုပ်တစ်ခုငေးမှုသွားတာက. . ခင်ဗျားဟာ အလွန်အောင်မြင်ကျော်
ကြားခဲ့တဲ့ မှုခင်းသတင်းထောက်ကြီးတစ်ယောက်ဆိုတာကိုပါပဲ
ဟဲ. . ဟဲ. . "

"အဲဒီလိုသတင်းမျိုးကို ကျုပ်တို့က 'စကုသတင်း' လို့ခေါ်
တယ်ဗျ။ နာမည်ကြီးသတင်းထောက်ဖြစ်ချင်ရင် တစ်ပတ်မှာစကု
သတင်းတစ်ပုဒ်လောက်ရအောင်လိုက်နိုင်ရတယ်ဗျ. . "

ကျွန်ုပ်နှင့်ဦးဇင်ယော်တို့သည်စကားပြောနေကြရင်း ကား
ကိုအရှိန်ဖြင့်မောင်းနှင်လာရာ စကိုဒါကားလေးသည်ခြောက်ထ
ကြီးကုန်းနောက်ဘက်ရှိခြံကျယ်ကြီးတစ်ခုထဲသို့ချိုးကွေ့လိုက်လေ
တော့၏။

"စီအိုင်ဒီမှာအစည်းအဝေးပြီးပြီးခြင်း စုံထောက်တွေအာ
လုံးထွက်လာကြတာဗျ။ ကျုပ်ကခင်ဗျားကိုသတိရတာနဲ့ ဝင်ခေ
နေတာ။ ခုလောက်ဆို. . သူတို့လည်းရောက်နေလောက်ပါပြီ"

တိုက်ကြီး၏အဝင်ဝတွင်ရပ်စောင့်နေသောပုလိပ်က. .
ထောက်ကြီးဦးဇင်ယော်အားအလေးပြုလိုက်ပြီးလျှင်. .

"ဆရာတို့ဆီကစုံထောက်တွေလည်း. . အခုပဲဝင်သွား
တယ်. . ။ အပေါ်ထပ်ကို. . ကြွပါဆရာ"

စုံထောက်ကြီးဦးဇင်ယော်က ခေါင်းညိတ်၍အသိအမ



ပြုလိုက်ပြီးလျှင် အပေါ်ထပ်သို့တက်သည့်လှေကားအတိုင်းတက်
ရောက်သွားလေတော့သည်။

တိုက်ကြီး၏အပေါ်ထပ်တွင် ညှိခန်းကျယ်ကြီးတစ်ခုကို
တွေ့မြင်လိုက်ရပြီး. . ထိုမှနောက်ဘက်တွင် ပွင့်နေသောအိပ်ခန်း
တံခါးကိုတွေ့ရ၍ စုံထောက်ကြီးဦးဇင်ယော်က အိပ်ခန်းထဲသို့ဝင်
ရောက်သွားလေသည်။

သပ်ရပ်ခန့်ငြားလှသောအိပ်ခန်းထဲရှိ. . ခုတင်အနီးတွင်
ဒဏ်ရာများဖြင့်လဲကျသေဆုံးနေသောလူကြီးတစ်ဦးအလောင်းကို
တွေ့မြင်လိုက်ရပြီး မျက်နှာနှင့်လည်ပင်းတဝိုက်ရှိဒဏ်ရာများမှာ
အလွန်ပြင်းထန်သည့်ဒဏ်ရာများဖြစ်နေလေသည်။

အလောင်း၏နံဘေးတွင် ဒူးထောက်၍စစ်ဆေးနေသော
မောင်းထောင်းကိုကိုကြီးက စုံထောက်ကြီးဦးဇင်ယော်ဘက်သို့လှည့်
ကြည့်လိုက်ကာ. .

"ဒဏ်ရာတွေက. . အတော်ရက်စက်ပြင်းထန်တယ်ဆရာ
ကြီး။ ကျားကုတ်ခံထားရတဲ့ဒဏ်ရာမျိုးဖြစ်နေတယ်. . ။ နံရံပေါ်
မှာလည်းထမံသီကျားမင်းလို့ရေးသွားသေးတယ်။ ဘာအဓိပ္ပာယ်
သည်းတော့မသိဘူး ဆရာကြီး. . "

စုံထောက်ကြီးဦးဇင်ယော်သည် ကိုယ်တိုင်ဒူးထောက်၍
ဒဏ်ရာများအားအနီးကပ်စစ်ဆေးလိုက်ကာ. .

"အင်း. . ။ ကျားလက်သည်းလိုမျိုးဖြစ်အောင် လက်မှာ

www.burmeseclassic.com

www.burmeseclassic.com



သံမဏိနဲ့အထူးပြုလုပ်ထားတဲ့အစွပ်ကိုသုံးပြီးတိုက်ခိုက်သွားတာပဲ အဲဒါနဲ့ထမံသိကျားမင်းဆိုတာနဲ့က. . တစ်ခုခုတော့ဆက်စပ်နေမှာ ပေါ့လေ. . ''

မောင်းထောင်းကိုကိုကြီးက အိပ်ရာခုတင်ဘေးမှစားပွဲ လက်ညှိုးထိုးပြလိုက်ကာ. .

"သေသွားတဲ့ဦးဘသိန်းဟာ စားပွဲအံဆွဲထဲကသေနတ် ရအောင်ယူဖို့ကြိုးစားနေချိန်မှာ ပြင်းပြင်းထန်ထန်တိုက်ခိုက် လိုက်လို့ပြီး နေရာမှာတင်ပွဲခြင်းပြီးသေသွားပုံပါပဲ. . "

ထိုအချိန်တွင်. . အခြားနေရာများ၌သွားရောက်စစ်ဆေးနေ ကြသော စုံထောက်အောင်ကြီး စုံထောက်မြဖင်နှင့်စုံထောက်အေး လွင်တို့သည်အခန်းတွင်းသို့ဝင်ရောက်လာကြလေသည်။

ထိုစုံထောက်သုံးယောက်အုပ်စုမှာ. . စကော့တလန်ယ ခေါ် စကော့တလန်နိုင်ငံရှိပုလိပ်သင်တန်းကျောင်းတွင် သင်တန်း သွားတက်ပြီးပြန်ရောက်လာကြသည်မှာ တစ်နှစ်ခန့်သာရှိသေး ဖြင့်စုံထောက်ကြီးဦးဇင်ယော်တို့အားအထင်မကြီးဘဲ အမှုကိစ္စတို တွင်အငြင်းပွားလေ့ရှိခဲ့ကြသော်လည်း စုံထောက်မင်းကြီး၏တ ပတ်ဝမ်နင်ကြောင့်. . ယခုအချိန်တွင် အပိုးကျိုးနေကြခြင်းဖြစ် သည်။

သူတို့အုပ်စုသည်. . ဦးဘသိန်း၏တပည့်ကြီးမိုးသီးအား အသေးစိပ်စစ်ဆေးခဲ့ပြီးဖြစ်၍ ယမန်နေ့ညကအဖြစ်အပျက်များ



ပြန်လည်အစီရင်ခံနေခြင်းဖြစ်ရာ. . စုံထောက်ကြီးဦးဇင်ယော်က လည်း အရေးကြီးသည့်အချက်အလက်များကို မှတ်စုစာအုပ်ထဲတွင် လိုက်လံမှတ်သားနေရလေသည်။

နောက်ဆုံးတွင် စုံထောက်အောင်ကြီးက. .

"မိုးသီးဟာ နောက်ဆုံးမှာအရှိက်ထိပြီးသတိမေ့သွားပါ တယ်။ သူပြန်သတိရလာတော့ ဦးဘသိန်းအသတ်ခံထားရတာကို မြင်လိုက်ရတာမို့ ဗဟန်းဌာနာအုပ်ဆီကိုဖုန်းဆက်ပြီးအကြောင်း ကြားလိုက်တာပါပဲ. . "

စုံထောက်ကြီးဦးဇင်ယော်သည် သူလိုက်လံရေးမှတ်ထား သောမှတ်စုများအား အသေအချာပြန်ဖတ်ကြည့်လိုက်ပြီး. .

"မောင်ရင်တို့စစ်ဆေးထားတာ အချက်အလက်အတော် ပြည့်စုံနေပါပြီ။ ဒါပေမယ့် ကျုပ်သိချင်တာလေးတွေကျန်နေသေး လို့ မိုးသီးကိုထပ်မေးလိုက်ချင်တယ်. . "

"ဟုတ်ကဲ့. . ။ ကျွန်တော်တို့ မိုးသီးကိုခေါ်ပေးပါ့မယ်. . "

ပြောပြောဆိုဆိုပင် စုံထောက်မြဖင်ကအခန်းပြင်သို့ထွက် သွားပြီး မိုးသီးဆိုသူအားခေါ်လာလေသည်။

ကျွန်ုပ်သည်. . မိန်းမပျိုလေးကပြောင်စိမ်ခေါ်ပြီး သတိ လစ်သွားအောင်တိုက်ခိုက်ခြင်းကိုခံခဲ့ရသည်ဆိုသော မိုးသီးဆိုသူ ၏အရုပ်အမောင်းနှင့်ဗလကြီးကိုငေးမောကြည့်နေမိရင်း မိန်းမပျို လေးမှာ အစွမ်းမသေးလှကြောင်းတွက်ဆလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးဦးဇင်ယော်သည်လည်း . . ကျွန်ုပ်ကဲ့သို့ပင်
အတွေးပေါက်နေဟန်ရှိပေသည်။ သူသည် မိုးသီးအားခြေဆုံးခေါင်း
ဆုံးကြည့်ရှုအကဲခတ်လိုက်ကာ သက်ပြင်းချလိုက်ပြီးလျှင် . .

"ဦးဘသိန်းကိုသတ်သွားတဲ့မိန်းကလေးဟာ ဒီအိမ်ပေါ်
ကိုဘယ်လိုရောက်လာတာလဲကွ . ."

"အိမ်နောက်ဘက်သရက်ကိုင်းပေါ်မှာရပ်ပြီး . . ပြတင်း
ပေါက်မှန်ကိုလက်နဲ့ထိုးခွဲပြီး အတွင်းတံခါးချက်ကိုလက်လျှိုဖွင့်ပြီး
ပြတင်းပေါက်ကနေခုန်ဝင်လာတာပါ . ."

"အဲဒီလိုလုပ်ဖို့လွယ်ပါ့မလား မိုးသီးရဲ့ . ."

မိုးသီးသည် ဦးဇင်ယော်အားပြန်မော့ကြည့်လိုက်ပြီးသက်
ပြင်းတစ်ချက်ချလိုက်ကာ . .

"သာမန်လူအနေနဲ့တော့ အဲဒီလိုသရက်ကိုင်းပေါ်ကခုန်
ကူးဖို့ဆိုတာမလွယ်ပါဘူးဆရာကြီး။ ဒီမိန်းကလေးလိုအစွမ်းမျိုးနဲ့
ကတော့ ဒီကိစ္စကိုအသာလေးလုပ်သွားနိုင်ပါတယ် . ."

"နောက်တစ်ချက်မေးချင်တာက . . ဦးဘသိန်းကိုသတ်ပြီး
ရွှေငွေရတနာတွေယူသွားသေးသလားဆိုတာပဲ . ."

မိုးသီးက ခေါင်းကိုခါယမ်းလိုက်ပြီး . .

"ဆရာကြီးဟာ . . ငွေတွေကိုဘဏ်မှာအပ်ထားပြီး လိုသ
လောက်ကိုပဲ ချက်လက်မှတ်နဲ့ကျွန်တော့်ကိုသွားထုတ်ခိုင်းတာပါ
ကျွန်တော်သိသလောက်တော့ ငွေရောပစ္စည်းရော ဘာမှယူမသွား



ပါဘူး . ."

"နောက်ဆုံးသိချင်တဲ့အချက်ကတော့ . . မိုးသီးလို သိုင်း
ပြောင်းပြန်ပညာရှင်တစ်ယောက်အနေနဲ့ မိန်းကလေးတိုက်ခိုက်
သွားတဲ့ပညာကို ဘယ်လိုပညာမျိုးလို့ထင်သလဲ . ."

"ကျွန်တော်ကိုယ်တိုင်လည်း . . သူ့ပညာကို ခုချိန်ထိဝေခွဲ
လို့မရနိုင်သေးပါဘူး။ ကျွန်တော်က . . ပုလိပ်ဘက်မှာအကြာကြီး
လုပ်ခဲ့တော့ တိုက်ခိုက်ရေးသမားပေါင်းစုံနဲ့ရင်ဆိုင်တိုက်ခိုက်ဖူးခဲ့
တာပါ။ သူ့လိုလျှင်မြန်လွန်းပြီး တစ်ချက်ကောင်းတိုက်ခိုက်နိုင်တဲ့
တိုက်ခိုက်ရေးသမားမျိုးကိုတော့ . . လုံးဝမကြုံဖူးပါဘူး။ ပညာက
ကောင်းလှသလို တိုက်ကွက်တွေကလည်းရက်စက်လွန်းပါတယ် . ."

စုံထောက်ကြီးဦးဇင်ယော်သည် . . မှတ်စုစာအုပ်ထဲသို့
လိုအပ်သမျှကိုရေးမှတ်လိုက်ပြီးနောက် ဗဟန်းဂါတ်မှဌာနာအုပ်
အားခေါ်ယူလိုက်ကာ . .

"အိုင်ပီကြီးရေ . .။ ကျုပ်တို့ဘက်ကတော့ လိုအပ်တာ
တွေအားလုံးစစ်ဆေးပြီးပါပြီ . .။ ကျုပ်တို့က နောက်တစ်နေရာကို
သွားရဦးမှာမို့ . . ဒီကကိစ္စတွေကို အိုင်ပီကြီးပဲတာဝန်ယူရှင်းလင်း
လိုက်ပါတော့"

"ရပါတယ် . . စုံထောက်ကြီးဦးဇင်ယော်။ ကျွန်တော်အဆ
ဆင်ပြေအောင်လုပ်လိုက်ပါ့မယ်"

"ကျေးဇူးပဲ . . အိုင်ပီကြီးရေ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . စီအိုင်ဒီမှစုံထောက်အရာရှိများက ရှေ့
ကားတစ်စီးဖြင့်ထွက်ခွာသွားရာ ကျွန်ုပ်တို့ကားလေးသည်လည်း
အနောက်မှလိုက်ပါသွားလေတော့သည်။

* * *

ကန်တော်ကြီးစောင်း၌ ခမ်းနားထည်ဝါစွာဆောက်လု
ထားသော အငြိမ်းစားရာဇဝတ်အုပ်ကြီးမစ္စတာဂျူဗီ၏တိုက်အိမ်ကြီး
ကိုမြင်လိုက်ရသည်နှင့်. . ကျွန်ုပ်၏စိတ်ထဲတွင် မစ္စတာဂျူဗီ၏
အကျင့်စရိုက်များကို အသင့်အတင့်နားလည်လိုက်မိသည်မှာ အမှ
ပင်ဖြစ်ပေသည်။

မစ္စတာဂျူဗီ၏ နေအိမ်နှင့်ခြံဝင်းကြီးကိုပြင်ဆင်ထားပုံ
မှာ ရာဇဝတ်အုပ်တစ်ယောက်၏အိမ်နှင့်မတူဘဲ အတွင်းဝန်ကြီး
တစ်ယောက်၏အိမ်နှင့်တူနေသဖြင့် ကျွန်ုပ်အနေဖြင့်မစ္စတာဂျူ
၏ဝင်ငွေနှင့်ဂုဏ်နေထိုင်နေသောအဆင့်အတန်းမှာ. . ညီမျှမှုမ
ကြောင်း အလိုလိုနားလည်လိုက်မိလေသည်။

ဤမျှအဆင့်အတန်းမြင့်မားစွာနေထိုင်နိုင်ရန် မစ္စတာဂျူ
ဗီအနေဖြင့်. . လာဘ်ပေးလာဘ်ယူကိစ္စမျိုးကို ကျူးလွန်ခဲ့မည်မှာ
ကေန်မုချပင်ဖြစ်ကြောင်း ကျွန်ုပ်တွေးလိုက်မိလေသည်။

ကောင်းမွန်ခိုင်ခန့်လှသော. . သံမဏိတံခါးကြီးအား



စောင့်ပုလိပ်တစ်ယောက်ကဖွင့်ပေးလိုက်သဖြင့် ကျွန်ုပ်တို့၏ကား
လေးသည် ခြံကြီးအတွင်းသို့မောင်းဝင်သွားကာအီတလီကျောက်
ပြားများဖြင့်အလှဆင်ထားသောပေါ်တီကိုအောက်၌ထိုးရပ်လိုက်
လေသည်။

အလွန်အဆင့်အတန်းမြင့်မားစွာပြင်ဆင်ထားသောဧည့်
ခန်းကိုကျော်ဖြတ်ကာ ဧည့်ခန်းနှင့်တဆက်တည်းရှိနေသောမီးဖို
ခန်းအတွင်းသို့ ကျွန်ုပ်တို့လှမ်းဝင်လိုက်ကြသည်။

မီးဖိုခန်းအတွင်း၌လဲကျသေဆုံးနေသော မစ္စတာဂျူဗီ၏
အလောင်းနားတွင် မောင်းထောင်းကိုကိုကြီးနှင့်စုံထောက်အေးလွင်
တို့ကစစ်ဆေးနေကြကာ ကျန်စုံထောက်များကတိုက်ခန်းအတွင်း
လိုက်လံစစ်ဆေးခြင်းနှင့် လူငယ်တစ်ယောက်နှင့်ဂေါ်ရခါးပုလိပ်
တစ်ဦးအားစစ်မေးခြင်းများ ပြုလုပ်နေကြသည်ကိုတွေ့ရပေသည်။

ညအိပ်ဝတ်စုံကြီးဖြင့်လဲကျသေဆုံးနေသောမစ္စတာဂျူဗီ
ကိုတွေ့မြင်လိုက်ရသည်နှင့် ကျွန်ုပ်မှာဂုဏ်၏ထွားကြိုင်းလွန်းသော
ခန္ဓာကိုယ်ကြီးကိုကြည့်ကာ ဤမျှထွားကြိုင်းသန်စွမ်းသူတစ်ဦးအား
တိုက်ခိုက်နိုင်သည့်စွမ်းရည်ကို တုန်လှုပ်ခြောက်ခြားမိရလေသည်။

မောင်းထောင်းကိုကိုကြီးသည် စုံထောက်ကြီးဦးဇင်ယော်
အားနောက်ပြန်လှည့်ကြည့်လိုက်ကာ. . စိတ်မသက်မသာဖြစ်နေ
သောအမူအရာဖြင့်. .

"ဒဏ်ရာတွေကတော့. . ဦးဘသိန်းအတိုင်းပဲဆရာကြီး။

www.burmeseclassic.com

www.burmeseclassic.com



နံရံပေါ်မှာလည်း . . ထမ်းသီကျားမင်းလို့ရေးသွားသေးတယ်။ ဦးဘသိန်းသေဆုံးပြီးနှစ်နာရီလောက်အတွင်းမှာ မစ္စတာဂျူဗီလည်း အသတ်ခံလိုက်ရတာပဲ။ အသေးစိပ်အဖြစ်အပျက်တွေကိုတော့ . . မကြာခင်သိကြရမှာပါ . . ”

စုံထောက်ကြီးဦးဇင်ယော်သည်လည်း . . မစ္စတာဂျူဗီ၏ အလောင်းနားတွင်ဒူးထောက်၍ သေချာစွာစစ်ဆေးကြည့်ရှုလိုက်ကာ . .

“ဒီလောက်အရပ်အမောင်းကောင်းတဲ့ လူတစ်ယောက်ကို မျက်နှာနဲ့လည်ပင်းနေရာတွေမှာဒဏ်ရာရအောင် တိုက်ခိုက်နိုင်ဖို့ဆိုတာ သိပ်တော့မလွယ်လှဘူးဗျ။ မျက်နှာနဲ့လည်ပင်းကိုမတိုက်ခိုက်ခင်မှာ တစ်ခုခုတော့လုပ်ရလိမ့်မယ် . . ”

စုံထောက်ကြီးဦးဇင်ယော်သည် မစ္စတာဂျူဗီဝတ်ဆင်ထားသောညဝတ်အင်္ကျီကို ကြယ်သီးများဖြုတ်၍စစ်ဆေးကြည့်ရှုလိုက်ပြန်သည်။

မစ္စတာဂျူဗီ၏ . . ဘယ်ဘက်ရင်ဘတ်နှင့်ဝမ်းဗိုက်အစပ်တွင် ညိုမည်းနေသောဒဏ်ရာတစ်ခုကိုတွေ့လိုက်ရသည်နှင့် စုံထောက်အေးလွင်သည်ဒဏ်ရာအားသေချာစွာစစ်ဆေးကြည့်လိုက်ပြန်ကာ . .

“အင်မတန်မာကျောတဲ့ သစ်သားချောင်းတစ်ချောင်းနဲ့ နံရိုးတွေကျိုးသွားအောင် ဆောင့်ထိုးသွားတာပဲဗျ။ နံရိုးကျိုးသွား



သို့ ဘယ်လိုမှပြန်မခုခံနိုင်တော့တဲ့အချိန်ကျမှ မျက်နှာနဲ့လည်ပင်းတို့သံမဏိအစွပ်နဲ့တိုက်ခိုက်ပြီး အသေသတ်လိုက်တာ . . ”

စုံထောက်အေးလွင်သည် ပြောပြောဆိုဆိုပင်ထိုင်နေရာမှ ထလိုက်ကာ ဘေးဘီဝဲယာသို့လှည့်ပတ်၍ သစ်သားချောင်းအား ရှာဖွေနေလေသည်။

စုံထောက်ကြီးဦးဇင်ယော်က ဒဏ်ရာနေရာအားသေချာစွာအနီးကပ်ကိုင်တွယ်ကြည့်ရှုလိုက်ပြီး . .

“နံရိုးကျိုးအောင်တိုက်ခိုက်လိုက်တာက သစ်သားချောင်းနဲ့မဟုတ်ဘူးမောင်**အေးလွင်** . . ။ **တံတောင်နဲ့**အပိုင်တွက်ပြီးတိုက်ခိုက်လိုက်တာကွ . . ”

မောင်းထောင်းကိုကိုကြီးကဲ့သို့ ခွန်အားဗလကောင်းလွန်းသူသည်ပင် စုံထောက်ကြီးဦးဇင်ယော်၏စကားကြောင့်ဇဝေဇဝါဖြစ်သွားဟန်ဖြင့် . .

“ဟုတ်နိုင်ပါ့မလား . . ဆရာကြီးရယ်။ တံတောင်နဲ့**တွက်**တဲ့အားက ဒီလောက်ပြင်းနိုင်ပါ့မလား . . ”

“သာမန်အားဖြင့်တော့ ဒီလောက်မပြင်းထန်နိုင်ဘူးပေါ့ မောင်ကိုကိုကြီးရဲ့။ ဒါပေမယ့် . . နှစ်ပေါင်းများစွာစနစ်တကျကျင့်ထားတဲ့လူတွေအတွက်တော့ တံတောင်အားနဲ့နံရိုးတွေကျိုးအောင်တိုက်ခိုက်နိုင်ပါတယ်ကွာ . . ”

စုံထောက်ကြီးဦးဇင်ယော်က . . **ဒဏ်ရာနေရာအလယ်**

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ကိုလက်ညှိုးဖြင့်ထောက်ပြလိုက်ကာ. .

"မောဒီနေရာဟာ. . တံတောင်နဲ့ပြင်းပြင်းထန်ထန်တိုက်ခိုက်ခံလိုက်ရတဲ့နေရာပဲ။ သစ်သားလို. . အင်မတန်မာကျောတဲ့အရာတစ်ခုခုနဲ့ထိခိုက်မိရင် အရည်ပြားနေရာတွေမှာစုတ်ပြတ်နေရမှာပေါ့။ အခုဟာက အရည်ပြားနေရာမှာပွန်းရာ၊ ရှရာတစ်ခုမှ ရှိမနေဘူးဆိုတော့ တံတောင်နဲ့တိုက်ခိုက်ခံလိုက်ရတာသေချာပါတယ်ကွာ. ."

မောင်းထောင်းကိုကိုကြီးနှင့်စုံထောက်အေးလွင်တို့သည် စုံထောက်ကြီးဦးဇင်ယော်ရှင်းပြသည်ကိုသဘောတူဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြပြီးလျှင်. .

"အင်း. . ။ လူသတ်သမားဟာ အတိုက်အခိုက်ဘက်မှာတော့. . ကြောက်စရာကောင်းလောက်အောင် စွမ်းရည်ထက်မြက်နေတာပဲ. ."

ဟု မောင်းထောင်းကိုကိုကြီး[illegible]ချက်ပြုလိုက်လေတော့သည်။

ထိုအချိန်တွင်. . ၅ ပြင်၌စစ်ဆေးနေကြသောစုံထောက်အရာရှိများသည် စစ်ဆေးခြင်းများပြီးစီးသွားပြီဖြစ်၍ အခန်းထဲသို့ဝင်ရောက်လာကြကာ. . ၎င်းတို့စစ်ဆေးခဲ့သမျှကို စုံထောက်ကြီးဦးဇင်ယော်အား ပြန်လည်အစီရင်ခံကြလေတော့သည်။

ဂေါ်ရခါးပုလိပ်ထံမှသိရှိရသမျှကို စုံထောက်ကြီးဦးဇင်



ယော်ကမှတ်စုစာအုပ်တွင်အသေအချာရေးမှတ်နေရင်းမှ. .

"မင်းတို့ပြောသလိုဆိုရင် မိန်းကလေးကိုယ်တိုင်မောင်း[illegible]တဲ့ကားနံပတ်ကိုတောင် အစောင့်ပုလိပ်ကမှတ်မထားလိုက်ဘူး[illegible]. . ။ တာဝန်အတော်ပေါ့လျော့တာပဲ. ."

"ဟုတ်ကဲ့. . ။ အဲဒီကိစ္စအတွက်. . သူတို့အစောင့်ပုလိပ်[illegible]သင်ကြီးကို တိုင်ကြားထားလိုက်ပါပြီ. ."

"အင်းလေ. . ။ မိန်းကလေးနာမည်ရှိစလင်းဆိုတာက [illegible]တုဖြစ်သလို ကားနံပတ်ကလည်းအတုပဲဖြစ်နေမှာပါ။ ချက်ပ[illegible]က်ကားအနက်ရောင်တွေကလည်း အတော်များတာဆိုတော့. . [illegible]ဒီကားပိုင်ရှင်တွေကိုစုံစမ်းနေရင်လည်း အချိန်ကုန်တာပဲအဖတ်[illegible]င်မှာပါ. ."

"ဟုတ်ပါတယ်. . ဆရာကြီး။ ဒီကားကို. . မိန်းကလေးက [illegible]စ်နေရာရာကခိုးယူလာတာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် [illegible]သတ်မှုကျူးလွန်တဲ့နေရာမှာ ရဲရဲတင်းတင်းသုံးရဲတာနေတာပေါ့ [illegible]ရာကြီး. ."

"မင်းပြောတာမှန်တယ်. . မောင်ကိုဝိုကြီး။ ငါတို့. . စုံ[illegible]ာက်အဖွဲ့ဝင်တွေက အဲဒီချက်ပလက်ကားနောက်ကိုလိုက်ပြီး [illegible]နေရင် အချိန်ကုန်လူပန်းတာပဲအဖတ်တင်လိမ့်မယ်။ သူက[illegible] အဲဒီလိုရှေ့လိုက်လွဲစေချင်လို့ ဒီချက်ပလက်ကားကို[illegible] [illegible]ပြုနေတာကွ. ."

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးဦးဇင်ယော်က.. မှတ်ချက်ချလိုက်ပြီးလျှင် စုံထောက်အောင်ကြီးတို့ဘက်သို့လှည့်ကာ..

"သူ့လူယုံတော်ဆိုတဲ့မောင်အေးဆီကရော.. ဘာတွေများ ထူးထူးခြားခြားသိရသေးလဲ.."

"မောင်အေးက.. ဘာမှမသိလိုက်ပါဘူး။ မစ္စတာဂျူဗီက အေမီမြမောင်ဆိုတဲ့မိန်းကလေးနဲ့ချိန်းထားတာမို့ သူ့ကိုစောစော သွားအိပ်ခွင့်ပြုလိုက်တာနဲ့.. သူလည်းအရက်တွေသောက်ပြီးအိပ် ပျော်သွားလိုက်တာ မနက်မိုးလင်းမှနိုးတာနဲ့ အိမ်ကြီးပေါ်ကိုလာ ကြည့်တော့မှမစ္စတာဂျူဗီရဲ့အလောင်းကိုတွေ့ရပြီး ပုလိပ်ဘက်ကို အကြောင်းကြားလိုက်တာပါ။ မိန်းကလေးက.. ဘာပစ္စည်းမှယူမ သွားဘူးလို့လည်း အစစ်ခံထားပါတယ်.."

စုံထောက်ကြီးဦးဇင်ယော်သည်.. မှတ်စုစာအုပ်အားသေ ချာစွာပြန်လည်ဖတ်ရှုလိုက်ပြီးနောက်..

"အင်း..။ ဦးဘသိန်းနဲ့မစ္စတာဂျူဗီတို့ကိုသတ်သွားတာ မိန်းကလေးတစ်ယောက်တည်းဆိုတဲ့အချက်၊ သတ်တဲ့နေရာနားမှာ ထမံသီကျားမင်းလို့ရေးတတ်တယ်ဆိုတဲ့အချက်၊ မိန်းကလေးဟာ အသက်ငယ်ရွယ်ချောမောလှပမယ့်.. အတိုက်အခိုက်ဘက်မှာ ထူးချွန်ထက်မြက်သလောက်ရက်စက်တယ်ဆိုတဲ့အချက်တွေကလွဲ ပြီး အခုချိန်ထိ ဘာမှထူးထူးခြားခြားသဲလွန်စမရသေးဘူးဗျ..။ အင်းစိန်ရောက်ရင်တော့ ဘယ်လိုနေမယ်မသိဘူး.."



စုံထောက်ကြီးဦးဇင်ယော်က.. မှတ်စုစာအုပ်ကိုပြန်ပိတ် လိုက်ပြီး အင်းစိန်သို့ဆက်သွားကြရန်စကားစလိုက်သဖြင့် စီအိုင် ဒီစုံထောက်အရာရှိများသည်လည်း ခရီးဆက်ရန်ပြင်ဆင်လိုက်ကြ လေတော့သည်။

* * *

အင်းစိန်ကြို့ကုန်းသို့ရောက်ရှိကြသောအခါ အငြိမ်းစား ထောင်ပိုင်ကြီးဘီမိုဟာ၏အလောင်းအား သယ်ယူသွားပြီဖြစ်၍ ခင်းဖြစ်ပွားရာနေရာတဝိုက်တွင်သာ လိုက်လံစစ်ဆေးကြပြီး.. အင်းစိန်ဂါတ်မှဌာနာအုပ်ကြီးနှင့်သာ စကားပြောဆိုကြရလေသည်။

ထောင်ပိုင်ကြီးဘီမိုဟာ၏အလောင်းအားတွေ့ရှိရသည့် နေရာအနီးတွင် 'ထမံသီကျားမင်း' ဆိုသောစာတန်းအားထပ်မံ တွေ့ရှိကြရပြီး ထောင်ပိုင်ကြီးဘီမိုဟာသည်လည်းကျားကုတ်ခံရ သည့်ဒဏ်ရာမျိုးဖြင့်သေဆုံးခဲ့ခြင်းဖြစ်သည်ကိုသိရှိကြရကာ သေ ဆုံးချိန်တွင်ထောင်ပိုင်ကြီးဘီမိုဟာ၏လက်ထဲ၌ခြောက်လုံးပြူးသေ နတ်တစ်လက်ကိုဆုပ်ကိုင်ထားသော်လည်း သေနတ်မှာပစ်ခတ်ခြင်း မပြုရသေးကြောင်းကိုလည်း သိရှိကြရပေသည်။

ထောင်ပိုင်ကြီးဘီမိုဟာအသတ်ခံရသည့်နေရာအနီးတွင် တွေ့ရှိရသည့်ကားဘီးရာများမှာ မစ္စတာဂျူဗီ၏အိမ်ရှေ့မှကားဘီး

www.burmeseclassic.com

www.burmeseclassic.com



ရာများနှင့်ကူညီနေကြောင်းကိုလည်း စီအိုင်ဒီစုံထောက်အရာရှိများကအတည်ပြုပေးလိုက်ကြလေသည်။

ဒါ့ကြောင့်လည်း မြစ်စားထောင်ပိုင်ကြီးဘီမိုဟာ အသတ်ခံရမှုတွင်လည်း ထူးထူးခြားခြားသဲလွန်စတစ်စုံတစ်ရာမျှမရရှိသဖြင့် စီအိုင်ဒီမှစုံထောက်အရာရှိများမှာ အလွန်ပင်စိတ်ဓါတ်ကျဆင်းသွားကြလေတော့သည်။

စုံထောက်ကြီးဦးဇင်ယော်သည်လည်း. . စိတ်ရှုပ်ထွေးနေဟန်ရှိကာ ကျွန်ုပ်ဘက်သို့လှည့်၍. .

"လူသတ်ကောင်မိန်းကလေးဟာ. . ဒီလူသတ်မှုတွေကိုကျူးလွန်ဖို့ အတော်လေးအချိန်ပေးပြီးလေ့လာခဲ့တာပဲ။ ပြီးမှ. . သေသေချာချာအကွက်ချစီစဉ်ပြီး တစ်ရက်တည်းမှာသုံးယောက်လုံးကိုသတ်ခဲ့တာဗျ။ ဒါကြောင့်လည်း ဘာသဲလွန်စမှရှာမတွေ့ကြတာပေါ့ဗျာ. .။ ဒီအမှုကတော့ အတော့်ကိုခက်ခက်ခဲခဲလိုက်ရမှာသေချာနေပြီ ဦးသိန်းမောင်ရေ. ."

ဟု ညည်းညူပြောဆိုလိုက်လေတော့သည်။

♥ ♥ ♥

ထမံသိကျားမင်းဆိုတာ...နာမည်ကြီးလူသတ်ကောင်တစ်ယောက်ပဲကွ။ သူဟာ...လူသတ်စားပြုမှုတွေကျူးလွန်ခဲ့လို့...လွန်ခဲ့တဲ့ဆယ်နှစ်နှစ်လောက်ကကြိုးအဆဲခံသွားရတာယ်လေ...။

*သတင်းထောက်ချုပ်သိန်းမောင်ကြီး*

www.burmeseclassic.com

www.burmeseclassic.com



## ထမံသီကျားမင်း၏လျှို့ဝှက်ချက်

အင်းစိန်စီအိုင်ဒီရုံးမှ ညနေစောင်းမှပြန်ရောက်လာသော
ကျွန်ုပ်သည် . အိမ်ပြန်ရောက်သည်နှင့် ရေချိုး၍ထမင်းစား
ကျွန်ုပ်၏ပက်လက်ကုလားထိုင်ကြီးတွင်ဇိမ်နှင့်မှီ၍ထိုင်ရင်း ယ
ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို အစမှအဆုံးတိုင်ပြန်လည်
စဉ်းစားနေမိလေသည်။

ကျွန်ုပ်၏စိတ်ထဲတွင် . နားမလည်နိုင်သည့်အချက်
လူသတ်မှုကျူးလွန်သွားသည့်နေရာတိုင်းတွင် ထမံသီကျားမင်း
စာတန်းများရေးထားခဲ့သည့်အချက်ပင်ဖြစ်ပေသည်။



ကျွန်ုပ်အနေနှင့် . စိတ်အေးလက်အေးပြန်လည်စဉ်းစား
ကြည့်လိုက်သောအခါ ထမံသီကျားမင်းဆိုသောဝေါဟာရသည် ကျွန်ုပ်
နှင့်အလွန်ရင်းနှီးနေသည်ဟုခံစားသိရှိနေကာ ထိုဝေါဟာရသည်
ကျွန်ုပ်နှင့်မည်ကဲ့သို့ပတ်သက်ဆက်နွယ်ခဲ့သည်ဆိုခြင်းကိုမူ ကျွန်ုပ်
အနေနှင့် လုံးဝမမှတ်မိနိုင်ဘဲဖြစ်နေလေတော့သည်။

ထမံသီဒေသဆိုသည်မှာ မြန်မာပြည်၏မြောက်ဘက်ပိုင်း
တွင်တည်ရှိနေပြီး . ထိုဒေသမှလူများသည် လူစင်စစ်မှကျားအဖြစ်
လပြည့်ညများတွင်ပြောင်းလဲသွားတတ်ကြကာ သမင်ဒရယ်များ
ကိုလိုက်လံဖမ်းဆီးတတ်ကြပြီး အခြားဒေသရှိမိမိတို့၏ရန်သူများ
ကိုလည်း ကျားသတ္တဝါအဖြစ်တိုက်ခိုက်တတ်ကြကြောင်း . ရှေးရိုး
ပုံပြင်စကားများကို . ကျွန်ုပ်အနေနှင့်ကြားဖူးနားဝရှိထားသော
ကြောင့်ပင် ထမံသီကျားမင်းဆိုသောဝေါဟာရသည်ကျွန်ုပ်နှင့်ရင်း
နှီးသည်ဟုနေခြင်းဖြစ်နိုင်သည်ဟု ကျွန်ုပ်အနေနှင့်တွေးတောနေမိ
လေသည်။

ထိုသို့ဖြင့်ကျွန်ုပ်သည် ထမံသီကျားမင်းဆိုသောဝေါဟာရ
အကြောင်းကိုအမျိုးမျိုးတွေးတောနေမိရာ အဖြေပေါ်မလာသော်
လည်း . ထိုဝေါဟာရသည် ကျွန်ုပ်နှင့်အလွန်ရင်းနှီးသည်ဆိုသော
အချက်ကိုကား စိတ်ထဲတွင်စွဲမြဲစွာယုံကြည်လာမိလေသည်။

ကျွန်ုပ်သည် ထမံသီကျားမင်းဆိုသောဝေါဟာရကြောင့်
ပက်လက်ကုလားထိုင်ပေါ်တွင်ငေးမောတွေးတောရင်းအချိန်များ

www.burmeseclassic.com

www.burmeseclassic.com



ကုန်လွန်လာခဲ့ရာ ကျွန်ုပ်၏ဇနီးခင်ခင်ကြီးက. .

"ကိုကိုကလည်း. . ဘာတွေများ တွေးနေတာလဲမသိဘူး ထမင်းစားပြီးကတည်းကထိုင်နေလိုက်တာ. . မတုန်မလှုပ်နဲ့ အ[illegible] ကျနေတာပဲ"

ကျွန်ုပ်သည် ဇနီးသည်ခင်ခင်ကြီး၏စကားကြောင့်သ[illegible] ဝင်လာပြီးလျှင် ကျွန်ုပ်၏ခံစားချက်များပြေပျောက်သွားလေမလား ဟူသောအတွေးဖြင့် ယနေ့တွေ့ကြုံခဲ့ရသောအဖြစ်အပျက်များ[illegible] ကျွန်ုပ်၏စိတ်ထဲတွင်ခိုးလိုးခုလုဖြစ်နေသော'ထမံသီကျားမင်း'[illegible] သည့်ဝေါဟာရအကြောင်းတို့ကို ပြန်ပြောပြလိုက်လေသည်။

ကျွန်ုပ်ပြောပြသောအဖြစ်အပျက်များကို ခင်ခင်ကြီး[illegible] စိတ်ပါဝင်စားစွာနားထောင်နေပြီးမှ. .

"ကိုကို့စိတ်ထဲမှာ ထူးထူးခြားခြားတစ်ခုခုဖြစ်နေပြီဆို[illegible] လွဲခဲပါတယ်. . ကိုကိုရယ်။ ကိုကိုက အကြောင်းတစ်ခုခုကြေ[illegible] မေ့နေတာဖြစ်မှာပေါ့. ."

ခင်ခင်ကြီးကဇနီးကောင်းတစ်ယောက်ပီသစွာပင် ကျွ[illegible] အားနှစ်သိမ့်လိုက်ပြီး. .

"ကိုကို့အနေနဲ့စိတ်ထဲမှာသိပ်သိချင်နေရင် ကိုကို့ဆ[illegible] ဦးသိန်းမောင်ကြီးကို သွားမေးလိုက်ပါလား။ သူကတော့. . အရ[illegible] မှာနေ့စပ်ခဲ့တာမို့ ထမံသီကျားမင်းဆိုတာကိုကောင်းကောင်းသိ[illegible] မှာပါ. ."



ကျွန်ုပ်သည်ဇနီးသည်ခင်ခင်ကြီး၏စကားကြောင့် ကျွန်ုပ်[illegible]၏ဆရာဦးသိန်းမောင်ကြီးအား သတိရလိုက်မိလေတော့သည်။

ကျွန်ုပ်အနေနှင့် သူရိယသတင်းစာတိုက်တွင်အလုပ်သင်သတင်းထောက်အဖြစ်အလုပ်စတင်ဝင်ရောက်ခဲ့စဉ်က ကျွန်ုပ်၏အမည်ကို. . မောင်သိန်းမောင်လေးဟုသာ ခေါ်ဝေါ်ခြင်းခံခဲ့ရပေသည်။ အကြောင်းမှာ. . သူရိယသတင်းစာတိုက်ကြီးတွင် သတင်းထောက်ချုပ်ဦးသိန်းမောင်ဆိုသူက ရှိနှင့်နေသောကြောင့်ဖြစ်ပေသည်။

ထို့နောက်ပိုင်းတွင် ကျွန်ုပ်အားသိန်းမောင်လေးဟုခေါ်ခေါ်ကြကာ. . သတင်းထောက်ချုပ်ဦးသိန်းမောင်မှာလည်း ကျွန်ုပ်ကြောင့်အချောင်ပင်. . သိန်းမောင်ကြီးအဖြစ်သို့ရောက်ရှိခဲ့ရပေတော့သည်။

သတင်းထောက်ချုပ်ဦးသိန်းမောင်ကြီးသည် အလုပ်လုပ်[illegible]တွင်အလွန်စေ့စပ်သေချာ၍စိတ်ကောင်းရှိကာ ဗဟုသုတအလွန်[illegible]ည့်စုံကြွယ်ဝ၍. . တပည့်များအပေါ်တွင်လည်းစေတနာထား[illegible]န်သင်ဆုံးမပေးခဲ့သူဖြစ်သောကြောင့်. . သတင်းစာတိုက်ရှိ[illegible]ထမ်းအားလုံးက ကြည်ညိုချစ်ခင်ခြင်းတို့ခံခဲ့ရကာ. . သတင်း[illegible]တ်ချုပ်ဘဝမှအငြိမ်းစားယူခဲ့ပြီးနောက်ပိုင်းတွင်လည်း တပည့်[illegible]အကူအညီလိုရှိ၍လာတောင်းလျှင် စိတ်ပါလက်ပါကူညီ[illegible]တတ်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်ပြောမှပဲ . . ကိုကိုလည်း ဆရာသိန်းမောင်ကြီး
သတိရတော့တယ်။ ဟုတ်တယ် . . ဆရာသိန်းမောင်ကြီးကိုသွားေ
လိုက်ရင်တစ်ခုခုတော့ထူးခြားလာမှာပဲ . ."

ကျွန်ုပ်သည်အဝတ်အစားပင်မလဲနိုင်တော့ဘဲ လမ်းထိ
မှဆိုက္ကားတစ်စီးဖြင့် ဆရာသိန်းမောင်ကြီးနေထိုင်သောမအူကု
ဘက်သို့ထွက်လာခဲ့လေတော့သည်။

ဆရာသိန်းမောင်ကြီးသည် ကျွန်ုပ်အားတွေ့လိုက်ရသည
နှင့်အလွန်ဝမ်းသာသွားကာ . .

"မောင်သိန်းမောင်ရယ် . . ။ မင်းကလည်းပျောက်နေလိုက
တာ အတော်တောင်ကြာပြီပဲ။ ငါတို့လိုအငြိမ်းစားတွေဆိုတာ
မိတ်ဆွေအပေါင်းအသင်းတွေကိုပဲ မျှော်နေတတ်ကြတာကွ။ မင်
တို့တွေကတော့ ကိစ္စရှိမှသာငါ့ကိုသတိရတတ်တဲ့ကောင်တွေ
အခုလည်းကိစ္စတစ်ခုခုအတွက်အကူအညီတောင်းချင်လို့ ညကြ
မိုးချုပ်ရောက်တာတာမဟုတ်လားကွ . . ဟား . . ဟား . ."

ကျွန်ုပ်သည်ဆရာသိန်းမောင်ကြီး၏စကားကြောင့် စိ
မကောင်းဖြစ်မိသွားသော်လည်း ဆရာသိန်းမောင်ကြီး၏စကား
မှန်နေသဖြင့် စပ်ဖြဲဖြဲလုပ်၍နေလိုက်ရလေသည်။

"ကဲပါကွာ . . ။ မင်းရဲ့လိုရင်းအချက်ကို ပြောစမ်းပါဦး
ငါ့ကို . . ဘာတွေများ မေးချင်လို့လဲကွ . ."

"ဆရာကြီး . . ။ ထမံသီကျွားမင်းဆိုတာကိုသိလား"



ဆရာသိန်းမောင်ကြီးသည် . . တစ်ချက်မျှ တွေဝေသွား
ပြီးလျှင် မျက်လုံးအစုံကိုမှေးမှိတ်၍စဉ်းစားနေလိုက်ပြီး . .

"သိပ့ါ . . မောင်သိန်းမောင်ရယ်။ ထမံသီကျွားမင်းဆိုတာ
နာမည်ကြီးလူသတ်ကောင်တစ်ယောက်ပဲကွ။ သူဟာ လူသတ်မား
ပြမှုတွေကျူးလွန်ခဲ့လို့ လွန်ခဲ့တဲ့ဆယ့်နှစ်နှစ်လောက်ကကြိုးဒဏ်ခံ
သွားရတယ်လေ."

ကျွန်ုပ်သည် ဆရာသိန်းမောင်ကြီး၏စကားကြောင့်အလွန်
အံ့ဩတကြီးဖြစ်သွားကာ. . .

"ဩော် . . ။ ဒါ့ကြောင့် ထမံသီကျွားမင်းဆိုတဲ့နာမည်ကို
ကြားဖူးသလိုလို ဖြစ်နေမိတာကိုး။ အဲဒီအချိန်က . . ကျွန်တော်
သည်းသတင်းထောက်ဖြစ်နေပါပြီဆရာကြီးရယ်။ ဘာကြောင့်များ
ထမံသီကျွားမင်းအကြောင်းတွေကို မသိလိုက်ရပါလိမ့်"

"အဲဒီ ထမံသီကျွားမင်းအမှုပေါ်ပေါက်လာတဲ့အချိန်တုန်း
က မောင်သိန်းမောင်မန္တလေးမှာခြောက်လကျော်လောက်တာဝန်
သွားယူနေရတယ်လေကွယ်။ မန္တလေးက မှုခင်းသတင်းထောက်
ကျော်မောင်ဆုံးသွားလို့ မောင်သိန်းမောင်ကိုမန္တလေးရုံးမှာတာဝန်
ခံအဖြစ်နဲ့ . . ကျုပ်ကိုယ်တိုင်ပို့လိုက်တာပဲ။ မောင်သိန်းမောင်မရှိ
သို့တောင် . . အဲဒီထမံသီကျွားမင်းအမှုကို ကျုပ်ကိုယ်တိုင်လိုက်ခဲ့
သေးတယ်ကွယ့် . . ။ မောင်သိန်းမောင်ရန်ကုန်ကိုပြန်ရောက်လာ
တော့လည်း . . အလုပ်တွေရှုပ်နေကြတာနဲ့ အဲဒီအမှုအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်ကြလို့နေမှာပေါ့. . ”

ကျွန်ုပ်သည်. . ဆရာသိန်းမောင်ကြီးထံမှ ရှားရှားပါးပါး သတင်းသဲလွန်စများကိုရလိုက်ပြီဖြစ်၍ အလွန်ပျော်ရွှင်သွားမိလေတော့သည်။

“နေစမ်းပါဦး. . မောင်သိန်းမောင်ရေ၊ အဲဒီထမံသီကျားမင်းဆိုတာက. . အခုဘာများဖြစ်နေလို့တုန်း။ ငါ့ကိုလည်းပြောပြစမ်းပါဦးကွာ. . ”

ကျွန်ုပ်အနေနှင့်. . ဆရာသိန်းမောင်ကြီးထံမှအကူအညီများစွာရရှိနိုင်ကြောင်းတွေးမိလိုက်သဖြင့် ယနေ့တွေ့ကြုံခဲ့ရသည့် လူသတ်မှုသုံးမှုအကြောင်းကို. . အသေးစိပ် ပြန်ပြောပြလိုက်လေသည်။

ဆရာသိန်းမောင်ကြီးသည် ကျွန်ုပ်ပြောပြနေသည်များကို သေချာစွာနားထောင်နေပြီးမှ. .

“အင်း. . ။ အဖြစ်ကတော့ အတော့်ကိုဆန်းနေပြီမောင်သိန်းမောင်ရေ။ ဒါတွေဟာ တိုက်ဆိုင်တာတော့မဖြစ်နိုင်ဘူးကွ”

ဆရာသိန်းမောင်ကြီး၏စကားအဓိပ္ပါယ်ကိုနားမလည်နိုင်သဖြင့် ကျွန်ုပ်က. .

“ဆရာကြီးက. . ဘာကို ဆိုလိုတာလဲခင်ဗျ”

“အသတ်ခံလိုက်ရတဲ့လူသုံးယောက်ဟာ ထမံသီကျားမင်းနဲ့တိုက်ရိုက်ပတ်သက်နေတဲ့လူတွေချည်းပဲကွ။ ရာဇဝတ်အုပ်မစ္စတာ



ဂျူဗီဟာ ထမံသီကျားမင်းကိုလက်ရဖမ်းဆီးပေးခဲ့တဲ့လူ၊ ခရိုင်ရာဇဝတ်တရားသူကြီးဦးဘသိန်းဟာ ထမံသီကျားမင်းကိုကြိုးမိန့်ချခဲ့တဲ့တရားသူကြီး၊ နောက်ဆုံးမှာကြိုးမိန့်ပြစ်ဒဏ်အတိုင်း ကြိုးပေးစီရင်ခဲ့တဲ့လူကတော့ ထောင်ပိုင်ကြီးဘီမိုဟာပဲကွ. . ”

ကျွန်ုပ်သည်. . ဆရာသိန်းမောင်ကြီး၏စကားကို အံ့သြလွန်းသဖြင့် အသက်ရှူဖို့ကိုပင်မေ့နေမိရလေတော့သည်။

ကျွန်ုပ်၏အတွေ့အကြုံအရ လူသတ်မှုသုံးမှုကိုဆက်တိုက်ကျူးလွန်ခဲ့သည့်မိန်းကလေး၏သဲလွန်စကို ကျွန်ုပ်အနေဖြင့်ကောင်းစွာရရှိနေပြီဖြစ်ကြောင်းသဘောပေါက်လိုက်လေသည်။

“ဆရာကြီးမှတ်မိသလောက် ထမံသီကျားမင်းအကြောင်းတွေကိုပြန်ပြောပြပါလားဗျာ။ ဒါမှ. . စုံထောက်ကြီးဦးဇင်ယော်တို့အတွက် တရားခံကိုလိုက်ဖို့လမ်းစရမှာဆရာကြီးရဲ့. . ”

“အေးပါကွာ. . ။ ဒါတွေ. . ငါနားလည်ပါတယ်။ မင်းကမေးလဲ ငါကပြောပြမှာပါ. . ”

ဆရာသိန်းမောင်ကြီးသည်. . မျက်လုံးကိုစုံမှိတ်၍ အတန်ကြာမျှစဉ်းစားနေလိုက်ပြီးလျှင်. .

“ထမံသီကျားမင်းရဲ့နာမည်ရင်းက. . မောင်သန်းဟန်ကွ။ သူဟာရွှေဆိုင်သူဌေးတွေရဲ့အိမ်တွေကိုပဲရွေးပြီး ဓားပြတိုက်ခဲ့တယ်။ သူဓားပြတိုက်တဲ့သူဌေးတွေကိုလည်း ကျားကုတ်ခံရတဲ့အရာမျိုးတွေနဲ့ ရက်ရက်စက်စက်သတ်ပစ်ခဲ့သေးတယ်. . ။ သတ်တဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာ ထမံသီကျားမင်းဆိုပြီးစာတန်းရေးထားခဲ့လို့ သူ့ကိုထမံသီကျားမင်းလို့ခေါ်ကြတာပဲ. . ”

“သူဟာ. . အဲဒီလို လူသတ်မားပြတိုက်တဲ့အလုပ်တွေကို သုံးကြိမ်မြောက်လုပ်ပြီးတဲ့အချိန်မှာ. . သူ့နောက်ကိုလိုက်စုံစမ်းနေတဲ့ ရာဇဝတ်အုပ်မစ္စတာဂျူဗီရဲ့ထောင်ချောက်ထဲမိသွားပြီး ခြေထောက်ကို သေနတ်နဲ့ပစ်ဖမ်းခံလိုက်ရတယ်. . ”

ဆရာသိန်းမောင်ကြီးသည် စိတ်မောသွားဟန်ဖြင့်ရေနွေးကြမ်းကိုငုံ့သောက်လိုက်ပြီးလျှင်. .

“သူ့အမှုကရှင်းနေတာမို့ ခရိုင်ရာဇဝတ်တရားသူကြီးဦးဘသိန်းက. . သေဒဏ်ချမှတ်ခဲ့တာပဲ။ သူက အယူခံတောင်မဝင်တော့မကြာခင်မှာပဲကြိုးပေးခံလိုက်ရတာပေါ့ကွာ. . ”

“သူ့အမှုကိုရုံးတင်တော့. . ဆရာကြီးပဲသတင်းလိုက်ခဲ့ရမှာပေါ့နော်. . ။ ဘာတွေများ. . ထူးထူးခြားခြားတွေ့မိခဲ့သေးလဲဆရာကြီးရဲ့။ အင်းလေ. . နှစ်တွေကအတော်ကြာခဲ့ပြီဆိုတော့ ဆရာကြီးအနေနဲ့မှတ်မိဖို့တော့မလွယ်လှပေဘူးပေါ့. . ”

ဆရာသိန်းမောင်ကြီး၏မျက်နှာတွင် တစ်စုံတစ်ခုကိုသဘောကျသွားဟန်ဖြင့် အပြုံးရိပ်များထင်ဟပ်လာကာ. .

“မောင်သိန်းမောင်က. . ငါ့သင်ပေးခဲ့တဲ့ လူတစ်ယောက်ကိုမခံချင်အောင်ပြောပြီးသတင်းနှိုက်ထုတ်တဲ့နည်းနဲ့ ငါ့ကိုသတင်းလာနှိုက်နေတာလားကွ. . ။ ဟား. . ဟား. . သဘောကျသကွာ



ကျွန်ုပ်သည်လည်း ဆရာသိန်းမောင်ကြီး၏စကားကြောင့်အလွန်သဘောကျစွာရယ်မောလိုက်မိကာ. .

“ဟုတ်ပ. . ဆရာကြီးရယ်။ လူကအကျင့်ပါနေလို့ ဆရာကြီးကိုတောင်မေ့ပြီး. . ပညာပြလိုက်မိပြီ။ ဟဲ. . ဟဲ. . ”

“ဒါင်းပါဗျာ. . ။ ကျုပ်ကလည်း ပညာပြခံရတာကိုသိသိကြီးနဲ့ပဲ ပြန်ဖြေလိုက်ပါတော့မယ်။ ကျုပ်က အသက်ကြီးပေမယ့် မောင်သိန်းမောင်ပြောသလို မှတ်ဉာဏ်တွေကမပျက်စီးသေးပါဘူးကွယ့်။ ကျုပ်စိတ်ထဲမှာ. . အကုန်လုံးမှတ်မိနေပါသေးတယ်”

“ထမံသီကျားမင်းလို့ခေါ်တဲ့မောင်သန်းဟန်ဟာ ဓားပြမှုတွေကိုသူကျူးလွန်ခဲ့ကြောင်း ရုံးတော်မှာထွက်ဆိုခဲ့တယ်။ ဒါပေမယ့် ဘာ့ကြောင့်ကျူးလွန်ခဲ့သလဲဆိုတဲ့အချက်ကိုတော့ လုံးဝဝန်ခံထွက်ဆိုခြင်းမရှိခဲ့ဘူး။ သူနေတဲ့ တိုးကြောင်ကလေးရွာစွန်ကအိမ်ကြီးမှာ သက်သေခံပစ္စည်းတွေကို အကုန်လုံးပြန်ရခဲ့ပါတယ်”

ကျွန်ုပ်သည်. . ယနေ့တွေ့ကြုံခဲ့ရသည့် အမှုများအတွက်အလွန်အရေးပါလှသည့်အချက်ကို သိရှိလိုစိတ်ပြင်းပြလျှက်ရှိနေသဖြင့်. .

“သူ့ရဲ့ဆွေမျိုးသားချင်းတွေအကြောင်း. . ပြောပြပါဦးဆရာကြီး. . ”

“အေးကွယ်. . ။ အဲဒီကိစ္စကတော့ အတော်စိတ်မကောင်းစရာပါပဲ။ သူ့မှာက. . ဆွေမျိုးသားချင်းအရင်းအချာဆိုလို့ သမီး

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်ပဲကျန်ရစ်ခဲ့တာကွယ့်။ ကျန်တဲ့ဆွေမျိုးမောင်နှမတွေလည်းမရှိဘူးလို့သိခဲ့ရတယ်။ သူ့သမီးလေးကို အဲဒီအမှုစီရင်ချက်ချတဲ့နေ့မှာ အိမ်နီးနားချင်းတွေကခေါ်လာလို့ ငါကိုယ်တိုင်မြင်ပြီးစိတ်မကောင်းဖြစ်ခဲ့ရလို့ အဲဒီအမှုကိုစိတ်ထဲမှာစွဲစွဲထင်ထင်ရှိနေတာပေါ့မောင်သိန်းမောင်. .

"သူ့သမီးလေးက အဲဒီအချိန်တုန်းမှာဘယ်အရွယ်ရှိနေပြီလဲ. . ဆရာကြီး"

"မင်းမေးချင်နေဟာကို. . ငါသဘောပေါက်ပါတယ်ကွာ။ သူ့သမီးလေးဟာ အဲဒီအချိန်ကဆယ်နှစ်ကျော်လောက်ရှိနေပြီဆိုတော့ ခုချိန်မှာနှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါးလောက်တော့ရှိမှာပေါ့ကွာ။ သူ့အဖေကို သေဒဏ်စီရင်ချက်ချလိုက်ပြီဆိုတာလည်းကြားရော။ ကလေးမလေးဟာ တရားရုံးထဲမှာတက်မတတ်၊ ချက်မတတ်အော်ငိုနေတော့တာပဲကွာ. .။ ငါကိုယ်တိုင်တောင် စိတ်မကောင်းဖြစ်မိသေးတယ်. . မောင်သိန်းမောင်ရေ"

ကျွန်ုပ်သည်ဆရာသိန်းမောင်ကြီးအား ကောင်းစွာဒူကူ ပေးပြီးသည့်အပြင်. . ဆရာသိန်းမောင်ကြီး၏သမီးနှစ်ယောက်ကလည်း ဖခင်ဖြစ်သူ၏အိပ်ချိန်ရောက်နေပြီဖြစ်၍ ကျွန်ုပ်အားမကျေမနပ်အကြည့်များဖြင့်ကြည့်နေကြသောကြောင့် ဆရာသိန်းမောင်ကြီးအားနှုတ်ဆက်၍ ဆိုက္ကားဖြင့်ပြန်ခဲ့ရလေတော့သည်။

♥ ♥ ♥

ထမံသီကျားမင်းဆိုတဲ့မောင်သင်းဟန်ရဲ့ညမီးဟာ
ကျုပ်တွေးထင်ထားသလို. . .
ထက်မြက်တဲ့မိန်းကလေးဖြစ်နေရင်တော့
ကျုပ်တို့ကို. . .ထပ်ပြီး အကွက်လှည့်ထားမှာ
မြင်ယောင်သေးတော့သဗျာ. . .။

*ဆရာကြီး လှသူတော်ချောင်တစောင်း*



www.burmeseclassic.com

www.burmeseclassic.com



## သဲလွန်စနောက်လိုက်ကြပြီ

ကျွန်ုပ်သည်ထမံသီကျားမင်းနှင့်ပတ်သက်၍ ဆရာသိန်း
မောင်ကြီးကပြောပြခဲ့သမျှအချက်အလက်များကို မှတ်တမ်းပြုစုပြီး
နံနက်မိုးလင်းသည်နှင့် စုံထောက်ကြီးဦးဇင်ယော်ရှိရာဘောက်ထော်
သို့မြင်းလှည်းတစ်စီးကိုငှါးရမ်း၍ အရောက်သွားရလေတော့သည်။

ကျွန်ုပ်ရောက်ရှိသွားချိန်တွင် လူပျိုကြီးဦးဇင်ယော်တစ်
ယောက်မှာကော်ဖီကိုကိုယ်တိုင်ဖျော်သောက်နေချိန်ဖြစ်သည်။

"အတော်ပဲ. . ဦးဇင်ယော်ရေ။ ကျုပ်အတွက်ပါ ကော်ဖီ
တစ်ခွက်ပိုဖျော်လိုက်ပေါ့ဗျာ. . "



ဦးဇင်ယော်သည် . . လွယ်အိတ်ကြီးကိုလွယ်လျက် အိမ်
...ာ်ရာထီးကြီးကိုပခုံးတွင်ချိတ်လာသောကျွန်ုပ်အား တစ်ချက်မျှ
...သို့ရှုအကဲခတ်လိုက်ကာ. .

"အင်း. . ။ ဦးသိန်းမောင်ကိုကြည့်ရတာ ထမံသီကျားမင်း
...တ်သက်ပြီးသတင်းအနံ့ရလာခဲ့ပြီထင်တယ်. . "

"ဟဲ. . ဟဲ. . ။ ခင်ဗျားက ဘယ်လိုကြောင့်များရိပ်မိနေရ
...လဲဦးဇင်ယော်ရဲ့"

ဦးဇင်ယော်သည် ကျွန်ုပ်၏လွယ်အိတ်ကြီးနှင့်အိမ်တော်
...ထီးကြီးကို လက်ညှိုးထိုးပြလိုက်ကာ. .

"ခင်ဗျားကမလာစဖူး ကျုပ်အိမ်ကိုစောစောစီးစီးရောက်
...တာကြောင့်ရယ်၊ ခင်ဗျားရဲ့ပစ္စည်းကိရိယာတွေကိုအစုံအလင်
...ည့်လာတာကြောင့်. . သတင်းထူးတစ်ခုခုကိုရလာလို့ ဒီနေ့မှာ
...င်ပန်းခံပြီးလှုပ်ရှားတော့မယ်ဆိုတာကိုသိလိုက်ရတာပါဗျ. . "

"ခင်ဗျားပြောတာအမှန်ပဲ. . ဦးဇင်ယော်ရေ။ ကျုပ်တို့
...တွက် အလုပ်များဦးမှာတော့အမှန်ပဲဗျ။ ဒီမှာကျုပ်စုံစမ်းလို့ရ
...ာတွေကို ဖတ်ကြည့်လိုက်စမ်းပါဦး. . "

ဦးဇင်ယော်သည် ကျွန်ုပ်၏မှတ်စုစာအုပ်အားအသေးစိတ်
...ရှုလိုက်ကာ. .

"ခင်ဗျားစုံစမ်းလာတဲ့သတင်းတွေက အတော်အဖိုးတန်
...ာပဲဗျ။ ထမံသီကျားမင်းရဲ့သဲလွန်စကိုတော့ အတိအကျသိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီပေါ့ဗျာ. . ။ ခုပုံစံအတိုင်းဆိုရင်. . ကြိုးပေးခံလိုက်ရ မောင်သန်းဟန်ရဲ့သမီးလေးက သူ့အဖေအတွက်ပြန်ပြီးကလဲ့စား ချေနေတဲ့သဘောပဲပေါ့. . "

"မှန်တာပေါ့ဦးဇင်ယော်ရယ်. . ။ ကျုပ်တို့အနေနဲ့ ကြောင်ကလေးရွာအစွန်က မောင်သန်းဟန်နေခဲ့တဲ့အိမ်ကြီးက သဲလွန်စကောက်ရလိမ့်မယ်ထင်တယ်ဗျ. . "

"ကျုပ်ဆန္ဒကတော့ ဆရာကြီးလူသူတော်သျှောင်တစော နဲ့တိုင်ပင်လိုက်ကြရင် ပိုကောင်းလိမ့်မယ်ထင်တယ်။ ဆရာကြီး လည်း ဒီသတင်းကိုသိချင်နေမှာအမှန်ပဲဗျ. . "

"ကျုပ်ကိုယ်တိုင်လည်း ဆရာကြီးရဲ့ထင်မြင်ယူဆချက် သိချင်နေတာပါဦးဇင်ယော်ရယ်။ ကျုပ်တို့နှစ်ယောက်. . ဆရာ ဆီကို သွားလိုက်ကြတာပေါ့. . "

ထိုသို့ဖြင့် ကျွန်ုပ်တို့၏ကော်ဖီဝိုင်းကိုလက်စသတ် ကြတာ ဦးဇင်ယော်၏စကိုဒါကားလေးဖြင့်ကျွန်ုပ်တို့နှစ်ဦးသ ဆရာကြီးလူသူတော်သျှောင်တစောင်းနေထိုင်ရာကန်တော်ကြီး နီးရှိနတ်မောက်လမ်းသို့ထွက်လာခဲ့ကြလေတော့သည်။

ဤတွင်အလျဉ်းသင့်၍ ကျွန်ုပ်အနေဖြင့်ဆရာကြီးလူ တော်သျှောင်တစောင်းနှင့်ပတ်သက်သည့်အကြောင်းများအား ပြလိုပေသေးသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် အလွ



ဆန်းကြယ်လှသောပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကာ အတတ်ပညာမျိုး တို့ကိုထူးချွန်စွာတတ်ကျွမ်းသူတစ်ဦးဖြစ်ပေသည်။ သူသည်မြန် သူ့ရဲကောင်းကြီးနာဂသမန်း၏ နောက်ဆုံးကျန်ရစ်သောအမျိုး နွယ်တစ်ဦးဖြစ်ကြောင်းသိရှိရကာ. . သူ၏ဆရာအရှင်ဖြစ်သော မြန်ရှင်ရသေ့က သူ့အားပညာရပ်မျိုးစုံကိုသင်ကြားပေးထား သည်။

ဆရာကြီးသည် အမှန်တရားဘက်မှအမြဲတမ်းရပ်တည်သူ သောကြောင့် စီအိုင်ဒီစုံထောက်အဖွဲ့ကြီးမှ ရာဇဝတ်မှုကြီးများ တွက်အကူအညီတောင်းလာလျှင် အမြဲတန်းအကူအညီများပေး ကာ အလွန်ထူးခြားဆန်းကြယ်သည့်အမှုကြီးများကိုဖော်ထုတ်နိုင် ဖြင့် ဗြိတိသျှအစိုးရက 'ဆာ'ဘွဲ့ဖြင့်ဂုဏ်ပြုချီးမြှင့်ခြင်းခံထား သူဖြစ်ပေသည်။

ဆရာကြီးသည် သူနှင့်အတူငယ်စဉ်ကတည်းကနေထိုင် ခဲ့သော. . ကရင်မှဆိုးကြီးဘိုးသာ၊ လူပုလေးဂွန်ရှိုင်းတို့နှင့်နေ ထိုင်လျက်ရှိပြီး ပြင်ပသို့သွားလာသည့်အခါများတွင်. . ကောင်းမှု များအတွက်လူသူတော်စိတ်ဓါတ်ဖြင့်သွားလာလျှင် စတူဒီဘေ ကားဖြူကြီးအားလူပုလေးဂွန်ရှိုင်းကိုမောင်းနှင်စေတတ်ပြီး ရန် များနှင့်ရင်ဆိုင်ယှဉ်ပြိုင်ရမည့် သျှောင်တစောင်းစိတ်ဓါတ်မျိုး သွားလာရသည့်အခါများတွင် စတူဒီဘေကာကားနက်ကြီးအား ကြီးဘိုးသာကမောင်းနှင်၍သွားလာတတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ရောက်ရှိသွားချိန်တွင် လူပုလေးဝွန်ရှိုင်းသ[illegible]
ခြံဝါးခါးအားပြုံးရွှင်စွာဖွင့်ပေးလိုက်ပြီးလျှင် . .

"ဘ ရာတို့ကို . . ဆရာကြီးကမျှော်နေတာပါ။ ညှော်ခန်း[illegible]
သာတန်းဝင်သွားကြပေတော့ . ."

ဟု ရယ်မောရွှေပြောဆိုလိုက်လေသည်။

သားနားခန့်ထည်စွာ ရှေးဟောင်းပစ္စည်းများဖြင့်မွမ်[illegible]
ထားသောညှော်ခန်းကျယ်ကြီးထဲတွင် ဆရာကြီးလူသူတော်သျှော[illegible]
တစောင်းသည်အေးဆေးစွာထိုင်နေလျှက် ၎င်း၏ပတ်ပတ်လ[illegible]
တွင်လည်း တစ်လခြင်းအလိုက်ချုပ်ထားသောသူရိယသတင်းစာ[illegible]
တွဲများကိုကွေ့နေရလေသည်။

"ဦးဇင်ယော်နဲ့ဦးသိန်းမောင်တို့ထိုင်ကြဗျာ . ။ မ[illegible]
ဦးဇင်ယော်ရောက်လိုက်တဲ့အစီရင်ခံစာက အတော်လေးပြ[illegible]
ပါပေတယ် . ။ ကျုပ်လည်း . . ခင်ဗျားရေးထားတဲ့အစီရင်ခံစာ[illegible]
ဖတ်ချင်တာနဲ့ စုံထောက်မင်းကြီးမစ္စတာစတီးဝပ်ဆီကိုဖုန်းဆ[illegible]
တောင်းလိုက်တာ စီအိုင်ဒီဝန်ထမ်းတစ်ယောက်ကညနေစော[illegible]
လာပို့ပေးသွားတယ်။ အဲဒီအစီရင်ခံစာအရ . . လူသတ်သမ[illegible]
သဲလွန်စလုံးဝမထားခဲ့တာကို သိလိုက်ရတော့ ကျုပ်မိတ်ဆွေ[illegible]
ယောက်ဆီက သူရိယသတင်းစာတွေငှါးပြီးတစ်ညလုံးရှာဖတ်[illegible]
တာပဲ . ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် သူ[illegible]



[illegible]တ်မှသတင်းစာပုံကြီးအားလက်ညှိုးထိုးပြလိုက်ကာ . .

"ကျုပ်က . . အနောက်ဘက်ကစပြီး လှန်ရှာနေတာဆို[illegible] လှန်ခဲ့တဲ့ဆယ်နှစ်အထိရောက်နေပါပြီ။ ခုချိန်ထိတော့ ကျုပ်[illegible]နေတဲ့သတင်းကို မတွေ့ရသေးဘူးဗျ . ."

စုံထောက်ကြီးဦးဇင်ယော်က . . 'ဘယ့်နှယ်လဲ' ဟူသော[illegible]ကြည့်မျိုးဖြင့်ကျွန်ုပ်အားလှမ်းကြည့်လိုက်ကာ . . ဆရာကြီးအား[illegible]ဘာစမ်းလိုက်ရန်သဘောမျိုးဖြင့် မျက်စေ့တစ်ဖက်မှိတ်ပြလိုက်[illegible]ဖြင့် . .

"ဆရာကြီးက . . သူရိယသတင်းစာအဟောင်းတွေကိုရှာ[illegible]ပြီး ဘာကိုများရှာနေတာလဲဗျ . ."

ဟု ကျွန်ုပ်က စပ်စုသလိုပုံစံမျိုးဖြင့်မေးကြည့်လိုက်လေ[illegible]သည်။

"ကြိုးမိန့်ကျခံသွားရတဲ့လူတစ်ယောက်ရဲ့သတင်းကိုရှာ[illegible]နေတာပါ။ ခုချိန်ထိတော့ . . ကျုပ်လိုချင်တဲ့သတင်းကို မတွေ့[illegible]သေးဘူးဗျ . ."

"ကြိုးမိန့်ကျခံသွားရတဲ့လူနဲ့ ထမံသီကျားမင်းဆိုတဲ့လူသတ်[illegible]သမားနဲ့က ဘယ်လိုများပတ်သက်နေလို့လဲဗျာ . ."

"အငြိမ်းစားရာဇဝတ်အုပ်၊ ခရိုင်ရာဇဝတ်တရားသူကြီး[illegible]ဟောင်ပိုင်ကြီးတို့လိုလူသုံးယောက်ကို အငြိုးအတေးနဲ့သတ်တဲ့[illegible] ကြိုးမိန့်ကျခံလိုက်ရတဲ့တရားခံရဲ့အဆက်အနွယ်မျိုးလ[illegible]လွှဲ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်သူများရှိဦးမှာလဲဦးသိန်းမောင်ရယ်.. ”

ဆရာကြီးလူသူတော်သျှောင်တစောင်း၏မျက်နှာတွင် ရိပ်များထင်ဟပ်လာကာ..

“အမှန်တော့.. ဦးသိန်းမောင်လို သူရိယသတင်းထော ကြီးတစ်ယောက်လုံးရှိနေတာပဲလေ။ သူသာမှတ်ဉာဏ်ကောင်းခဲ့ ကျုပ်အနေနဲ့.. ဒီလောက်တောင်အပင်ပန်းခံနေစရာမလိုဘူး ခုတော့သူ့ခမျာလည်း အသက်ကြီးလို့မှတ်ဉာဏ်တွေပျက်စီးနေ တော့ အတော်ခက်သဗျို့”

ကျွန်ုပ်သည်ဆရာသိန်းမောင်ကြီးအား ကျွန်ုပ်ကမခံ စိတ်ဖြစ်ပေါ်လာအောင်ကလိခဲ့ခြင်းသည် ချက်ခြင်းဝင့်လည် ပြီဟုတွေးလိုက်မိလေသည်။

ထိုအချိန်တွင် အလွန်ပြုံးရယ်ခဲလှသောဆရာကြီးလူ တော်သျှောင်တစောင်းသည် အားပါးတရရယ်မောလိုက်ကာ..

“ဦးသိန်းမောင်ရေ.. ။ မအူကုန်းမှာနေတဲ့ ခင်ဗျားဆ အငြိမ်းစားသတင်းထောက်ချုပ်ဦးသိန်းမောင်ကြီးဆီက ထမံသိ မင်းနဲ့ပတ်သက်ပြီး ဘာသတင်းတွေများရခဲ့လဲဗျ.. ။ မှတ်စုရေး ရင်လည်း ကျုပ်ကိုပေးဖတ်ဦးလေဗျာ.. ”

ကျွန်ုပ်သည်ဆရာကြီး၏စကားကြောင့် အလွန်ပင်အံ့ သွားရကာ..

“ဆရာကြီးက ကျွန်တော်ဦးသိန်းမောင်ကြီးဆီကသ



လာတယ်ဆိုတာ ဘယ်လိုများရိပ်မိသွားတာလဲဗျ.. ”

ဟု မေးမြန်းလိုက်မိလေတော့သည်။

“ဩော်ဗျာ.. ။ ကျုပ်က သူရိယသတင်းစာတွေဖတ်ရင်း ကျုပ်လိုချင်တဲ့သတင်းကိုရှာမတွေ့သေးတော့ လိုအပ်လာရင်အကူ အညီတောင်းလို့ရအောင် သူရိယသတင်းစာတိုက်ကိုဖုန်းဆက်ပြီး သတင်းထောက်ချုပ်ဦးလူလေးနဲ့စကားပြောကြည့်လိုက်တော့ သူ သတင်းထောက်ချုပ်ဖြစ်တာသုံးနှစ်လောက်ပဲရှိပါသေးတယ်ဆို တာပြောပြပြီး.. အဲဒီအရင်ကအဖြစ်အပျက်တွေကိုစုံစမ်းချင်ရင် အငြိမ်းစားယူသွားတဲ့သူ့ဆရာသတင်းထောက်ချုပ်ဦးသိန်းမောင် ကြီးဆီမှာစုံစမ်းဖို့ပြောပြရင်း ဦးသိန်းမောင်ကြီးနေတဲ့မအူကုန်းက လိပ်စာကိုပါ ပေးလိုက်တယ်လေဗျာ.. ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်အား ပြုံး၍ကြည့်လိုက်ပြီးလျှင်..

“အခုဦးသိန်းမောင်က စောစောစီးစီးဦးဇင်ယော်နဲ့ကျုပ် ဆီကိုရောက်လာပြီး.. လွယ်အိတ်နဲ့ထီးတွေပါယူလာပြန်တော့ သတင်းထူးတစ်ခုခုရလာပြီဆိုတာသေချာသွားပြန်တာမို့ ညတုန်း က မအူကုန်းကဦးသိန်းမောင်ကြီးဆီကိုရောက်ခဲ့တယ်ဆိုတာရိပ်မိ လိုက်တာပေါ့ဗျာ။ ကဲ.. ဦးသိန်းမောင်ကြီးက ဘာတွေများပြော ပြလိုက်သလဲဆိုတာ ပြန်ပြောပြပါဦး.. ဦးသိန်းမောင်လေးရယ်”

ကျွန်ုပ်သည်.. ဆရာကြီး၏ ဆက်စပ်တွေးခေါ်လိုက်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာဖြင့်အရှက်ပြေရယ်မောလိုက်မိပြီး ကျွန်ုပ်၏မှတ်စာအုပ်ကိုဆရာကြီး၏လက်ထဲသို့ အပ်လိုက်ရပေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မှတ်စုအုပ်လေးအားသေချာစွာဖတ်ရှုလိုက်ပြီးလျှင်. . သူ၏အိတ်ကပ်ထဲအထူးအော်ဒါပေး၍မှာယူထားသော ရွှေနံ့သာဆေးပြင်းလိပ်တလိပ်ကိုမီးညှိဖွာရှိုက်လိုက်ကာ စိတ်အေးလက်အေးစဉ်းစားတွေကောခြင်းအမှုကိုပြုနေလေတော့သည်။

အတန်ကြာမှ. . ဆရာကြီးသည် မီးခိုးငွေ့များကိုငေးစိုက်ကြည့်နေရင်းမှ. .

"အင်း. . ။ ကျုပ်တို့အတွက် သဲလွန်စရလိုက်တာမှန်ပေမယ့်. . အမှုကလိုက်ဖို့ပိုခက်တော့မှာအသေအချာပဲဗျ။ ထမံသီကျားမင်းဆိုတဲ့မောင်သန်းဟန်ရဲ့သမီးဟာ ကျုပ်တွေးထင်ထားသလိုထက်မြက်တဲ့မိန်းကလေးဖြစ်နေရင်တော့. . ကျုပ်တို့ကိုထပ်ပြီးအကွက်လှည့်ထားမှာမြင်ယောင်သေးတော့သဗျာ. ."

ကျွန်ုပ်သည် ဆရာကြီး၏စကားကိုနားမရှင်းသဖြင့်ကျွန်ုပ်၏စိတ်ထဲမှတွေးထင်ထားသည့်အချက်များကို ပြောပြလိုက်မိသေးသည်။

"အမှုက လိုက်ဖို့လွယ်သွားပြီပဲ. . ဆရာကြီး။ ကျွန်တော်တို့တိုးကြောင်ကလေးကိုလိုက်သွားပြီး မောင်သန်းဟန်ရဲ့သမီးအကြောင်းကိုခြေရာခံစုံစမ်းပြီးရင် ဒီကောင်မလေးကိုမိအောင်ရှာ



လိုက်ကြရုံပဲပေါ့ဗျာ. . ။ မောင်သန်းဟန်ရဲ့မျိုးဆက်က သမီးတစ်ယောက်ပဲရှိနေပြီး အခုလူသတ်ကလဲ့စားချေနေတာကလည်း မိန်းကလေးတစ်ယောက်တည်းဆိုတော့ အဖြေကရှင်းနေပြီပဲခင်ဗျာ"

ထိုအချိန်ဟွင်လူပုလေးဂွန်ရှိုင်းက စန်ကောသစ်ခွရည်နှစ်ခွက်အားငွေလင်ပန်းလေးဖြင့်ယူဆောင်လာကာ ကျွန်ုပ်တို့နှစ်ဦးရှေ့၌ချပေးလိုက်သဖြင့်. .

"ကဲ. . ။ စန်ကောတစ်ခွရည်လေး သုံးဆောင်လိုက်ကြပါဦး။ ခင်ဗျားတို့နှစ်ယောက်လည်း အတော်ပင်ပန်းနေကြပြီဆိုတော့ ဆေးကောင်းဝါးကောင်းလေးမှိဝဲဖို့လိုနေပြီထင်လို့ ဂွန်ရှိုင်းကိုစပယ်ရှယ်ဖျော်ခိုင်းထားလိုက်တာဗျ. ."

စန်ကောသစ်ခွရည်မှာ ဆရာကြီးလူသူတော်သျှောင်တစောင်း၏လက်သုံးဆေးတစ်မျိုးဖြစ်ကာ ဟိမဝန္တာတောင်တန်းများပေါ်တွင်သာပေါက်ရောက်လေ့ရှိသောအလွန်ရှားပါးလှသည့်စန်ကောသစ်ခွနှင့်အခြားသစ်မြစ်ဥများဖြင့် ဆရာကြီးကိုယ်တိုင်ဖော်စပ်ပြုလုပ်ထားသောဖျော်ရည်တစ်မျိုးပင်ဖြစ်သည်။

ကျွန်ုပ်သည် စန်ကောဖျော်ရည်တစ်ခွက်လုံးမော့ချလိုက်ရာ စိတ်များကြည်လင်၍တစ်ကိုယ်လုံးပေါ့ပါးလန်းဆန်းသွားခြင်းကိုခံစားလိုက်ရလေသည်။

"ကဲ. . ။ ဦးသိန်းမောင်ပြောသလို အမှုကလိုက်ဖို့လွယ်တယ်၊ မလွယ်ဘူးဆိုတာသိရအောင်. . အချိန်ရှိတုန်းတိုးကြောင်

www.burmeseclassic.com

www.burmeseclassic.com



တလေးကိုလိုက်သွားကြတာပေါ့ဗျာ။ ကျုပ်တွေးမိထားသလောက်ဆိုရင်တော့. . ထမံသီကျားမင်းဆိုတဲ့လူသတ်တရားခံကိုဖမ်းမိဖို့ကိစ္စဟာ ဦးသိန်းမောင်ပြောသလောက်တော့လွယ်မှာမဟုတ်ဘူးဗျ. . "

ဆရာကြီးကပြုံးလိုက်ပြန်ပြီးလျှင်. .

"စုံထောက်မင်းကြီးကိုကတိပေးထားတဲ့အတိုင်း တစ်ပတ်အတွင်းတရားခံကိုဖမ်းမိနိုင်ဖို့ကတော့ လိုအပ်လာရင်ကျားစာချကျွေးရမှာပေါ့ဗျာ။ ထမံသီကျားမင်းကို ကျားစာကျွေးပြီးအမိဖမ်းရတော့မှာပေါ့. . ။ အဲဒီကျားစာချကျွေးခံရမယ့်လူကိုတော့ အချိန်မပြောလိုက်ရင်ကြောက်သွားမှာစိုးလို့ မပြောသေးပါဘူး. . "

ဆရာကြီးကကျွန်ုပ်၏မျက်လုံးများအားစေ့စေ့စိုက်ကြည့်ရင်းပြောလိုက်သဖြင့် ကျွန်ုပ်သည်ကြက်သီးများပင်ထသွားမိလေတော့သည်။

ထို့နောက်ဆရာကြီးသည်. . လူပုလေးဂွန်ရှိုင်းအား ကားထုတ်၍အဆင်သင့်ပြင်ဆင်ထားရန် အမိန့်ပေးလိုက်လေသည်။

♥ ♥ ♥

ကံဆိုးရှာတဲ့သမီးလေးမမြသွေးဟာ...
ဒုတိယနှစ်စာမေးပွဲဖြေပြီးလို့အိမ်ကိုပြန်ရောက်လာချိန်မှာ
ရွာထဲကသူငယ်ချင်းတွေနဲ့ မိုးရိပ်ဖေါင်တော်ဦးဘုရားပွဲ
ကိုသွားရင်း...လှေနစ်ပြီးသေရှာပါရောဗျား

တိုးကြောင်ကလေးရွာသားကိုဖိုးသာ

www.burmeseclassic.com

www.burmeseclassic.com



## ခြေရာလည်းပျောက်၊ ရေလည်းနောက်

ကျွန်ုပ်တို့စီးနင်းလိုက်ပါလာကြသော . . စတူဒီဘေကာ ကားဖြူကြီးသည် တိုးကြောင်ကလေးရွာကြီးနားသို့ရောက်ရှိလာသောအခါ ဆရာကြီးလူသူတော်သျှောင်တစောင်းကရွာထိပ်တွင် ကားရပ်ထားလိုက်ရန် လူပုလေးဂွန်ရှိုင်းအားအမိန့်ပေးလိုက်လေသည်။

"ကဲ . . ။ ဦးဇင်ယော်နဲ့ဦးသိန်းမောင်တို့က မောင်သင်းဟန်အကြောင်းလိုက်စုံစမ်းကြပေတော့။ ကျုပ်ကတော့ရောက်တုန်းရောက်ခိုက် . . ရွာဦးကျောင်းဆရာတော်ကို ဝင်ဖူးလိုက်ဦးမယ်"



ကျွန်ုပ်တို့သည် ဆရာကြီးအကြောင်းကိုသိနေကြသဖြင့် မည်သို့မျှအထွေအထူးပြောမနေကြတော့ဘဲ ရွာထဲသို့လျှောက်ဝင်လာခဲ့ကြလေတော့သည်။

ကျွန်ုပ်သည် ဆရာကြီးပြောသည့်အချက်များကိုမယုံကြည်နိုင်သေးဘဲ . မောင်သင်းဟန်၏သမီးအားအလွယ်တကူပင်စုံစမ်းသိရှိနိုင်မည်ဟုယုံကြည်ထားသဖြင့် စိတ်ခါတ်များအလွန်တက်ကြွနေမိပေသည်။

စုံထောက်ကြီးဦးဇင်ယော်၏ ကျွမ်းကျင်စွာစုံစမ်းနိုင်မှုကြောင့် မကြာမီအချိန်မှာပင် . . မောင်သန်းဟန်ဆိုသူနေထိုင်ခဲ့သော ရွာအစွန်ရှိအိမ်ကြီးသို့ရောက်ရှိခဲ့ကြလေသည်။

အိမ်ကြီးထဲတွင် လူများရှိနေသည့်အရိပ်အယောင် ကိုမြင်တွေ့လိုက်ရသဖြင့် ကျွန်ုပ်စိတ်ထဲတွင်အလွန်သဘောကျသွားလေတော့သည်။

"အိမ်ရှင်တို့ . . အိမ်ရှင်တို့ရှိပါသလား . ."

ကျွန်ုပ်တို့၏အော်သံကြောင့် အိမ်ကြီးထဲမှအသက်(၅၀) ဒန်းကျင်ခန့်ရှိ အမျိုးသားကြီးတစ်ယောက်နှင့်အမျိုးသမီးကြီးတစ်ယောက်တို့ထွက်လာကြလေသည်။

"ဘာကိစ္စများရှိလို့ပါလဲ ခင်ဗျာ ."

"ကျွန်တော်က . . အင်းစိန်စီအိုင်ဒီစုံထောက်အဖွဲ့ကစုံထောက်ကြီးဦးဇင်ယော်ပါပဲ . . ။ ဒီအိမ်မှာနေသွားတဲ့ မောင်သန်း

www.burmeseclassic.com

www.burmeseclassic.com



တန်ရဲ့သမီးလေးနဲ့တွေ့ချင်လို့ပါ. . "

ဦးဖင်ယော်၏စကားကြောင့် နှစ်ယောက်စလုံးမျက်နှာများ အကြီးအကျယ်ပျက်သွားကြကာ. .

"ဒီလောက်ကံဆိုးရှာကြတဲ့. . လူ့လောကကြီးမှာမရှိကြ တော့တဲ့ဖအေနဲ့သမီးနှစ်ယောက်က ခင်ဗျားတို့စိတ်ဒိုင်ဒီနဲ့ဘယ်လို များပတ်သက်လာပြန်လို့လဲဗျာ. . "

"ဗျာ. . "

ထိုလူ၏အံဖြေစကားကြောင့်. . ကျွန်ုပ်တို့နှစ်ဦးစလုံးမှာ အလွန်အံ့ဩသွားကြကာ အာမေဋိတ်သံများပင်ထွက်သွားမိကြရ လေသည်။

"မောင်သန်းဟန်ရဲ့အဖြစ်အပျက်တွေကို. . ကျုပ်တို့သိပြီး ပါပြီ။ သူ့သမီးလေးက. . ဘာများဖြစ်လို့လဲဗျ"

အမျိုးသားကြီးသည် ကျွန်ုပ်တို့အားသေချာစွာအကဲခတ် ၍ကြည့်လိုက်ပြီးလျှင်. .

"အင်း. . ။ မိတ်ဆွေတို့ကိုကြည့်ရတာ ခရီးဝေးကလာခဲ့ ကြရလို့ပင်ပန်းနေကြပုံပဲ။ ရေနွေးကြမ်းလေး ဝင်သောက်လိုက်ပါ ဦးဗျာ။ မောင်သန်းဟန်တို့အကြောင်းကိုလည်း ကျွန်တော်သေချာ ပြောပြလိုက်ပါ့မယ်. . "

တောသူတောင်သားတို့၏သဘာဝအတိုင်း အိမ်တွင်းဝင် ထိုင်ရန်ပြောဆိုနေသဖြင့်. . ဦးဇင်ယော်က ကျွန်ုပ်အားမျက်ရိပ်ပြ



လိုက်ကာအိမ်တွင်းသို့ဝင်ရောက်သွားသဖြင့် ကျွန်ုပ်လည်းနောက် မှလိုက်၍ဝင်သွားကာ အိမ်ထဲရှိကွပ်ပြစ်ပေါ်တွင်ထိုင်လိုက်ကြလေ တော့သည်။

"ကျွန်တော့်နာမည်က. . ဖိုးသာလို့ခေါ်ပါတယ်။ သူက တော့ ကျွန်တော့်မိန်းမမနုတင်ပါ။ ကျွန်တော်တို့လင်မယားဟာ မောင်သန်းဟန်ရဲ့မိန်းမမမြဝင်းဆုံးသွားကတည်းက အဲဒီအချိန် တုန်းကအသက်ဆယ်နှစ်သမီးပဲရှိသေးတဲ့ သမီးလေးမမြသွေးကို စောင့်ရှောက်ပေးဖို့ မောင်သန်းဟန်ကတောင်းပန်ပြီးခေါ်ထားလို့ ဒီအိမ်ကြီးမှာနေလာခဲ့ကြတာပါ. . "

ထိုအချိန်တွင် မနုတင်ကရေနွေးကြမ်းအိုးနှင့်ထန်းလျက် ခဲများကိုယူလာပြီးကွပ်ပြစ်ပေါ်၌ချထားပေးကာ ဖိုးသာ၏နံဘေး၌ ဝင်ထိုင်လိုက်လေသည်။

"ဒီနောက်ပိုင်းမှာကံဆိုးမိုးမှောင်ကျပြီး. . မမြသွေးလေး အသက်တစ်ဆယ့်နှစ်နှစ်အရွယ်မှာ မောင်သန်းဟန်ကကြိုးဒဏ် ခံသွားရပြန်တော့ မမြသွေးလေးကိုကျုပ်တို့လင်မယားကပဲ သမီး ရင်းတစ်ယောက်လိုကျွေးမွေးစောင့်ရှောက်ခဲ့ကြပါတယ်. . "

"သမီးလေးမမြသွေးဟာ. . သူ့အဖေမောင်သန်းဟန်ကို သိပ်ချစ်တာမို့ သူ့အဖေကြိုးမိန့်ကျသွားတဲ့နေ့ကအတော်စိတ်ထိ ခိုက်သွားရှာပြီး. . သုံးလလောက် အိပ်ရာထဲမှာလဲနေခဲ့ရှာတာပါ။ အဲဒီနောက်ပိုင်းမှာ သမီးလေးဟာအင်မတန်စကားနည်းသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အချိန်ရှိသမျှ ကျောင်းစာတွေကိုကျက်နေတော့တာပါပဲ. . ”

“သမီးလေးဟာ. . စာအရမ်းကြိုးစားတာကြောင့် ဆယ်တန်းကိုတောင် နှစ်ချင်းပေါက်အောင်ခဲ့တာပါ။ ကျွန်တော်တို့ကလည်း. . သူ့စိတ်ချမ်းသာအောင် ကောလိပ်ကျောင်းကိုပို့ပေးခဲ့ပါတယ်. . ”

အဖြစ်အပျက်များကိုပြောပြနေရင်း ကိုဖိုးသာကိုယ်တိုင်မျက်ရည်များရစ်ဝဲလာသလို သူ၏ဇနီးမနုတင်မှာလည်းတရှုံ့ရှုံ့ဖြင့်ငိုကြွေးနေလေတော့သည်။

“ကံဆိုးရှာတဲ့သမီးလေးမမြသွေးဟာ ဒုတိယနှစ်စာမေးပွဲဖြေပြီးလို့အိမ်ကိုပြန်ရောက်လာချိန်မှာ ရွာထဲကသူငယ်ချင်းတွေနဲ့ငမိုးရိပ်ဖေါင်တော်ဦးဘုရားပွဲကိုသွားရင်း လှေနစ်ပြီးသေရှာပါရောဗျာ. . ”

ထိုစကားကိုကြားလိုက်ရသည်နှင့် ကျွန်ုပ်၏စိတ်ထဲတွင်ဆရာကြီးလူသူတော်သျှောင်တစောင်းက ကြိုတင်နိမိတ်ဖတ်ပြောကြားခဲ့သည့်စကားကိုသတိရမိကာ ဦးဇင်ယော်အားလှမ်းကြည့်မိလိုက်လေတော့သည်။

ဦးဇင်ယော်ကိုယ်တိုင်ကလည်း ကျွန်ုပ်အားလှမ်းကြည့်နေသည်နှင့်အကြည့်ခြင်းဆုံမိကြကာ ကျွန်ုပ်ကသဲလွန်စတော့ပျောက်ပြန်ပြီဟူသောသဘောဖြင့် ခေါင်းကိုတဗျင်းဗျင်းမြည်အောင်ပင်ကုတ်နေလိုက်မိလေသည်။



“မမြသွေးလှေနစ်သေသွားတာ ဘယ်လောက်ကြာပြီလဲ. . ”

“လွန်ခဲ့တဲ့လေးနှစ်ကျော်ကျော်ကပေါ့ဗျာ။ ရွာထဲက မိန်းကလေးနှစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက်ပါသွားတာမို့တစ်ရွာလုံးယူကျုံးမရဖြစ်ကြရတဲ့အချိန်ပါပဲ. . ”

ကိုဖိုးသာ၏ဇနီးမနုတင်တလည်း ငိုယိုနေရင်းမှဝင်ပြောသည်။

“သမီးလေးဟာ ပညာတတ်မကြီးသိပ်ဖြစ်ချင်ရှာတာပါ။ ဘွဲ့တွေဘာတွေရပြီးရင် ကောလိပ်မှာဆရာမကြီးဝင်လုပ်မယ်လို့အမြဲပြောနေရင်းက ရုတ်တရက်ဆုံးပါးသွားရရှာတာပါ. . ”

ဦးဇင်ယော်သည်လည်း. . ဆက်ပြောရန်စကားစရှာမရတော့သဖြင့် ကိုဖိုးသာနှင့်မနုတင်တို့ဇနီးမောင်နှံအားတောင်းပန်စကားပြောကြား၍နှုတ်ဆက်ကာ အိမ်ကြီးထဲမှပြန်လည်ထွက်ခွာလာခဲ့ကြလေသည်။

ရွာထိပ်ရှိ စတူရိဘေကာကားဖြူကြီးဆီသို့ရောက်သောအခါ ဆရာကြီးလူသူတော်သျှောင်တစောင်းသည်ကားနောက်ခန်းတွင်ထိုင်၍. . မျက်လုံးများကိုစုံမှိတ်ကာ တစ်စုံတစ်ခုကိုအလေးအနက်စဉ်းစားနေဟန်ရှိပေသည်။

ကျွန်ုပ်တို့၏အသံများကြောင့်. . ဆရာကြီးသည်မှိတ်ထားသောမျက်လုံးများကိုဖွင့်ကြည့်လိုက်ကာ. . ကျွန်ုပ်တို့အား ပြုံး၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်လေသည်

"ဘယ့်နှယ့်လဲ. . အတော်စိတ်ပျက်လာကြပြီလား. ."

"ဟုတ်ပ. . ဆရာကြီးရယ်။ ဆရာကြီးကြိုတင်နိမိတ်ဖ
လိုက်တဲ့အတိုင်းပဲ သဲလွန်စကပြန်ပျောက်သွားပြန်ပြီ. ."

"ကျုပ်က. . နိမိတ်ဖတ်တာမဟုတ်ပါဘူး ဦးသိန်းမော
နိမိတ်ဖတ်တယ်ဆိုတာက. . အကြားအမြင်ဗေဒင်ပညာနဲ့နော
ပိုင်းဖြစ်လာမှာတွေကို ကြိုဟောတာပါ။ ကျုပ်က. . ဘာအကြ
အမြင်ပညာနဲ့မှမဟုတ်ဘဲ ဆက်စပ်တွေးတောခြင်းသဘောနဲ့ပြ
ခဲ့တာပါဗျ. ."

"ဒါဆိုလည်း. . ကျွန်ပ်တော်တို့တွေးလို့ရအောင် ဆရာကြ
ရဲ့ဆက်စပ်တွေးတောပုံလေးကိုပြောပြပါလား. ."

"ထမံသီကျားမင်းလို့. . လူသတ်မှုကျူးလွန်သွားတဲ့နေ
တွေမှာ ရဲရဲတင်းတင်းစာတန်းတွေရေးသွားရဲတဲ့လူသတ်တရာ
ဟာ ထမံသီကျားမင်းဆိုတဲ့ကိုသန်းဟန့်အကြောင်းကို ကျုပ်တို့အ
နေနဲ့တစ်ချိန်ချိန်မှာသဲလွန်စရသွားနိုင်တယ်ဆိုတာကို အတပ်သိ
မှာပဲ. .။ အဲဒီလိုသဲလွန်စရပြီး တိုးကြောင်ကလေးကအိမ်ကြီး
ရောက်လာခဲ့ရင်တောင်. . သူ့ဘက်က ခြေရာဖျောက်ထားနိုင်
ထမံသီကျားမင်းနာမည်ကို ရဲရဲတင်းတင်းရေးဝန့်တာပေါ့။ အဲ
ကြောင့် ကျုပ်တို့အတွက်အမှုဟာလိုက်ဖို့ပိုခက်တော့မယ်လို့ ကြို
တင်ပြောခဲ့တာပါဦးသိန်းမောင်. ."



ကျွန်ုပ်သည်ဆရာကြီးကရှင်းပြလိုက်တော့မှပင် မိမိကိုယ်
ကိုမိမိအထင်ကြီးခဲ့မိခြင်းအတွက် နောင်တရနေမိလေတော့၏။

စုံထောက်ကြီးဦးဇင်ယော်က ဆရာကြီးလူသူတော်သျှောင်
တစောင်းအား. .

"ဆရာကြီး. .။ ကျွန်တော်ကတော့ တိုးကြောင်ကလေး
ဂါတ်မှာ ဝင်စုံစမ်းလိုက်ချင်သေးတယ်. ."

"ဦးဇင်ယော်က. . ဘုရားပွဲသွားတဲ့စက်လှေမှောက်တုန်း
ကသေသွားတဲ့လူစာရင်းမှာ. . မမြသွေးဆိုတဲ့မိန်းကလေးနာမည်
ပါပေါ်ကိုဝင်ကြည့်မလို့လား။ မမြသွေးနာမည်ကပါမှာသေချာပါ
တယ်ဦးဇင်ယော်"

ဆရာကြီးလူသူတော်သျှောင်တစောင်းက မမြသွေး၏အ
ကြောင်းကိုပါထုတ်ဖော်ပြောကြားလိုက်သဖြင့်. . ဆရာကြီးသည်လည်း
မမြသွေးနှင့်ပတ်သက်၍ ရွာထဲမှတစ်နေရာရာတွင်စုံစမ်းခဲ့ပြီးဖြစ်
ကြောင်းကို ကျွန်ုပ်သဘောပေါက်လိုက်လေတော့သည်။

"ခင်ဗျားတို့က. . ကိုဖိုးသာနဲ့မနုတင်တို့လင်မယားကိုစုံ
စမ်းနေတဲ့အချိန်မှာ ကျုပ်ကလည်းသူကြီးအိမ်မှာဝင်စုံစမ်းလိုက်
သေးတယ်ဗျ။ အဲဒါကြောင့်. . လှေမှောက်ပြီးတော့လိပ်ခေါင်း
မမြသွေးသေဆုံးခဲ့တယ်ဆိုတာ အမှန်တကယ်ဖြစ်ခဲ့တာလို့ပြော
ပေါက်ပြောနိုင်တာပေါ့။ တိုးကြောင်ကလေးဂါတ်မှာဝင်စုံစမ်း
ခဲ့တာက မမြသွေးတို့စက်လှေမှောက်ပြီးသေတဲ့အချိန်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



အလောင်းပြန်မတွေ့ရဘဲ ခေ ာရင်းသွင်းလိုက်ရတဲ့မိန်းကလေ
ရှိမရှိခိုတာနဲ့ . . အဲဒီမိန်းကလေးရဲ့အသက်အရွယ်ပုံပန်းသဏ္ဌာ
တွေကိုစုံစမ်းသင့်တယ်ဗျ. . ”

ဦးဇင်ယော်သည် အခြေအနေမှန်ကိုသဘောပေါက်သွာ
ဟန်ဖြင့် ဆရာကြီးလူသူတော်သျှောင်တစောင်းအားလေးစားစွ
ကြည့်လိုက်ကာ. .

“ဟုတ်တယ်ဆရာကြီး။ ဆရာကြီးပြောသလို အလော
ပြန်မရဘဲနဲ့ သေစာရင်းမှာသွင်းလိုက်ရတဲ့မိန်းကလေးတစ်ယော
ယောက်ရှိနိုင်တယ်။ သူဟာမမြသွေးနဲ့လည်း အသက်အရွယ်နဲ့
သဏ္ဌာန်ဆင်တူနေနိုင်တယ်. . ”

“ဦးဇင်ယော်ရယ်။ ကျုပ်အသက်နဲ့တောင် လောင်းကြေ
ထပ်ပြီးလောင်းပွဲပါခဲ့။ ကျုပ်ပြောသလိုပဲ မမြသွေးနဲ့အသက်အရွ
နဲ့ပုံသဏ္ဌာန်ဆင်တူနေတဲ့မိန်းကလေးတစ်ယောက်ဟာ အလော
ပြန်မရလိုက်ဘဲနဲ့သေတဲ့လူစာရင်းထဲမှာရှိနေပါလိမ့်မယ်ဗျာ. .

* * *

တိုးကြောင်ကလေးဂါတ်ဌာနာအုပ်သည် ဦးဇင်ယော်ပြေ
သည့်အတိုင်း မှတ်တမ်းစာအုပ်များကိုလှန်လှောရှာဖွေပေးနေ
မှတစ်နေရာသို့ရောက်သောအခါ မျက်မှန်ကိုပင့်၍သေချာစွာဖ



လိုက်ပြီးလျှင်. .

“စုံထောက်ကြီးဦးဇင်ယော်ရှာခိုင်းတာကို တွေ့ပါပြီခင်ဗျာ။
မည်က. . မခင်အေးပါ။ အသက်ကနှစ်ဆယ်ရှိပြီး မမြသွေးနဲ့
အသက်အရွယ်၊ အရပ်အမောင်းကလည်းအတူတူပါပဲ။ မခင်အေး
တော့ တိုးကြောင်ကလေးနဲ့နှစ်မိုင်လောက်ဝေးတဲ့ဆင်နင်းကြီး
သူပါ။ ထူးထူးခြားခြားတိုက်ဆိုင်နေတာတစ်ခုက. . မခင်အေး
လည်း မမြသွေးလိုပဲကောလိပ်ကျောင်းတက်နေတဲ့ကောလိပ်
ကျောင်းသူတစ်ယောက်ပါ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် . . ခေါင်းကို
ဆတ်ဆတ်ညိတ်လိုက်ပြီးလျှင်. .

“မမြသွေးသေဆုံးသွားပြီဆိုတာကို. . ဘယ်လိုအတည်ပြု
ခဲ့သလဲဆိုတာကို ရှာကြည့်လိုက်ပါဦး”

ဌာနာအုပ်ကြီးသည် . . စာရွက်စာတမ်းများကို ထပ်မံလှန်
လှောရှာဖွေလိုက်ပြီးနောက်. .

“မမြသွေးအမြဲဆွဲထားတတ်တဲ့ ဇာမနီငှက်ရုပ်ပုံပါတဲ့ဆွဲ
ကြိုးလေးဆွဲထားတဲ့အလောင်းတစ်လောင်းကို စက်လှေမှောက်ပြီး
က်တစ်ရက်ညပိုင်းမှာရှာဖွေတွေ့ရှိလို့ တိုးကြောင်ကလေးရွာ
ကြီးနဲ့ရွာလူကြီးတွေက မမြသွေးသေဆုံးသွားကြောင်းအတည်ပြု
လိုက်ကြတာပါ. . ”

“စက်လှေမှောက်တုန်းက. . ပြန်မရတဲ့အလောင်းကဘယ်

www.burmeseclassic.com

www.burmeseclassic.com



နှလောင်းရှိသလဲ ဌာနာအုပ်ကြီး"

"ဆင်နှင်းကြီးရွာက. . ကောလိပ်ကျောင်းသူမခင်အေး၊ အလောင်းတစ်လောင်းပဲရှိပါတယ်. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် စုံထောက်ကြီးဦးဇင်ယော်ဘက်သို့လှည့်လိုက်ကာ. .

"အင်း. .။ ကျုပ်တို့တင်ထားတဲ့အတိုင်း မမြသွေးဆိုတဲ့ မိန်းကလေးဟာ ညာဏ်ရည်အတော်ထက်မြက်ပေတာပဲ. ."

ဟု မှတ်ချက်ချလိုက်လေတော့သတည်း။

♥ ♥ ♥

အိုကေ...မစ္စတာသျှောင်တစောင်း။ ကျွန်ုပ်အနေနဲ့... သုံးရက်တော့စောင့်ကြည့်လိုက်ပါ့မယ်။ အိန္ဒိယဘုရင်ခံချုပ်ဆီကိုလည်း...ဒီအတိုင်းပဲ အစီရင်ခံလိုက်ပါ့မယ်။

အတွင်းဝန်ကြီး မစ္စတာကလီမင့်

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ်ကတိပေးရခြင်း

အင်းစိန်စီအိုင်ဒီရုံးကြီးအတွင်း၌ လူသံများတိတ်ဆိပ်ေ
ပုံမှာ. . သုသာန်တစပြင်နှင့်ပင် ဆင်ဆင်တူနေလေသည်။ ယခ
အချိန်များက လတ်လျားလတ်လျားဖြင့်သွားလာနေတတ်ကြသေ
စီအိုင်ဒီ၏စုံထောက်ကျော်များသည်လည်း ရုံးခန်းထဲရှိမိမိတို့၏ထိုင
ခုံများတွင်ငြိမ်သက်စွာထိုင်၍ သေမိန့်ကိုစောင့်နေကြသည့်အကျဉ်
သားများသဖွယ် မျက်နှာငယ်လေးများဖြင့်ရှိနေကြလေသည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည်လည်း သူ၏ရုံ
ခန်းကျယ်ကြီးထဲတွင်တစ်ဦးတည်းထိုင်နေရင်း မျက်လုံးများကခ



ရှေ့ဝင်ပေါက်ဆီသို့ လှမ်းမျှော်ကြည့်ရှုနေလေသည်။

သူ၏အသွင်အပြင်မှာတည်ငြိမ်မှုမရှိလှဘဲ စိတ်ဂဏှာမ
ငြိမ်ဖြစ်နေဟန်ဖြင့် ထိုင်ရာမှထရတော့မလို၊ ဆက်ထိုင်နေရမလို
ဖြစ်နေပေတော့သည်။

ဤကဲ့သို့ဖြစ်နေရသည့်အကြောင်းရင်းမှာ စုံထောက်မင်း
ကြီးမစ္စတာစတီးဝပ်ထံသို့ ဟုမ်းစက္ကရီတေရီခေါ်ပြည်ထဲရေးအတွင်း
ဝန်ကြီးကဖုန်းဆက်ပြီး စီအိုင်ဒီရုံးသို့သူကိုယ်တိုင်လာရောက်မည်
ဟုအကြောင်းကြားထားသောကြောင့်ဖြစ်ပေသည်။

စုံထောက်မင်းကြီးသည် စရာမစားပွဲကြီးပေါ်မှဘဲလ်ကို
နှိပ်ချလိုက်သဖြင့် ပြာတာမောင်အေးသည်အခန်းထဲသို့အပြေးအ
လွှားပင်ဝင်ရောက်လာလေတော့သည်။

"အမိန့်ရှိပါစုံထောက်မင်းကြီး. . "

"စုံထောက်တွေစာသင်တွေကို အကုန်လုံးလိုက်ပြောထား
လိုက်စမ်း။ အတွင်းဝန်ကြီးရောက်မလာမချင်း အပြင်မထွက်ကြ
နဲ့၊ ကိုယ့်အခန်းထဲမှာပဲကိုယ် အရှုပ်ကလေးလိုထိုင်နေကြရမယ်လို့
မှာနှိပ်ကညွှန်ကြားထားတယ်ဆိုတာ. . "

"ဟုတ်ကဲ့ပါ. . စုံထောက်မင်းကြီး"

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အနေဖြင့် ကြောက်ရွံ့
နေရခြင်းအကြောင်းရင်းမှာ လွန်ခဲ့သောလေးရက်မြောက်ကဖြစ်
ပွားခဲ့သည့်လူသတ်မှုသုံးမှုနှင့်ပတ်သက်၍ အဖြစ်အပျက်ကိုအစီရင်

www.burmeseclassic.com

www.burmeseclassic.com



ခံစာတင်ခြင်းမှလွဲ၍ ထူးထူးခြားခြားမည်သည့်အချက်ကိုမျှထပ်မံ စုံစမ်းသိရှိရခြင်းမရှိသေးသောကြောင့် ယင်းအမှုကိစ္စနှင့်ပတ်သက်၍ပြည်ထဲရေးအတွင်းဝန်ကြီးကမေးမြန်းလာလျှင် သူ့အနေနှင့်ဖြေစရာအဖြေမရှိဘဲဖြစ်နေရသောကြောင့်ပင်တည်း။

ထိုအချိန်တွင်ရုံးရှေ့သို့ထိုးဆိုက်လာသော ကားနက်ကြီးတစ်စီးကိုမြင်လိုက်ရသည်နှင့်. . စုံထောက်မင်းကြီးသည်နေရာမှထ၍ ရုံးဝင်ပေါက်ရှိရာသို့ခပ်သွက်သွက်လျှောက်လှမ်းသွားလိုက်လေသည်။

ကားပေါ်မှဆင်းလာသူမှာ. . ဗြိတိသျှအစိုးရအဖွဲ့ကြီးတွင် ဒေါသကြီးသည်ဟုအလွန်နာမည်ကြီးနေသော ပြည်ထဲရေးအတွင်းဝန်ကြီးမစ္စတာကလီမင့်ပင်ဖြစ်ပေတော့သည်။ သူသည်မန်ချက်စတာနယ်သားတစ်ဦးဖြစ်ကာ ဝင်ဘယ်(လ)ဒန်မြို့စားကြီးနှင့်လည်း ယောက်ဖတော်စပ်နေသူဖြစ်သောကြောင့် ကျောထောက်နောက်ခံအင်အားကောင်းမွန်ကာ ယောက်ဖဖြစ်သူအားကိုးဖြင့်မောက်မာလွန်းနေသူဖြစ်ပေသည်။

"ကောင်းသောနံနက်ခင်းပါ. . မစ္စတာကလီမင့်"

မစ္စတာစတီးဝပ်က ရိုသေသမှုဖြင့်လှမ်းနှုတ်ဆက်လိုက်သော်လည်းအတွင်းဝန်ကြီးမစ္စတာကလီမင့်ကနီရဲနေသောမျက်နှာကြီးဖြင့်ပြန်ကြည့်လိုက်ကာ. .

"ခင်ဗျားအတွက်. . ဒီနံနက်ခင်းက ကောင်းနေပေမယ့်



ကျွန်ုပ်အတွက်တော့မကောင်းဘူးဖြစ်နေတယ် မစ္စတာစတီးဝပ်။ အိန္ဒိယဘုရင်ခံချုပ်ဆီက မနက်စောစောမှာသံကြိုးတစ်စောင်ဝင်လာတယ်။ ဗြိတိသျှအစိုးရရဲ့အကြီးတန်းဝန်ထမ်းကြီးသုံးယောက်ကိုသတ်သွားတဲ့အမှုကို ကျွန်ုပ်ကအရေးတယူ ဂရုမစိုက်လုပ်နေတဲ့အတွက် အပြစ်တင်ဝေဖန်ထားတဲ့သတိပေးစာပဲဗျ. . "

မစ္စတာစတီးဝပ်ကတောင်းပန်သည့်အကြည့်ဖြင့်မစ္စတာကလီမင့်အားကြည့်လိုက်ကာ. .

"အဲဒီကိစ္စအတွက် ကျွန်တော်တောင်းပန်ပါတယ်အတွင်းဝန်ကြီးခင်ဗျာ. . "

"တောင်းပန်နေရုံနဲ့တော့. . ကိစ္စတွေက ပြီးမသွားနိုင်ဘူး မစ္စတာစတီးဝပ်။ ခင်ဗျားဘက်က အခြေအနေတိုးတက်မှုတွေကို ကျွန်ုပ် အလွန်သိချင်နေပြီ။ လိုအပ်လာရင်. . ဒီအမှုတွေအတွက် ကျွန်ုပ်ကိုယ်တိုင်ဝင်ပြီးဆုံးဖြတ်ရလိမ့်မယ်။ ဗြိတိသျှအစိုးရရဲ့အငြိမ်းစားအရာရှိကြီးတွေကိုတောင် ရဲရဲတင်းတင်းသတ်သွားဝံ့တဲ့လူသတ်သမားကိုမိအောင်မဖမ်းနိုင်ရင် ကျွန်ုပ်တို့ရဲ့အသက်တွေကိုတောင် စိုးရိမ်ကြောင့်ကြခင်မှာရန်ရှာခံရလိမ့်မယ်ဗျ. . "

မစ္စတာကလီမင့်သည် မျက်ထောင့်နီကြီးဖြင့်လှမ်းကြည့်လိုက်ကာ. .

"ကဲ. . ။ ခင်ဗျားရဲ့စီအိုင်ဒီအဖွဲ့ကြီးက ဗြိတိသျှအစိုးရရဲ့ငွေစာတွေကိုစားသုံးပြီး ဝဖြိုးနေကြတဲ့စုံထောက်တွေအကုန်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တွေ့ချင်တယ်. . "

"ဟုတ်. . ဟုတ်ကဲ့. . ။ ကျွန်တော်အမြန်ဆုံးစီစဉ်လိုက်ပါ့မယ်။ ကျွန်တော့်ရုံးခန်းထဲက ခဏထိုင်စောင့်ပါဦး. . "

* * *

မကြာမီပင် စီအိုင်ဒီရုံးကြီး၏အစည်းအဝေးခန်းမထဲ၌ လူများဖြင့်ပြည့်ကျပ်သွားလေတော့သည်။

ပြည်ထဲရေးအတွင်းဝန်ကြီးမစ္စတာကလီမင့်သည် နီရဲရဲပုပ်နေသောမျက်နှာကြီးဖြင့် အစည်းအဝေးခန်းထဲသို့ဝင်ရောက်လာကာ စားပွဲကြီး၏ထိပ်တွင်ဆောင့်ကြီးအောင့်ကြီးဝင်ထိုင်လိုက်လေသ ည်။

"ကဲ. . ကျွန်ုပ်တို့ရဲ့စုံထောက်ကျော်ကြီးတွေက နောက်ဆုံးသိရှိထားတဲ့သတင်းတွေကို ပြောကြစမ်းပါဦး။ မစ္စတာစတီးဝပ်ပြောပြထားသလောက်ဆိုရင် နောက်သုံးရက်အတွင်းမှာတရားခံတွေကိုမိအောင်မဖမ်းနိုင်ခဲ့ရင်. . စုံထောက်တွေအားလုံးအလုပ်ကနှုတ်ထွက်ကြဖို့အထိ ဝမ်နင်ပေးထားပြီးပြီလို့သိရတယ်. . "

မစ္စတာကလီမင့်ကမေးခွန်းထုတ်လိုက်သော်လည်း စီအိုင်ဒီစုံထောက်များထံမှ. . အဖြေစကားတစ်ခွန်းမှထွက်မလာနိုင်ဘဲ အစည်းအဝေးခန်းကြီးတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်သာ



ရှိနေလေတော့သည်။

ပြည်ထဲရေးအတွင်းဝန်ကြီးမစ္စတာကလီမင့်၏ မျက်နှာသည်ပန်းသီးပုတ်ကြီးကဲ့သို့နီရဲ၍သွားကာ. .

"ကဲ. . ။ လူသတ်မှုသုံးမှုဖြစ်ပြီးလို့ ဒီလောက်ကြာနေတာတောင် တရားခံတွေနဲ့ပတ်သက်ပြီးသဲလွန်စနည်းနည်းလေးမှမရနိုင်သေးဘူးဆိုတော့ ခင်ဗျားတို့စုံထောက်တွေကိုကျွန်ုပ်တို့ဗြိတိသျှအစိုးရကလစာတွေပေးထားတာ ဘာများအကျိုးရှိနိုင်မှာလဲ"

စီအိုင်ဒီစုံထောက်များထံမှ မည်သည့်အသံမျှထူးထူးခြားခြားထွက်ပေါ်လာခြင်းမရှိပေ။

မစ္စတာကလီမင့်သည်. . မစ္စတာစတီးဝပ်ဘက်သို့လှည့်ကြည့်လိုက်ကာ. .

"ခင်ဗျားရဲ့ စီအိုင်ဒီစုံထောက်အဖွဲ့ကြီးကစုံထောက်တွေဟာ. . လူလိမ်တွေပဲဗျ။ ကျုပ်တို့ဗြိတိသျှအစိုးရဆီက လစာတွေခိမ်ယူနေကြတဲ့လူလိမ်တွေပဲ. . "

အတွင်းဝန်ကြီးမစ္စတာကလီမင့်၏ရိုင်းပျစော်ကားလွန်းသောစကားကြောင့် မောင်းထောင်းကိုကိုကြီးသည်အလွန်ပင်မခံရပ်နိုင်ဖြစ်သွားကာ ထိုင်ရာမှထ၍တုံ့ပြန်ပြောဆိုရန်ပြင်လိုက်သတော့သည်။ ထိုအချိန်တွင်. .

"ဒီလိုမတရားစွပ်စွဲပြောဆိုနေဖို့ ခင်ဗျားမှာအခွင့်အရေးမရှိပါဘူးမစ္စတာကလီမင့်။ ခင်ဗျားတို့အနေနဲ့ စီအိုင်ဒီစုံထောက်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကို တစ်ပတ်အတွင်းတရားခံတွေကိုဖေါ်ထုတ်ဖမ်းဆီးပေးဖို့ ဝမ်နင်ပေးထားပြီးပြီပဲ။ အဲဒီတစ်ပတ်ပြည့်တဲ့နေ့မှာ တရားခံတွေကိုဖေါ်ထုတ်မပေးနိုင်ရင်. . ခင်ဗျားတို့ဝမ်နင်ပေးထားတဲ့အတိုင်း အလုပ်ကထုတ်ပစ်နိုင်ပါတယ်။ ဒါပေမယ့် လူလိမ်ဆိုတဲ့ဗွပ်စွဲစကားမျိုးကိုတော့ ခင်ဗျားအနေနဲ့ပြောဖို့မသင့်ပါဘူး. . ။ ရာဇဝတ်မှုဖြစ်တိုင်း တရားခံတွေကိုချက်ခြင်းမဖမ်းနိုင်တာဟာ လိမ်လည်တာမဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ဂရိတ်ဗြိတိန်က ဂေမ္ဘာကျော်စကော့တလန်ယဒ်စုံထောက်အဖွဲ့ကြီးကဖေါ်ထုတ်ဖမ်းဆီးခြင်းမပြုနိုင်ခဲ့တဲ့ လူသတ်မှုတွေဟာ. . ဗြိတိန်နိုင်ငံတစ်ခုတည်းမှာကို တစ်နှစ်မှာအမှုပေါင်းလေးဆယ်လောက်ရှိနေပါတယ်မစ္စတာကာလီမင့်. . ”

အလွန်ပီသကောင်းမွန်လှသောအင်္ဂလိပ်လေယူလေသိမ်းဖြင့် အင်္ဂလိပ်စကားပြောရင်းဝင်ရောက်လာသူမှာ. . လူသူတော်သျှောင်တစောင်းပင်ဖြစ်နေပေသည်။ ၎င်း၏နောက်မှ စုံထောက်ကြီးဦးဇင်ယော်ကလိုက်ပါလာလေသည်။

နို့သာရောင်ပိုးသားအကျီကို နို့သာရောင်ရှမ်းဘောင်းဘီနှင့်ထက်အောက်ဆင်တူဝတ်ဆင်ထားကာ ထောင်ပေါင်းသောအရပ်အမောင်းဖြင့် ခန့်ညားထည်ဝါလှပြီး၊ သျှောင်တစောင်းကိုသေသပ်စွာထုံးနှောင်ထားသော လူသူတော်သျှောင်တစောင်းအားအံ့ဩစွာငေးစိုက်ကြည့်နေရင်း အတွင်းဝန်ကြီးမစ္စတာကာလီမင့်က စုံထောက်မင်းကြီးမစ္စတာစတီးဝပ်ဘက်သို့လှည့်၍မေးခွန်းထုတ်



လိုက်လေသည်။

“ကျွန်ုပ်လိုအတွင်းဝန်ကြီးတစ်ယောက်ကို အခုလိုပြန်ပြောခဲ့တဲ့လူက ဘယ်သူများပါလိမ့်. . ”

“ဒီပုဂ္ဂိုလ်ကြီးကတော့. . မစ္စတာလူသူတော်သျှောင်တစောင်းလို့ခေါ်ပါတယ်။ မြန်မာသူရဲကောင်းတစ်ယောက်ပါပဲ. . ။ ကျွန်ုပ်တို့စီအိုင်ဒီကို. . အလွန်ကြီးမားတဲ့ရာဇဝတ်မှုကြီးတွေမှာ တရားခံတွေကိုမိအောင်ဖမ်းဆီးပြီးကူညီပေးနေတဲ့အတွက် ‘ဆာ’ ဘွဲ့ချီးမြှင့်ခံထားရတဲ့ပုဂ္ဂိုလ်ကြီးပါပဲ။ မစ္စတာကာလီမင့်က မြန်မာပြည်ကိုပြောင်းရွှေ့လာတာသိပ်မကြာသေးလို့ မစ္စတာလူသူတော်သျှောင်တစောင်းနဲ့မဆုံ ုးသေးတာပါ. . ”

ပြည်ထဲရေးအတွင်းဝန်ကြီးမစ္စတာကာလီမင့်သည် လူသူတော်သျှောင်တစောင်းအားငေးစိုက်ကြည့်နေကာ. .

“အိုး. . ။ ကျွန်ုပ်အနေနဲ့ မစ္စတာလူသူတော်သျှောင်တစောင်းကိုမဆုံဖူးပေမယ့် နာမည်ကိုတော့ကြားဖူးနေပါတယ်။ ဒီအမှုမှာ မစ္စတာလူသူတော်သျှောင်တစောင်းအနေနဲ့ရော တရားခံတွေကိုမဖမ်းနိုင်တော့ဘူးလား. . ”

လူသူတော်သျှောင်တစောင်းသည် မစ္စတာကာလီမင့်အားစိုက်ကြည့်လိုက်ကာ. .

“ဖမ်းနိုင်လို့လည်း ကစ်ပတ်အတွင်းတရားခံကိုဖမ်းပေးမယ်လို့. . မစ္စတာစတီးဝပ်ကိုရဲရဲတင်းတင်းကတိပေးလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ. . ။ မစ္စတာစတီးဝပ်က. . မပြောဘူးလား"

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်က လူသူတော်သျှောင်တစောင်းဘက်သို့လှည့်လိုက်ကာ. .

"မစ္စတာကလီမင့်ကအခုမှရောက်လာလို့ အဲဒီကိစ္စတွေကိုပြောမပြရသေးပါဘူး မစ္စတာသျှောင်တစောင်း. ."

အတွင်းဝန်ကြီးမစ္စတာကလီမင့်သည် အစည်းအဝေးခန်းမကြီးထဲသို့မျက်လုံးဝေ့၍ကြည့်လိုက်ကာ. .

"မစ္စတာသျှောင်တစောင်းလည်းရောက်လာပြီဆိုတော့ အစည်းအဝေးအစီအစဉ်ကို ပြန်စလိုက်ကြရအောင်. . ။ အိန္ဒိယဘုရင်ခံချုပ်ကဒီအမှုအတွက်အလွန်ဒိုးရိမ်နေတာမို့ အမှုရဲ့နောက်ဆုံးအခြေအနေတွေကိုအစီရင်ခံဖို့အမိန့်ပေးထားလို့ပါ မစ္စတာသျှောင်တစောင်း. ."

အစည်းအဝေးခန်းမကြီးထဲတွင် စောစောပိုင်းကတင်းမာနေသောအခြေအနေများမှာ ပြန်လည်၍ငြိမ်အေးချမ်းလွှားပေသဖြင့် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည်စိတ်ထဲမှကျိတ်၍ လူသူတော်သျှောင်တစောင်းအားကျေးဇူးတင်နေမိလေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် စုံထောက်ကြီးဦးဇင်ယော်ဘက်သို့လှည့်ကြည့်လိုက်ကာ မျက်ရိပ်ပြလိုက်သဖြင့် စုံထောက်ကြီးဦးဇင်ယော်သည်ထိုင်နေရာမှထလိုက်ကာ. .



"ကျွန်တော်ကတော့. . စီအိုင်ဒီရဲ့အကြံပေးပုဂ္ဂိုလ်ဦးဇင်ယော်ပါပဲ. . ။ အမှုနဲ့ပတ်သက်တဲ့ နောက်ဆုံးအခြေအနေကိုအစီရင်ခံပါမယ်. ."

ထို့နောက်. . ဦးဇင်ယော်က စုံစမ်းသိရှိထားသမျှတို့ကို အစ်ချက်ခြင်းအစီရင်ခံလိုက်လေတော့သည်။

အတွင်းဝန်ကြီးမစ္စတာကလီမင့်နှင့် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အပါအဝင် အစည်းအဝေးခန်းထဲမှလူများသည် ဇင်ယော်ပြောပြသည်များကို စိတ်ပါဝင်စားစွာနားထောင်နေကြ နောက်ဆုံးတွင်ထမံသီကျားမင်းခေါ် မောင်သန်းဟန်၏သမီး သူမမြသွေးက ကောလိပ်ကျောင်းသူမခင်အေးရေနစ်သေဆုံးချိန်၌ ခြေရာဖျောက်သွားသည့်အကြောင်းကိုသိရှိလိုက်ကြရ သာအခါ သက်ပြင်းများကိုချလိုက်ကြမိလေတော့သည်။

အတွင်းဝန်ကြီးမစ္စတာကလီမင့်သည် စုံထောက်ကြီးဦးဇင်ယော်၏စကားဆုံးသွားသောအခါ လူသူတော်သျှောင်တစောင်း ဘက်သို့လှည့်ကြည့်လိုက်ပြီး. .

"မစ္စတာသျှောင်တစောင်းတို့စုံစမ်းခဲ့ကြတာဟာ အလွန်ကောင်းတာမှန်ပေမယ့်. . ခုအတိုင်းဆိုရင်မမြသွေးကိုလိုက်ရှာဖို့ ခုနစက ပျောက်သွားပြီပဲ။ လမ်းကြောင်းက ဆုံးနေပြီပဲဗျ. ."

လူသူတော်သျှောင်တစောင်းက မစ္စတာကလီမင့်အားပြုံး ကြည့်လိုက်ကာ. .

www.burmeseclassic.com

www.burmeseclassic.com



"သာမန်အားဖြင့်ကြည့်ရင်တော့. . တရုးခံမမြသွေးကို မိအောင်ဖမ်းနိုင်ဖို့ဟာ အတော်ခက်ခဲသွားတာမှန်ပါတယ်။ ဒါပေ မယ့်. . ကျုပ်တို့မှာအစီအစဉ်တွေရှိနေပါသေးတယ်။ ဘယ်လိုပဲဖြ ဖြစ်. . ကျုပ်တို့ဘက်ကပေးထားတဲ့ကတိအတိုင်း နောက်သုံးရက် အတွင်းမှာ. . လူသတ်တရားခံမမြသွေးကိုဖမ်းဆီးပေးမှာပါမစ္စတာ ကလီမင့်"

အတွင်းဝန်ကြီးမစ္စတာကလီမင့်သည် လူသူတော်သျှော တစောင်း၏လေးနက်တည်ကြည်သောမျက်နှာထားကို စူးစိုက် ကြည့်လိုက်ပြီးလျှင်. .

"အိုကေ. . မစ္စတာသျှောင်တစောင်း။ ကျုနိုပ်အနေနဲ့သုံး ရက်တော့စောင့်ကြည့်လိုက်ပါ့မယ်. . ။ အိန္ဒိယဘုရင်ခံချုပ်ဆီကို လည်း ဒီအတိုင်းပဲအစီရင်ခံလိုက်ပါ့မယ်. . "

♥ ♥ ♥

အချိန်အခါကိုလိုက်ပြီး...အကောင်းဆုံးလုပ်ဆောင် တတ်ခြင်းဟာ ပြီးမြောက်အောင်မြင်စေနိုင်တယ်တဲ့ ဦးသိန်းမောင်။ အဲဒါက...ပညာရှိသောမတ်အီအင်ရဲ့ အဆိုအမိန့်ပဲ...။

လူသူတော်သျှောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်နှင့်အယူတော်မင်္ဂလာ

ကျွန်ုပ်သည် နေ့လည်ကအင်းစိန်စီအိုင်ဒီရုံးကြီး၌ဆရာကြီး လူသူတော်သျှောင်တစောင်းနှင့်အတွင်းဝန်ကြီးမစ္စတာကာလီမင့်ထံ တွေ့ဆုံပြောဆိုခဲ့ကြသည့်သတင်းကို ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သော တာမေဂျာဂါတ်မှအိုင်ပီကြီးဦးအေးမောင်ထံမှ ပြန်လည်ကြားသိခဲ့ရ ဖြစ်ပေသဖြင့် ဆရာကြီးလူသူတော်သျှောင်တစောင်းကမမြသွေးနှ ပတ်သက်၍ကတိပေးလိုက်သည့်ကိစ္စကို စိတ်ထဲ၌လိုပ်ခဲတည်းလည် ဖြစ်၍နေကာ ဆရာကြီးလူသူတော်သျှောင်တစောင်းသည်အဘယ ကြောင့်ဤကဲ့သို့ရဲဝံ့စွာကတိပေးလိုက်ရသနည်းဆိုသည်ကို နား



သည်နိုင်အောင်ဖြစ်၍နေမိလေသည်။

ကျွန်ုပ်သည်စိတ်ပြေလက်ပျောက်သဘောဖြင့် ဆာရိုက်ဒါဂက်ဂတ်ရေးသားသည့် 'မုဆိုးကြီးအလန်ကွာတာမိန်းနှင့်ရှီဘာဘုရင်မ'ဝတ္ထုကိုဖတ်ရှုနေမိသော်လည်း ဝတ္ထုထဲ၌စိတ်မရောက်နိုင်ဘဲ ကျွန်ုပ်၏စိတ်အစဉ်ကို . . မမြသွေးဆိုသောမိန်းကလေးကသာဆွဲဆောင်လွှမ်းမိုး၍နေလေတော့သည်။

ကျွန်ုပ်၏ဇနီးခင်ခင်ကြီးသည်ကား မိန်းမတို့ထုံးစံအတိုင်း ယောက်ျားဖြစ်သူကျွန်ုပ်၏မျက်နှာကိုသာ . . အမြဲတမ်းဂရုစိုက်၍ ကြည့်နေတတ်သူဖြစ်ရာ ကျွန်ုပ်၏စိတ်ရှုပ်ထွေးနေသောအမူအရာကိုကောင်းစွာသတိထားမိပေသဖြင့် ကျွန်ုပ်အားအနှောင့်အယှက်တစ်စုံတစ်ရာမျှမပေးတော့ဘဲ ကျွန်ုပ်၏တပည့်ကျော်မောင်ဆိတ်ကျောင်းနှင့်အတူ အိမ်နောက်ဘက်၌ဘီရိုတစ်လုံးကိုပြုပြင်နေကြလေသည်။

နောက်ဆုံး၌ကျွန်ုပ်သည်စိတ်ပျက်ပျက်ဖြင့် စာအုပ်ကို ဘားသို့ချလိုက်ကာ မမြသွေးကိစ္စကိုမည်ကဲ့သို့ဆက်လက်စုံစမ်းသည်ဟုစဉ်းစားနိုင်ရန် ပက်လက်ကုလားထိုင်ပေါ်၌မှီချပြီးအတွေးနန်းဖွင့်နေမိတော့သည်။

ထိုအချိန်တွင် ကျွန်ုပ်၏အိမ်ရှေ့၌ကားတစ်စီးရပ်သံကြား လိုက်သဖြင့်လှမ်းကြည့်လိုက်ရာ စုံထောက်ကြီးဦးဇင်ယော်၏ကိုဒါ ကားလေးဖြစ်နေသဖြင့် ကျွန်ုပ်သည်အကျိုးအကြောင်းစုံအလင်

www.burmeseclassic.com

www.burmeseclassic.com



သိရှိရပေတော့မည်ဟု ဝမ်းသာသွားမိလေတော့သည်။

"ဦးဇင်ယော်တို့များ နေနိုင်လိုက်တာဗျာ။ နေ့လည်
တည်းကမျှော်နေရတာ လည်ပင်းတောင်ရှည်လောက်တယ်. .

"ဆောရီးပဲ. . ဦးသိန်းမောင်ရေ။ ကျုပ်လည်း ခင်ဗျား
ကိုထွက်လာမလို့ပြင်ပြီးမှ စုံထောက်မင်းကြီးကလှမ်းခေါ်တာ
အလုပ်ရှုပ်ပြီးရောက်မလာဖြစ်တာပါ. ."

"အခြေအနေက. . ဘယ်လိုလဲဗျ။ မမြသွေးကိစ္စသဲလွန်
ရပြီလား. .။ စီအိုင်ဒီအစည်းအဝေးမှာ. . အတွင်းဝန်ကြီးမစ္စတ
ကလီမင့်နဲ့ပြောဆိုကြတာတွေတော့ ကျုပ်လည်းကြားပြီးပါပြီ. .

ဦးဇင်ယော်သည် ကျွန်ုပ်၏မျက်နှာအားထူးဆန်းသော
ကြည့်တစ်မျိုးဖြင့်ကြည့်လိုက်ကာ. .

"ကျုပ်သိထားသလောက်ကတော့. . ဘာသဲလွန်စမှ
မရသေးပါဘူး။ မမြသွေးဆိုတဲ့မိန်းကလေးဟာ လေ့နစ်ပြီးသော
ကိစ္စဖြစ်ပြီးကတည်းက လုံးဝဇာတ်မြုပ်သွားတော့တာပဲ။ လွန်ခဲ့
ငါးနှစ်လောက်ကတည်းက သူ့သတင်းကိုလုံးဝမကြားရတော့
အမှန်ပဲ. .။ သူ့မွေးစားအဖေအမေလိုဖြစ်နေကြတဲ့ ကိုဖိုးသ
မနုတင်တို့ဆီကိုလည်း. . လုံးဝအဆက်အသွယ်မလုပ်ခဲ့ဘူး။
ကိစ္စနဲ့ပတ်သက်ပြီး တိုးကြောင်ကလေးမှာကျုပ်တို့သေသေချာ
ထပ်စစ်ဆေးပြီးပါပြီ. ."

"ဒါဆို. . မမြသွေးကိုရှာတွေ့ဖို့က အင်မတန်ခက်ခဲသ



မှုပေါ့ဗျာ. .။ သုံးရက်အတွင်းသူ့ကိုမိဖို့ဆိုတာက. . မဖြစ်နိုင်သ
လောက်ပါပဲ. ."

ထိုအချိန်တွင်. . ကျွန်ုပ်နှင့်ဦးဇင်ယော်တို့ထိုင်နေသည့်
နေရာအနီးမှ 'ဗိုး' ကနဲဖြတ်သန်းသွားသည့်အသံကိုကြားလိုက်ကြ
ရကာ အိမ်ကြီး၏အလယ်ရှိကျွန်းတိုင်၌ဒေါင်းမြီးတပ်မြားတစ်စင်း
စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟော. . ဆရာကြီးလူသူတော်သျှောင်တစောင်းရောက်
လာပြီဗျ. .။ အခြေအနေထူးပြီနဲ့တူတယ်. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်၏အိမ်
သို့အလည်ရောက်လာတိုင်း ကျွန်ုပ်အားနောက်ပြောင်ကျီစယ်သည့်
သဘောဖြင့် ကျွန်ုပ်အိမ်ရှေ့သို့ကားမရောက်မီကပင် ဒေါင်းမြီးတပ်
မြားကိုပစ်လွှတ်၍. . ကြိုတင်အသိပေးတတ်သည့်အကျင့်ရှိနေပေ
သည်။ ဆရာကြီးပစ်လွှတ်သည့်ဒေါင်းမြီးတပ်မြားသည်လည်း အမြဲ
တမ်းပင် အိမ်ကြီး၏အလယ်ရှိကျွန်းတိုင်ကြီး၌စိုက်ဝင်နေသည်သာ
ဖြစ်ပေသည်။ ဤအတွက်ကြောင့်လည်း ကျွန်ုပ်အနေဖြင့်ဆရာကြီး
၏ဒေါင်းမြီးမြားပစ်သည့်အတတ်ကို အလွန်လေးစားနေခဲ့မိခြင်း
ဖြစ်ပေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ဧည့်ခန်း
ရှိသူထိုင်နေကျခုံကြီးပေါ်တွင် ဝင်ထိုင်လိုက်ပြီးနောက်. .

"ဦးသိန်းမောင်က. . သူ့ဆီမလာကြလို့ စိတ်ပူနေတာမို့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကချော့နေရပြီနဲ့တူတယ်။ ဟုတ်လား. . ဦးဇင်ယော်"

ဦးဇင်ယော်သည် ဆရာကြီးအားပြုံးပြလိုက်ကာ. .

"ဦးသိန်းမောင်က မမြသွေးကိစ္စအတွက်အတော်စိတ်. . နေတာဆရာကြီးရဲ့. . ။ မမြသွေးကို သုံးရက်အတွင်းမိအောင်ဖမ်း ဖို့ဆိုတာ. . မဖြစ်နိုင်ဘူးလို့တောင်ပြောနေတာ"

ဆရာကြီးသည်လည်း ဦးဇင်ယော်ကကျွန်ုပ်အားကြည့် သည့်ထူးဆန်းသောအကြည့်မျိုးဖြင့် ကျွန်ုပ်အားကြည့်လိုက်ကာ. .

"ဟုတ်တယ် ဦးသိန်းမောင်. . ။ သာမန်အခြေအနေအ ဆိုရင်တော့ မမြသွေးကိုမိအောင်ဖမ်းဖို့ဆိုတာ. . သုံးရက်မပြေ နဲ့ သုံးလအချိန်ပေးရင်တောင်မဖြစ်နိုင်တော့တာအမှန်ပဲ. . "

"ဒါဆိုရင် ကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲဆရာကြီး

"အချိန်အခါကိုလိုက်ပြီး အကောင်းဆုံးလုပ်ဆောင်တ ခြင်းဟာ. . ပြီးမြောက်အောင်မြင်စေနိုင်တယ်တဲ့ ဦးသိန်းမောင် အဲဒါက ပညာရှိသောမတ်အီဒင်ရဲ့အဆိုအမိန့်ပဲ။ Right thing in right place make the complete case လို့ဆိုခဲ့တယ်

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်အ ထူးဆန်းသောအကြည့်တစ်မျိုးဖြင့်ကြည့်လိုက်ပြန်ကာ. .

"ကျုပ်တို့အနေနဲ့ အချိန်ကိုက်လုပ်ဆောင်နိုင်ဖို့ကအ တကြီးလိုအပ်နေပြီဦးသိန်းမောင်။ ဒါကြောင့်လည်း ခင်ဗျားဆီ အကူအညီတောင်းနိုင်ဖို့. . ဦးဇင်ယော်နဲ့ချိန်းပြီးလာတွေ့တာပေ



ကျွန်ုပ်သည် ဆရာကြီးကကျွန်ုပ်ထံမှအကူအညီတောင်း ခည်ဟုဆိုလိုက်သဖြင့် အလွန်အံ့သြသွားမိကာ. .

"ဆရာကြီးကိုကျွန်တော်က ဘာများအကူအညီပေးရမှာ လဲခင်ဗျာ. . ။ ပြောသာပြောပါ. . ။ ဆရာကြီးရဲ့ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာအများကြီးရှိနေတာမို့ ဆရာကြီးအတွက်ဆို ရင် အသက်တောင်ပေးဝံ့ပါရဲ့. . "

"ဦးသိန်းမောင်ကို တိုးကြောင်ကလေးကမောင်သန်းဟန် တို့အိမ်ကိုမသွားခင်တုန်းက ကျုပ်စကားအဆန်းတစ်ခွန်းပြောခဲ့ဖူး တယ်။ အဲဒီစကားကို. . မှတ်မိလားဗျ"

"မှတ်မိပါရဲ့ ဆရာကြီးရယ်။ ဆရာကြီးက လိုအပ်လာရင် ထမံသိကျားမင်းကို ကျားစာကျွေးပြီးအမိဖမ်းမလို့ပြောခဲ့တာပါ။ ကျားစာချကျွေးခံရမယ့်လူကိုတောင် လောလောဆည်ပြောလိုက်ရင် ကြောက်သွားမှာစိုးလို့မပြောသေးဘူးဆိုပြီး ဆရာကြီးကပြောခဲ့ သေးတာပဲ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်အား တ်မကောင်းခြင်း၊ အားနာခြင်းများပြည့်လျှမ်းနေသည့်အကြည့် ငြိုင်လှမ်းကြည့်လိုက်ကာ. .

"ဟုတ်တယ်. . ဦးသိန်းမောင်။ ကျုပ်ပြောခဲ့တဲ့ ကျားစာ ကျွေးရမယ့်လူဆိုတာ ဦးသိန်းမောင်ကိုရည်ညွှန်းပြောခဲ့တာပါပဲ။ ကျုပ်တို့အနေနဲ့. . တစ်ခြားရွေးချယ်စရာလမ်းတွေရှိခဲ့ရင် ရွေး

www.burmeseclassic.com

www.burmeseclassic.com



ချယ်မယ်ဆိုပြီးအချိန်စောင့်နေခဲ့ကြပေမယ့်. . အချိန်ကသိပ်မ
တော့ဘူးလေ။ ဒါကြောင့်. . ဦးသိန်းမောင်ကိုပဲအကူအညီတောင်
ရတော့မှာပါ. . "

ကျွန်ုပ်သည် ဆရာကြီးအားအလွန်ရှိသေသည့်အပြင် အ
လွန်ယုံကြည်သူဖြစ်သောကြောင့် ဆရာကြီးသည်ကျွန်ုပ်နစ်နာ
ရန်ပြုလုပ်မည်မဟုတ်ကြောင်းယုံကြည်သည့်စိတ်ဖြင့်. .

"ဆရာကြီးကလည်း. . အားနာစရာမရှိတာကို အားနာ
နေပြန်ပြီ။ ဆရာကြီးတို့အမှုမှာ ကျွန်တော်ကဘယ်လိုလုပ်ပေး
မယ်ဆိုတာကိုသာပြောပါလေ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ အလွန်တည်
ကြည်သောမျက်နှာတွင် အပြုံးရိပ်များထင်ဟပ်လာကာ. .

"ရှင်းရှင်းပြောရရင်တော့. . ထမံသီကျားမင်းဆိုတဲ့မ
သွေးက ဦးသိန်းမောင်ကိုလာသတ်ချင်အောင်မြှားခေါ်ပြီး ဦးသိ
မောင်ကိုလာသတ်တဲ့အချိန်မှာ မမြသွေးကိုစောင့်ဖမ်းကြဖို့စီ
ရမှာပါ. . "

"ဗျာ. . "

ကျွန်ုပ်သည် ဆရာကြီး၏စကားကြောင့်အလွန်အံ့ဩသွာ
မိလေသည်။

"မမြသွေးက ကျွန်တော့်ကိုဘာကြောင့်သတ်ချင်ရမှာ
ဆရာကြီးရဲ့. . "



"ဒီကိစ္စက. . စိတ္တဇေဒသဘောတွေပါဝင်နေတော့ ဦး
သိန်းမောင်နားလည်အောင်. . အမေးအဖြေလေးတွေလုပ်လိုက်ကြ
ရအောင်. .။ ဦးဇင်ယော်က. . အမေးပြုလိုက်ပါဗျာ"

စုံထောက်ကြီးဦးဇင်ယော်သည် ကျွန်ုပ်အားပြုံး၍ကြည့်နေ
လိုက်ပြီးမှ. .

"ကဲ. . ဦးသိန်းမောင်ကမမြသွေးနေရာမှာနေပြီး ကျုပ်
မေးတာတွေကိုဖြေကြည့်လိုက်ပါဦး. . "

"မေးကြည့်လိုက်ပါ. . ဦးဇင်ယော်"

"လူသတ်မှုကြီးသုံးမှုကိုကျူးလွန်နိုင်ဖို့. . ငါးနှစ်လောက်
ခြေရာဖျောက်ပြီးကြံစည်ခဲ့တာမှာ ကြံစည်ထားတဲ့အတိုင်းလူသတ်
မှုတွေကိုအောင်အောင်မြင်မြင်ကျူးလွန်ပြီးချိန်မှာ အခြေအနေကို
သိအောင်ဘာဆက်လုပ်နေမလဲ. . "

"ကျူးလွန်ခဲ့တဲ့လူသတ်မှုတွေအတွက်. . ပုလိပ်တွေဘက်
က ဘာတွေများသဲလွန်စရသွားပြီလဲဆိုတာသိရအောင် သတင်းစာ
ှာစောင့်ဖတ်နေမှာပေါ့. . "

"အကယ်၍သတင်းစာထဲမှာ. . ထမံသီကျားမင်းအမှုကြီး
ကို အငြိမ်းစားသတင်းထောက်ကြီးတစ်ယောက်က သဲလွန်စရှာဖွေ
ခါ ထုတ်နိုင်ပြီး. . လူသတ်သမားအစစ်ဟာ ကြိုးပေးခံလိုက်ရတဲ့
မောင်သန်းဟန်ရဲ့သမီးမမြသွေးဖြစ်နေကြောင်းနဲ့ မမြသွေးဆိုတဲ့
လူသတ်သမားဟာ ရေနစ်သေသွားတဲ့မခင်အေးဆိုတဲ့မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုလူစားလဲပြီးခြေရာဖျောက်နေပေမယ့်. . အငြိမ်းစားသတင်းထောက်ကြီးဟာ သဲလွန်စတွေ့ထပ်မံရရှိထားပြီး မကြာမီအချိန်မှာ မမြသွေးကိုလက်ရဖမ်းမိနိုင်ဖို့ ပုလိပ်တွေကိုသတင်းကောင်းပေးနိုင်တော့မယ်ဆိုတဲ့အကြောင်း သတင်းပါလာရင်ဘာလုပ်မလဲ. . ”

ကျွန်ုပ်သည်. . အတန်ကြာမျှအချိန်ယူစဉ်းစားနေလိုက်မိပြီးမှ သဘောကျစွာပြုံးလိုက်ကာ. .

“ကိုယ့်ကိုယ်ကို. . ယုံကြည်မှုအပြည့်အဝရှိနေပြီး အင်မတန်ဖြစ်နိုင်ဖို့ခက်ခဲတဲ့အလုပ်တွေကို အောင်အောင်မြင်မြင်လုပ်ဆောင်နိုင်ခဲ့တဲ့လူသားတစ်ယောက်အနေနဲ့ သူကိုယ်တိုင်သေသေချာချာခြေရာဖျောက်ပစ်ခဲ့တဲ့နောက်ခံအဖြစ်အပျက်တွေကို တိတိကျကျနာမည်နဲ့တကွဖော်ပြခံလိုက်ရရင် ရုတ်တရက်တော့အံ့ဩသွားပြီး စိတ်တွေလှုပ်ရှားသွားမှာအမှန်ပဲဗျ. .။ အဲဒီလိုအချိန်မျိုးမှာ. . သူ့နောက်ကိုလိုက်ဖို့၊ သူ့ကိုဖမ်းဆီးဖို့သဲလွန်စရနေပြီဆိုတဲ့အချက်ကို ဖြစ်နိုင်၊ မဖြစ်နိုင်တွေးမနေတော့ဘဲ ယုံကြည်သွားမှာသေချာပါတယ်. . ”

“အဲဒီလိုယုံကြည်သွားရင်. . ဘာဆက်လုပ်နိုင်သလဲ”

ဤမေးခွန်းကိုဖြေရန်မှာ ကျွန်ုပ်အတွက်ခက်ခဲခြင်းမရှိလှတော့ပါ။

“လုပ်ကြံသတ်ဖြတ်ဖို့အင်မတန်ခက်ခဲလှတဲ့ အငြိမ်းစားအရာရှိကြီးသုံးယောက်ကိုတောင် တစ်ညတည်းမှာအပြတ်ရှင်းပင်



ခဲ့ပြီးမှတော့. . ဘာမဟုတ်တဲ့ အငြိမ်းစားသတင်းထောက်အိုကြီးတစ်ယောက်ကြောင့်. . ပြဿနာအရှုပ်ခံမနေနိုင်ပါဘူး။ အဲဒီသတင်းထောက်အိုကြီးကို ချက်ခြင်းသွားရှင်းလိုက်တော့မှာပေါ့. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်အားသဘောကျနှာပြုံး၍ကြည့်လိုက်ကာ. .

“ဟုတ်တယ်. . ဦးသိန်းမောင်ရေ။ ဒီကိစ္စမှာ. . ကျုပ်နဲ့ဦးဇင်ယော်တို့ရဲ့အယူအဆကလည်း ခင်ဗျားနဲ့တစ်ထပ်တည်းပါပဲ။ ဒါကြောင့်. . ခင်ဗျားတို့ကျားစာကျွေးပြီး ထမံသီကျားမင်းကိုအမိဖမ်းမလို့ ဆုံးဖြတ်လိုက်ကြတာပါ. . ”

စုံထောက်ကြီးဦးဇင်ယော်သည်လည်း ကျွန်ုပ်အားအလွန်အားနာသောအကြည့်ဖြင့်ကြည့်လိုက်ပြန်ကာ. .

“ဒီကိစ္စကအပြောလွယ်သလောက် လက်တွေ့မှာအသက်အန္တရာယ်နဲ့နီးလွန်းနေတာမို့ ခင်ဗျားကိုလည်းအတင်းမတိုက်တွန်းချင်ဘူးဗျ။ ဒါပေမယ့်. . အဲဒီလိုသတင်းမျိုးကိုထည့်ရင် မမြသွေးကိုဉာဏ်ရည်ထက်မြက်တဲ့လူသတ်သမားကယုံကြည်သွားနိုင်မယ့်အခွင့်အစမျိုးရှိတာကလည်း ခင်ဗျားတစ်ယောက်ကိုပဲမြင်မိတာမို့ ခင်ဗျားကိုအကူအညီတောင်းနေရတာပါ. . ”

ကျွန်ုပ်သည်ဦးဇင်ယော်ဘက်သို့လှည့်၍ ရယ်ကျဲကျဲမျက်နှာဖြင့်. .

“အယူတော်မင်္ဂလာကျမ်းနဲ့သာညှိနှိုင်းကြည့်လိုက်ရင် အ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းစားသုံးယောက်ကိုသတ်သွားတဲ့လူသတ်သမားအတွက် လေးဂဏန်းကအကျိုးပေးနေတယ်. . ဦးဇင်ယော်။ အကယ်၍ကျုပ်များ တစ်စုံတစ်ခုဖြစ်သွားရင်. . ကျုပ်ချစ်ဇနီးခင်ခင်ကြီးကို ကျုပ်ရမယ့် သူရဲကောင်းရွှေတံဆိပ်အတွက် ဘုရင်ခံရဲ့ဒါဘာပွဲမှာတက်ယူနိုင်အောင်ကူညီပေးလိုက်ကြပါဗျာ. . ဟဲ. . ဟဲ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းနှင့်စုံထောက်ကြီး ဦးဇင်ယော်တို့သည် ကျွန်ုပ်၏ပြက်လုံးကိုသဘောကျစွာဖြင့်ရယ်မောလိုက်ကြလေတော့သည်။

♥ ♥ ♥

ငါ့တပည့်ကြီးက…ဒီလိုတော့လည်းအားကိုးရသားကွ။ ဒါပေမယ့်…မင်းတာ မကြီးကကြီးလွန်းလှပါတယ် ဆိတ်ကျောင်းရယ်။ သတ္တဝါနဲ့လက်နက်နဲ့က မမျှပါဘူး။

အငြိမ်းစား ဘူရိယ သတင်းထောက်ဦး သိန်းဆောင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## သတင်းစာ၌ပါလာခြင်း

နောက်တစ်နေ့တွင် သူရိယသတင်းစာ၏နောက်ကြောဖုံး၌တူးလိုင်းခေါ် စာလုံးမည်းခေါင်းစည်းကြီးဖြင့် အောက်ပါသတင်းတစ်ပုဒ်ပါလာလေသည်။

**လူသတ်မှုသုံးမှုကျူးလွန်ခဲ့သည့်တရားခံအား ဖမ်းဆီးတော့မည်။**

ကျွန်ုပ်တို့၏သူရိယသတင်းစာတိုက်ကြီးမှ အငြိမ်းစားယူသွားပြီဖြစ်သည့် သတင်းထောက်ဟောင်းဦးသိန်းမောင်က အောက်ပါသတင်းထူးတစ်ပုဒ်ကိုပေးပို့လိုက်ပါသည်။



အငြိမ်းစားခရိုင်ရာဇဝတ်တရားသူကြီးဦးဘသိန်း၊ အငြိမ်းစားရာဇဝတ်အုပ်မစ္စတာဂျူဗီ၊ အငြိမ်းစားထောင်ပိုင်ကြီးဦးမိုဟာတို့ သုံးဦးအား တစ်ညတည်းတွင်ရက်စက်စွာသတ်ဖြတ်သည့်ထမ်းသီကျားမင်းအမည်ခံလူသတ်သမားမှာ လွန်ခဲ့သည့် နှစ်ဆယ့်နှစ်နှစ်ကကြိုးဒဏ်ချခံခဲ့ရသည့်မောင်သန်းဟန်ဆိုသူ၏သမီးကောလိပ်ကျောင်းသူမဖြစ်သွေးဖြစ်ပြီး သူမသည်မိုးရိပ်ကျောင်းအတွင်းရေနစ်သေဆုံးခဲ့သည့် ကောလိပ်ကျောင်းသူမခင်အေးနှင့်လူခြင်းလဲကာ ဇာတ်မြုပ်ရှောင်တိမ်းနေခဲ့သူဖြစ်သည်။

ယခုအခါ. . သူမ၏ပြောင်းလဲနေထိုင်နေသောဘဝကို သတင်းထောက်ဟောင်းဦးသိန်းမောင်ကခြေရာခံမိပြီဖြစ်၍. . မကြာမီသူမအားဖမ်းဆီးနိုင်တော့မည်ဖြစ်ကြောင်းနှင့် စီအိုင်ဒီအထောက်မင်းကြီးမစ္စတာစတီးဝပ်ကလည်း ကျွန်ုပ်တို့၏သတင်းထောက်ဟောင်းဦးသိန်းမောင်အား သတင်းများပေးပို့နိုင်ခြင်းအတွက် ကျောက်မြောင်းရှိဦးသိန်းမောင်၏နေအိမ်သို့ကိုယ်တိုင်ရောက်ရောက်ကာ. . ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်းသတင်းကောင်းကြားသိရပါသည်။

ကျွန်ုပ်ကိုယ်တိုင်ရေးသားပေးပို့ခဲ့သည့်သတင်းကို. . မြင်ရသည်တော်ရှုရင်း ကျွန်ုပ်၏စိတ်ထဲတွင်. . ထိုသတင်းအတွက်အလွန်ပင်ကျေနပ်သဘောကျနေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်ကျော်မောင်ဆိတ်ကျောင်းသည် သတင်းစာဖတ်ရင်းတစ်ယောက်တည်းပြုံးရယ်နေသောကျွန်ုပ်အား အံ့သြစွာငေးစိုက်ကြည့်နေရာမှ. .

"ဒီနေ့ကတော့. . အတော်ထူးခြားတဲ့နေ့ပဲဆရာရဲ့။ ဘာတွေများဆက်ဖြစ်လာဦးမလဲတော့ မသိနိုင်သေးဘူး. ."

ဖုန်းသည်ခင်ခင်ကြီးအား. . ဆွေမျိုးများရှိရာပဲခူးမြို့သို့ အကြောင်းပြုစေလွှတ်ထားခဲ့သောကျွန်ုပ်အဖို့ မောင်ဆိတ်ကျောင်းတစ်ယောက်ကိုသာလျှင်အဖော်ပြုနေရသည့်အချိန်ဖြစ်ရာ ကျွန်ုပ်သည်မောင်ဆိတ်ကျောင်းအမေးပြုလိုက်သောစကားအား နားရှင်းသဖြင့်ပြန်မေးလိုက်မိလေသည်။

"ဘာတွေများ ထူးခြားပြီး. . ဘာတွေ ဆက်ဖြစ်နိုင်လို့လဲ မောင်ဆိတ်ကျောင်းရဲ့"

"ဒီနေ့ကျမှ စုံထောက်မင်းကြီးကအိမ်ကိုလာသွားတယ် ပြီးတော့. . သတင်းစာထဲမှာ ဆရာ့အကြောင်းသတင်းထူးပါတယ် လို့လဲရပ်ကွက်ထဲမှာပြောနေကြတယ်ခင်ဗျ။ ဆရာက ဆုငွေတွေ အများကြီးရဦးမယ်လို့လဲပြောနေကြတယ်. ."

"အေးလေကွာ. .။ အဲဒါတွေက. . ကောင်းတာပေါ့ကွ ဘာများ ဆက်ဖြစ်နိုင်သေးလို့လဲ. ."

"ရပ်ကွက်ထဲကတစ်ချို့လူတွေပြောနေကြတာကတော့. . ဆရာဟာအသက်ကြီးမှအေးအေးဆေးဆေးမနေဘဲ အငြိမ်းစား



အရိုကြီးတွေကိုရှေးသတ်တတ်တဲ့လူသတ်သမားနဲ့ သွားပတ်သက်နေတယ်တဲ့။ သူငယ်ချင်းတွေက. . 'ဆိတ်ကျောင်းရေ ဓားဆောင်အားကွ' လို့တောင်ပြောနေကြတယ်ဆရာရဲ့. . ဟဲ. . ဟဲ. ."

အလွန်ရိုးသော. . အညာသားမောင်ဆိတ်ကျောင်းသည် စကားအဆုံးတွင် အားပါးတရရယ်မောနေလေတော့သည်။

ကျွန်ုပ်သည် စိတ်ပြေလက်ပျောက်သဘောဖြင့်မောင်ဆိတ်ကျောင်းအား. .

"မင်းကရော. . တကယ်ပဲဓားဆောင်ထားလို့လားမောင်ဆိတ်ကျောင်းရ. ."

မောင်ဆိတ်ကျောင်းသည် နောက်ဘက်သို့တစ်ပတ်လှည့်ကာအင်္ကျီကိုမတင်လိုက်ပြီး ခါးကြားတွင်ထိုးထားသည့်ထင်းခွဲဓားကြီးအားထုတ်ပြလိုက်လေသည်။

"ဆောင်ပြီလားဆရာရယ်. ။ အန္တရာယ်ဆိုတာက ပြောလို့ရတာမဟုတ်ဘူးလေ။ အရေးအကြောင်းရှိရင်. . ဆိတ်ကျောင်းကိုသာလှမ်းခေါ်လိုက်စမ်းပါ. ."

"ငါ့တပည့်ကြီးက. . ဒီလိုတော့လည်းအားကိုးရသားကွ။ ဒါပေမယ့်. . မင်းဓားမကြီးက ကြီးလွန်းလှပါတယ်ဆိတ်ကျောင်းရယ်။ သတ္တဝါနဲ့လက်နက်နဲ့က. . မမျှပါဘူး"

"ဆရာက. . သတင်းထောက်လုပ်နေပြီး သိပ်သနားတတ်တာကိုးဗျ. .။ အခု ဆရာသွားပတ်သက်လာတဲ့လူသတ်သမားက

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ရက်စက်တယ်ဝဲ့ဗျ. . ။ မိန်းကလေးဖြစ်လို့ သနားပြီး ညှာတာလိုက်တဲ့လူတွေကို အဲဒီမိန်းကလေးကရက်ရက်စက်စက် ပြန်သတ်သွားတာပဲတဲ့. . ။ ကျွန်တော်ကတော့ ညှာမှာမဟုတ်ဘူး ဆရာရေ့။ တွေ့တာနဲ့. . ပွဲချင်းပြီးလုပ်ပစ်လိုက်မှာပဲ. . ”

ကျွန်ုပ်သည်. . မောင်ဆိတ်ကျောင်း၏စကားကိုသဘော ကျသဖြင့် အားပါးတရပင်ရယ်မောလိုက်မိလေတော့သည်။

♥ ♥ ♥

BURMESE CLASSIC .com

မင်းသတ်ဖူးတဲ့ကျားဆိုတဲ့သတ္တဝါက…အသိဉာဏ်မရှိတဲ့ သတ္တဝါ။ ကျုပ်က…အသိဉာဏ်ရှိတဲ့လူသားကနေ ကျားသတ္တဝါရဲ့တိုက်ခိုက်ရေးအတတ်တွေနဲ့… တိုက်ခိုက်နေတာကွ…။

တွင်းပေါက်မျှော်စင်သိုင်းပညာရှင်ဦးရွှေမိုး

www.burmeseclassic.com

www.burmeseclassic.com



## ကျားစာလာစားသည့်ကျား

သူရိယသတင်းစာတွင်သတင်းပါလာပြီး နောက်တစ်နေ့
ညဉ့်အချိန်သို့ပင်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ကျွန်ုပ်မှာအိမ်အပြင်သို့မထွက်ရဘဲ နှစ်ရက်လုံးလုံးအိမ်
တွင်းအောင်းနေရသောကြောင့် အလွန်ပျင်းရိငြီးငွေ့လာကာအိမ်
ပြင်သို့လမ်းလျှောက်ထွက်ရန်စိတ်ကူးလိုက်မိသော်လည်း ကျွန်ုပ်
အားမှာကြားထားသည့်စကားများကိုပြန်လည်သတိရမိသဖြင့် စိတ်
ဆန္ဒများကိုချိုးနှိမ်၍နေလိုက်ရလေသည်။

အခြေအနေမှာ ကျွန်ုပ်တို့ထင်ထားသလိုဖြစ်မလာသဖြ



ကျွန်ုပ်၏တက်ကြွနေသောစိတ်များမှာ အချိန်ကြာလာသည်နှင့်အမျှကျဆင်း၍လာလေတော့သည်။

ကျွန်ုပ်သည် . . အခြေအနေများက တွက်ဆထားသလိုဖြစ်မလာသဖြင့် အိမ်ရှေ့တံခါးကိုတပည့်မောင်ဆိတ်ကျောင်းအားပိတ်ခိုင်းလိုက်ကာ အိပ်ရာထဲသို့ဝင်ခဲ့လေတော့သည်။

"မောင်ဆိတ်ကျောင်းရေ . .။ တံခါးကို သေချာပိတ်ပြီးရင် . . မင်းလည်းအိမ်နောက်ဖေးကမင်းအခန်းမှာ ဝင်အိပ်လိုက်တော့ဟေ့ . ."

ကျွန်ုပ်သည်မောင်ဆိတ်ကျောင်းအားအိပ်ခန်းထဲမှလှမ်းအော်ပြောလိုက်ပြီးလျှင် အိပ်ခန်းထဲသို့ဝင်၍အိပ်ရန်ပြင်ဆင်လိုက်လေတော့သည်။

သို့သော်လည်း ကျွန်ုပ်အနေဖြင့်အမှန်တကယ်အိပ်စက်ရမည့်အချိန်တွင်အိပ်ပျော်နိုင်ခြင်းမရှိပါပေ။ ကျွန်ုပ်၏စိတ်တို့သည် မနက်ဖြန်၌ကျင်းပမည့်စီအိုင်ဒီအစည်းအဝေး၌ လူသတ်တရားခံ ထမံသီကျားမင်းအားကတိအတိုင်းဖမ်းမပေးနိုင်သဖြင့် အရှက်တကွဲဖြစ်ကြရတော့မည့် ဆရာကြီးလှသူတော်သျှောင်တစောင်းနှင့် စုံထောက်ကြီးဦးဇင်ယော်တို့ကိုတွေးမြင်ယောင်မိကာ အလွန်ပင်စိတ်မကောင်းဖြစ်နေမိလေတော့သည်။

အချိန်သည်တရွေ့ရွေ့ကုန်ဆုံးလာလေရာ တစ်ပေါက်တည်းအိပ်မပျော်နိုင်ဘဲဖြစ်နေသောကျွန်ုပ်အဖို့မှာ အလွန်ပင်စိတ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲစရာကောင်းလှပေတော့သည်။

အိမ်နောက်ဖေးဘက်မှ မောင်ဆိတ်ကျောင်း၏ဟော သံမှလွဲ၍ ပတ်ဝန်းကျင်မှာလည်းတိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ ပေသည်။

"ချလွမ်. . "

ညဉ့်အမှောင်ထဲမှထွက်ပေါ်လာသောအသံကြောင့် စိတ် ထဲတွင်ထိတ်လန့်သွားမိလေသည်။

အသံမှာ. . မှန်ကွဲသံဖြစ်သော်လည်း သိပ်မကျယ်လှသော ကြောင့်အိမ်အောက်ထပ်မှကြောင်တစ်ကောင်ကဝင်ဆော့နေခြင်း ပေလားဟုပင် စိတ်ထဲ၌ထင်လိုက်မိလေသည်။

မှန်ကွဲသံစိုးတိုးလေး ထွက်ပေါ်လာပြီးသည့်နောက်ပိုင်း တွင် အသံများလုံးဝငြိမ်သက်သွားပြန်ရာ အိပ်ရာပေါ်မှနားစွင့်နေ သောကျွန်ုပ်၏လှုပ်ရှားနေသောစိတ်အစဉ်သည် ပြန်လည်ငြိမ်သက် သွားကာ အိပ်စက်ရန်ပြင်ဆင်လိုက်ပြန်လေသည်။

ထိုအချိန်တွင် အိမ်အောက်ထပ်လှေကားပေါ်မှဖြည်းဖြည်း ခြင်းတက်လာနေသော ခြေသံသဲ့သဲ့ကိုကြားလိုက်ရပြန်ရာ ကျွန်ုပ် သည်အိမ်ကဲသို့တစ်စုံတစ်ယောက်တော့ အမှန်တကယ်ရောက်ရှိ နေပြီဖြစ်ကြောင်းနားလည်လိုက်ကာ အိပ်ရာပေါ်မှလူးလဲထလိုက် ပြီးလျှင်. . စားပွဲဘေး၌အဆင်သင့်ထောင်ထားသောတုတ်များကို လှမ်းဆွဲယူလိုက်လေတော့သည်။



ကျွန်ုပ်သည် အရေးအကြောင်းကြုံလျှင်အထိတ်တလန့် ဖြစ်မိတတ်ကြသောလူတို့၏သဘာဝအတိုင်း မောင်ဆိတ်ကျောင်း အားသတိရလိုက်မိကာ အော်ဟစ်၍ခေါ်လိုက်မိသည်။

"ဆိတ်ကျောင်းရေ. . ။ ဟေ့ကောင် ဆိတ်ကျောင်း. . ။ လာစမ်းပါဦးကွ. . "

ကျွန်ုပ်၏အော်ခေါ်သံစူးစူးကြီးသည်. . အိမ်ကြီးထဲတွင် ဟိန်း၍ထွက်ပေါ်လာလေတော့သည်။ ကျွန်ုပ်၏စိတ်တို့သည်လည်း ကြောက်လန့်လွန်းသောကြောင့် ဇောချွေးများပင်ပြန်လာပြီဖြစ် သည်။ ကျွန်ုပ်အားကျားစာကျွေးပြီးသူရဲကောင်းလုပ်ခိုင်းကာ လူ သတ်သမားရောက်လာလျှင် အဆင်သင့်ထောင်ဖမ်းလိုက်ကြမည် ဆိုသောမိတ်ဆွေကြီးနှစ်ယောက်ကိုလည်း အရိပ်အယောင်မျှပင် မမြင်ရသေးသောကြောင့်. . စိတ်ထဲတွင်အလွန်အားငယ်နေမိလေ သည်။

ကျွန်ုပ်ကအသံကုန်အော်ဟစ်ခေါ်နေသော်လည်း ဆိတ် ကျောင်း၏အသံကိုလုံးဝမကြားရဘဲ. . လှေကားပေါ်မှအသံညြည ကြီးကိုသာလျှင်ကြားလိုက်ရလေသည်။

"မိတ်ဆွေကြီးက သူ့ရိယသတင်းထောက်ဦးသိန်းမောင် ဆိုတာထင်ပါရဲ့. . "

ကျွန်ုပ်၏စိတ်ထဲတွင် မမြဲသွေးရောက်လာပြီဟုထင်ထား ခဲ့ရာ ယခုကဲ့သို့ယောကျ်ားအသံညြညကြီးကိုကြားလိုက်ရသောအ

www.burmeseclassic.com

www.burmeseclassic.com



ခါ အလွန်အံ့ဩသွားမိပြီးလျှင် တုတ်မားထဲမှမားကိုဆွဲထုတ်မည်
လက်သည်ပင် တုန့်ကနဲရပ်သွားမိလေတော့သည်။

ထိုအချိန်တွင် အမှောင်ထဲမှအသံကထပ်မံထွက်ပေါ်လာ
ပြန်လေသည်။

"မိတ်ဆွေကြီးကို. . ကျုပ်မေးနေပါတယ်။ ဦးသိန်းမောင်
ဆိုတာ မိတ်ဆွေကြီးလား"

ထိုလူကြီး၏အသံတွင် ငေါက်ဆတ်ဆတ်လေသံပါလာသ
ဖြင့် ကျွန်ုပ်ကလည်းလေသံမာမာဖြင့်ပင်အမှောင်ထဲသို့ကြည့်က
ပြန်ဖြေလိုက်လေသည်။

"ဟုတ်တယ်. .။ ကျုပ်က. . ဦးသိန်းမောင်ပဲ။ ညဥ့်သန်
ခေါင်မှာကျုပ်အိမ်ပေါ် ကိုပိုင်စိုးပိုင်နင်းတက်လာတဲ့. . ခင်ဗျားက
ဘယ်သူလဲဆိုတာ ကျုပ်ကိုပြန်ဖြေစမ်းပါ. . "

"ကျုပ်ဒီကိုလာတာ. . မေးခွန်းတွေဖြေဖို့မဟုတ်ဘူး။ လူ
သတ်ဖို့လာတာ. . "

ထိုအချိန်တွင် အိမ်အပေါ် ထပ်မှမီးလုံးများကလင်းလာ
ပြီးလျှင်. . လွန်စွာမှ အသံသြဇာဖြင့်ပြည့်ဝသောအသံတစ်သံက
ကြားလိုက်ကြရလေသည်။

"ခင်ဗျားကမဖြေချင်ရင်လည်း. . ခင်ဗျားကိုယ်စားကျု
ကပဲဖြေပေးလိုက်ပါ့မယ်။ ခင်ဗျားဟာ တွင်းပေါက်မျှော်စင်သို
ကိုအနှစ်နှစ်ဆယ်ကျော်ကျင့်ကြံအောင်မြင်ထားတဲ့ ဦးရွှေမိုးဆို



ပုဂ္ဂိုလ်ကြီးပါပဲ. . "

ထိုကဲ့သို့ပြောဆိုရင်း. . ကျွန်ုပ်၏အိပ်ခန်းထဲမှ ကျွန်းဘီရို
ကြီး၏တံခါးကိုဖွင့်၍တွန်းထွက်လာသူမှာ ကျွန်ုပ်မျှော်လင့်စောင့်
စားနေခဲ့ရသောဆရာကြီးလူသူတော်သျှောင်တစောင်းပင်ဖြစ်ပေ
တော့သည်။

ထိုကျွန်းဘီရိုကြီးမှာ. . ရှေးဟောင်းကျွန်းကနုတ်ဘီရိုကြီး
ဖြစ်ပြီး ကျွန်ုပ်သည်လေလံပွဲတစ်ခုမှဝယ်ယူထားတာ. . အတွင်း၌
မည်သည့်ပစ္စည်းကိုမျှမထည့်ဘဲ အိပ်ခန်းထဲ၌အမှတ်တရသိမ်းထား
ခြင်းဖြစ်ရာ. . ဆရာကြီးလူသူတော်သျှောင်တစောင်းတမည်သည့်
အချိန်တွင် ဝင်ရောက်ပုန်းအောင်းနေခဲ့သည်ဆိုခြင်းကို ကျွန်ုပ်အ
နေနှင့်လုံးဝမသိခဲ့ရိုးအမှန်ပင်ဖြစ်ပါသည်။

တွင်းပေါက်မျှော်စင်သိုင်းပညာရှင်ဦးရွှေမိုးဆိုသောပုဂ္ဂိုလ်
ကြီးမှာ အသက်အရွယ်ကိုခန့်မှန်းရန်ခက်ခဲသောပုဂ္ဂိုလ်မျိုးဖြစ်ပြီး
ဥပမိရုပ်အလွန်ကောင်းကာ အရပ်အမောင်းမှာလည်းပိန်ပိန်သွယ်
သွယ်အရပ်အမောင်းမျိုးရှိပေသည်။

ဦးရွှေမိုးသည် အညိုရင့်ရောင်အင်္ကျီနှင့်အနက်ရောင်ရှမ်း
ဘောင်းဘီတို့ကိုဝတ်ဆင်ထားပြီး. . စူးရှ၍ သြဇာထက်မြက်ဟန်
ရှိသောမျက်လုံးများဖြင့်. . ဆရာကြီးလူသူတော်သျှောင်တစောင်း
အားသေချာစွာစူးစိုက်ကြည့်လိုက်ကာ. .

"ကျုပ်ကို. . တွင်းပေါက်မျှော်စင်သိုင်းပညာရှင်ဦးရွှေမိုး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာသိနေပြီလျှက်နဲ့ မထိလေးစားဆက်ဆံနေတဲ့မောင်ရင်လေ
ဟာ ဘယ်သူလဲ. . ”

“ကျုပ်နာမည်. . လူသူတော်သျှောင်တစောင်း။ ရိုးမပြ
ရှင်ရသေ့ကြီးရဲ့ပညာတွေကို အကုန်လုံးကျေကျေညက်ညက်၊ ထ
ထက်ပွန်ပွန်သင်ယူတတ်မြောက်ထားတဲ့ ရိုးမပြန်ရှင်ရသေ့ကြီးရဲ့
တစ်ဦးတည်းသောတပည့်ပါပဲ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်. . လက်ပိုက်
ရပ်နေရာမှ ခါးထောက်လိုက်ပြီးလျှင်. .

“ဦးရွှေမိုးအနေနဲ့. . မြေကြီးထဲမှာ ကိုးတောင်အနက်ထိ
တွင်းတူးပြီး. . အဲဒီတွင်းထဲမှာတွင်းအောင်းပြီး အကွာရာတွေရေးခြ
လေ့ကျင့်ရတဲ့ တွင်းပေါက်မျှော်စင်သိုင်းပညာကိုလေ့ကျင့်အောင်
မြင်ထားနိုင်တာကိုချီးကျူးရမှာဖြစ်ပေမယ့်. . ဒီပညာနဲ့လူသတ်မှု
တွေကျူးလွန်နိုင်အောင် သားနဲ့မြေးကိုသင်ပေးခဲ့တာကြောင့်ရော
အခု ကိုယ်တိုင်လူသတ်မှုကျူးလွန်ဖို့ကြံစည်လာတာကြောင့် ကျုပ်
အနေနဲ့ဦးရွှေမိုးကိုလေးစားနေစရာအကြောင်းမရှိပါဘူး. . ”

ဦးရွှေမိုးဆိုသောပုဂ္ဂိုလ်ကြီးသည် လူသူတော်သျှောင်တ
စောင်းအားတအံ့တသြပင်ကြည့်လိုက်ကာ. .

“အင်း. . ။ မောင်ရင်လေးက ဗဟုသုတအတော်ကြွယ်
တဲ့သူငယ်ပါပဲလေ။ အဲဒီလောက်သိနေမှတော့ မောင်ရင်လေးကို
ကျုပ်ကအကွာရာနှိုက်ရတော့မှာပေါ့။ ဦးသိန်းမောင်ကိုတော့ နောက်



ဦးမှအကွာရာဆက်နှိုက်ရမှာပဲ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်ကျွန်ုပ်ဘက်
သို့လှည့်မကြည့်ဘဲ ဦးရွှေမိုး၏လှုပ်ရှားမှုများကိုမျက်ခြည်မပြတ်
စောင့်ကြည့်နေရင်းမှ. .

“သတိထား. . ဦးသိန်းမောင်။ ဦးရွှေမိုးဆိုတာ မောင်သန်း
ဟန်ရဲ့အဖေ၊ မမြသွေးရဲ့အဖိုးပဲ။ မောင်သန်းဟန်နဲ့မမြသွေးတို့
ဟာ. . ဦးရွှေမိုးဆီကပညာတွေရထားကြတာ။ ဒီလောက်ဆိုရင်. .
ရွှေမိုးရဲ့ပညာကို ခင်ဗျားသဘောပေါက်လောက်ရောပေါ့. . ”

“သူပြောတဲ့ အကွာရာနှိုက်တယ်ဆိုတာက. . သူ့သိုင်းကွက်
တွေနဲ့တိုက်ခိုက်တော့မှာကိုပြောနေတာပဲ. . ”

ဦးရွှေမိုးသည် လူသူတော်သျှောင်တစောင်း၏ပြောဆိုနေ
ကိုသဘောကျစွာနားထောင်နေပြီး. .

“မောင်ရင်လေးကို. . ကျုပ်သဘောကျပါတယ်။ သတ်ပစ်
မှာကိုနှမြောလှပေမယ့် အခြေအနေအရသတ်မှဖြစ်တော့မှာပါ
လေ။ ကဲ. . ”

ဦးရွှေမိုး၏စကားအဆုံးတွင် လူသူတော်သျှောင်တစောင်း
သည်. . မုဆိုးဒူးထောက်အနေအထားဖြင့် နေရာယူလိုက်ကာ
တွင်စည်းနှောင်ထားသော နှစ်ဘက်ဓားသွားတပ်ထားသည့်ပိုး
ကိုဖြည်၍ လက်ထဲ၌အသာဝှေ့ယမ်းလိုက်လေသည်။

“ဝှိုး. . ဝှိုး. . ဝှိုး. . ”

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်သျှောင်တစောင်း၏ လက်ထဲမှထွက်ပေါ်လာ သောအသံများကြောင့် ဦးရွှေမိုးသည်သဘောကျစွာပြုံးလိုက်ပြ လျှင်. .

"အင်း. . ။ ရိုးမပြန်ရှင့်ရသေ့ရဲ့တပည့်ကြီး လူသူတော် သျှောင်တစောင်းအကြောင်းကိုတော့. . ကြားဖူးနေတာကြာပါပြ ပညာကိုတော့. . အခုမှပဲ မြည်းစမ်းကြည့်ရမှာပလေ။ အသက်ကြေ ပညာစမ်းမယ်ဟေ့. . "

ပြောပြောဆိုဆိုပင်. . ဦးရွှေမိုးသည် လေ၏လျှင်မြန်ခြင် မျိုးဖြင့်ရှေ့သို့ပြေးဝင်လာကာ ဘယ်ညာလက်နှစ်ဖက်ဖြင့်ဝှေ့ယမ် တိုက်ခိုက်လိုက်လေသည်။

ဦးရွှေမိုး၏တိုက်ခိုက်ပုံမှာ. . ရုတ်တရက်ကြည့်လိုက်လျှ ဗရမ်းဗတာနိုင်လှသော်လည်း သူ၏လက်ဝှေ့ယမ်းပုံမှာလေကဲ့သို့ လျှင်မြန်လွန်းလှကာ တစ်ဘက်လူအတွက်ပြန်လည်တိုက်ခိုက်ရေ မဆိုထားနှင့် ရှောင်တိမ်းရန်ပင်အလွန်ခက်ခဲနေသောအခြေအနေ မျိုးဖြစ်သောကြောင့် လူသူတော်သျှောင်တစောင်းသည်လက်ထဲ မားသွားတပ်ပိုးကြိုးကိုဆက်ကနဲပစ်လွှတ်လိုက်ကာ နောက်သို့ကျွမ် ပစ်၍ရှောင်ထွက်လိုက်ရလေသည်။

မဆိုင်းအုံထောက်အနေအထားမှ ရုတ်တရက်နောက်ကျွမ် ပစ်၍ရှောင်တိမ်းလိုက်နိုင်သောလူသူတော်သျှောင်တစောင်း၏စွမ် ရည်တမသေးလှသလို လျှင်မြန်စွာပစ်လွှတ်လိုက်သောပိုးကြိုး၏



ဝှေ့ယမ်းနေသောဘယ်ဖက်လက်ဖြင့် ရုတ်တရက်ဖမ်းယူပိုက်ကာ ညာဖက်လက်ဖျံဖြင့်. . ပိုးကြိုးအားခုတ်ဖြတ်လိုက်သောဦးရွှေမိုး၏ သန်စွမ်းမှုမှာလည်း အံ့သြစရာကောင်းလွန်းလှပေတော့သည်။

မိမိပစ်လွှတ်တိုက်ခိုက်လိုက်သောပိုးကြိုးကို လက်ဖျံအား ဖြင့်ခုတ်ဖြတ်ပစ်လိုက်သော ဦးရွှေမိုး၏တိုက်ကွက်ကိုမြင်လိုက်ရ သည်နှင့် မားသွားကဲ့သို့မာကျောကျစ်လစ်လှသည့်ဦးရွှေမိုး၏လက် ဖျံများကိုအထူးဂရုပြုရမည်ဖြစ်ကြောင်း လူသူတော်သျှောင်တ စောင်းအနေဖြင့်ကောင်းစွာသဘောပေါက်သွားလေတော့သည်။

"ရော်. . မောင်ရင်က တောတွင်းကြောင်ခုန်အတတ်ကို တောင်တတ်ကျွမ်းနေပြီပဲ။ ဒီလိုပြိုင်ဘက်မျိုးနဲ့မတွေ့ရတာပဲ အနှစ် နှစ်ဆယ်ကျော်ခဲ့ပြီလေ။ ကောင်းသဟေ့. . ဒီတစ်ခါတော့ အသက် ကိုရအောင်နှုတ်ရမှာပဲ. . "

"နှုတ်ယူနိုင်က. . နှုတ်ယူပါလေ။ ဦးရွှေမိုးရဲ့သားနဲ့မြေး လေးတို့ဟာ. . တွင်းပေါက်မျှော်စင်သိုင်းကို ပြီးမြောက်အောင် ကျင့်ကြံနိုင်ခဲ့လို့ သံမဏိလက်ချောင်းတွေစွပ်ပြီးတိုက်ခိုက်ကြရ သမျှ ဦးရွှေမိုးကတော့လက်ချောင်းတွေကသံမဏိလိုမာကျောနေ အောင်ကျင့်ကြံပေါက်မြောက်ထားတယ်ဆိုတာ ကျုပ်သိနေပါတယ်။ တွင်းပေါက်မျှော်စင်သိုင်းဟာ လက်ချောင်းတွေနဲ့ထိအောင်တိုက် ခိုက်နိုင်မှအရာထင်နိုင်မယ်ဆိုတာ ဦးရွှေမိုးသိလောက်ပါရဲ့နော်. . ဟဲ. . ဟဲ. . "

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်သျှောင်တစောင်း၏ မလေးမခန့်စကားကြောင့် ဦးရွှေမိုးသည်ဒေါသအကြီးအကျယ်ထွက်လာကာ. .

"သယ်. . ဘာမဟုတ်တဲ့တောတွင်းအတတ်နဲ့ ကျုပ်ပညာကိုမလေးမခန့်ပြုနေတယ်လား. .။ ဒီတစ်ခါလွတ်အောင် ရှောင်ကြည့်လိုက်စမ်းပါဦး. ."

ဦးရွှေမိုးသည် လူသူတော်သျှောင်တစောင်းထံသို့ တရှိန်ထိုးပြေးဝင်လာပြီးလျှင်. . လမ်းထက်ဝက်အရောက်၌ခန္ဓာကိုယ်ကို တစ်စောင်းလှဲချလိုက်ကာ လူသူတော်သျှောင်တစောင်း၏ခါးလယ်နေရာသို့ဖြတ်ဝင်လာပြီး. . ဘယ်ညာလက်အစုံဖြင့်ဆက်တိုက်ပင် တိုက်ခိုက်လိုက်ပြန်သည်။

လူသူတော်သျှောင်တစောင်းသည် လက်ထဲမှပိုးကြိုးအပြတ်၏ထိပ်ရှိဓားကိုပစ်လွှတ်လိုက်ကာ အိမ်ခေါင်မိုးထုပ်တန်းဆီ အရောက်ခုန်တက်သွားလိုက်ပြီး ထုပ်တန်းကိုဘယ်လက်ဖြင့်တွဲခို လိုက်ကာ ညာလက်ဖြင့်ဒေါင်းမြီးတပ်မြားငါးခင်းကိုခွဲဖြာပစ်လွှတ် လိုက်လေသည်။

"ဝှီး. . ဝှီး. . ဝှီး. . ဝှီး. . ဝှီး. ."

လူသူတော်သျှောင်တစောင်း၏ ဒေါင်းမြီးတပ်မြားပစ် လွှတ်တိုက်ခိုက်ပုံမှာ သေသပ်လှပလွန်းသဖြင့်ဒေါင်းမြီးတပ်မြားငါး စင်းသည်. . နေရာငါးနေရာသို့ အရှိန်ပြင်းစွာပြေးဝင်သွားသော် လည်း ဦးရွှေမိုး၏ထူးဆန်းစွာလှုပ်ရှားလိုက်သောလက်ချောင်းများ



ကြောင့် ဒေါင်းမြီးတပ်မြားငါးစင်းသည်အဝေးသို့လွင့်ထွက်သွား ရလေသည်။

"ဟာ. ."

ကျွန်ုပ်ကိုယ်တိုင်မှာ ဆရာကြီးလူသူတော်သျှောင်တစောင်း ၏ဒေါင်းမြီးတပ်မြားပစ်သည့်အတတ်ကို အလွန်အထင်ကြီးထားသူ ဖြစ်ပေရာ တပြိုင်နက်ပစ်လွှတ်တိုက်ခိုက်လိုက်သောဒေါင်းမြီးတပ် မြားငါးစင်းကို. . ဦးရွှေမိုးကအလွယ်တကူပုတ်ထုတ်လိုက်သည်ကို မြင်လိုက်ရသည်နှင့် ဦးရွှေမိုးဆိုသောတွင်းပေါက်မျှော်စင်သိုင်း ပညာရှင်ကြီးကိုအနိုင်ယူတိုက်ခိုက်ရန်အရေးမှာ အလွန်မလွယ်ကူ ကြောင်းကိုသိလိုက်ရပေတော့သည်။

ထိုအချိန်တွင် ဆရာကြီးလူသူတော်သျှောင်တစောင်းမှာ မြေပြင်ပေါ်သို့ပြန်ရောက်နေပြီဖြစ်ကာ ဦးရွှေမိုးအားခါးထောက် ကြည့်နေလိုက်ပြီးမှ ခါးနောက်ကြောတွင်ထိုးထားသောသုံးပေခန့် ရှည်ရှိသည့်အနက်ရောင်ဝါးချောင်းအားထုတ်ယူ၍. . လက်ထဲ မှ ဆ,ကိုင်လိုက်ကာ ဝှေ့ယမ်းပြလိုက်လေသည်. .။

"ဝှစ်. . ဝှစ်. . ဝှီး. ."

"တောတွင်းမကျေ. . သိုင်းမပြေတဲ့ ဦးရွှေမိုးရဲ့။ တော တွင်းအတတ်တွေဟာ သိုင်းပညာရဲ့အခြေခံတွေပါပဲ။ ကျုပ်လက်ထဲ ကကိုင်ထားတဲ့လက်နက်ကို သေချာကြည့်လိုက်စမ်းပါဦး။ တော တွင်းအတတ်နဲ့တိုက်ခိုက်တဲ့နေရာမှာ. . အထိရောက်နိုင်ဆုံးတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်နိုင်တဲ့ဝါးနက်ပြန်ဆိုတာ. . ဒီဝါးပဲဗျ။ ကျုပ်ဆရာရှိုးမပြန်မှ ရသေ့ကိုယ်တိုင် အလောင်းတော်ကဿပဘုရားအနီးကတော မှာ ရွေးချယ်ပေးလိုက်တဲ့လက်နက်ပဲ။ ကျားအစစ်တွေကိုတော ဟောဒီဝါးနက်ပြန်နဲ့ ကျုပ်ကိုယ်တိုင်သတ်ခဲ့ဖူးတယ်. . "

ဦးရွှေမိုးသည်. . ဝါးနက်ပြန်အားစူးစိုက်ကြည့်လိုက်က မျက်နှာအနည်းငယ်ပျက်၍ သွားပြီးနောက်. .

"မင်းသတ်ဖူးတဲ့ကျားဆိုတဲ့သတ္တဝါက အသိဉာဏ်မရှိ သတ္တဝါ။ ကျုပ်က. . အသိဉာဏ်ရှိတဲ့လူသားကနေ ကျားသတ္တဝါ တိုက်ခိုက်ရေးအတတ်တွေနဲ့တိုက်ခိုက်နေတာကွ. . ။ မင်းရဲ့ဝါး ပြန်လက်နက်ကို စမ်းကြည့်လိုက်ပါဦး. . "

လူသူတော်သျှောင်တစောင်းကထုတ်ပြလိုက်သော ဝါးန ပြန်မှာဝါးအမျိုးအစားများစွာထဲတွင် အမာကျောဆုံးဝါးတစ် ဖြစ်ကာ ကြိမ်လုံးကဲ့သို့နွဲ့၍မာကျောသဖြင့်ချိုးပစ်၍မရနိုင်သော လက်နက်တစ်မျိုးပင်ဖြစ်သည်။

ဦးရွှေမိုးကဲ့သို့ ပူးကပ်၍တိုက်ခိုက်ရန်ခက်ခဲလွန်းသော တွင်းပေါက်မျှော်စင်သိုင်းပညာရှင်အားတိုက်ခိုက်ရာတွင် ဝါးန ပြန်လက်နက်မှာ. . အလွန်အသုံးတဲ့၍ကောင်းမွန်သောလက်န ဖြစ်နေပေရာ. . ဦးရွှေမိုးသည် ဝါးနက်ပြန်လက်နက်ကြောင့်စိ အနှောင့်အယှက်ဖြစ်ခဲ့သွားရလေသည်။

"လာပြီ. . ကြည့်ရှောင်. . "



"ဟိတ်. . "

ယခုတစ်ကြိမ်ပြေးဝင်တိုက်ခိုက်လိုက်သောဦးရွှေမိုးအား လူသူတော်သျှောင်တစောင်းက လုံးဝရှောင်တိမ်းခြင်းမပြုတော့ဘဲ မြေပေါ်တွင်ခြေအစုံကိုမြဲမြံစွာရပ်၍ ဦးရွှေမိုး၏အလွန်ကြောက်စရာကောင်းလှသောလက်နှစ်ချောင်းကို ဝါးနက်ပြန်လက်နက်ဖြင့် ခုခံတိုက်ခိုက်လိုက်ရာ ဦးရွှေမိုးသည်နောက်သို့ခြေတစ်လှမ်းပြန်ဆုတ်သွားရလေသည်။

ထိုအချိန်တွင်လူသူတော်သျှောင်တစောင်းသည် ဦးရွှေမိုးအနေဖြင့်လုံးဝမျှော်လင့်မထားသော တိုက်ကွက်တစ်ခုကိုပြုလုပ်လိုက်လေတော့သည်။

"ဟိတ်. . သေစမ်း. . "

"ဝှစ်. . "

လူသူတော်သျှောင်တစောင်းသည် လက်ထဲမှဝါးနက်ပြန်တုတ်ဖြင့်. . ဦးရွှေမိုး၏မျက်နှာတည့်တည့်သို့လွှဲပစ်ထည့်လိုက်ရာ ဦးရွှေမိုးအနေဖြင့်. . သူကိုယ်တိုင်လုယူရန်ကြံစည်ထားသောလက်နက်ကအလိုလိုရောက်လာသဖြင့် ဝါးနက်ပြန်တုတ်အားရှောင်တိမ်းခြင်းလေထဲတွင်ခုန်ပျံ၍ဖမ်းယူလိုက်လေတော့သည်။

ဝါးနက်ပြန်တုတ်အပေါ် အာရုံရောက်နေသော ဦးရွှေမိုးအနေဖြင့်. . ရုတ်တရက်ကိုယ်ကိုရှေ့သို့တစ်ပတ်လှိမ့်၍ မူဆိုးဒူးထောက်ထိုင်လိုက်သောလူသူတော်သျှောင်တစောင်းကိုသတိမထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်ဘဲဖြစ်သွားက၁ ျကိုယ်တိုင်သတိထားမိလိုက်ချိန်တွင် လူသူတော်သျှောင်တစောင်း၏ခါးကြား၌အမြဲတမ်းလျှို့ဝှက်သိမ်းဆည်းထားသည့်. . ဆင်စွယ်အရိုးတပ်သက္ကောသမဓားမြှောင်က သူ၏ခါးတည့်တည့်ဆီသို့တိုးဝင်လာခဲ့ပြီဖြစ်ပေသည်။

(သက္ကောသမဓားမြှောင်မှာ သူရဲကောင်းနာဂသမန်းအား သက္ကောသမရှာစားကိုယ်တိုင်ပြုလုပ်ဆက်သခဲ့သည့် ဓားကောင်းဓားမြတ်တစ်သက်ဟု အဆိုရှိပေသည်. .)

ဦးရွှေမိုးသည်. . ရှတ်တရက် အငိုက်မိသွားခြင်းကြောင့် သက္ကောသမဓားမြှောင်ဖြင့်အထိုးခံလိုက်ရပြီကို သိလိုက်ချိန်တွင် အံလွတ်ရှောင်ထွက်ရန်မစွမ်းနိုင်တော့ဘဲ လေထဲတွင်ပင်ကိုယ်ကိုတစ်ပတ်လှည့်လိုက်ရာ. . သက္ကောသမဓားမြှောင်သည် ဦးရွှေမိုး၏ပေါင်တည့်တည့်သို့နက်ရှိုင်းစွာစူးနစ်ဝင်ရောက်သွားလေတော့၏

"အ. . အစ်. ."

ဦးရွှေမိုး၏ပေါင်သို့ သက္ကောသမဓားမြှောင်စူးဝင်သွားသည်ကိုသိလိုက်သည်နှင့် လူသူတော်သျှောင်တစောင်းသည်ရှေ့သို့တိုးကပ်ပြေးဝင်သွားပြီး သက္ကောသမဓားမြှောင်ဖြင့်နံစောင်းနေရာသို့ထပ်မံထိုးစိုက်လိုက်ကာ ညာခြေဖြင့်ခါးဆစ်ရိုးများကိုရှေ့ပိတ်နောက်ပိတ်ရိုက်ချိုးလိုက်လေသည်။

"အင်း. ."

ယခုတစ်ကြိမ်တွင်. . ညည်းတွားသံထွက်လာသူမှာကား



လူသူတော်သျှောင်တစောင်းပင်ဖြစ်ပေသည်။

ဦးရွှေမိုးသည် ဝါရင့်သိုင်းပညာရှင်ကြီးတစ်ဦးပီသစွာပင် လူသူတော်သျှောင်တစောင်းတ. . ထပ်မံတိုက်ခိုက်လာသည့်တိုက်ကွက်များကိုအလွတ်ရှောင်တိမ်းလိုက်ပြီး လူသူတော်သျှောင်တစောင်း၏ကျုံဝင်လာသည့်ညာခြေအား. . ဘယ်လက်ဖြင့်ကုတ်ဆွဲလိုက်ရာ လူသူတော်သျှောင်တစောင်းကပြန်လည်ရှောင်တိမ်းလိုက်သော်လည်းမလွတ်နိုင်တော့ဘဲ. . ညာခြေကို ရှပ်၍ကုတ်ဆွဲမိသွားတော့ သွေးများဖြာကနဲထွက်လာလေတော့သည်။

ပညာရှင်ကြီးနှစ်ဦး၏တိုက်ပွဲမှာ. . ရှတ်တရက်ရပ်ဆိုင်းသွားပြီးလျှင် တစ်ဦးကိုတစ်ဦးကအကဲခတ်စောင့်ကြည့်နေကြလေ၏။

လူသူတော်သျှောင်တစောင်း၏ဒဏ်ရာမှာ ခြေသလုံးကိုရှပ်ထိသွားခြင်းသာဖြစ်ပြီး. . ဦးရွှေမိုး၏ဒဏ်ရာမှာမူ ဘယ်ဘက်ပေါင်တွင်ဓားသွားအဆုံးစိုက်ဝင်သွားခြင်းဖြစ်သောကြောင့် ဦးရွှေမိုး၏ရှမ်းဘောင်းဘီဘယ်ဘက်ပိုင်းတွင်သွေးများဖြင့်ရွဲနစ်နေကာ သွေးများကကြမ်းပြင်ပေါ်တွင်အိုင်ထွန်းနေပြီး ဦးရွှေမိုးမှာလည်း မိမိကိုယ်ကိုအနိုင်နိုင်ထိန်း၍ ရပ်နေရပေတော့သည်။

"အင်း. .။ ရိုးမပြန့်ရှင်ရသေ့ရဲ့တပည့်ကြီး လူသူတော်သျှောင်တစောင်းဆိုတာ. . နာမည်ကျော်သလို တော်လည်းတော်သပေတာယ်။ မောင်ရင်လေးပညာကို. . ကျုပ်ချီးကျူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ချိုးမွမ်းနေရုံနဲ့တော့ . . ဇာတ်လမ်းကပြီးမသွားနိုင်ပါဘူး
ဦးရွှေမိုး။ ကျုပ်တို့ဆီမှာ . . အေးအေးဆေးဆေးအဖမ်းခံဖို့လိုပ
တယ် . ."

လူသူတော်သျှောင်တစောင်း၏စကားကြောင့် ဦးရွှေမိုးက
ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

"ဟား . . ဟား . . ဒီလောက်ကလေးထိခိုက်အောင်တိုက်
ခိုက်နိုင်ရုံနဲ့ . . ရွှေမိုးကိုအဖမ်းခံဖို့ပြောနေတာဟာ မောင်ရင်လေး
ကကျုပ်ကိုစော်ကားနေတာပဲလေ။ မောင်ရင်လေးအနေနဲ့ ကျုပ်
လိုလူကို အသက်ရှင်လျက်နဲ့တော့ . . ဘယ်တော့မှရနိုင်လိမ့်မယ်
လို့မထင်လေနဲ့ . ."

"အခုတိုက်ပွဲမှာ . . မောင်ရင်လေးက ဉာဏ်ကူပြီးအောင်
လံထူသွားနိုင်ပေမယ့် နောက်တစ်ကြိမ်ပြန်ဆုံကြရင်မောင်ရင်လေး
ရဲ့အသက်ကိုနှုတ်ယူမယ်လို့ ကျုပ်ကတိပေးလိုက်ပါရဲ့ . ."

ဦးရွှေမိုးသည် လှောင်ပြုံးတစ်ချက်ပြုံးလိုက်ပြန်ပြီးလွှ
လက်ထဲမှဝါးနက်ပြန်တုတ်ဖြင့် ရုတ်တရက်လွှဲပစ်ထည့်လိုက်လေ
တော့သည်။

ယခုတစ်ကြိမ်တွင် ဦးရွှေမိုးက . . ဝါးနက်ပြန်တုတ်ဖြင့်ပ
လိုက်သူမှာ လူသူတော်သျှောင်တစောင်းအားပစ်လိုက်ခြင်းမဟုတ်
ဘဲ ဘေးမှငေးကြောင်၍တိုက်ပွဲကိုစိတ်အေးလက်အေးငေးကြည့်
နေသောကျွန်ုပ်အားပစ်လိုက်ခြင်းဖြစ်ရာ ကျွန်ုပ်သည်အရှိန်ဖြင့်



ရောက်ရှိလာသောဝါးနက်ပြန်တုတ်အားငေးကြည့်နေမိပြီး ဘာ
ယ်ရမှန်းမသိတော့ဘဲဖြစ်နေလေသည်။

"ဝှီး . . ဝှစ် . ."

"ဦးသိန်းမောင် . . သတိထား . ."

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ အော်ဟစ်၍
သတိပေးလိုက်သောစကားသံကြောင့် . . ကျွန်ုပ်သည်သတိဝင်လာ
ဘာ ဝဲပျံလာသောဝါးနက်ပြန်တုတ်အား ရှောင်တိမ်းရန်ကြိုးစား
လိုက်သော်လည်း ခန္ဓာကိုယ်မှာရုတ်တရက်လှုပ်ရှား၍မရနိုင်သေး
ဘဲဖြစ်နေလေသည်။

"ဟိတ် . . ကျား . ."

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ မာန်သွင်းအော်
ဟစ်လိုက်သံကိုကြားလိုက်ရပြီးနောက် ကျွန်ုပ်၏ခန္ဓာကိုယ်အောက်
ပိုင်းသည်ခြေထောက်မှဆောင့်ဆွဲခြင်းကိုခံလိုက်ရကာ ကျွန်ုပ်သည်
မြည်းကြမ်းပြင်ပေါ်သို့ . . ရုတ်တရက် ပက်လက်လန်၍လဲကျသွား
လေတော့သည်။

ထိုသို့လဲကျသွားသည့်အချိန်တွင် ကျွန်ုပ်၏မျက်နှာနားမှ
ဖြတ်၍ဖြတ်သန်းသွားသောဝါးနက်ပြန်တုတ်၏လေတိုးသံ 'ဝှီး'ကနဲ
မြည်သံကိုကြားလိုက်ရသောကြောင့် ကျွန်ုပ်၏စိတ်ထဲတွင်အလွန်ထိတ်
လန့်သွားမိလေသည်။

ကျွန်ုပ်သည်ကြမ်းပြင်ပေါ်သို့ အရှိန်ဖြင့် ဒုန်းကနဲကျသွား

www.burmeseclassic.com

www.burmeseclassic.com



ရသောကြောင့်. . ခေါင်းထဲတွင်မူးဝေသွားသော်လည်း ဦးရွှေမိုး အန္တရာယ်ကိုသတိရလိုက်မိသောကြောင့် လဲကျနေရာမှအမြန်ထ လဲထလိုက်ကာ ပတ်ဝန်းကျင်ကိုမျက်လုံးဝေ့ကြည့်လိုက်သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်၏ရှေ့ တွင်မုဆိုးဒူးထောက်အနေအထားဖြင့်အကာအကွယ်ပေးထားတ လက်ထဲတွင်ဒေါင်းမြီးတပ်မြားနှစ်ချောင်းကို အဆင်သင့်ကိုင်ထား သော်လည်း. . လှေကားပေါ်မှ တဒုန်းဒုန်းဖြင့်ပြေးဆင်းသွားသော အသံကိုကြားနေရသဖြင့်. . ဦးရွှေမိုးတစ်ယောက်တော့ ထွက်ပြေး လွတ်မြောက်သွားချေပြီဟု ကျွန်ုပ်သိလိုက်ပေသည်။

"ဆရာကြီး. . ကျွန်တော့်အတွက် ငဲ့မနေပါနဲ့။ ဦးရွှေမိုး ဟာ အင်မတန်ကြောက်စရာကောင်းတဲ့ပညာရှင်ကြီးပါ။ အခု သူ ဒဏ်ရာရထားတုန်းမိအောင်လိုက်ဖမ်းလိုက်ပါလား. . "

"သူဒဏ်ရာရထားတာမှန်ပေမယ့်. . သူ့ကိုအဲဒီလောက် လျှော့မတွက်လိုက်နဲ့ ဦးသိန်းမောင်။ ကျားနာခဲ့ခဲ့သွားလိမ့်မယ် နောက်ပြီး. . အောက်ထပ်က မောင်ဆိတ်ကျောင်းအခြေအနေကို လည်း ကျုပ်စိတ်ပူနေတယ်ဗျ။ သူ့နောက်ကိုတော့. . ဒီကကိစ္စတွေ ပြီးသွားမှ ဆက်လိုက်ကြတာပေါ့ဗျာ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းကပြောလိုက်မှပင် အိမ်အောက်ထပ်တွင်စားမကြီးခါးထိုး၍အိပ်နေသော တပည့်ကျော် မောင်ဆိတ်ကျောင်းကိုသတိရမိကာ ဤမျှအသံတွေဆူညံနေပေ



လျှက် နိုးမလာသောမောင်ဆိတ်ကျောင်းတစ်ယောက်တော့ တစ်ခုခုဖြစ်နေပြီဟုတွေးမိလိုက်ပြီး. .

"ဟုတ်ပါရဲ့ဆရာကြီးရယ်. . ။ ဆိတ်ကျောင်းဟာ အင်မတန်နားပါးတဲ့ကောင်ပါ. . ။ တစ်ခုခုဖြစ်နေပြီထင်ပါရဲ့. . "

ကျွန်ုပ်နှင့်ဆရာကြီးတို့သည် အိမ်အောက်ထပ်သို့အပြေးဆင်းသွားလိုက်ကြပြီး. . အိမ်အောက်ထပ်မှမီးများကိုဖွင့်ကြကာ မောင်ဆိတ်ကျောင်း၏ခြင်ထောင်အားလှန်ကြည့်လိုက်ကြရာ. . မျက်ဖြူလန်နေသောမောင်ဆိတ်ကျောင်းအား တွေ့လိုက်ကြရလေတော့သည်။

"ဆရာကြီးရယ်. . ။ မောင်ဆိတ်ကျောင်းတစ်ယောက် ဘာများဖြစ်နေပြီလဲမသိဘူး။ လုပ်ပါဦးခင်ဗျာ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မောင်ဆိတ်ကျောင်း၏ လက်ဖျံကိုကိုင်စမ်းကြည့်လိုက်ပြီးလျှင်. .

"ဘာမှမဖြစ်ပါဘူး. . ။ မေ့ကြောကို လက်နဲ့ရိုက်ပိတ်သွားတာပါ။ ကျုပ်ပြန်ဖြည်ပေးလိုက်ပါ့မယ်. . "

ဆရာကြီးက မောင်ဆိတ်ကျောင်း၏လည်ပင်းနေရာသုံးနေရာကိုလက်ညှိုးဖြင့်ထောက်၍ထိုးချလိုက်ရာ. .

"အင်း. . ဟင်း. . ဟင်း. . "

မောင်ဆိတ်ကျောင်းသည်. . မျက်လုံးများပြန်ပွင့်လာပြီး ကျွန်ုပ်တို့အား ငေးကြောင်ကြောင်အကြည့်ဖြင့်ကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . ဆိတ်ကျောင်း။ မြန်မြန်ထစမ်းကွာ. . ။ ဆရာကြီးဒဏ်ရာကိုဆေးထည့်ဖို့ ရေနွေးအိုးတည်စမ်းပါဦး. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းက အလျှင်အမြန် ပင်လက်ကာပြလိုက်ပြီး. .

"ဒဏ်ရာတွေက. . ဆေးထည့်နေဖို့ အချိန်မရတော့ဘူး ဦးသိန်းမောင်။ တာမွေဂါတ်စခန်းကို. . အမြန်သွားကြရဦးမှာဗျ။ ကဲ. . အချိန်သိပ်မရဘူးဗျာ။ သွားကြစို့. ."

ပြောပြောဆိုဆိုပင် ဆရာကြီးလူသူတော်သျှောင်တစောင်းသည် အိမ်ပြင်အမှောင်ထုထဲသို့ထွက်ခွာသွားလေရာ ကျွန်ုပ်သည်လည်း အကြောင်းထူးတစ်ခုခုတော့ရှိရမည်ဟုစဉ်းစားမိသဖြင့်. . ဘာမျှမေးမနေတော့ဘဲ ဆရာကြီးနောက်မှပြေးလိုက်သွားကာ ဆရာကြီးနှင့်ကျွန်ုပ်တို့သည် တာမွေဂါတ်စခန်းရှိရာသို့ အမှောင်ထုထဲတွင်တရွေ့ရွေ့လျှောက်သွားကြလေတော့သည်။

♥ ♥ ♥

စတုရှိသောကာကားပြူကြီးက...အင်းစိန်လမ်းအတိုင်း
ဆက်မောင်းသွားပါပြီဆရာကြီး...။
စိတ်ပူစရာ...မရှိတော့ပါဘူး။
ကျွန်တော်တို့ခြံထဲကို မောင်းဝင်လိုက်တော့မယ်နော်။

ဒရိုင်ဘာမောင်သံလုံး

www.burmeseclassic.com

www.burmeseclassic.com



## ကျားနှင့်ကစားကြသူများ

ညဉ့်အမှောင်ထုတွင် မီးလုံးများ၏အလင်းရောင်ကမှိန်ဖျော့ဖျော့သာလင်းနေပေရာ သရက်ပင်များစွာစိုက်ပျိုးထားသည့် ဦးသိန်းမောင်၏အိမ်ကြီးမှာ လမ်းခါတ်မီးတိုင်များ၏အလင်းရောင် သိပ်မရရှိဘဲ မှောင်နှင့်မည်းမည်းသာဖြစ်နေပေသည်။

ညဉ့်အမှောင်ထု၏ အလင်းရောင်မှိန်ဖျော့ဖျော့အောက်တွင်. . ဒယီးဒယိုင်ဖြင့်ပြေးထွက်လာသောလူတစ်ယောက်ကိုတွေ့လိုက်ရသည်နှင့် အမှောင်ထဲရှိစကိုဒါကားလေးပေါ်မှစုံထောက်ကြီးဦးဇင်ယော်သည်. . အမှောင်ထုထဲသို့ အထူးအာရုံစိုက်၍ကြည့်နေ



လေတော့သည်။

ပြေးထွက်လာသောလူကြီးသည်. . ယိုင်ထိုးယိုင်ထိုးဖြင့် လမ်းထောင့်၌အသင့်ရပ်စောင့်နေသောမီးခိုးရောင်ကားကြီးပေါ်သို့ တက်လိုက်သည်နှင့် မီးခိုးရောင်ကားကြီးသည်စက်နှိုးပြီးမောင်းထွက်သွားလေတော့ရာ စုံထောက်ကြီးဦးဇင်ယော်သည်လည်းသူ၏ စကိုဒါကားလေးကိုကားမီးများလုံးဝမဖွင့်ဘဲ မီးခိုးရောင်ကားကြီးနောက်မှ မောင်းနှင်လိုက်ပါသွားလေသည်။

ထိုအချိန်တွင်. . လုပုလေးဝွန်ရှိုင်းမောင်းနှင်သည့်စတူဒီဘေကာကားဖြူကြီးနှင့် ကရင်မှဆိုးကြီးဘိုးသာမောင်းနှင်သည့်စတူဒီဘေကာကားနက်ကြီးတို့သည်လည်း အမှောင်ထုထဲတွင်ဆပ်တန့်ထားကြရာမှ အသီးသီးအသက်ဝင်လာကြကာကားမီးများကိုလုံးဝမဖွင့်ကြဘဲ မီးခိုးရောင်ကားကြီးနောက်သို့လိုက်သွားကြလေတော့သည်။

မီးခိုးရောင်ကားကြီးပေါ်တွင်လိုက်ပါလာသောဦးရွှေမိုးသည် အကျီစကိုဆုတ်ဖြဲပစ်လိုက်ပြီးလျှင် ပေါင်ရှိဒဏ်ရာမှထွက်နေသောသွေးများကိုတိတ်သွားစေရန်. . ရှမ်းဘောင်းဘီပေါ်မှပတ်၍ ချည်နှောင်လိုက်လေသည်။ ထိုသို့ချည်နှောင်ပြီးသည်နှင့် နောက်ကားများလိုက်ပါလာခြင်းရှိမရှိကိုလှမ်းအကဲခတ်လိုက်ပြီး. .

"မောင်သံလုံးရေ. . ။ ငါဒဏ်ရာရလာလို့ အိမ်ကိုအမြန်ရောက်အောင်မောင်းစမ်းကွာ. . ။ အနောက်က[illegible]သူတွေက

www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့လိုက်လာနိုင်တာမို့ သတိထားစောင့်ကြည့်ပေ့ါ. . "

"တုတ်ကဲ့. . ဆရာကြီး။ လောလောဆည်မှာတော့ စကို
ကားအနက်တစ်စီးပဲ. . ဟိုးအဝေးကြီးမှာမောင်းနေတာတွေ့ပါ
တယ်။ ကျွန်တော်သတိထားပြီးကြည့်နေပါ့မယ်. . "

မောင်သံလုံးဆိုသောကားဒရိုင်ဘာသည်. . နောက်ကြည့်
မှန်မှတဆင့်ကြည့်ရင်း အရှိန်ပြင်းပြင်းမောင်းနှင်လိုက်ရာစကို
ကားလေးသည် လမ်းဆုံတစ်ခုတွင်လမ်းခွဲထွက်သွားသဖြင့်စိတ်ထဲ
တွင်သံသယစိတ်များလျော့ပါးသွားလေသည်။

"မောင်သံလုံးရေ. . ။ အနောက်ကိုလည်းဂရုစိုက်ဦးနော်
ရန်သ...ကိုသိပ်အထင်သေးလို့မရဘူးကွယ့်. . "

"ရှင်းသွားပါပြီဆရာကြီး။ ခုနတုန်းကတွေ့နေရတဲ့ စကို
ဒါကားလေးက. . လမ်းဆုံမှာဟိုဘက်ကွေ့သွားပါပြီ။ လမ်းပေါ်မှာ
ကျွန်တော်တို့ကားနဲ့ စတူရိဘေကာကားဖြူကြီးတစ်စီးပဲရှိပါတော့
တယ်. . "

ဦးရွှေမိုးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. .

"အေးကွယ်. . ။ သတိတော့ မပြတ်စေနဲ့ပေ့ါ။ အဲဒီကား
ဖြူကြီးကိုလည်း. . သေချာစောင့်ကြည့်ထားဦး"

ဒရိုင်ဘာမောင်သံလုံးသည် ကားကိုပို၍အရှိန်မြှင့်မောင်း
လိုက်ရင်းလှည်းတန်းလမ်းဆုံအရောက်တွင် အင်းလျားကန်ဘက်
သို့ကားကိုအရှိန်ဖြင့်ချိုးကွေ့လိုက်ကာ. . နောက်ကြည့်မှန်မှတဆင့်



ကြည့်လိုက်ရာ စတူရိဘေကာကားဖြူကြီးသည်ရှေ့တည့်တည့်သို့
အင်းစိန်လမ်းအတိုင်းဆက်မောင်းသွားသည်ကိုတွေ့လိုက်ရသဖြင့်
သံသယစိတ်များကင်းစင်သွားကာ. . ကားစက်ရှိန်ကိုအနည်းငယ်
လျှော့ချလိုက်ပြီး. .

"စတူရိဘေကာကားဖြူကြီးက. . အင်းစိန်လမ်းအတိုင်း
ဆက်မောင်းသွားပါပြီဆရာကြီး. . ။ စိတ်ပူစရာမရှိတော့ပါဘူး. . ။
ကျွန်တော်တို့ခြံထဲကိုမောင်းဝင်လိုက်တော့မယ်နော်. . "

"အေးကွယ်. . ။ ဒါဆိုရင်လည်း ခြံထဲမောင်းသွင်းလိုက်
ပါတော့. . "

မောင်သံလုံးသည်. . ယခုမှပင် စိတ်အေးလက်အေးဖြစ်
သွားသောကြောင့် အင်းလျားကန်ကြီးနားသို့မရောက်မီတွင်ဘယ်
ဘက်သို့ချိုးကွေ့လိုက်ကာ လမ်းသွယ်လေးတစ်ခုထဲသို့အညိုရောင်
ကားကြီးကိုဆက်လက်မောင်းနှင်သွားလေတော့သည်။

ထိုသို့အညိုရောင်ကားကြီးချိုးကွေ့ဝင်သွားပြီး မကြာမီ
အချိန်မှာပင်. . အနက်ရောင်စတူရိဘေကာကားကြီးတစ်စီးသည်
ဖြည်းဖြည်းခြင်းလိုမ့်၍မောင်းနှင်လာကာ အညိုရောင်ကားကြီးချိုး
ကွေ့ဝင်သွားသည့်လမ်းသွယ်လေး၏ရှေ့နားရှိကုက္ကိုပင်ကြီးအောက်
ဘက်အမှောင်ရိပ်ထဲတွင် ထိုးရပ်လိုက်လေတော့သည်။

စတူရိဘေကာကားနက်ကြီးရပ်လိုက်ပြီး မကြာမီမှာပင်
စတူရိဘေကာကားဖြူကြီးနှင့်စကိုဒါကားလေးတို့သည် အင်းလျား

www.burmeseclassic.com

www.burmeseclassic.com



လမ်းအတိုင်းအနောက်မှလိုက်၍မောင်းနှင်လာကြရာ. . ကားနက်ကြီးပေါ်မှ ကရင်မုဆိုးကြီးဘိုးသာသည်မီးခြစ်ဖြင့်ခြစ်၍အချက်ပြလိုက်သည်နှင့် စတူရီဘေကာကားဖြူကြီးသည်ရှေ့ခါတ်တိုင်လေးတိုင်အကွာရှိအမှောင်ရိပ်ထဲတွင်ဝင်ရပ်လိုက်ပြီး စကိုဒါကားလေးသည်လမ်းမကြီးပေါ်တွင် ဂငယ်ကွေ့ကွေ့လိုက်ပြီးလျှင်ကမာရွတ်ဘက်သို့ ပြန်လည်မောင်းနှင်သွားလေတော့သည်။

ကားနက်ကြီးပေါ်မှ. . ကရင်မုဆိုးကြီးဘိုးသာက မီးခြစ်ကိုထပ်မံခြစ်၍အချက်ပြလိုက်ပြီးလျှင်. . ကားထဲ့ ဆင်းလိုက်ကာအမှောင်ရိပ်ထဲသို့တိုးဝင်၍ ပျောက်ကွယ်သွားလေတော့သည်။

♥ ♥ ♥

ကောင်းတယ်. . .မုဆိုးကြီး။ ကျုပ်တို့. . .ဝင်ပမ်းကြမယ်။ တတ်နိုင်သမျှ. . .အရှုပ်လမ်းနိုင်ဖို့ကြိုးစားပါ။ ဒင်းတို့ပညာသိပ်ကောင်းတာမို့. . .မလွှဲသာမှဘဲ လက်နက်ထုတ်သုံးပါ။

*ဆရာကြီး ရူသူတော်ချောင်တစောင်း*

www.burmeseclassic.com

www.burmeseclassic.com



## မှဆိုးထောင်ချောက်

တာမွေဂါတ်စခန်းထဲတွင် အိုင်ပီဦးအေးမောင်ကကော်ဖီနှင့်မုန့်များဖြင့်ဧည့်ခံနေသောကြောင့် ကျွန်ုပ်နှင့်ဆရာကြီးလူသူတော်သျှောင်တစောင်းတို့သည် ကော်ဖီနှင့်မုန့်များကိုစားသောက်နေကြရလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်း၏သွင်ပြင်မှာ. . စောစောပိုင်းက အလွန်အန္တရာယ်ကြီးမားသည့်ရန်သူကြီးတစ်ဦးနှင့်ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်ကိုသတိမပြုမိသည့်ဟန်ဖြင့် လွန်စွာအေးဆေးတည်ငြိမ်မှုရှိနေပြီးလျှင် ဦးရွှေမိုးတစ်ယောက်ထွက်ပြေး



…တ်မြောက်သွားခြင်းအတွက်လည်း. . မည်သို့မျှစိတ်လှုပ်ရှားနေ…န်မရှိသဖြင့် ကျွန်ုပ်မှာဆရာကြီး၏စိတ်ဓါတ်အားအလွန်အံ့သြ…မိလေသည်။

ဆရာကြီး၏ခြေနှောက်မှဒဏ်ရာအတွက် အိုင်ပီဦးအေး…ာင်ကဆရာဝန်ခေါ်ပေးမည်ဟုပြောသော်လည်း. .

"ရပါတယ်. . အိုင်ပီကြီးရယ်။ ဒီဒဏ်ရာလောက်က ဆရာ…န်ခေါ်ဖို့မလိုပါဘူး။ ကျုပ်မှာ. . ဆေးရှိပါတယ်. ."

ပြောပြောဆိုဆိုဖြင့်ပင်. . ဆရာကြီးက သူ့အိတ်ကပ်ထဲမှ…ရောင့်ဆေးဘူးလေးတစ်ဘူးကိုထုတ်ယူလိုက်ကာ လက်ဝါးပေါ်…ဆေးဘူးထဲမှအမှုန့်အနည်းငယ်ကိုဖြူးချလိုက်ပြီးလျှင် ခြေထောက်…ဏ်ရာပေါ်သို့သိပ်ထားလိုက်လေသည်။

"ကျုပ်တို့မြန်မာတွေမှာလည်း. . အင်မတန်ထိရောက်…ွမ်းထက်တဲ့ဆေးပညာတွေရှိပါတယ်ဗျာ. .။ ကျုပ်တို့ရဲ့ပညာ…ွေကို. . လူတွေကအထင်မကြီးကြလို့ တဖြည်းဖြည်းပပျောက်…ာမလိုတောင်ဖြစ်နေရတာပါ. ."

ကျွန်ုပ်သည်. . ဦးရွှေမိုးလွတ်မြောက်သွားသည့်ကိစ္စအ…က်လည်းကောင်း၊ မမြသွေးခေါ် ထမံသီကျားမင်းအားဖမ်းမမိနိုင်…င်းအတွက်လည်းကောင်း လွန်ပူပင်သောကရောက်နေမိသူဖြစ်…ည့်အားလျော့စွာ. .

"ဆရာကြီးရယ်. .။ မနက်ကျရင် စီအိုင်ဒီမှာဘယ်လိုများ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြကြမှာလဲဗျာ. . "

ဟု မအောင့်အည်းနိုင်တော့ဘဲထုတ်ဖော် မေးမြန်းလို
မိလေတော့သည်။

"ဦးသိန်းမောင်ရေ. . ။ ကျုပ်ကတော့. . ပညာရှိကြီး
ကျော်သူရဲ. . 'လိုရာသုံးမူ ကိစ္စတူလျှင်၊ မှန်လျှင်ပြီးမြောက်၊
ရောက်သည်. . မလျှောက်မပြီး၊ လျှောက်လျှင်ပြီးသည်. . ' ဆို
စာသားအတိုင်း. . ကိစ္စရပ်တွေအားလုံး ပြီးမြောက်စေဖို့အတွ
'လိုကွက်မရှိ၊ ပို၍ညီ' ဆိုသလို ကြိုးစားထားတာပဲဗျာ. . ။ အ
အခါကိုသာစောင့်နေကြရမှာပဲလေ. . ။ ဖုန်းကတော့ ခုချိန်ထိ
မလာသေးဘူးဗျ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းကပြောဆိုနေသ
အချိန်မှာပင်. . အိုင်ပီဦးအေးမောင်၏ စားပွဲပေါ်မှတယ်လီဖုန်း
ကျယ်လောင်စွာမြည်ဟည်းလာလေတော့၏။

"ကလင်. . ကလင်. . ကလင်. . "

အိုင်ပီဦးအေးမောင်သည် တယ်လီဖုန်းအားကောက်
လိုက်ကာ တစ်ခွန်းနှစ်ခွန်းမျှပြောလိုက်ပြီးနောက်. . ဆရာကြီးအ
တယ်လီဖုန်းကိုလှမ်းပေးလိုက်လေသည်။

"ဆရာကြီးဆီလာတဲ့ဖုန်းပါ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းက တယ်လီဖုန်း
မှပြောကြားနေသမျှကိုငြိမ်သက်စွာနားထောင်နေပြီးမှ. .



"ကောင်းတယ်. . ဦးဇင်ယော်။ စီစဉ်ထားတဲ့အတိုင်းသာ
က်လုပ်ကြပါ။ ကျုပ်လည်း အခုထွက်လာခဲ့မယ်. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်တယ်လီဖုန်း
ပြန်ချလိုက်ပြီးသည်နှင့်. .

"အိုင်ပီကြီးရေ. . ။ ကျေးဇူးပြုပြီး ကားတစ်စီးလောက်
မာရွတ်ဂါတ်ကိုသွားဖို့စီစဉ်ပေးပါဗျာ. . ။ အိုင်ပီကြီးလည်း
က်နိုင်ရင်လိုက်ခဲ့ပါ. . "

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်က သူ့လက်အောက်မှ
ခွဲ့ဝင်များအား ဆရာကြီးလူသူတော်သျှောင်တစောင်းအတွက်
အပ်သမျှကူညီကြရန်ညွှန်ကြားထားပေသဖြင့်. . အိုင်ပီဦးအေး
ခင်သည်သူ့တပည့်ကျော်စာသင်မောင်ကြီးအား ကားတစ်စီးကို
သင့်ပြင်ထားရန်ညွှန်ကြားလိုက်ပြီးလျှင် သူကိုယ်တိုင်လည်းလိုက်
ရန်ပြင်ဆင်လိုက်လေတော့သည်။

ကျွန်ုပ်တို့၏ကားကလေး ကမာရွတ်ဂါတ်ရှေ့သို့ရောက်
သာအခါ ဂါတ်ရှေ့တွင်ရပ်ထားသောစုံထောက်ကြီးဦးဇင်ယော်
တို့ဒါကားလေးကို အဆင်သင့်ပင်တွေ့လိုက်ရလေသည်။

စုံထောက်ကြီးဦးဇင်ယော်နှင့်အတူ ကမာရွတ်ဂါတ်ဌာနာ
ကြီးဦးသိန်းနှင့်ပုလိပ်များကလည်း ကားတစ်စီးဖြင့်အဆင်သင့်
ဆင့်နေကြသဖြင့် ဆရာကြီးလူသူတော်သျှောင်တစောင်းသည်
းပေါ်မှမဆင်းတော့ဘဲ. .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ။ အားလုံးအဆင်သင့်ဖြစ်နေပြီဆိုတော့ တရား
တွေဆီကိုဆက်လိုက်ကြရအောင်။ ဦးဇင်ယော်ရေ. . ဌာနာအုပ်ကြီး
ကိုအစီအစဉ်အသေးစိပ်တွေပြောပြထားပြီးပြီလား. . "

"အားလုံးအစီအစဉ်အတိုင်းရှင်းပြပြီးပါပြီ. . ဆရာကြီး
လိုအပ်တဲ့ပုလိပ်အင်အားလည်း ရထားပါပြီ. . "

"ကိုင်း. . အစီအစဉ်အတိုင်းစလိုက်ကြစို့"

ဆရာကြီးလူသူတော်သျှောင်တစောင်း၏စကားဆုံးသ
နှင့်. . ရှေ့ဆုံးမှပုံထောက်ကြီးဦးဇင်ယော်၏စကိုဒါကားလေးက
ဆောင်ကာ အနောက်မှကျွန်ုပ်တို့၏ကားနှင့်ကမာရွတ်ဌာနာအ
ကြီး၏ကားနှစ်စီးကလိုက်ပါလျှက် အင်းလျားလမ်းအတိုင်းမော
နှင်လာခဲ့ကြလေတော့သည်။

မကြာမီပင်စုံထောက်ကြီးဦးဇင်ယော်၏ကားမှအချက်
မီးကလင်းလာပြီး ကားသည်လမ်း၏ညာဘက်သို့ကပ်ရပ်လိုက်
ဖြင့် ကျန်ကားများသည်လည်းလမ်းဘေးသို့ကပ်ရပ်လိုက်ကြ
ကားပေါ်မှလူများသည် ဆရာကြီးလူသူတော်သျှောင်တစော
နှင့်အတူလမ်းတစ်ဘက်သို့ကူးလိုက်ကြပြီး အမှောင်ရိပ်များထဲ
တိုးဝင်ပျောက်ကွယ်သွားကြလေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းအားမြင်လိုက်သ
နှင့် ကရင်မုဆိုးကြီးဘိုးသာသည်အမှောင်ရိပ်ထဲမှတိုးထွက်လာ
သည်။



"ကားမောင်းတဲ့ဒရိုင်ဘာကောင်လေးတို့. . အိမ်နောက်
တသူနေတဲ့အိမ်လေးထဲမှာ ကြိုးတုပ်ဖမ်းထားလိုက်ပြီးပြီ. . ။ အိမ်
ကြီးထဲမှာ. . အဖိုးကြီးနဲ့ကောင်မလေးပဲရှိတယ်။ အဖိုးကြီးဒဏ်ရာ
ကိုဆေးကုဖို့လုပ်နေကြတယ်. . "

ကရင်မုဆိုးကြီးဘိုးသာသည် ညှို့အမှောင်ထဲတွင်ကြောင်
တစ်ကောင်အလားလှုပ်ရှားသွားလာနိုင်သူဖြစ်သောကြောင့် ရန်သူ
များ၏အခြေအနေကိုဆရာကြီးလူသူတော်သျှောင်တစောင်းအား
ရှင်းပြနေလေသည်။

"ကောင်းတယ်. . မုဆိုးကြီး။ ကျုပ်တို့. . ဝင်ဖမ်းကြမယ်။
တတ်နိုင်သမျှ. . အရှင်ဖမ်းနိုင်ဖို့ကြိုးစားပါ။ ဒင်းတို့ပညာ သိပ်
ကောင်းတာမို့ မလွှဲသာမှဘဲလက်နက်ထုတ်သုံးပါ. . "

"ကောင်းတယ်ဗျ. . ။ ကျုပ်ကလည်း ပညာကောင်းတဲ့
လူတွေနဲ့ကြုံချင်နေတာပ. . "

"သူတို့ကိုတိုက်ရင်. . လူခြင်းလုံးဝအပူးမခံဘဲ အဝေးက
ပဲခွာတိုက်ပါ. . ။ အကပ်ခံလိုက်ရင် မုဆိုးကြီးအသက်ပါသွားလိမ့်
မယ်နော်. . "

ကရင်မုဆိုးကြီးဘိုးသာကခေါင်းညိတ်လိုက်ပြီး. . ရှေ့ဆုံး
မှထွက်ခွာသွားလေရာ ဆရာကြီးလူသူတော်သျှောင်တစောင်း၊ စုံ
ထောက်ကြီးဦးဇင်ယော်၊ အိုင်ပီဦးအေးမောင်နှင့် ကျွန်ုပ်တို့သည်
လည်းအနောက်မှကပ်လျှက်လိုက်ပါသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကမာရွတ်ဂါတ်ဌာနာအုပ်ကြီးနှင့် ကမာရွတ်ဂါတ်မှပုလိပ်
များသည် အနောက်မှတိတ်ဆိတ်စွာလိုက်ပါလာကြပြီး ဦးရွှေမိုး၏
ခြံကြီးထဲသို့ရောက်သောအခါ နေရာအသီးသီးသို့ခွဲဖြန့်လိုက်ကြ
ကာ အိမ်ကြီးအားဝိုင်းထားလိုက်လေတော့သည်။

♥ ♥ ♥

အဖိုးလိုပညာရှင်တစ်ယောက်ကို...ဒီလောက်အထိရာ
ရအောင်...ဘယ်လိုလူကများ တိုက်ခိုက်လိုက်တာလဲ။
သူ့ပညာက...ဘယ်လိုပညာမျိုးလည်း အဖိုးရယ်။

မမြသွေး

www.burmeseclassic.com

www.burmeseclassic.com



၃

## သျှောင်တစောင်းနဲ့ ထမံသီကျားမင်

သားနားသပ်ယပ်လှသော အိပ်ခန်းကျယ်ကြီးထဲရှိခုတင်ကြီးပေါ်တွင်ဦးရွှေမိုးကလဲလျောင်းလျှက်ရှိကာ နံဘေးတွင်ရပ်နေသောအလွန်ချောမောလှပသည့်မိန်းမပျိုလေးသည် ဦးရွှေမိုးအား ပြုစုပေးနေလေသည်။

"အဖိုးရယ်. . ။ ဓားချက်က. . ပြင်းတယ်နော်။ ဆရာဝန်ခေါ်ပြလိုက်ရင်ကောင်းမယ်ထင်တယ်. . "

"ရပါတယ်. . သမီးရယ်။ ခုအချိန်ကြီး ဆရာဝန်သွားပြရင်. . ရန်သူတွေကသတင်းရသွားမှာပေါ့။ မနက်စောစောကျ



အဖိုးမိတ်ဆွေပန်ချာပီဆရာဝန်ကြီးဒေါက်တာပီဆင်းကို သွားပင့်ခိုင်းလိုက်ပါမယ်. . ။ မောင်သံလုံးကိုပင့်ခိုင်းလိုက်ရင် ဆရာဝန်ကြီးကလိုက်လာမှာပါ. . "

ဦးရွှေမိုးသည် သက်ပြင်းတစ်ချက်ကိုလေးလေးပင်ပင်ချလိုက်ကာ. .

"သတင်းစာထဲက သူရိယသတင်းထောက်ဦးသိန်းမောင်ရဲ့သတင်းပါလာတော့. . အဖိုးစိတ်ထဲမှာထောင်ချောက်ဆင်ထားတာပဲလို့ထင်ပြီး သမီးကိုမလွှတ်ဘဲအဖိုးကိုယ်တိုင်သွားလိုက်တာမှန်သွားတယ်သမီး. . ။ သူတို့က ထောင်ချောက်ဆင်ပြီးစောင့်နေကြတာကိုးကွယ့်. . "

"အဖိုးလိုပညာရှင်တစ်ယောက်ကို. . ဒီလောက်ဒဏ်ရာရအောင် ဘယ်လိုလူကများတိုက်ခိုက်လိုက်တာလဲ. . ။ သူ့ပညာက ဘယ်လိုပညာမျိုးလည်းအဖိုးရယ်. . "

"သူ့နာမည်က. . လူသူတော်သျှောင်တစောင်းတဲ့။ နိုးမပြန်ရှင်ရသေ့ရဲ့တောတွင်းပညာတွေနဲ့တိုက်ခိုက်လိုက်တာပဲ။ အဖိုးရဲ့တိုက်ကွက်ကိုလွှတ်အောင်ရှောင်ထွက်ပြီး အလစ်မှာပြန်တိုက်လိုက်တာလေ။ အဖိုးရဲ့တိုက်ကွက်တစ်ချက်မိသွားပေမယ့် သူကအလွတ်ရှောင်နိုင်တော့ ရုပ်ထိသွားရုံပဲရှိတယ်. . "

မမြသွေးဆိုသောမိန်းမပျိုလေးသည် အတန်ကြာငြိမ်သက်တွေဝေးမောနေပြီးမှ. .

www.burmeseclassic.com

www.burmeseclassic.com



"အဖိုးရဲ့လက်တွေက သံမဏိလိုမာကျောနေတာတောင် သူကအနားကပ်နိုင်တယ်ဆိုတော့. . သူ့ပညာတကြောက်စရာပဲ နော်အဖိုး. ."

"ဒီလောက်လည်း မဟုတ်လှပါဘူးသမီးရယ်။ အဖိုးဘက်က. . ရန်သူကိုအထင်သေးပြီး လျှော့တွက်မိလိုက်တာကြောင့် အခုလိုဒဏ်ရာရသွားတာပါ။ အဖိုးတို့ရဲ့တွင်းပေါက်မျှော်စင်သိုင်းနဲ့သေချာတိုက်ရင် သူမယှဉ်နိုင်ပါဘူးလေ. ."

"ဟုတ်ပါ့မလား. . ဦးရွှေမိုးရယ်။ ကျုပ်က. . ခင်ဗျားကိုတကယ်မတိုက်သေးဘဲ ဒဏ်ရာရပြီးထွက်ပြေးနိုင်ရုံလောက်ပဲချိန်ဆ တိုက်ခိုက်နေတယ်ဆိုတာကိုမရိပ်မိတာ. . ခင်ဗျား အတော်ညံ့တာပဲဗျ။ အဲဒီလို. . ဒဏ်ရာရရုံလောက်ချိန်ဆပြီးတိုက်ခိုက်နိုင်လို့လည်း ခင်ဗျားတို့နှစ်ပေါင်းများစွာပုန်းခိုနေတဲ့နေရာကို ကျုပ်အရောက်ဝင်လာနိုင်တာပေါ့ဗျာ. ."

"အို. ."

"ဟာ. ."

အိပ်ခန်းတံခါးဝမှ. . ဩဇာအာဏာပြည့်ဝလှသောအသံဖြင့်ပြောဆိုရင်း. . တစ်လှမ်းခြင်းဝင်ရောက်လာသောလူသူတော်သျှောင်တစောင်းအားမြင်လိုက်ရသည်နှင့် မြေးအဖိုးနှစ်ယောက်ထံမှအာမေဋိတ်သံထွက်ပေါ်လာကာ နေရာမှပြိုင်တူထရပ်လိုက်ကြလေတော့သည်။



လူသူတော်သျှောင်တစောင်း၏နောက်တွင် မုဆိုးကြီးဘိုးသာနှင့်စုံထောက်ကြီးဦးဇင်ယော်တို့လည်းလိုက်ပါလာကြပေသည်။

"ခင်ဗျားတို့ကိုအေးအေးဆေးဆေးအဖမ်းခံကြဖို့ ကျုပ်အနေနဲ့မေတ္တာရပ်ခံပါတယ်. ."

ဦးရွှေမိုး၏မျက်နှာသည်. . ဒေါသကြောင့်နီရဲ၍နေရာမှ ရှေ့ခြေကိုဆန့်ထုတ်၍တိုက်ခိုက်ရန်အဆင်သင့်ပြင်လိုက်လေတော့သည်။

"သမီးရေ. .။ အရေးကတော့. . ကြုံပြီကွယ့်။ အဖိုးညံ့လို့ဖြစ်ရတာမို့. . အဖိုးအသက်စွန့်တိုက်ခိုက်တော့မယ်။ သမီးလည်းပညာကုန်ချွန်းဖွင့်တိုက်ပြီး ဒီနေရာကလွတ်အောင်ရုန်းထွက်ပေတော့. ."

ပြောပြောဆိုဆိုပင်. . ဦးရွှေမိုးသည် ခုတင်ခေါင်းရင်းမှ မီးခလုတ်တစ်ခုအားပိတ်လိုက်ရာ. . ညအိပ်မီးလုံးလေးမှမှိန်ဖျဖျအလင်းရောင်လေးကသာအိပ်ခန်းထဲတွင်လင်းနေပြီး လူလုံးမကွဲတော့သည့်အခြေအနေသို့ရောက်ရှိသွားလေတော့သည်။

"ဦးဘိုးသာ. .။ ခင်ဗျား. . မမြသွေးကိုတိုက်။ ကျုပ်က ဦးရွှေမိုးကိုတိုက်မယ်. ."

မုဆိုးကြီးဘိုးသာ၏လက်ထဲသို့ တစ်တောင်ခန့်အရှည်ရှိသည့်သံမဏိပြောင်းပိုက်တစ်ချောင်းရောက်ရှိလာကာ မမြသွေးထံသို့တစ်လှမ်းခြင်းလျှောက်လှမ်းသွားနေချိန်တွင် ဆရာကြီးလူသူ

www.burmeseclassic.com

www.burmeseclassic.com



တော်ချောင်တစောင်းကလည်းဦးရွှေမိုးထံသို့တိုးကပ်သွားကာ. .

"ဦးရွှေမိုးကို. . ကြိုတင်သတိပေးထားလိုက်မယ်။ ဦးသိန်းမောင်အိမ်မှာတိုက်ခိုက်ကြတုန်းက. . ဦးရွှေမိုးကိုဒဏ်ရာရအောင်ပဲ အတိုင်းအဆနဲ့တိုက်ခိုက်နေရလို့. . မိုးမပြန်ချောင်တစောင်းရဲ့ပညာတွေကိုမသုံးခဲ့ပါဘူး။ အခုတစ်ကြိမ်မှာတော့ ဦးရွှေမိုးအနေနဲ့အေးအေးဆေးဆေးအဖမ်းမခံရင် ကျုပ်ရဲ့ပညာကုန်တိုက်ခိုက်ခြင်းကိုခံရတော့မယ်နော်. ."

ဦးရွှေမိုးသည် ဆရာကြီးလူသူတော်ချောင်တစောင်း၏စကားကြောင့် တစ်ချက်မျှ ဒေါသကနဲဖြစ်သွားသော်လည်း သူ့အနေနှင့်အနှစ်နှစ်အလလကျင့်ကြံလာခဲ့သော တွင်းပေါက်မျှော်စင်သိုင်းပညာအပေါ် တွင်ယုံကြည်အားထားလွန်းနေသောကြောင့် ပညာကုန်ချွန်းဖွင့်တိုက်ရန်ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်. . လက်ညှိုးနှစ်ချောင်းကိုထောင်၍အကွာရာနှိုက်တိုက်ခိုက်ရန် လူသူတော်ချောင်တစောင်းထံသို့ခုန်ဝင်လာလေတော့သည်။

"ဟိတိ. . ဟောဒါက တွင်းပေါက်မကွာရာသိုင်းကွယ်"

ဦးရွှေမိုးသည်. . လက်ညှိုးနှစ်ချောင်းဖြင့် လူသူတော်ချောင်တစောင်း၏မျက်နှာတည့်တည့်သို့. . ထိုးဝင်တိုက်ခိုက်လိုက်သော်လည်း လူသူတော်ချောင်တစောင်းကလုံးဝရှောင်တိမ်းခြင်းမရှိဘဲ. . ဦးရွှေမိုး၏လက်ညှိုးများကမျက်လုံးအနားသို့ရောက်လာချိန်ကျမှ ရုတ်တရက်နောက်ပြန်လှဲအိပ်ချလိုက်ကာ ကြမ်းပြင်ကို



နောက်ပြန်လက်နှစ်ဘက်ဖြင့်ထောက်၍ အားပြုပြီး ညာခြေဖြင့်လွှဲ တန်ထည့်လိုက်လေတော့သည်။

"မိုးမပြန်ရဲ့. . တောကြီးမျောက်ဝံသိုင်း"

"ဖြောင်း. ."

"အင့်. . အား. ."

လူသူတော်ချောင်တစောင်း၏ လျှင်မြန်၍အင်အားပြင်း ထန်လှသောတန်ပြန်တိုက်ချက်ကြောင့် ဦးရွှေမိုး၏ခါးရိုးနေရာတွင် ဏ်ရာပြင်းထန်စွာရရှိသွားရလေတော့သည်။

ဦးရွှေမိုးသည် ခုတင်စောင်းနေရာသို့တိုင်လွင့်သွားသော် သည်း အလွန်စိတ်ဓါတ်မာကျောသူဖြစ်သည့်အတိုင်း ကိုယ်ကိုဆန့် ရပ်လိုက်ကာ ခုတင်ဘေးတွင်ချိတ်ဆွဲထားသည့်ဓားနှစ်လက်ကို ားအိမ်ထဲမှဆွဲထုတ်၍ လေထဲတွင်ဝှေ့ယမ်းရင်းဓားဟန်ခင်းလိုက် န်လေသည်။

"ဝိုး. . ဝိုး. . ဝိုး. ."

စုံထောက်ကြီးဦးဇင်မော်သည်ဦးရွှေမိုးရှိရာသို့သေနတ် င့်ချိန်ရွယ်လိုက်ပြီးလျှင်. .

"ဦးရွှေမိုး. . လက်နက်ချပါ။ မချရင် ပြစ်ထည့်လိုက်မယ် နော်. ."

"ဟား. . ဟား. . ။ ရွှေမိုးရဲ့သမိုင်းမှာ လက်နက်ချတယ် ဆိုတာမရှိဘူးကွယ့်. . ။ မင်းပြစ်ချင်ရင်. . ပြစ်လိုက်လေ။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကလည်းမင်းတို့ကို . . တမလွန်ကိုအဖေါ်ခေါ်သွားမှာပေါ့ကွ . .

ဦးရွှေမိုးက မမြသွေးကိုလှမ်းကြည့်လိုက်ရာ . . မမြသွေး သည်လည်းမုဆိုးကြီးဘိုးသာနှင့်တိုက်ခိုက်နေလျှက်ရှိပြီး အသာ မရနိုင်သေးဘဲဖြစ်နေသည်ကိုတွေ့လိုက်ရသဖြင့် . .

"သမီးလေး လွတ်အောင်ပြေးတော့ဟေ့ . . ။ အချိန်ဆွဲ နေလို့မဖြစ်တော့ဘူး . . "

ဦးရွှေမိုးသည်ဒဏ်ရာများရနေသော်လည်း . . သွေး သွေးတန်းဖြစ်စားရှည်နှစ်ချောင်းကိုဝှေ့ယမ်းလိုက်ကာ မမြသွေး အားကူညီနိုင်ရန်အတွက် မုဆိုးကြီးဘိုးသာထံသို့ခုန်ဝင်သွားလေ တော့သည်။

"ဦးဘိုးသာရေ . . သတိထား။ လိုအပ်လာရင် . . သံမဏိ ပြောင်းကိုထုတ်သုံး . . "

"ရတယ်ဝှေ့ . . ။ ကောင်မလေးကိုသာ . . အမိဖမ်း"

လူသူတော်ဘျောင်တစောင်းသည် မမြသွေးထံသို့ခုန်ဝင် သွားကာ ခါးကြောများကိုလက်ဝါးစောင်းဖြင့်ခုတ်ဟန်ပြလိုက်ပြီး ကိုယ်နှံ့၍ရှောင်တိမ်းလိုက်ချိန်တွင် . . လက်နှစ်ဘက်အားဖမ်းချုပ် လိုက်သော်လည်း မမြသွေးကအလွတ်ရှောင်ထွက်သွားနိုင်သဖြင့် အမြန်နောက်ဆုတ်ရှောင်တိမ်းလိုက်ရလေသည်။

မုဆိုးကြီးဘိုးသာမှာလည်း . . ဦးရွှေမိုး၏စားနှစ်လက်ဖြင့် တိုက်ခိုက်ခြင်းကို သံမဏိပိုက်ဖြင့်အလူးအလဲပင်ခံတိုက်နေရလေ



သည်။ အခြေအနေမှာအလွန်ရှုပ်ထွေးနေသဖြင့် လူသူတော်ဘျောင် တစောင်းသည် အားလုံးကိုထိန်းသိမ်းနေရလေသည်။

"ဦးဇင်ယော် . . မပစ်နဲ့ဦး။ ကိုယ့်လူတွေပါ ထိကုန်မယ်"

ညအိပ်မီးလုံးလေး၏အလင်းရောင်အောက်တွင် တိုက်ခိုက် နေကြရခြင်းဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက်လူလုံး ခွဲကြဘဲဖြစ်နေချိန်တွင် . . ဦးရွှေမိုး၏စားနှစ်လက်ဖြင့်ဝှေ့ယမ်း တိုက်ခိုက်ခြင်းကို ဆက်တိုက်နောက်ဆုတ်၍ရှောင်နေရသောမုဆိုး ကြီးဘိုးသာမှာ ချောင်ပိတ်မိလာသောကြောင့် . . ဦးရွှေမိုး၏ရက် စက်ကြမ်းတမ်းစွာတိုက်ခိုက်နေသော စားချက်မိတော့မည့်စက္ကန့် ပိုင်းအလိုတွင် လူသူတော်ဘျောင်တစောင်းက . .

"ဦးဘိုးသာ . . သံမဏိပြောင်း . . "

ဟု လှမ်းအော်၍သတိပေးလိုက်လေသည်။

လူသူတော်ဘျောင်တစောင်းကိုယ်တိုင်လည်း ဝင်ရောက် ကူညီတိုက်ခိုက်ရန်မဖြစ်နိုင်ဘဲ မမြသွေး၏သံမဏိအစွပ်ဖြင့်တိုက် ခိုက်ခြင်းကိုပွတ်ကာသီကာရှောင်တိမ်းရင်း မမြသွေးအားလက်ရ ဖမ်းမိအောင်တိုက်ခိုက်နေရသောကြောင့် . . ဦးဘိုးသာ၏အသက် အန္တရာယ်ကျရောက်တော့မည့်အချိန်တွင် ပါးစပ်မှအော်ဟစ်သတိ ပေးရင်း . . လက်တွတ်များသုံးစင်းကို အမြန်ပစ်လွှတ်လိုက်ရလေ တော့သည်။

"ဗွီး . . ဗွီး . . ဗွီး . . "

www.burmeseclassic.com

www.burmeseclassic.com



"အား. ."

မုဆိုးကြီးဘိုးသာကိုင်ဆောင်ထားသော သမဏီပြောင်းမှ သာမန်ဘိုးတဲ့ခိုက်ချိန်များတွင်. . တုတ်ချောင်းတစ်ချောင်းသဖွယ် တိုက်ခိုက်နိုင်ပြီး သေရေးရှင်ရေးနှင့်ကြုံလာလျှင်ပြောင်းတံ၏တင် ဖက်ထိပ်ကိုနှိပ်လိုက်ပါက. . ကျန်တစ်ဖက်ပြောင်းဝမှ အဆိပ်အပ် များထွက်လာနိုင်ရန်အထူးစီမံပြုလုပ်ထားခြင်းဖြစ်ပေရာ မုဆိုးကြီး ဘိုးသာမှာသေရေးရှင်ရေးကြုံလာရပြီဖြစ်သောကြောင့် သံမဏိ ပြောင်းထိပ်ကိုဖိနှိပ်ရန်ပြင်ဆင်နေသော်လည်း. . ဓားနှစ်လက်ဖြင့် တိုက်ခိုက်မှုကြောင့်အခက်ကြုံနေစဉ် လူသူတော်သျှောင်တစောင်း ပစ်လွှတ်လိုက်သောလက်တွတ်မြားသုံးစင်းက. . ဦးရွှေမိုး၏ခန္ဓာ ကိုယ်သုံးနေရာသို့ထိမှန်သွားသဖြင့် ဦးရွှေမိုးတစ်ယောက်တုန့်က နဲ့ဖြစ်သွားစဉ် . . မုဆိုးကြီးဘိုးသာက သံမဏိပြောင်းထိပ်ကိုဖိနှိပ် ချလိုက်သောကြောင့် ဦးရွှေမိုးမှာနေရာတွင်ပင်လဲကျသေဆုံးသွား လေတော့သည်။

ဦးရွှေမိုး၏အဖြစ်အပျက်ကြောင့် တစ်ခန်းလုံးရှုတ်တရက် ငြိမ်ကျသွားစဉ် လူသူတော်သျှောင်တစောင်းကဦးရွှေမိုးပိတ်ချခဲ့ သည့်မီးခလုတ်ကိုပြန်ဖွင့်လိုက်သောကြောင့် အခန်းတွင်း၌မီးများ ပြန်လည်လင်းထိန်လာလေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ဒဏ်ရာမျာ စွာဖြင့်လဲကျသေဆုံးနေသည့် အလွန်အစွမ်းထက်မြက်ပြီးစိတ်ဓါတ်



ာကျောခက်ထန်လှသည့် တွင်းပေါက်မျှော်စင်သိုင်းပညာရှင်ကြီး ီးရွှေမိုးအားလှမ်းကြည့်လိုက်ကာ. .

"အင်း. . သတ္တဝါတစ်ခု၊ ကံတစ်ခုပါပဲလေ။ ကျုပ်တို့ကို သတ်ဖို့ကြံစည်တော့. . သူ့တရားသူစီရင်သွားရပြီပေါ့။ မမြသွေး ကိုလည်းအေးအေးဆေးဆေးအဖမ်းခံလိုက်ဖို့ ကျုပ်ကမေတ္တာရပ် ပါတယ်. ."

ထမံသီကျားမင်းအမည်ခံ မမြသွေးဆိုသောမိန်းမပျိုလေး သည် အဖိုးဖြစ်သူဦးရွှေမိုး၏အလောင်းအားစူးစိုက်ကြည့်လိုက်ရင်း ာတ်ရည်ကျမလာဘဲ အံကိုတင်းတင်းကျိတ်လိုက်ကာ. .

"ကျွန်မအမေကိုလည်း. . သတ်ခဲ့ကြပြီးပြီ။ ကျွန်မအဖေ ကိုလည်းသတ်လိုက်ကြတယ်. .။ အခုတစ်ခါ. . ကျွန်မအဖိုးကိုပါ သတ်ပြန်ပြီ။ ရှင်တို့ကို. . ကျွန်မတစ်သက်လုံးမကျေဘူး။ ရှင့်ကို သတ်မယ်. ."

မမြသွေးသည် လူသူတော်သျှောင်တစောင်းအားစူးစိုက် ကြည့်လိုက်ကာ သံမဏိလက်အစွပ်မှလက်ချောင်းများအားထောင် လိုက်ပြီးလျှင် လေ၏လျှင်မြန်ခြင်းမျိုးဖြင့်ပြေးဝင်လာလေသည်။

"ဝှစ်. . ဝှစ်. ."

လူသူတော်သျှောင်တစောင်းသည်. . မမြသွေး၏လက် ချောင်းလေးများအားလွတ်ရုံမျှရှောင်လိုက်ပြီး လက်နှစ်ဖက်အား ဖမ်းချုပ်ရန်ပူးကပ်လိုက်ရာ မမြသွေးသည်နောက်သို့ပြန်ဆုတ်

www.burmeseclassic.com

www.burmeseclassic.com



သွားရလေသည်။

"ကျုပ်ကမတိုက်ချင်လို့ညှာနေတာကို မမြသွေးကထ
တိုက်လာရင်တော့. . ကျုပ်လည်းပြန်တိုက်ခိုက်ရလိမ့်မယ်. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ရှေ့သို့တ
လှမ်းခြင်းလျှောက်လာလေရာ မမြသွေးသည်နောက်သို့လုံးဝဆုတ
မသွားဘဲနေရာတွင်ပင်ရပ်စောင့်နေပြီး မာကျောခက်ထန်လှသော
မျက်နှာထားဖြင့် စောင့်ကြည့်နေလေသည်။

"တွင်းမေါက်မျှော်စင်သိုင်းကိုကျင့်ကြံရင်း တစ်ယော
တည်းအနေကြာလာတော့ စိတ်ဓါတ်တွေမာကျောခက်ထန်ကြ
တမ်းလာတာပေါ့မမြသွေး. . ။ ပညာမာနကြောင့် နေရာတိုင်းမှ
မာန်မာနတွေတက်နေပြီး ဆုံးဖြတ်လုပ်ကိုင်ပုံတွေမှားယွင်းရတော
တာပဲ. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်ရှေ့သို့တ
လှမ်းထပ်တိုးလိုက်ပြီးလျှင်. .

"လောကကြီးမှာ. . တောင်တစ်တောင်ထက်ပိုမြင့်သော
တောင်ဆိုတာ အမြဲရှိပါတယ်မမြသွေး။ ပညာရပ်တွေဟာ အဆုံ
မရှိပါဘူး။ အဲဒါကြောင့်. . ပညာမာနတက်နေခြင်းဟာ လူတွေ
အမြဲတမ်းဒုက္ခပေးနေတာပေါ့လေ. ."

မမြသွေး၏မျက်နှာမှာ. . ပိုမို၍မာကျောခက်ထန်လာပြ
လျှင် မျက်နှာမှာဒေါသကြောင့်နီရဲလာကာ. . ကျားပျို့မလေးကဲ့သို



သွင်သဏ္ဌာန်ဖြစ်ပေါ်နေလေသည်။

"ရှင်ကကျွန်မ့်အဖိုးကို ကျွန်မရှေ့မှာတင်သတ်ပစ်လိုက်
း ဟရားချတဲ့စကားတွေလာပြောမနေပါနဲ့တော့. . ။ ရှင့်ကိုပြန်
တ်ရမှ ပောဒီအခန်းထဲကလူတွေအားလုံးကိုသတ်ရမှ ကျွန်မ
ကျေနပ်နိုင်မယ်. ."

မမြသွေးသည် လေ၏လျှင်မြန်ခြင်းမျိုးဖြင့်လူသူတော်
သျှောင်တစောင်းအားပြေးဝင်တိုက်ခိုက်လိုက်ရာ လူသူတော်သျှောင်
စောင်းကနောက်သို့ခုန်ရှောင်ပေးလိုက်ချိန်တွင်. . ရှတ်တရက်
ာက်ပြန်လှည့်လိုက်ပြီးလျှင် အိပ်ခန်းနောက်ပေါက်မှပြေးထွက်
ပြေးလိုက်လေသည်။

"ဒီလိုမရဘူးလေကွယ်. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းထံမှအသံသဲ့သဲ့ကို
ားလိုက်ရပြီးလျှင် မမြသွေး၏နောက်ကြောသို့ခုန်ပျံရောက်ရှိ
းကာ ညာလက်ဖြင့်ပခုံးကိုရိုက်ချရန်ပြင်လိုက်သဖြင့် မမြသွေး
ထိုညာဖက်လက်အားကုတ်ဆွဲရန်ပြင်လိုက်စဉ်မှာပင် ညာလက်
လစ်ကနဲနောက်ပြန်ဆုတ်သွားပြီး ဆရာကြီး၏ဘယ်လက်ချောင်း
းက မမြသွေး၏ခါးကြောနေရာသို့တိုးဝင်သွားလေတော့သည်။

"အား. ."

မမြသွေးမှာ. . ခါးကြောနေရာကိုထိသွားသဖြင့်ရှေ့ဆက်
ပြေးနိုင်တော့ဘဲ နေရာတွင်ပုံလျက်သားလဲကျသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးလူသူတော်သျှောင်တစောင်းက စုံထောက်ကြီး ဦးဖုင်ယော်အားလှည့်ကြည့်လိုက်ကာ . .

"ဦးဇင်ယော်ရေ . . ။ တရားခံကို လက်ထိပ်ခတ်ထားလိုက်ပါ။ ကျုပ်ကမ္မေကြောကိုထိုးပိတ်ထားပေမယ့် . . မြန်သတိရလာရင် ရန်ရှာနိုင်တယ်နော်. . "

"ဟုတ်ပါရဲ့ ဆရာကြီးရယ် . . ။ မိန်းကလေးကချုပ်ကလေး ကနုနယ်သလောက် စိတ်ဓါတ်ကခက်ထန်မာကျောလှပါတယ် . . "

"အဲဒီတွင်းပေါက်မျှော်စင်သိုင်းကျင့်စဉ်က ကျင့်ကြံမိတဲ့ လူဘိုင်းကို စိတ်ဓါတ်ခက်ထန်ကြမ်းတမ်းစေတာကိုးဗျ . . ။ ပညာကိုအလွဲသုံးတဲ့လူတွေကြတော့ ပိုဆိုးတော့တာပေါ့ဗျာ . . ။ လူသတ်တဲ့အထိ အမှားတွေကျူးလွန်မိတော့တာပေါ့ . . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မေ့မြောနေသောမမြသွေးအားကြည့်ရင်း သက်ပြင်းကိုလေးလေးပင်ပင်ကြီးချလိုက်မိလေတော့သည်။

♥ ♥ ♥

ခင်ဗျားတို့စိအိုင်ဒီက သိပ်အားကိုးနေတဲ့ . . .

မြန်မာသူရဲကောင်းကြီး

မစ္စတာလူသူတော်သျှောင်တစောင်းကရော . . .

ဘယ်နေရာမှာ . . . ရောက်နေပြီလဲ။

*အတွင်းဝန်ကြီး မစ္စတာကလီမင့်*

www.burmeseclassic.com

www.burmeseclassic.com



## သျှောင်တစောင်းနဲ့ မစ္စတာကာလီမင့်

နံနက်စောစောပိုင်းသာရှိသေးသော်လည်း. . အင်းစိန်ရှိ စီအိုင်ဒီရုံးကြီးတွင် စုံထောက်အရာရှိကြီးများ၊ အင်စပက်တော်များနှင့် စစ်ရဲအဖွဲ့မှမေဂျာဒါနန်းတို့ အားလုံး စုံညီစွာရောက်ရှိနေကြပေသည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်တစ်ယောက်မှာလည်း မျက်နှာမကောင်းလှဘဲ. . အစည်းအဝေးခန်းမကြီး၏ထိပ်ရှိစားပွဲတွင်ထိုင်ရင်း ပြတင်းပေါက်မှနေ၍ အပြင်သို့ငေးမောကြည့်ရှုနေလေသည်။



အစည်းအဝေးခန်းမကြီးထဲလူအားလုံးမှာလည်း မျက်နှာများအကြီးအကျယ်ပျက်နေကြကာ. . မကြာမီရောက်ရှိလာတော့မည့် ပြည်ထဲရေးအတွင်းဝန်ကြီးမစ္စတာကာလီမင့်အားစောင့်မျှော်နေကြလေသည်။

ထိုအစည်းအဝေးခန်းမကြီးထဲတွင် အမူအရာမပျက်ဘဲ ပြုံးပြုံးရွှင်ရွှင်ရှိနေသောသူမှာ. . ရှားရှားပါးပါးတစ်ယောက်သာရှိနေပေသည်။ ထိုသူမှာ. . စစ်ရဲအဖွဲ့မှူးမေဂျာဒါနန်းပင်ဖြစ်သည်။ မေဂျာဒါနန်းက. .

"မစ္စတာစတီးဝပ်က ဒေါသကြီးလွန်းတာကိုး ဗျာ။ တရားခံကိုတစ်ပတ်အတွင်းဖမ်းမပေးနိုင်ရင် စုံထောက်အရာရှိတွေအားလုံးနုတ်ထွက်စာတင်ဖို့ အထိဝမ်နင်ပေးလိုက်ပြီး မစ္စတာစတီးဝပ်ကိုယ်တိုင်လည်းနုတ်ထွက်စာတင်ပါ့မယ်ဆိုတာတော့ မပြောသင့်ဘူးထင်တယ်။ ဒီကိစ္စက. . မစ္စတာစတီးဝပ်နဲ့မှမဆိုင်တာ။ ကိုယ့်အသာကိုယ်အေးအေးနေလို့ရလျက်သားနဲ့များ သူများပြဿနာမှာဝင်ပါလိုက်တာကတော့. . မစ္စတာစတီးဝပ်မှားသွားတယ်လို့ ကျွန်တော်ထင်ပါတယ်. . "

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏မျက်နှာမှာ ဒေါသကြောင့်နီရဲသွားကာ. .

"ခင်ဗျားအနေနဲ့ ကျွန်ုပ်ကိုဝေဖန်စရာမလိုပါဘူးမေဂျာဒါနန်း. . ။ ဟောဒီစီအိုင်ဒီအဖွဲ့ကြီးမှာ ကျွန်ုပ်ကခေါင်းဆောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဆိုတာ မိမိလက်အောက်ငယ်သားတွေအားလုံးအပေါ်မှာတာဝန်ယူရဲရမှာပေါ့. . ။ ကျွန်ုပ်ရဲ့လက်အောက်ဝန်ထမ်းတွေကိုအလုပ်ကနုတ်ထွက်ခိုင်းပြီး ကျွန်ုပ်နဲ့မဆိုင်သလိုနေဖို့အထိတော့ ကျွန်ုပ်သူရဲဘောမကြောင်ပါဘူးဗျာ. . ”

မေဂျာဒါနန်းသည် မစ္စတာစတီးဝပ်တစ်ယောက်ဒေါသထွက်သွားသည်ကိုရိပ်မိလိုက်သဖြင့် လေအေးလေးဖြင့်. .

“ကျွန်တော်ပြောတာမှားသွားပါတယ် မစ္စတာစတီးဝပ်၊ ခက်တာက. . မစ္စတာလူသူတော်သျှောင်တစောင်းကလည်း ပြည်ထဲရေးအတွင်းဝန်ကြီးမစ္စတာကာလီမင့်လိုပုဂ္ဂိုလ်မျိုးကို စိန်ခေါ်ပြီးသွားပြောထားလိုက်တော့ မစ္စတာကာလီမင့်ကစီအိုင်ဒီကိုပိုအညှိုးထားနေတာပေါ့ဗျာ. . ။ ဒါကြောင့်လည်း သုံးရက်မြောက်တဲ့နေ့မှာအရောက်လာပြီးအရှက်ခွဲဖို့လုပ်နေတာပေါ့. . ။ မစ္စတာလူသူတော်သျှောင်တစောင်းဆီက ဘာသတင်းများကြားသေးလဲ. . ”

မစ္စတာစတီးဝပ်၏မျက်နှာမှာ ပိုမိုညှိုးငယ်၍သွားကာ. .

“သူ့ဆီကတော့. . ဘာသတင်းမှ မကြားရသေးပါဘူးဗျာ။ မနေ့ညက. . တရားခံကိုဖမ်းဖို့ကြိုးစားနေတယ်လို့ သတင်းတွေကြားရပေမယ့်မအောင်မြင်ဘူးနဲ့တူပါတယ်. . ”

ထိုအချိန်တွင်ပင်. . အလွန်ကောင်းမွန်လှသောရိုးရိုက်ကားကြီးတစ်စီးသည်စီအိုင်ဒီရုံးရှေ့၌ထိုးရပ်လိုက်ကာ ကားတံခါးကိုဖွင့်၍မာန်ပါပါဖြင့်ဆင်းလာသော မစ္စတာကာလီမင့်အားတွေ့



လိုက်ကြရလေသည်။

မစ္စတာကာလီမင့်သည် အစည်းအဝေးခန်းမကြီး၏တံခါးကိုဆောင့်အောင့်တွန်းဖွင့်၍ဝင်ရောက်လာပြီးလျှင် အစည်းအဝေးခန်းထဲသို့မျက်လုံးဝေ့၍ကြည့်လိုက်ပြီး. .

“ဘယ်လိုလဲဗျ. . ။ လူသတ်တရားခံကိုမိကြပြီလား. . ။ ခင်ဗျားတို့စီအိုင်ဒီကသိပ်အားကိုးနေတဲ့ မြန်မာသူရဲကောင်းကြီးမစ္စတာလူသူတော်သျှောင်တစောင်းကရော ဘယ်နေရာမှာရောက်နေပြီလဲ။ သူကတိပေးထားတဲ့အတိုင်းဖြစ်မလာလို့. . ရှက်ရှက်နဲ့အိမ်မှာအိပ်နေပြီနဲ့တူပါရဲ့ဗျာ. . ”

မစ္စတာကာလီမင့်၏အောက်ကလိအာစကားကြောင့် စီအိုင်ဒီစုံထောက်များသည်မကျေမနပ်ဖြစ်နေကြသော်လည်း. . မိမိတို့ကိုယ်တိုင်မှာ မကြာမီနုတ်ထွက်စာတင်ကြရတော့မည်ဖြစ်၍ ဘာပြန်မပြောနိုင်ကြတော့ဘဲ ရေငုံနှုတ်ပိတ်နေကြလေသည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် မစ္စတာကာလီမင့်အားစိုက်ကြည့်လိုက်ကာ. .

“ပြည်ထဲရေးအတွင်းဝန်ကြီးမစ္စတာကာလီမင့်ထံမှာ စီအိုင်ဒီစုံထောက်မင်းကြီးတာဝန်ကိုထမ်းဆောင်နေတဲ့ ကျွန်တော့်အနေအာရးဝင်တင်ပြပါတယ်။ ကျွန်တော့်အနေနဲ့ ပေးအပ်တဲ့တာဝန်ကတ္တရားအတိုင်းလိုက်နာဆောင်ရွက်နိုင်ခြင်းမရှိခဲ့တဲ့အတွက်ယခုအချိန်ကစပြီး စုံထောက်မင်းကြီးရာထူးတာဝန်ကနုတ်ထွက်ပေးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အလားတူပဲ စီအိုင်ဒီစုံထောက်အရာရှိတွေရဲ့နှုတ်ထွက်စာတွေကို. . နေ့လည်ဝစ်နာရီအရောက် မစ္စတာကလီမင့်ရဲ့စားပွဲပေါ်ကိုပို့ပေးပါ့မယ်. . "

မစ္စတာကလီမင့်သည်. . သူ၏မယားညီအစ်ကိုဖြစ်သော ရာဇဝတ်အုပ်ဒေးဗစ်ဖနီမင်းအား စီအိုင်ဒီစုံထောက်မင်းကြီးနေရာသို့ပြောင်းလဲခန့်ထားလိုသူဖြစ်သောကြောင့် ကောက်ကျစ်စွာပြုံးလိုက်ပြီး. .

"မစ္စတာစတီးဝပ်အနေနဲ့. . စုံထောက်မင်းကြီးရာထူးကနှုတ်ထွက်မယ်ဆိုတာကတော့ ခင်ဗျားရဲ့ဂုဏ်သိက္ခာနဲ့ပတ်သက်နေတာမို့ ကျွန်ုပ်အနေနဲ့ဘာမျှမဝေဖန်လိုပါဘူး။ ဒါပေမယ့်. . မစ္စတာစတီးဝပ်လိုပုဂ္ဂိုလ်ကြီးရဲ့ကိစ္စမှာ ကျွန်ုပ်အနေနဲ့ဆုံးဖြတ်ချက်မချနိုင်တဲ့ကိစ္စမို့ ဘုရင်ခံဆီကိုတင်ပြပေးပါ့မယ်လေ. . "

"ဘုရင်ခံဆီကိုတင်ပြပေးရမယ့်ကိစ္စက စုံထောက်မင်းကြီးမစ္စတာစတီးဝပ်နဲ့စီအိုင်ဒီစုံထောက်တွေနှုတ်ထွက်စာတင်မယ့်ကိစ္စမဟုတ်ပါဘူး။ အငြိမ်းစားအရာရှိကြီးသုံးယောက်ကိုသတ်သွားတဲ့လူသတ်မှုတရားခံကို. . စီအိုင်ဒီအချုပ်ခန်းထဲမှာလိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီး မကြာမီအချိန်မှာပဲရုံးတင်စစ်ဆေးနိုင်ဖို့စီစဉ်နေပြီဆိုတဲ့အကြောင်းပါပဲ မစ္စတာကလီမင့်. . "

တည်ကြည်လေးနက်၍ ဩဇာထက်မြက်လှသောစကားသံက အခန်းဝမှထွက်ပေါ်လာသောကြောင့်အခန်းထဲရှိလူအားလုံး



က အခန်းဝဆီသို့လှမ်းကြည့်လိုက်ကြလေသည်။

"မစ္စတာလူသူတော်သျှောင်တစောင်း. . "

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏ပါးစပ်မှအာမေဋိတ်သံထွက်ပေါ်လာပြီးလျှင် အခန်းထဲသို့တစ်လှမ်းခြင်းလျှောက်လှမ်းရင်းဝင်ရောက်လာသော ဆရာကြီးလူသူတော်သျှောင်တစောင်းအားတအံ့တဩငေးမော၍ကြည့်နေမိလေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ အဝတ်အစားများမှာအလွန်တရာညစ်ပတ်ပေရေလျှက်ရှိပြီးလျှင်. . ရှမ်းဘောင်းဘီ၏ခြေထောက်အဖျားဘက်ဆီ၌သွေးများဖြင့်စွန်းထင်းနေသည်ကိုတွေ့ရလေသည်။

အစည်းအဝေးခန်းမကြီးထဲရှိ စုံထောက်အရာရှိကြီးများသည်. . ဝမ်းသာမှုကိုဖုံးကွယ်မထားနိုင်ကြတော့ဘဲ မစ္စတာကလီမင့်ရှိနေသည်ကိုပင်သတိမေ့လျော့သွားကာ ဝမ်းသာအားရအားပေးလိုက်ကြသည့်အသံများက ဝေါကနဲထွက်ပေါ်လာလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် အတွင်းဝန်ကြီးမစ္စတာကလီမင့်အားစူးစိုက်ကြည့်လိုက်ကာ. .

"လူသတ်တရားခံမမြသွေးကို စီအိုင်ဒီအချုပ်ခန်းထဲမှာ ထောက်ကြီးဦးဇင်ယော်နဲ့အဖွဲ့ကစစ်ဆေးနေပါပြီ. . ။ မမြသွေး အဖိုးဖြစ်တဲ့အင်းလျားလမ်းခြံအမှတ်(---)မှာနေတဲ့ ရွှေကုန်သည် သူဌေးကြီးဦးမောင်လှအမည်ခံထားတဲ့. . ဦးရွှေမှီးဆိုသူကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



အသေဖမ်းဆီးရမိပါတယ်. . ။ ဦးရွှေမိုးဟာ. . လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်လောက်က ရန်ကုန်မြို့မှာအင်မတန်နာမည်ကြီးခဲ့တဲ့ရွှေကုန်သည်ကြီးစုနီယာဆင်းကိုသတ်ပြီး ရွှေတွေလုယက်ယူသွားတဲ့အမှုကြီးရဲ့တရားခံပါပဲ. . ။ အဲဒီအမှုဟာတရားခံမပေါ်ခဲ့လို့ ယခုအချိန်ထိအမှုမပိတ်နိုင်သေးဘဲရှိနေတာကို အမှုတွဲဟောင်းတွေပြန်လှန်စစ်ဆေးလိုက်ရင် တွေ့ကြရမှာပါ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အားပြုံးပြလိုက်ကာ. .

"ကျုပ်ကိုပြန်ခွင့်ပြုပါဦး. . မစ္စတာစတီးဝပ်။ မကြာခင်စုံထောက်ကြီးဦးဇင်ယော်ရောက်လာပါလိမ့်မယ်။ အသေးစိတ်အဖြစ်အပျက်တွေကို သူကိုယ်တိုင်အစီရင်ခံပါလိမ့်မယ်. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းက အခန်းတွင်းရှိစီအိုင်ဒီစုံထောက်ကြီးများအားပြုံးပြနှုတ်ဆက်လိုက်ကာ အစည်းအဝေးခန်းမကြီးထဲမှပြန်လည်ထွက်ခွာသွားလေတော့သည်။

♥ ♥ ♥

ရွှေကုန်သည်ကြီးစုနီယာဆင်းဆိုတဲ့သူဌေးကြီးတစ်ယောက်အိမ်မှာစားပြတိုက်ခံရပြီး ကျားကုတ်ခံရတဲ့ဒါဏ်ရာတွေနဲ့သေဆုံးတဲ့အမှုဖြစ်ပွားခဲ့ဖူးတယ်ဆိုတာနဲ့ အဲဒီအမှုမှာလည်းတရားခံကိုလုံးဝဖမ်းလို့မမိခဲ့ဘူးဆိုတာကိုပါသိခဲ့ရတယ်။

လူသူတော်သျှောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်သိရှိရခြင်း

ယနေ့နံနက်စာကိုစားသောက်နေရသည်မှာ ကျွန်ုပ်အတွက်အလွန်ဖိမ်ကျနေပေသည်။

ဇနီးသည်ခင်ခင်ကြီးကိုပဲခူးသို့လွှတ်ထားရသဖြင့် မောင်ဆိတ်ကျောင်းတစ်ယောက် မလုပ်တတ်၊ လုပ်တတ်ဖြင့်ချက်ပြုတ်ကျွေးမွေးသမျှဖြင့်သာ တင်းတိမ်ရောင့်ရဲနေခဲ့ရသောကျွန်ုပ်သည် ဇနီးသည်ခင်ခင်ကြီးပဲခူးမှပြန်ရောက်လာပြီဖြစ်၍ နှပ်ထားသောကော်ဖီတစ်ခွက်နှင့်ပေါင်မုန့်ထောပတ်သုတ်ကိုစားကာ ဖိမ်ကျနေခြင်းဖြစ်ပေသည်။



"ကိုကိုရယ်. . ။ ကိုကိုတစ်ယောက်ကတော့ ခင်မရှိတာနဲ့ လုပ်ချင်ရာလုပ်တော့တာပဲ. . ။ မသေကောင်း၊ မပျောက်ကောင်းပါပဲနော်. . ။ ခင့်မှာဖြင့်. . သတင်းစာဖတ်လိုက်ရကတည်းကပြန်လာချင်နေတာ. . ။ ကိုကိုတို့လုပ်လိုက်မှဖြင့် ရင်ထိတ်စရာပဲ. . "

ကျွန်ုပ်၏ဇနီးခင်ခင်ကြီးမှာ မောင်ဆိတ်ကျောင်းကဖေါက်သည်ချထားသဖြင့် အကြောင်းစုံကိုကြားသိထားပြီးဖြစ်ရာ ကျွန်ုပ်အားတတွတ်တွတ်ဖြင့်မြည်တွန်တောက်တီးနေလေတော့သည်။

ကျွန်ုပ်မှာလည်း. . ခင်ခင်ကြီး၏စကားများကမှန်နေသဖြင့် ဘာမျှတုန့်ပြန်ပြောဆိုခြင်းမပြုတော့ဘဲ ပြုံးလျှက်သာနေလေတော့သည်။

"တော်ပြီ. . ကိုကိုရယ်။ နောက်ဆိုရင် ဘယ်တော့မှခရီးဝေးညအိပ်ညနေမသွားတော့ဘူး. . ။ ကိုကိုဆိုတဲ့လူကြီးက လွှတ်ထားလို့မရဘူး. . "

"အင်းပါ. . ခင်ခင်ရယ်။ ကိုကိုကလည်း ခင်ခင့်ကိုဘယ်မှ မလွှတ်တော့ပါဘူး. . "

ကျွန်ုပ်တို့လင်မယားနှစ်ယောက် အပြန်အလှန်ပြောဆိုနေကြစဉ် စုံထောက်ကြီးဦးဇင်ယော်၏စကိုဒါကားလေးကအိမ်ရှေ့သို့ရောက်ရှိလာကာ စုံထောက်ကြီးဦးဇင်ယော်သည်ကားပေါ်မှဆင်းလာလေတော့သည်။

"ဘယ့်နှယ့်ဗျာ. . ။ လင်မယားနှစ်ယောက် သုံးလေးရက်

www.burmeseclassic.com

www.burmeseclassic.com



လောက်ဝေးနေကြတာနဲ့ . . ပြောစရာစကားတွေက မကုန်နိုင်ကြ တော့ဘူးလား . . ”

“စကားကောင်းပြောနေတာမဟုတ်ဘူး ဦးဇင်ယော် ကျုပ်ကို . . အသက်ကြီးမှလူမိုက်လုပ်တယ်ဆိုပြီး ဆူညံပူညံလုပ် တာဗျ . . ”

စုံထောက်ကြီးဦးဇင်ယော်သည် သဘောကျစွာရယ် လိုက်ပြီးလျှင် . .

“ကဲပါ . . မခင်ခင်ကြီးရယ်။ ကြီးမှမိုက်တဲ့ ‘ကြီးမိုက်’ ကို နောက်မှပူညံဆူညံဆက်လုပ်ပါ။ ကျွန်တော်က ဧည့်သည် ဗျာ။ ဧည့်သည်ကဒီအတိုင်းထိုင်နေရပြီး အိမ်ရှင်ကကော်ဖီ နဲ့ဆိုတော့ . . ကြည့်လို့မကောင်းပါဘူး။ လုပ်ပါဗျာ . . မခင်ခင် ရဲ့လက်ရာနဲ့ဝေးနေတာလည်း ကြာလှပါပြီ . . ”

ခင်ခင်ကြီးနှင့်စုံထောက်ကြီးဦးဇင်ယော်တို့မှာ . . တ တို့အိမ်ထောင်မကျမီအချိန်ကပင် ရင်းနှီးခင်မင်ခဲ့ကြသူများ ကြကာ ဆရာကြီးလူသူတော်သျှောင်တစောင်းနှင့်သျှောင်ပေ ထော်တို့ကိစ္စတွင် . . ခင်ခင်ကြီး၏အသက်ကို ဆရာကြီးလူသူ သျှောင်တစောင်းကကယ်တင်ပေးခဲ့ပြီးနောက်ပိုင်းတွင်မှ ကျွန် ခင်ခင်ကြီးတို့မှာအိမ်ထောင်ကျခဲ့ရခြင်းဖြစ်ပေရာ အလွန်ရင်း ကြသူများဖြစ်သောကြောင့် ပြောမနာ၊ ဆိုမနာမိတ်ဆွေများဖြ ကြပေသည်။



ခင်ခင်ကြီးက ဦးဇင်ယော်အားမျက်စောင်းထိုးလိုက်ပြီး ထိုင်နေရာမှထကာ ကော်ဖီသွားဖျော်ရန်ပြင်လိုက်သည်။

“ဒုက္ခပေးတယ်လို့တော့မထင်ပါနဲ့ဗျာ . . ။ ဖျော်လက်စနဲ့ နောက်ထပ်တစ်ယောက်စာပါထပ်ဖျော်လိုက်ပါ . . ။ ဧည့်သည်တစ်ယောက်လည်း လာစရာရှိနေလို့ပါ . . ”

ကျွန်ုပ်သည်ဦးဇင်ယော်၏စကားကြောင့် အလွန်အံ့ဩသွားမိကာ . .

“နေပါဦးဗျ . . ။ ဧည့်သည်တစ်ယောက်လာမယ်ဆိုတာက ဘယ်ဧည့်သည်လဲဗျ . . ”

စုံထောက်ကြီးဦးဇင်ယော်ကသဘောကျစွာပြုံးရယ်လိုက်ပြီးလျှင် . .

“ဆရာကြီးလူသူတော်သျှောင်တစောင်းက . . ခင်ဗျားတို့လင်မယားနဲ့အေးအေးဆေးဆေးစကားပြောချင်လို့ အလည်လာခဲ့မယ်ဆိုပြီးဖုန်းဆက်ချိန်းလိုက်လို့ ကျုပ်ကဒီမှာလာစောင့်နေတာဗျ . . ”

စုံထောက်ကြီးဦးဇင်ယော်၏စကားဆုံးသွားသောအချိန်မှာပင် ဧည့်ခန်းထဲရှိကျွန်းတိုင်ကြီး၌ပေါ်သို့ဒေါင်းမြီးတပ်မြားတစ်စင်းက ‘ဒိုး’ကနဲအသံပေးကာပြေးဝင်စိုက်လာသဖြင့် . . ကျွန်ုပ် လည်းဝမ်းသာအားရပင် . .

“ဟော . . ပြောရင်းဆိုရင်း ဆရာကြီးတော်လာပြီ . . ”

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးသည်လည်း ဆရာကြီးအားရှိသေရင်းစွဲရှိ သူဖြစ်သောကြောင့် ကော်ဖီဖျော်ရန်အိမ်နောက်သို့ ပြေးဝင်သွာ လေတော့သည်။

ဆရာကြီးသည် အိမ်ပေါ်သို့ပြုံးရွှင်စွာတက်လာပြီးလ ဧည့်ခန်းထဲသို့ တစ်ချက်မျှအကဲခတ်၍ကြည့်လိုက်ပြီး. .

"ဩော်. . ။ ဦးသိန်းမောင်က ခင်ခင်ကြီးပြန်ရောက်လ လို့ ကောင်းစားနေတာကို ဦးဇင်ယော်က မနာလိုဖြစ်နေပြီး ကော် ဖီအဘင်းဖျော်တိုက်ခိုင်းနေတယ်နဲ့ တူပါရဲ့. . "

ကျွန်ုပ်သည် ဆရာကြီး၏လူကဲခတ်အတတ်ပညာကို စားပြီးဖြစ်သည့်အတိုင်း. .

"ဟုတ်ပါရဲ့. . ဆရာကြီးရယ်။ ဦးဇင်ယော်ကြီးက ကျွ တော်ကော်ဖီမတွေ ဘာတွေဇိမ်နဲ့သောက်နေရတာကိုမြင်လို့ မနာ ဖြစ်ပြီး ခင်ခင်ကြီးကိုကော်ဖီသွားဖျော်ခိုင်းနေတာ ခင်ဗျ. . "

"မနာလိုဖြစ်တာလောက်က ပြဿနာမဟုတ်ပါဘူးလေ အားတော့သွားမကျလိုက်နဲ့ဦးဇင်ယော်ရေ့. . ။ အသက်ကြီးမှ တွေရောက်ပြီး မရှုနိုင်မကယ်နိုင်ဖြစ်နေမှာနော်. . ။ အဲဒီကိစ္စ ကိုတော့ ကျုပ်လည်းမကယ်တတ်ဘူးဗျ. . "

ဆရာကြီး၏စကားကြောင့် ကျွန်ုပ်တို့နှစ်ယောက်မှာအ ပါးတရရယ်မောလိုက်မိကြလေသည်။

ထိုအချိန်တွင်. . ခင်ခင်ကြီးက ကော်ဖီနှင့်မုန့်များထ



အားသည့်ဗန်းကိုကိုင်လာကာ ဆရာကြီးနှင့်စုံထောက်ကြီးဦးဇင် ယော်တို့အားတည်ခင်းပေးလိုက်လေသည်။

"သုံးဆောင်ပါဦး. . ဆရာကြီးရယ်။ ဆရာကြီးက ကျွန်မ တို့လင်မယားနဲ့စကားပြောချင်တယ်လို့ စုံထောက်ကြီးဦးဇင်ယော် ပြောတာကြားလိုက်လို့. . ဘာများအကြောင်းထူးရှိလို့လဲဆိုတာ သိချင်လှပါတယ်ရှင်. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ခင်ခင်ကြီး အားပြုံး၍ကြည့်လိုက်ပြီးလျှင်. .

"ဩော်. . ။ ဘာမှတော့ အကြောင်းထူးမရှိပါဘူးခင်ခင် ကြီးရယ်. . ။ ကျုပ်တို့က. . လူသတ်တရားခံကိုဖမ်းမိဖို့အရေးမှာ လွှဲမရှောင်သာတဲ့အခြေအနေကိုရောက်နေတာမို့ ဦးသိန်းမောင် ကိုတည်ကြက်ပြုပြီးအသုံးချလိုက်ရတဲ့ကိစ္စမှာ. . ကျုပ်အနေနဲ့ ဦး သိန်းမောင်ရဲ့ဇနီးဖြစ်တဲ့ခင်ခင်ကြီးကို တောင်းပန်သင့်တယ်လို့ ဆိုပြီး တောင်းပန်စကားပြောဖို့ပါပဲ. . "

"ရပါတယ်ဆရာကြီးရယ်. . ။ အဲဒီအတွက်. . ခင်ခင်ကြီး ကလည်းပါတယ်ရှင်. . ။ ဆရာကြီးစိတ်အနှောင့်အယှက်မဖြစ်ပါ စေနဲ့တော့. . "

ခင်ခင်ကြီးသည် ဆရာကြီးအားအလွန်ရိုသေသူဖြစ်သည့် အတိုင်း ရှိသေစွာဖြေကြားလိုက်ပြီးလျှင်. .

"ဆရာကြီးအနေနဲ့ အခြားပြောစရာစကားမရှိဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုသွားခွင့်ပြုပါနော်. . ။ ဆရာကြီးတို့ အေးအေးဆေးဆေး စကားပြောနိုင်အောင်လို့ပါရှင်. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းကခေါင်းညိတ်ပြ လိုက်သောကြောင့် ခင်ခင်ကြီးသည်အိမ်နောက်ဘက်သို့ထွက်ခွာ သွားလေတော့သည်။

“ဦးဇင်ယော်ရေ. . ။ မမြသွေးဆီက စစ်ချက်မှတ်တမ်း တွေမိတ္တူကူးယူလာရဲ့လား. . ”

“ဟုတ်ကဲ့. . ယူလာပါတယ်ဆရာကြီး။ ဦးသိန်းမောင်က ဒီအမှုကြီးထဲမှာအဓိကဇာတ်လိုက်ဖြစ်နေတာမို့ သူ့အတွက်လည်း မိတ္တူတစ်စုံကူးယူလာခဲ့ပါတယ်. . ”

“ကောင်းတယ်ဗျာ။ ဒါဆိုရင်တော့. . ဦးသိန်းမောင်ကို ကျုပ်အနေနဲ့သိပ်ရှင်းပြစရာမလိုတော့ဘူးပေါ့. . ”

“ဒီလိုတော့လည်းမဟုတ်ပါဘူး. . ဆရာကြီးရယ်။ ကျွန် တော့်စိတ်ထဲမှာလုံးဝမရှင်းတဲ့ကိစ္စကိုတော့ ရှင်းပြပေးပါဦး. . ”

“ဘာကိစ္စများလဲ. . ဦးသိန်းမောင်”

“ဆရာကြီးက ဦးရွှေမိုးဆိုတဲ့ပုဂ္ဂိုလ်ကြီးကိုစတွေ့တွေ့ခြင်း မှာပဲ ရွှေကုန်သည်သူဌေးကြီးဦးမောင်လှအဖြစ်အမည်ခံထားတဲ့ တွင်းပေါက်မျှော်စင်သိုင်းပညာရှင်ဦးရွှေမိုးဆိုတာနဲ့ သူဟာလွန်ခဲ့ တဲ့အနှစ်သုံးဆယ်လောက်က ရွှေကုန်သည်ကြီးစူနီယာဆင်းကို သတ်လိုက်တဲ့တရားခံဆိုတာ ဘယ်လိုများသိသွားတာလဲလို့. . ကျွန်



တော်သိချင်လို့ပါဆရာကြီး. . ”

“ကျုပ်တို့တိုးကြောင်ကလေးရွာကို မောင်သန်းဟန်ကိစ္စ မ်းဖို့သွားကြတုန်းက ခင်ဗျားတို့ရွာထဲမှာသွားစုံစမ်းနေကြတဲ့ အချိန်မှာ ကျုပ်ကရွာဦးဆရာတော်ကျောင်းကိုဝင်ဖူးတာ မှတ်မိ သေးလားဦးသိန်းမောင်. . ”

“ဟုတ်ကဲ့. . မှတ်မိပါတယ် ဆရာကြီး”

“အဲဒီရွာဦးဆရာတော်ကျောင်းမှာ. . ကပ္ပိယကြီးဦးမဲ့သီး တာရှိတယ်ဗျ။ ကျုပ်နဲ့သူနဲ့က. . မုံရွာဘက်မှာဆုံခဲ့ကြဖူးတယ်။ င်းဘောင်မှာဘုရားတည်တုန်းကဆို. . တစ်လလောက်တောင် တူတူနေလာခဲ့ကြတာဗျ။ ကျုပ်နဲ့က အလွန်ရင်းနှီးတဲ့မိတ်ဆွေ တွေပေါ့ဗျာ. . ”

“ဪ. . ဆရာကြီးက ကပ္ပိယကြီးဦးမဲ့သီးနဲ့သွားတွေ့နေ တာကိုး. . ”

“ဟုတ်ပဗျာ. . ။ ဦးမဲ့သီးဟာ သာသနာပြုလုပ်ငန်းတွေ လုပ်နေပေမယ့် သူအမြဲအခြေချနေတာက တိုးကြောင်ကလေးရွာ ဆိုတော့ ရွာထဲကအကြောင်းတွေအကုန်သိနေတာပေါ့. . ။ ဒါ ကြောင့်လည်း. . မောင်သန်းဟန်ရဲ့အဖေဦးရွှေမိုးအကြောင်းနဲ့သူ ဟာငယ်ငယ်တုန်းက အိန္ဒိယနယ်စပ်ဘက်အထိခရီးလှည့်လည်ခဲ့ ပြီး ထူးထူးဆန်းဆန်းသိုင်းပညာတွေကိုလည်းတတ်မြောက်ခဲ့တယ် ဆိုတာကိုပါသိလိုက်ရတာပေါ့။ အဲဒီဦးရွှေမိုးဟာ. . လွန်ခဲ့တဲ့နှစ်သုံး

www.burmeseclassic.com

www.burmeseclassic.com



ဆယ်လောက်က ရွာကိုနောက်ဆုံးရောက်လာခဲ့ပြီး . . လုံးဝခြေရာပျောက်သွားတယ်ဆိုတာရော၊ အဲဒီနောက်ပိုင်းမှာမောင်သန်းဟန်တို့မိသားစုဟာစားဝတ်နေရေးအတွက်မပူပင်ကြရဘဲ . . ငွေကြေးအင်မတန်ကြွယ်ဝချမ်းသာလာကြတဲ့အကြောင်းတွေကိုပါသိလိုက်ရတော့ ဦးရွှေမိုးဆိုတာအသက်ထင်ရှားရှိနေနိုင်တယ်လို့တွေးမိလိုက်တယ် . . ”

“ကျုပ်စိတ်ထဲသိပ်မသက်သာတာနဲ့ ကပ္ပိယကြီးဦးမှဲ့သီးကိုအဲဒီလိုဦးရွှေမိုးနောက်ဆုံးရောက်လာခဲ့တဲ့အချိန်တုန်းက ရန်ကုန်မြို့မှာ ဘယ်လိုရာဇဝတ်မှုတွေများကြီးကြီးကျယ်ကျယ်ဖြစ်ခဲ့သေးသလဲဆိုတာစုံစမ်းလိုက်တော့ ရွှေကုန်သည်ကြီးစူနီယာဆင်းဆိုတဲ့သူဌေးကြီးတစ်ယောက်အိမ်မှာဓားပြတိုက်ခံရပြီး ကျားကုတ်ခံရတဲ့ဒါဏ်ရာတွေနဲ့သေဆုံးတဲ့အမှုဖြစ်ပွားခဲ့ဖူးတယ်ဆိုတာနဲ့ အဲဒီအမှုမှာလည်း တရားခံကိုလုံးဝဖမ်းလို့မမိခဲ့ဘူးဆိုတာကိုပါသိခဲ့ရတယ်။ သေချာအောင်လို့ . . ပုလိပ်မင်းကြီးရုံးကပုလိပ်ဂေဇက်မှာသွားရှာကြည့်လိုက်တော့ အဲဒီအမှုဟာတရားခံမပေါ်သေးလို့အမှုမပိတ်ရသေးဘူးဆိုတာကိုပါ သိလိုက်ရတယ်လေ . . ”

“အဲဒီတော့ . . ရွှေကုန်သည်ကြီးစူနီယာဆင်းကိုသတ်တာဦးရွှေမိုးပဲဖြစ်မယ်လို့ ကောက်ချက်ချလိုက်နိုင်ပြီး . . ဦးရွှေမိုးရဲ့သိုင်းပညာဟာ . . တွင်းပေါက်မျှော်စင်သိုင်းပညာဆိုတာကိုလည်းကျုပ်ရဲ့အတွေ့အကြုံအရသိထားရတာမို့ ဦးရွှေမိုးကိုတွေ့တာနဲ့



အတိအကျပြောလိုက်နိုင်တာပါ . . ”

ကျွန်ုပ်သည် . . ဆရာကြီးကရှင်းပြလိုက်သောအခါတွင်မှဦးရွှေမိုးဆိုသောသိုင်းပညာရှင်ကြီးအကြောင်းကိုနားလည်သွားကာအလွန်အံ့ဩသွားမိလေတော့သည်။

“ကျွန်တော့်အိမ်မှာ ကျားထောင်ချောက်ဆင်ပြီးဖမ်းတုန်းက ဦးရွှေမိုးရောက်လာမယ်လို့ဆရာကြီးကကြိုသိနေတာလား . . ”

“မှန်တာကိုဝန်ခံရရင်တော့ . . အဲဒီအချိန်မှာ ဦးရွှေမိုးနဲ့မြေသွေးတို့နှစ်ယောက်မှာ ဘယ်သူရောက်လာမယ်ဆိုတာကိုတော့ကြိုမသိခဲ့တာအမှန်ပါပဲ . . ။ ဒီလောက်နှစ်တွေအကြာကြီးမှာ ဘာတွေအပြောင်းအလဲဖြစ်နေတယ်ဆိုတာကိုတော့ ကျုပ်လည်းကြိုပြီးခန့်မှန်းနိုင်ဘူးလေဗျာ . . ။ ဒါပေမယ့် . . ဦးရွှေမိုးသာအသက်ထင်ရှားရှိနေသေးရင် သူကိုယ်တိုင်ပဲရောက်လာဖို့များတာမို့ သူရောက်လာခဲ့ရင်မမြဲသွေးကိုပါအမိဖမ်းနိုင်ဖို့ ကြိုတင်အကွက်ဆင်ထားခဲ့တာပါပဲ . . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းက . . ပြုံး၍ဖြေလိုက်ပြီးလျှင် စုံထောက်ကြီးဦးဇင်ယော်ဘက်သို့လှည့်လိုက်ကာ . .

“ကျုပ်ကိုယ်တိုင်လည်း . . ဦးရွှေမိုးရဲ့နောက်ပိုင်းအဖြစ်အပျက်တွေကိုအင်မတန်သိချင်နေတာမို့ . . ဦးဇင်ယော်ဆီက အမှုစစ်ဆေးချက်တွေကိုဖတ်ချင်နေတာဗျ . . ”

“ဟုတ်ကဲ့ . . ဆရာကြီး။ ကျွန်တော့်ဘက်က အားလုံးစစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေးပြီးပါပြီ..။ မမြသွေးရဲ့အစစ်ခံချက်တွေကို ဆရာကြီးနဲ့ဦးသိန်းမောင်တို့ဖတ်ဖို့.. စာသင်မောင်လေးကို မိတ္တူနှစ်စောင်ကူးရေးခိုင်းပြီးယူလာခဲ့ပါတယ်.."

ဦးဇင်ယော်ကပြောပြောဆိုဆိုပင်.. အိတ်ထဲမှ စာရွက်စာတမ်းများထည့်ထားသည့် ဖိုင်နှစ်ဖိုင်ကိုထုတ်၍.. ဆရာကြီးနှင့်ကျွန်ုပ်အားကမ်းပေးလိုက်လေတော့၏။

ကျွန်ုပ်သည် ထမံသီကျားမင်း၏အဖြစ်အပျက်များအားစိတ်အေးလက်အေးဖတ်ရှုရတော့မည်ဟုတွေးကာ အလွန်ပင်ပီတိဖြစ်မိနေလေတော့သတည်း။

(အောက်တွင်ဆက်လက်ဖော်ပြမည့်အဖြစ်အပျက်များမှာ ထမံသီကျားမင်းခေါ် မမြသွေး၏အစစ်ခံချက်များဖြစ်ပြီး စာဖတ်သူများမပျင်းရိစေရန် ဝတ္ထုအဖြစ်ရေးသားဖော်ပြပါသည်)

♥ ♥ ♥

မှတ်ထားကြမောင်တို့...။

လူဆိုးလုပ်ချင်တယ်ဆိုရင် ဆိုးချင်သလောက်ဆိုးလို့ရတယ်။

ဒါပေမယ့်...မယုတ်မာရဘူး။ ကတိမဖျက်ရဘူးကွယ့်။

လူစွန့်စားကြီး အောင်ဘချို

www.burmeseclassic.com

www.burmeseclassic.com



## လူစွန့်စားကြီးအောင်ဘချို

ထိုအချိန်က တိုးကြောင်ကလေးရွာလေးသည်လူနေကျဲပါးလှပြီးလျှင် အိမ်ခြေတစ်ရာကျော်သာရှိသောရွာလေးတစ်ရွာမျှသာဖြစ်ပေသည်။

တိုးကြောင်ကလေးရွာသူရွာသားများမှာ အများအားဖြင့်လယ်ငန်းခြင်းဖြင့်အသက်မွေးနေကြသော်လည်း . အချို့ရွာသားများမှာ မြို့သို့တက်၍အရောင်းအဝယ်သွားရောက်လုပ်ကိုင်တတ်ကြပေသည်။

ထိုရွာ၏အဝင်လမ်းဘေး၌ . တဲအိမ်ကလေးတစ်လုံးရှိ၍



ထိုတဲအိမ်လေးတွင်နေထိုင်သူများမှာ မောင်ရွှေမိုးနှင့်မလေးငယ်တို့မိသားစုပင်ဖြစ်ကြပေသည်။

မောင်ရွှေမိုး၏မိဘများမှာ လွန်ခဲ့သောတစ်နှစ်ကျော်ကကွယ်လွန်သွားကြပြီဖြစ်၍ မောင်ရွှေမိုးတို့လင်မယားနှစ်ယောက်မှာတစ်ဦးတည်းသောသားလေးမောင်သန်းဟန်နှင့်အတူ နေထိုင်နေကြရခြင်းဖြစ်ပေသည်။

မောင်ရွှေမိုးမှာ အလွန်ကြီးပွားချမ်းသာလိုသောလူငယ်တစ်ဦးဖြစ်ပေရာ မိရိုးဖလာလယ်လုပ်ငန်းကိုလုပ်ကိုင်ရန်မှာလည်းကိုယ်ပိုင်ခြံမြေများမှာ မိဘနှစ်ပါးမကျန်းမာစဉ်ကဆေးကုသရာတွင်အကုန်လုံးရောင်းချခဲ့ရပြီးဖြစ်သောကြောင့် လယ်ယာလုပ်ငန်းတွင်သူရင်းငှါးဘဝဖြင့်ဝင်ရောက်လုပ်ကိုင်လိုစိတ်မရှိတော့ဘဲ မြို့တက်၍သာကြုံရာလုပ်ငန်းများကိုလုပ်ကိုင်နေပြီး သုံးလေးရက်တွင်တစ်ခါမျှအိမ်သို့ပြန်ရောက်လာကာ ဇနီးနှင့်သားငယ်အတွက်ရှာဖွေရသမျှငွေများကိုပေးသွားလေ့ရှိပေသည်။

မောင်ရွှေမိုးသည် မလွဲသာလွန်း၍သာမြို့တက်၍စီးပွားရှာနေရသော်လည်း မိသားစုအားချမ်းချမ်းသာသာထားလိုသူဖြစ်ပေရာ အမြန်ဆုံးဖြတ်လမ်းနည်းဖြင့်ချမ်းသာနိုင်ရန်အတွက်အမြဲတမ်းကြံဆနေသူပင်ဖြစ်သည်။

ဤသို့ဖြင့် . သားလေးမောင်သန်းဟန် သုံးနှစ်သားအရွယ်ရောက်သည့်အချိန်တွင် မောင်ရွှေမိုးသည်လမ်းလျှောက်တတ်သော

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်တွင်ဈေးရောင်းနေရင်း အောင်ဘချိုဆိုသည့်လူထူးဆန်းကြီး
တစ်ဦးနှင့် အမှတ်မထင်ဆုံမိကြရလေတော့သည်။

ထိုနေ့ကလည်း . . မောင်ရွှေမိုးသည် သင်္ဘောဆိပ်တွင်
ထုံးစံအတိုင်းဈေးရောင်းပြီး၍ . . ဂိုဒေါင်များအကြားရှိ သူတို့ပျံကျ
ဈေးသည်များအိပ်သည့်နေရာတွင် စိတ်အေးလက်အေးအိပ်စက်
အနားယူနေလေသည်။

ထိုဂိုဒေါင်များမှာ . . ဗြိတိသျှအစိုးရပိုင်ဆိုင်သည့်ဂိုဒေါင်
များဖြစ်ကာ မောင်ရွှေမိုးတို့လိုနယ်မှပျံကျဈေးလာရောင်းသူများ
အနေဖြင့် ညဘက်တွင်ကိုယ်ပိုင်အိပ်စက်ရန်နေရာများသတ်မှတ်
ထားကြကာ ဂိုဒေါင်များအကြားတွင်နေရာယူထားကြခြင်းဖြစ်
သည်။

မောင်ရွှေမိုးတို့လို ရိုးရိုးသားသားရောင်းဝယ်စားကြသူ
များနှင့်အတူ . . သူခိုးများ၊ လူမိုက်များကလည်း၎င်းနေရာတွင်လာ
ရောက်၍ညအိပ်စတည်းချတတ်ကြသဖြင့် ညဘက်ဆိုလျှင်အရက်
ပုန်းရောင်းချသူများ၊ လမ်းဘေးထမင်းဆိုင်ရောင်းချသူများ၊ ဆေး
လိပ်ကွမ်းယာရောင်းချသူများဖြင့် စည်ကားနေပေတော့သည်၊

မောင်ရွှေမိုးအိပ်သည့်နေရာလေးမှာ အစွန်ဆုံးကျသော
ဂိုဒေါင်နှစ်လုံးကြားတွင်ဖြစ်နေသောကြောင့် အတန်ငယ်မှလူပြတ်
သောနေရာဖြစ်ပေသည်။ မောင်ရွှေမိုးသည်အညာစောင်လေး
ခေါင်းပေါ်ခြုံ၍အိပ်စက်နေရာမှ . . ဆူဆူညံညံအသံများကြောင့်



အိပ်ပျော်နေရာမှလန့်နိုးလာလေတော့သည်။

"ခင်ဗျားကြီးက . . အတော်လျှင်တာပဲ။ ကျုပ်တို့ကလိုက်
ရှာနေရင်းနဲ့ မျက်စေ့အောက်မှာတင်ပျောက်သွားတယ်။ အတော်
သွက်တဲ့အဖိုးကြီးပဲ . . ဟဲ . . ဟဲ . ."

"ကျုပ်ကလည်း . . မောင်တို့နဲ့ ပြဿနာမဖြစ်ချင်လို့
တမင်ရှောင်ထွက်လာတာပါကွယ်။ ကျုပ်နဲ့မောင်တို့ကြားမှာ ဘာ
တွေများအမှားရှိခဲ့လို့လဲ . ."

"ဘာမှတော့ . . အမှားမရှိပါဘူးဗျာ။ ခုနတုန်းက ထမင်း
ဆိုင်မှာခင်ဗျားကြီးပိုက်ဆံထုတ်ရှင်းနေတုန်းက . . ငွေဒင်္ဂါးပြားတွေ
အများကြီးတွေ့လိုက်ရလို့ ကျုပ်တို့ကိုနည်းနည်းလောက်မျှပေးဖို့
လိုက်တောင်းတာပါ . ."

"သြော် . . ။ မောင်တို့က . . ဓားပြတွေကိုး။ ကျုပ်ကိုဓား
ပြတိုက်ဖို့လိုက်ရှာနေကြတာကိုး . ."

"ဟုတ်တယ် . . ။ ကျုပ်တို့ကို . . ခင်ဗျားကြီးမှာပါလာတဲ့
ငွေဒင်္ဂါးတွေပေးခဲ့ပြီးရင် အေးအေးဆေးဆေးပြန်နိုင်ပါပြီ . ."

အပြန်အလှန်ပြောဆိုနေကြသည့် စကားသံများကြောင့်
မောင်ရွှေမိုးသည်အညာစောင်လေးကိုအသာလှစ်၍ကြည့်လိုက်ရာ
အသက်ငါးဆယ်ကျော်ခန့်ရှိသည့်အဖိုးကြီးတစ်ဦးအား အသက်နှစ်
ဆယ်အရွယ်ခန့်ရှိသည့်လူမိုက်သုံးဦးက . . ဝိုင်းရံထားကြသည်ကို
တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေမိုးမှာ. . မဟုတ်မခံစိတ်ဓါတ်ရှိသူဖြစ်ပေရာ မိ
ရှေ့တွင်မတရားလုပ်နေကြသည်ကိုမြင်လိုက်ရသဖြင့် အညာစော
ကိုဖယ်လိုက်ကာ ထိုလူစုရှိရာသို့လျှောက်လှမ်းသွားလေသည်။

"ဟေ့လူတွေ. . ။ မတရားမလုပ်ကြနဲ့လေဗျာ. . ။ အဖိုး
အိုတစ်ယောက်အပေါ် ဒီလိုအနိုင်ကျင့်တာကို ကျုပ်ကတော့လက်
ပိုက်ကြည့်နေမှာမဟုတ်ဘူး. . "

လူမိုက်အုပ်စုထဲမှ ခေါင်းဆောင်ဖြစ်ဟန်ရှိသောလူမိုက်
က မောင်ရွှေမိုးအားလှည့်ကြည့်လိုက်ကာ. .

"ဩော်. . မင်းက ဆိပ်ကမ်းမှာဈေးရောင်းနေတဲ့မောင်
ရွှေမိုးပဲ။ အေးအေးဆေးဆေးဈေးမရောင်းချင်တော့လို့ ငမိုးတို့
တော်းတို့ကိုလာနှောင့်ယှက်တာလား. . "

"ဈေးကိုလည်း အေးအေးဆေးဆေးရောင်းချင်ပါတယ်
မတရားလုပ်တာမျိုးကိုလည်း. . လက်ပိုက်ပြီးကြည့်မနေနိုင်ပါဘူး
ခင်ဗျားတို့မတရားလုပ်နေရင်တော့ ကျုပ်ကဝင်ပါရမှာပဲ. . "

မောင်ရွှေမိုးကပြောပြောဆိုဆိုပင် အနီးမှသစ်သားချောင်း
တစ်ချောင်းကိုကောက်ယူလိုက်ကာ လူမိုက်သုံးယောက်အားရင်ဆိုင်
ရန်ပြင်ဆင်လိုက်လေတော့သည်။

ထိုအဖြစ်အပျက်ကို နံဘေးမှရပ်ကြည့်နေသောအဖိုးအို
ကသဘောကျစွာကြည့်လိုက်ပြီးလျှင်. .

"ကဲ. . ကျုပ်ဘက်ကဝင်ကူညီပေးမယ့်လူကတော့ ပေါ်



လာပြီ။ မောင်တို့ အေးအေးဆေးဆေးပြန်ကြပေတော့ကွယ်. . "

ငမိုးဆိုသောလူမိုက်သည် အဖိုးကြီး၏စကားကြောင့်အား
ပါးတရရယ်မောလိုက်ပြီးလျှင်. .

"ဟား. . ဟား. . ။ ဒီဘာမဟုတ်တဲ့မောင်ရွှေမိုးကြောင့်
ကျုပ်တို့ကနောက်ဆုတ်ပေးရမှာလား။ ခင်ဗျားကြီးရဲ့ငွေဒင်္ဂါးတွေ
အကုန်ရမှ ကျုပ်တို့ကကျေနပ်နိုင်မှာဗျ. . ။ ကဲ့. . ခင်ဗျားကြီးရဲ့
အသက်ကိုနှမြောရင် ငွေဒင်္ဂါးတွေအကုန်ထုတ်ပေးစမ်းဗျာ. . "

အဖိုးကြီးသည် သက်ပြင်းတစ်ချက်ကိုလေးပင်စွာချလိုက်
ပြီးလျှင်. .

"ကဲ. . ။ မောင်တို့က ငွေဒင်္ဂါးတွေကိုဒီလောက်တောင်
လိုချင်နေကြရင်လည်း. . ကျုပ်ပေးလိုက်ပါ့မယ်. . "

အဖိုးကြီးသည်မောင်ရွှေမိုးဘက်သို့လှည့်ကြည့်လိုက်ကာ
မျက်စေ့တစ်ဖက်ကိုမှိတ်ပြလိုက်ပြီး. .

"မောင်ရွှေမိုးဆိုတဲ့သူငယ်ရေ. . ။ ကျုပ်က ဒီမောင်တွေ
ကိုတကယ်သနားလို့ ငွေဒင်္ဂါးပြားတွေပေးလိုက်မှာပါ။ ဘာမှတန်
ဖိုးမရှိလှတဲ့ငွေဒင်္ဂါးပြားတွေအတွက်နဲ့တော့ မောင်ရွှေမိုးလည်းဝင်
ပြီးဒုက္ခခံမနေပါနဲ့တော့ကွယ်. . "

မောင်ရွှေမိုးကလည်း. . အဖိုးကြီးကိုယ်တိုင်က ကျေကျေ
နပ်နပ်ဖြင့်ပေးမည်ဟုဆိုနေခြင်းဖြစ်သောကြောင့် ဘာမှမပြော
တော့ဘဲ နံဘေးမှသာရပ်ကြည့်နေလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့က. . ကျုပ်အိတ်ထဲကငွေဒင်္ဂါးတွေအကုန်ရရင် အေးအေးဆေးဆေး ဒီနေရာကထွက်သွားကြမှာလား. ."

လူမိုက်ငမိုးက သဘောကျစွာဖြင့်ရယ်မောလိုက်ပြီး. .

"ငွေဒင်္ဂါးတွေရတာနဲ့ ချက်ခြင်းထွက်သွားမှာပါဗျာ. ."

"မောင်တို့. . ကတိပေးသလား. ."

"ကတိပေးတယ်ဗျာ. ."

"ကျုပ်က. . ယောကျ်ားဆိုရင် ကတိတည်မှကြိုက်တာ၊ ကျုပ်ကိုယ်တိုင်လည်း ကတိတည်အောင်အမြဲကျင့်ကြံနေထိုင်တ တယ်။ မောင်ရင်တို့လိုချင်တဲ့ငွေဒင်္ဂါးတွေကိုယူပြီး. . ဒီနေရာက ထွက်သွားကြပေတော့"

အဖိုးကြီးက. . သူ့လွယ်အိတ်ကြီးထဲမှ အဝတ်ရှုအိတ်ကို ဆွဲထုတ်ယူလိုက်ပြီး အတွင်းမှပစ္စည်းများကိုမြေကြီးပေါ်သို့သွန်ချ လိုက်လေရာ. .

"ချွင်. . ချလွင်. ."

"ဟာ. ."

"အို. ."

ဘေးမှရပ်ကြည့်နေကြသူအားလုံးတို့မှာ အံ့သြလွန်းသဖြင့် အာမေဋိတ်သံများပင် ထွက်ပေါ်လာကြလေတော့သည်။

အဖိုးကြီးကသွန်ချလိုက်သောဒင်္ဂါးများမှာ ငွေဒင်္ဂါးပြား နှစ်ဆယ်ခန့်ပါရှိပြီး ကျန်ဒင်္ဂါးပြားလေးငါးဆယ်ခန့်မှာအလွန်တ



ဖိုးကြီးမားလှသော ကျောခေါင်းခေါ် ကျောဘုရင်တံဆိပ်သွန်းလောင်း ထားသည့်ရွှေဒင်္ဂါးပြားများဖြစ်နေလေသည်။

အဖိုးကြီးသည်. . အံ့သြစွာငေးကြည့်နေကြသော လူမိုက် ငမိုးတို့အုပ်စုဘက်သို့လှည့်လိုက်ကာ. .

"မောင်တို့ကို ကျုပ်ကတိပေးထားတဲ့အတိုင်း. . ငွေဒင်္ဂါး ပြားတွေအကုန်သာယူသွားကြပေတော့။ ကျုပ်ကရှာပေးနေရင်. . မောင်တို့မယုံကြည်ဘဲဖြစ်နေကြမှာစိုးလို့ အိတ်ထဲရှိသမျှအကုန် သွန်ချပေးလိုက်တာပါ။ ငွေဒင်္ဂါးပြားတွေကို တစ်ခုမကျန်ရွေးယူ သွားကြပါ။ ကျုပ်က. . ကတိတည်ပါတယ်"

လူမိုက်ငမိုးတို့၏မျက်နှာများမှာ ရွှေဒင်္ဂါးပြားများကိုငေး မောကြည့်နေကြရင်း. . လောဘကြောင့်အရောင်တဖိတ်ဖိတ်လက် နေကြပြီး. . တစ်ယောက်မျက်နှာကိုတစ်ယောက် ပြန်ကြည့်လိုက် ကြကာ. .

"ငတိုးရေ. . ။ ဒီရွှေဒင်္ဂါးတွေကိုသာရလိုက်ရင် ငါတို့သုံး ယောက်တော့ တစ်သက်စာဖူလုံပြီကွ. . ။ ဘယ်လိုလဲ. ."

"ဟုတ်ပါပေ့ငမိုးရေ. . ။ ငါတို့ကတော့ စိုင်ကော်လို့ခြံ ပေါ်ကိုရောက်ကြပြီပေါ့ကွာ. . ။ ဒီလောက်များတဲ့ရွှေဒင်္ဂါးတွေအ တွက်ဆိုရင်. . လူဘယ်နှစ်ယောက်ကိုပဲသတ်ရသတ်ရ ငါကတော့ သတ်ရဲတယ်ဟေ့. ."

လူမိုက်များကအပြန်အလှန်ပြောနေသည်ကို ကြားနေရ

www.burmeseclassic.com

www.burmeseclassic.com



သောအဖိုးကြီးသည် မချိပြုံးပြုံးလိုက်ပြီးလျှင်. .

"မောင်တို့က. . ဘာတွေပြောနေကြတာလဲ။ မောင်တို့ လိုချင်တယ်ဆိုတဲ့ငွေဒင်္ဂါးတွေကိုရွေးထုတ်ယူပြီး. . မောင်တို့ကတိ အတိုင်း ဒီနေရာကထွက်သွားကြတော့လေ။ ကျုပ်က. . ကတိ[illegible] မှကြိုက်တယ်ဆိုတာ မောင်တို့ကိုသေချာပြောပြီးပြီပဲ. ."

လူမိုက်ငမိုး၏မျက်နှာတွင် ကောက်ကျစ်သောအမူအရာ များပေါ်ပေါက်၍လာပြီးလျှင်. .

"ငတိုးရေ. .။ ဒီကိစ္စမှာ. . မင်းရော ဘယ်လိုသဘော သလဲဟေ့. ."

"ငါ့သဘောကတော့. . ဒီအဖိုးကြီးနဲ့မောင်ရွှေမိုးဆိုတဲ့ ဈေးသည်ကောင်ကိုသတ်ပြီး. . ပစ္စည်းတွေအကုန်ယူသွားလိုက်ရင် ငါတို့အတွက်သုံးလေးနှစ်ထိုင်စားလို့ရနေပြီပဲ။ ဘာမှ. . ရှည်ရှည် ဝေးဝေးစဉ်းစားနေစရာမလိုပါဘူးကွာ. ."

"ခင်ဗျားတို့က သတ်ချင်တိုင်းသတ်ရအောင်. . ကျုပ်က ခြေလက်မပါတဲ့လူများမှတ်နေသလား။ ခင်ဗျားတို့အနေနဲ့ အဖိုး ကိုကတိပေးထားတာလည်း ပြန်စဉ်းစားကြဦးလေ။ ယောက်ျားဆို တာ ကိုယ်ပေးပြီးတဲ့နှုတ်ထွက်[illegible]ကတိစကားကို အသက်ထက်ပိုပြီး တန်ဖိုးထားရတယ်ဗျ. ."

လူမိုက်ငမိုး၏မျက်နှာမှာ. . လောဘ၊ ဒေါသအခိုးအငွေ့ များဖြင့် ဆူဝေလာပြီးလျှင်. .



"ကတိတွေဘာတွေ ကျုပ်နားမလည်ဘူး။ ကျုပ်တို့အနေ နဲ့. . ဟောဒီရွှေဒင်္ဂါးတွေငွေဒင်္ဂါးတွေအားလုံးလိုချင်တယ်။ အဲဒါ ကိုနှောင့်ယှက်တဲ့လူမှန်သမျှ. . ကျုပ်ဓားဖျားမှာ အသက်ပါပြီလို့သာ မှတ်ကြပေတော့. ."

ပြောပြောဆိုဆိုပင်. . လူမိုက်သုံးယောက်သည်ဓားရှည် များကိုဆွဲထုတ်လိုက်ကြလေတော့သည်။

မောင်ရွှေမိုးသည်. . အဖိုးကြီး၏အသက်အန္တရာယ်ကို စိုးရိမ်စိတ်ကြောင့် အဖိုးကြီး၏ရှေ့မှဝင်ရပ်၍ကာကွယ်ပေးလိုက် ရာ အဖိုးကြီးကကြွင်နာသောအသံဖြင့်. .

"လူလေး. . ဘေးဖယ်နေလိုက်။ အဘပြသနာကို အဘ ပဲရှင်းလိုက်မယ်. ."

ဟု တိုးတိုးပြောဆိုလိုက်သဖြင့် စိတ်မချသော်လည်းဘေး သို့ကပ်ပေးလိုက်ပြီး အဖိုးကြီးနှင့်ရင်ဘောင်တန်း၍ရပ်နေလိုက် လေသည်။

"မှတ်ထားကြမောင်တို့. .။ လူဆိုးလုပ်ချင်တယ်ဆိုရင် ဆိုးချင်သလောက်ဆိုးလို့ရတယ်။ ဒါပေမယ့်. . မယုတ်မာရဘူး၊ ကတိမဖျက်ရဘူးကွယ့်. ."

အဖိုးကြီးသည် မချိပြုံးပြုံးလိုက်ပြန်ကာ. .

"ကျုပ်က. . မောင်တို့မှာ အင်မတန်လိုအပ်နေတယ်ဆိုလို့ သနားစိတ်နဲ့ငွေဒင်္ဂါးတွေအကုန်လုံးပေးလိုက်တာတောင် မောင်တို့

www.burmeseclassic.com

www.burmeseclassic.com



ကလောဘာမသတ်နိုင်ကြဘဲ . . ရွှေဒင်္ဂါးတွေကိုပါယူပြီး ကျုပ်တို့ကို သတ်မလို့ကြံစည်နေကြတယ်။ ကဲ . . မောင်တို့လိုချင်တဲ့ရွှေဒင်္ဂါး တွေကို ရအောင်ယူကြည့်ကြပါဦး . . "

လူမိုက်ငမိုးသည် . . ရှေ့သို့ပြေးထွက်လာကာ အဖိုးကြီး အားဇက်ကြီးတောင်ဓားဖြင့်လွှဲခုတ်လိုက်ရာ မောင်ရွှေမိုးသည်ပင် ဝင်ရောက်ကာကွယ်ပေးချိန်မရလိုက်တော့ဘဲ အဖိုးကြီးမှာဓားချက် မိသွားပြီဟုထင်မှတ်ကာကြောက်လန့်သွားသောကြောင့် မျက်လုံး ကိုစုံမှိတ်လိုက်မိလေတော့သည်။

"အား . . "

စူးစူးဝါးဝါးထွက်ပေါ်လာသောအော်သံကြောင့် . . မောင် ရွှေမိုး၏စိတ်ထဲတွင် အဖိုးကြီးတော့သွားရှာလေပြီဟုစိတ်မကောင်း ဖြစ်မိကာ မျက်လုံးကိုအမြန်ဖွင့်ကြည့်လိုက်လေသည်။

"ဟာ . . "

မြင်လိုက်ရသောမြင်ကွင်းမှာ အလွန်အံ့သြစရာကောင်း နေသောကြောင့် . . မောင်ရွှေမိုး၏စိတ်ထဲတွင်အလွန်အံ့သြသွားမိ လေသည်။

လူမိုက်ငမိုးမှာမြေကြီးပေါ်တွင်လဲကျလျက်ရှိနေပြီး သူ၏ မျက်နှာနှင့်လည်ပင်းတွင်လည်းဒဏ်ရာများရရှိနေကာ ထိုဒဏ်ရာ များကြောင့် အသက်ပင်သေဆုံးနေဟန်ရှိ၏။

"ကဲ . . ရွှေဒင်္ဂါးတွေ ယူရဲကြသေးလား။ ယူရဲတဲ့လူ လာယူ



ပို့ရတယ် . . "

လူမိုက်ငတိုးသည် . . သေဆုံးနေသောငမိုးကိုကြည့်ကာ အံ့သြနေဟန်ရှိသော်လည်း . . ငမိုးသည် အဖိုးကြီးအားအထင်သေး ၍ဂရုမစိုက်လိုက်သောကြောင့် ယခုကဲ့သို့အငိုက်မိသွားခြင်းဖြစ်ရ မည်ဟုတွေးမိကာ . . ရွှေဒင်္ဂါးများကို လိုချင်တပ်မက်စိတ်ကြောင့် သူ့တပည့်အားအချက်ပြလိုက်ပြီးလျှင် . . အဖိုးအိုထံသို့နှစ်ယောက် ပြိုင်တူခုန်ဝင်၍ တိုက်ခိုက်လိုက်ကြလေတော့သည်။

"ဟိတ် . . "

"ဟိုင်း . . "

ယခုတစ်ကြိမ်တွင်တော့ . . မောင်ရွှေမိုးသည် အဖိုးအို၏ အစွမ်းကိုသိထားပြီးဖြစ်၍ တိုက်ပွဲကိုသေသေချာချာပင်ကြည့်ရှုရဲ နေလေသည်။

အဖိုးအိုသည် ဓားကိုင်၍ခုန်ဝင်လာသူနှစ်ဦးထံသို့ပြေးဝင် သွားကာ လေထဲတွင်လျှပ်တစ်ပြက်အတွင်းလက်အစုံကိုဝှေ့ယမ်း တိုက်ခိုက်လိုက်ရာ ဓားကိုင်ရန်သူနှစ်ဦးတို့မှာ ထင်မှတ်မထားဘဲ လက်နက်မဲ့ရန်သူကပြေးဝင်တိုက်ခိုက်သောကြောင့် . . ရုတ်တရက် ဧဈကြောင်သွားစဉ်မှာပင် အဖိုးအိုသည်လေ၏လျှင်မြန်ခြင်းမျိုးဖြင့် သိုင်းကွက်ခင်း၍တိုက်ခိုက်လိုက်ရာ . . ရန်သူနှစ်ဦးတို့မှာ ရှောင်ဖြင့် ခုတ်ရန်ပင်အခွင့်အရေးမရကြတော့ဘဲ မျက်နှာနှင့်လည်ပင်းနေရာ များတွင်ဒဏ်ရာများရရှိသွားကာ လဲကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား. ."

"အင်း. . အား. . ကြောက်ပါပြီ. ."

မောင်ရွှေမိုးလည်း မြေကြီးပေါ်တွင်လဲကျနေသည့်လူမိုက်နှစ်ယောက်တို့အားသေချာကြည့်လိုက်ရာ လူမိုက်ငှတိုးမှာသေဆုံးနေပြီး ကျန်လူမိုက်တစ်ယောက်မှာဒဏ်ရာအနည်းငယ်သာရသွားသည်ကိုတွေ့လိုက်ရလေသည်။

အဖိုးအိုသည် ဒဏ်ရာအနည်းငယ်သာရသွားသည့်လူမိုက်အားအသေအချာစူးစိုက်ကြည့်လိုက်ကာ. .

"မင်းတာ. . ငါကိုနှုတ်ကတိပေးလိုက်တဲ့ လူမိုက်တွေထဲမှာမပါတာမို့ မင်းတစ်ယောက်တည်းကိုမသတ်ဘဲ တမင်ချန်ထားပေးခဲ့တာပါ။ ကတိမတည်တဲ့လူတွေကိုငါသိပ်မုန်းတယ်ဆိုတာ မင်းသိပြီလား. ."

"ဟုတ်ကဲ့ပါ. . ဆရာကြီး။ ကျွန်တော်ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရတာမို့ ဆရာကြီးပြောတာတွေကိုကျွန်တော်ယုံပါပြီခင်ဗျာ. . ။ ကျွန်တော်မိုက်မှားခဲ့သမျှအပြစ်တွေကို ခွင့်လွှတ်ပါ။ နောက်ဆိုရင် ကျွန်တော်လူမိုက်မလုပ်တော့ပါဘူး။ ကောင်းကောင်းမွန်မွန်နေပါတော့မယ်လို့ ကတိပေးပါတယ်."

"ဟုတ်ပြီလေ. . ။ မောင်ကိုယ်တိုင်ကဝန်ခံနေမှတော့. . ကျုပ်က ခွင့်လွှတ်ရမှာပေါ့။ မောင့်ကတိတည်အောင်သာ နေထိုင်ကျင့်ကြံပါ။ အခုလည်းကျုပ်က ငွေဒင်္ဂါးတွေအားလုံးမောင့်ကိုပေးလိုက်ပါ့မယ်။ အဲဒီငွေဒင်္ဂါးတွေနဲ့ဆို. . ဒီလူဆိုးနှစ်ကောင်ကိုမြေကျအောင်သဂြိုလ်ပေးနိုင်ပြီး မောင့်အတွက်လည်းရင်းနှီးစားသောက်ဖို့လုံလောက်ပါတယ်လေ. ."



အဖိုးကြီးသည် မောင်ရွှေမိုး၏ပခုံးအားအသာအယာပုတ်လိုက်ပြီးလျှင်. .

"လူလေးရေ. . ။ ငွေဒင်္ဂါးတွေအားလုံးကောက်ပြီး သူ့ကိုပေးလိုက်ပါကွာ. ။ ရွှေဒင်္ဂါးတွေကိုလည်း အိတ်ထဲအကုန်ပြန်သိမ်းလိုက်စမ်းပါဦး. ."

မောင်ရွှေမိုးသည်. . အလွန်စိတ်ထားကောင်းမွန်၍ စိတ်ဓါတ်ဆန်းကြယ်ကာ ထူးခြားသောသိုင်းပညာကိုလည်းကျွမ်းကျင်စွာတတ်မြောက်သောအဖိုးကြီးအား အံ့ဩစွာငေးစိုက်ကြည့်လိုက်ကာ သူကိုယ်တိုင်လည်းအဖိုးကြီးအားလွန်စွာကြည်ညိုစိတ်ဖြစ်ပေါ်လာမိလေသည်။

မောင်ရွှေမိုးက. . ငွေဒင်္ဂါးများကို ဒဏ်ရာရနေသည့်လူမိုက်အားလှမ်းပေးလိုက်ပြီးလျှင် ရွှေဒင်္ဂါးများကိုအဝတ်အိတ်ထဲသို့ပြန်ထည့်ကာ အဖိုးကြီးအားရိုသေစွာကမ်းပေးလိုက်ပြီးလျှင်. .

"ဒီနေရာက. . မြန်မြန်ထွက်နိုင်ရင်ကောင်းမယ် အဘ။ ညဘက်မှာကင်းလှည့်တဲ့ပုလိပ်တွေက. . ဒီဘက်ကိုရောက်လာတတ်တယ်။ တော်ကြာ. . အဘတို့ပုလိပ်သားတွေတဒုက္ခပေးနေပါဦးမယ်ခင်ဗျာ. ."

www.burmeseclassic.com

www.burmeseclassic.com



အဖိုးကြီးကပြုံးလိုက်ပြန်ပြီးလျှင်. .

"လူလေးက. . ကျုပ်အတွက်ပဲတွေးပူနေပြီး လူလေးကိုယ်တိုင်လည်းအန္တရာယ်ရှိနိုင်တာကိုတော့ မတွေးမိသေးဘဲကိုး။ ပုလိပ်တွေရောက်လာရင် ဒီအမှုမှာလူလေးလည်းပါနေတယ်ဆိုပြီးအဖမ်းခံရမှာပေါ့။ ကဲ. . လူလေးကအဘာနဲ့သာလိုက်ခဲ့ပေတော့။ တစ်နေရာရာမှာ သွားတိုင်ပင်ကြတာပေါ့ကွယ်. ."

ထို့နောက်. . မောင်ရွှေမိုးသည် သူ့အထုပ်ကလေးကိုထမ်းကာအဖိုးကြီးခေါ်ဆောင်ရာနောက်သို့လိုက်ခဲ့လေတော့သည်။ ညအမှောင်ထဲတွင်နှစ်ယောက်သားလမ်းလျှောက်လာကြပြီး လမ်းဘေးတစ်နေရာတွင်ဖွင့်ထားသော ကာကာဆိုင်တစ်ဆိုင်သို့ရောက်သောအခါ အဖိုးကြီးကဦးဆောင်၍ဝင်ထိုင်ကာ ကော်ဖီနှင့်မုန့်များကိုမှာယူစားသောက်ကြလေသည်။

"လူလေးရဲ့စိတ်ဓါတ်ကိုတော့. . အဘာသဘောကျသွားပြီ။ အဘာလိုက်ရှာနေတာ မောင်ရွှေမိုးလိုလူပဲကွယ့်. ."

ဆိုင်းမဆင့် ဘုံမဆင့်ပြောချလိုက်သော အဖိုးကြီး၏စကားကြောင့် မောင်ရွှေမိုးမှာအံ့ဩသွားမိလေသည်။

"အံ့ဩသွားလား. . လူလေးမောင်ရွှေမိုး။ အဘာရှင်းပြမယ်လေ. ."

"အဘာနာမည်က. . အောင်ဘချိုလို့ခေါ်တယ်။ ငယ်ငယ်တုန်းကတော့. . လူစွန့်စားအောင်ဘချိုဆိုရင် လူမိုက်လောကသား



တွေအားလုံးသိကြပါတယ်။ အဘာကမဟုတ်မခံစိတ်နဲ့ အဘာရှေ့မှာမတရားတာလုပ်နေရင်ဝင်ကူညီပေးတတ်လို့. . လူမိုက်တွေက ရွံ့ကြောက်ကြီးဖြစ်နေကြပြီး. . အဘာကိုယ်တိုင်ကလည်း စွန့်စားပြီးသွားလာရတာကိုဝါသနာကြီးလွန်းလို့ အဲဒီလိုလူစွန့်စားအောင်ဘချိုဆိုပြီးခေါ်ကြတာကွယ့်. ."

အဖိုးကြီးသည် မောင်ရွှေမိုးအားအသေအချာကြည့်လိုက်ပြန်ကာ. .

"အဘာအနေနဲ့မောင်ရွှေမိုးကိုအခုမှမြင်ဖူးပေမယ့် မောင်ရွှေမိုးရဲ့စိတ်ဓါတ်ကိုတော့. . ကောင်းကောင်းသိနေပါပြီလေ။ ဒါကြောင့်လည်း အခုကိစ္စတွေကိုဖွင့်ပြောပြမှာပါ။ မောင်ရွှေမိုးအနေနဲ့ အဘာ့ကိစ္စမှာလိုက်မကူညီနိုင်ရင်တောင်မှ အဘာပြောတဲ့စကားတွေကို. . တခြားဘယ်သူ့ကိုမှပြန်မပြောပါဘူးလို့တော့ကတိပေးရလိမ့်မယ်. ."

"ဟုတ်ကဲ့. . ။ ကျွန်တော်ကတိပေးပါတယ်. . အဘာ"

"အဘာဟာ ရန်ကုန်ကိုပြန်ရောက်လာတာတစ်လလောက်ပဲရှိသေးတယ်ကွယ့်။ မြန်မာပြည်အနှံ့လျှောက်သွားရင်း အဘာစိတ်ထဲမှာပျော်သလိုနေပြီး အဘာမှာရှိတဲ့ရွှေငွေတွေကိုဆင်းရဲသားတွေကိုပေးကမ်းလှူဒါန်းရင်းပျော်နေခဲ့တာ. . ငါးနှစ်လောက်တောင်ရှိခဲ့ပြီပေါ့. ."

လူစွန့်စားအောင်ဘချိုဆိုသောအဖိုးကြီးသည်. . အဝေး

www.burmeseclassic.com

www.burmeseclassic.com



သို့ငေးမျှော်ကြည့်နေလိုက်ပြီးနောက်. .

"အဲဒီလိုအချိန်တွေဖြုန်းပြီးနေလာလိုက်တာ. . လွန်ခဲ့တဲ့နှစ်လလောက်ကအဘနေမကောင်းဖြစ်ပြီး အိပ်ရာထဲမှာနှစ်ပတ်လောက်လဲနေတဲ့အချိန်ကြမှ အဘစိတ်ထဲမှာစိုးရိမ်စိတ်တွေဝင်လာမိတယ်မောင်ရွှေမိုး. . "

"အဘက. . ဘာကို စိုးရိမ်တာလဲမောင်"

"အဘစိုးရိမ်တာက. . အချက်နှစ်ချက်ရှိတယ်။ တစ်ချက်က. . အဘတတ်ထားတဲ့တွင်းပေါက်မျှော်စင်သိုင်းပညာဟာ အဘသေသွားရင်လုံးဝပျောက်ဆုံးသွားတော့မယ်ဆိုတဲ့အချက်၊ နောက်တစ်ချက်က အိန္ဒိယနိုင်ငံနယ်စပ်မှာအဘရှာတွေ့ထားခဲ့တဲ့ရတနာသိုက်ကြီးဟာလည်း အဘသေသွားရင်မြေအောက်မှာတစ်သက်လုံးပျောက်ဆုံးသွားတော့မယ်ဆိုတဲ့အချက်တွေပဲကွယ့်. . "

လူစွန့်စားကြီးအောင်ဘချိုသည်. . မောင်ရွှေမိုးအားတစ်ချက်မျှအကဲခတ်လိုက်ပြီးနောက်. .

"အဲဒီအချက်တွေကြောင့် အဘတတ်ထားတဲ့သိုင်းပညာနဲ့အဘရှာတွေ့ထားခဲ့တဲ့ရတနာသိုက်ကို ရိုးသားမှုရှိတဲ့လူငယ်တစ်ယောက်ယောက်ကိုအမွေပေးခဲ့ဖို့. . အဘဆုံးဖြတ်ချက်ချလိုက်ပြီး အဘပေးမယ့်အမွေတွေနဲ့ထိုက်တန်နိုင်မယ့်လူကိုလိုက်ရှာနေတာ အခုမောင်ရွှေမိုးနဲ့တွေ့တဲ့အချိန်အထိပဲ ဆိုပါတော့ကွယ်. . "

လူစွန့်စားကြီးအောင်ဘချိုသည် သူ၏ထုံးစံအတိုင်းတစ်



ချက်မျှ မချိပြုံးပြုံးလိုက်ပြန်ကာ. .

"အဘလည်း. . မောင်ရွှေမိုးကိုတွေ့လိုက်ရလို့ ဝမ်းသာအားရဖြစ်ပြီး. . အဘပြောချင်တာတွေကိုပဲပြောနေမိတာ မောင်ရွှေမိုးအကြောင်းတောင် ဘာမှမမေးရသေးဘူး. . ။ မောင်ရွှေမိုးအကြောင်းကိုလည်း. . အဘကိုပြောပြပါဦးကွယ့်"

"ကျွန်တော့်မှာ. . မိန်းမနဲ့သားလေးတစ်ယောက်ပဲရှိပါတယ်။ မိဘတွေက. . မရှိကြတော့ပါဘူး။ ကျွန်တော်တို့မိသားစုကတိုးကြောင်ကလေးရွာထိပ်က တဲလေးမှာနေကြတာပါ။ မိဘတွေမဆုံးပါးခင်မှာ. . ဆေးကုနိုင်ဖို့လယ်မြေတွေကိုအကုန်ရောင်းလိုက်ရတာမို့ ကိုယ်ပိုင်လယ်မြေမရှိတော့တာနဲ့. . မြို့မှာပဲစီးပွားလာရှာပြီး သုံးလေးရက်တစ်ခါလောက်အိမ်ကိုပြန်ပြီး ရှာဖွေရသမျှလေးပြန်ပို့နေတာပါခင်ဗျာ"

လူစွန့်စားကြီးအောင်ဘချိုက မောင်ရွှေမိုး၏မျက်လုံးများကိုသေချာကြည့်တည့်စူးစိုက်၍ကြည့်လိုက်ပြီးလျှင်. .

"မောင်ရွှေမိုးတို့မိသားစု ချမ်းချမ်းသာသာနေရမယ်ဆိုရင်. . မောင်ရွှေမိုးအနေနဲ့မစွန့်စားဝံ့ဘူးလား. . "

"ဘယ့်နှယ်ပြောလိုက်တာလဲ အဘရယ်။ ကျွန်တော်ကိုယ်တိုင်က. . အဲဒီလိုစွန့်စွန့်စားစားငွေရှာပြီး ကျွန်တော့်မိသားစုကိုချမ်းချမ်းသာသာထားချင်နေတာပါခင်ဗျာ။ မြို့တက်ပြီးစီးပွားရှာနေတာလည်း အဲဒီရည်ရွယ်ချက်တွေကြောင့်ပါပဲ. . "

www.burmeseclassic.com

www.burmeseclassic.com



လူစွန့်စားကြီးအောင်ဘချိုသည်. . ဝမ်းသာအားရပင် သူ၏ပေါင်ကိုလက်ဝါးဖြင့်ပုတ်လိုက်ပြီးနောက်. .

"ကောင်းပါလေ့ မောင်ရွှေမိုးရယ်။ ဒါဆိုရင်. . အဘတို့အစီအစဉ်ကို အကောင်အထည်ဖော် လို့ရပြီပေါ့. ."

"ဟုတ်ကဲ့. . ဆရာကြီးကြိုက်သလိုသာစီစဉ်ပါတော့။ ဆရာကြီးစီစဉ်တဲ့အတိုင်း. . ကျွန်တော်တစ်သဝေမတိမ်းလိုက်နာလုပ်ကိုင်ပါ့မယ်. ."

မောင်ရွှေမိုး၏ အခေါ်အဝေါ်ပြောင်းလဲသွားခြင်းအားသတိထားမိသော လူစွန့်စားအောင်ဘချိုဆိုသည့်အဖိုးကြီးသည် သဘောကျစွာပြုံးလိုက်ပြီးလျှင်. .

"ဟုတ်ပြီ. . ။ ဆရာစီစဉ်ပေးတဲ့အတိုင်း အတိအကျသာလုပ်ဆောင်ပေတော့. ."

ပြောပြောဆိုဆိုပင်. . အဖိုးကြီးအောင်ဘချိုသည် အိတ်ထဲမှရွှေဒင်္ဂါးပြားများထည့်ထားသည့်အိတ်ကိုထုတ်ယူ၍ မောင်ရွှေမိုးအားလှမ်းပေးလိုက်ကာ. .

"ဟောဒီရွှေဒင်္ဂါးတွေအားလုံး မောင့်ဇနီးကိုအပ်နှံလိုက်ပြီး. . မောင်တို့အိမ်လေးနေရာမှာ အိမ်ကြီးအိမ်ကောင်းတစ်လုံးအမြန်ဆုံးဆောက်နိုင်ဖို့စီစဉ်ပေးလိုက်ပါ။ မြေကွက်ဝယ်ဖို့လိုရင်လည်း ဝယ်လိုက်ပေါ့ကွာ။ ပိုတဲ့ရွှေဒင်္ဂါးတွေနဲ့ဆိုရင်. . သုံးလေးနှစ်လောက်တော့ ကောင်းကောင်းထိုင်စားနေလို့ရပါတယ်. ."



မောင်ရွှေမိုးသည် ဤမျှများပြားလှသောရွှေဒင်္ဂါးများအားရက်ရက်ရောရောပေးနေခြင်းအတွက် အံ့ဩတုန်လှုပ်သွားမိလေသည်။

"ဆရာကြီးရယ်. . ။ ရွှေဒင်္ဂါးတွေက များလွန်းလှပါတယ်။ ရွှေဒင်္ဂါးငါးပြားလောက်ဆိုရင် အိမ်ဆောက်ဖို့ရော၊ သုံးလေးနှစ်စားသောက်ဖို့ရော လုံလောက်ပါတယ်. ."

အဖိုးကြီးအောင်ဘချိုက မောင်ရွှေမိုးအားမျက်လုံးလှန်၍ကြည့်လိုက်ပြီးလျှင်. .

"မောင်ရွှေမိုးပဲ. . ဆရာပြောသမျှ တစ်သဝေမတိမ်းလိုက်နာပါ့မယ်ဆို။ ဆရာပြောတဲ့အတိုင်းသာ. . လုပ်စမ်းပါကွာ။ ဆရာတို့သွားရမယ့်ခရီးစဉ်ဟာ အန္တရာယ်တွေများပြားလွန်းလှတာမို့ကံမကောင်းရင်အသက်ပါဆုံးရှုံးသွားနိုင်တာကြောင့် မောင်ရွှေမိုးရဲ့မိသားစုအတွက်. . နောင်ရေးစိတ်အေးရအောင်စီစဉ်ပေးထားလိုက်တာပါ. . ။ ဆရာတို့သွားမယ့်ခရီးစဉ်နဲ့ပတ်သက်ပြီး မောင်ရွှေမိုးအနေနဲ့. . ဘယ်သူ့ကိုမှ ပြောမပြပါနဲ့။ ကုန်ကုန်ပြောရရင် မောင်ရွှေမိုးရဲ့မိန်းမကိုတောင်ပြောပြလို့မဖြစ်ဘူးနော်. . ။ ဆရာပြောတာနားလည်ရဲ့လား. ."

"ဟုတ်ကဲ့. . ဆရာကြီး။ ကျွန်တော် သဘောပေါက်ပါပြီ။ ဆရာကြီးပြောတဲ့အတိုင်း အတိအကျလိုက်နာပါ့မယ်. ."

"ကောင်းပြီလေ. . ။ မောင်ရွှေမိုးရဲ့မိသားစုကို ဆရာပြော

www.burmeseclassic.com

www.burmeseclassic.com



သလိုစိစဉ်ပေးဖို့ အချိန်ဘယ်လောက်ကြာမလဲ. ."

"တစ်ဆယ့်ငါးရက်တော့. . အချိန်ပေးပါဆရာကြီး"

"ကောင်းပြီလေ။ ဒီနေ့ကစပြီး တစ်ဆယ့်ငါးရက်ပြည့်တဲ့နေ့ရဲ့ညကိုးနာရီမှာ ဆရာတို့နှစ်ယောက်ဒီနေရာမှာပဲပြန်ဆုံပြီး ခရီးစကြတာပေါ့။ မောင်ရွှေမိုးမှတ်မိတယ်နော်. ."

"ဟုတ်ကဲ့. . ဆရာကြီး။ ကျွန်တော်မှတ်မိပါတယ်. ."

♥ ♥ ♥

ဟောဒီသိုင်းပညာမှတ်တမ်းတွေကို...
မောင်ရွှေမိုးရဲ့ကိုယ်နဲ့မကွာ သိမ်းဆည်းထားပေတော့
ဒီသိုင်းပညာရဲ့...အဆင့်ကုန်အထိတတ်မြောက်အောင်
ကြိုးကုတ်အားထုတ်ပေတော့...။

ဂူစွန့်စားကြီး အောင်ဘချို

www.burmeseclassic.com

www.burmeseclassic.com



၇

## မောင်ရွှေမိုး၏ပထမခရီး

ည၏အမှောင်ထုထဲတွင် ကုလားကာကာဆိုင်လေး
ငြိမ်သက်တိတ်ဆိပ်လျှက်ရှိနေပေသည်။ ညဉ့်ဦးပိုင်းအချိန်ဖြစ်
ဆိုင်ထဲတွင်လူအနည်းငယ်မျှသာရှိနေကာ ရေနံဆီမီးခွက်မှအလ
ရောင်မှိန်မှိန်လေးအောက်တွင်. . လူလုံးမကွဲလှဘဲရှိသောကြော
အမှောင်ကြိုက်သောဒုစရိုက်သမားများအတွက် ခိုအောင်းစရာ
ရာကောင်းတစ်ခုဖြစ်နေပေသည်။

"ရောက်နေတာကြာပြီလား. . မောင်ရွှေမိုး"

"ဟုတ်ကဲ့. . ဆရာကြီး"



"အေး. . ငါတို့ရဲ့ ခရီးရှည်ကြီးကိုစလိုက်ကြတာပေါ့ကွာ။ ခရီးမထွက်ခင်မှာ ဆရာ့အနေနဲ့ကြိုတင်သတိပေးထားချင်တာက တော့. . ဆရာတို့ရဲ့ခရီးဟာရှည်လျားပြီး အင်မတန်ကြမ်းတမ်းတာမို့ အချိန်တိုင်း၊ နေရာတိုင်းမှာသတိရှိနေရမယ်။ ပိုဆိုးတာက အပြန်ခရီးပဲ. . ။ ဆရာတို့အနေနဲ့ ရတနာသိုက်ရှိရာကိုရောက်ခဲ့ရင်. . အပြန်ခရီးမှာရွှေဒင်္ဂါးတွေကိုပါအဆယ်လာရမှာမို့ အပြန်မှာ ပိုပြီးအန္တရာယ်များလိမ့်မယ်ကွယ့်. . "

"ဟုတ်ကဲ့ပါဆရာကြီး. . ။ ဆရာကြီးပြောတဲ့အတိုင်း လိုက်နာနေထိုင်ပါ့မယ်. . "

"နောက်တစ်ချက်ပြောစရာရှိတာက. . ဆရာတတ်ထားတဲ့တွင်းပေါက်မျှော်စင်သိုင်းပညာကို သင်ပေးဖို့ကိစ္စပဲ. . ။ အဲဒီသိုင်းပညာဟာ. . နေရာတစ်နေရာမှာ အနည်းဆုံးတစ်လလောက်အချိန်ယူပြီးပြင်ဆင်သင်ကြားပေးရမှာမို့ ဆရာတို့အနေနဲ့ကလေးမြို့ကိုရောက်ရင်ခရီးတစ်ထောက်နားပြီးသင်ကြားဖို့ စိတ်ကူးထားတယ်။ အခုလောလောဆည်မှာတော့ တွင်းပေါက်မျှော်စင်သိုင်းပညာရဲ့အခြေခံသဘောတရားတွေကို လမ်းသွားရင်းဆရာကရှင်းပြသွားမှာပေါ့ကွာ. . ။ မောင်ရွှေမိုးအနေနဲ့ သေသေချာချာမှတ်သားထားဖို့အရေးကြီးတယ်ကွယ့်. . "

"ဟုတ်ကဲ့. . ဆရာကြီး။ ကျွန်တော်ဉာဏ်မီနိုင်သလောက်ကြိုးစားမှတ်သားသင်ယူသွားမှာပါ. . "

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်. . ။ ဒီသိုင်းပညာကို မောင်ရွှေမိုးကျွမ်းကျင်ပိုင်နိုင်ပါမှ ဆရာတို့ရဲ့ခရီးလမ်းမှာအန္တရာယ်တွေကိုရင်ဆိုင်နိုင်မှာကွယ့်"

မောင်ရွှေမိုးသည် လှူစွန့်စားကြီးအောင်ဘချိုကိုယ်တိုင်က စိုးရိမ်တကြီးပြောဆိုနေသောကြောင့် သူတို့သွားရမည့်ခရီးလမ်းသည် အလွန်ပင်ပန်း၍ခက်ခဲကြမ်းတမ်းမည်ဖြစ်ကြောင်းကိုရိပ်စားမိလိုက်လေတော့သည်။

* * *

တစ်လကျော်ခန့်ကြာသောအချိန်တွင်. . လှူစွန့်စားကြီးအောင်ဘချိုနှင့်မောင်ရွှေမိုးတို့ဆရာတပည့်နှစ်ယောက်သည် ခရီးကြမ်းများကိုအဆင့်ဆင့်ဖြတ်သန်း၍ ကလေးမြို့သို့ရောက်ရှိလာကြလေတော့သည်။

လမ်းခရီးတွင်. . အခက်အခဲပေါင်းစုံ၊ အန္တရာယ်ပေါင်းစုံတို့ကိုတွေ့ကြုံရသော်လည်း တောတွင်းအတတ်မျိုးစုံကိုကျွမ်းကျင်နှံ့စပ်သောလှူစွန့်စားကြီးအောင်ဘချိုကြောင့်. . ဘေးရန်ကင်းစွာခရီးနှင်နိုင်ခဲ့ကြသလို မောင်ရွှေမိုးအနေဖြင့်လည်းတောတွင်းအတတ်ပညာများကိုကျွမ်းကျင်တတ်မြောက်လာလေတော့သည်။

ညဘက်လမ်း၌ရပ်နားကြသည့်အချိန်များတွင် လှူစွန့်စား



ကြီးအောင်ဘချိုက သူ၏တွင်းပေါက်မျှော်စင်သိုင်းပညာနှင့်ပတ်သက်သောအခြေခံအချက်များကိုရှင်းလင်းပြောပြပြီး အခြားသိုင်းပညာရပ်များကို လက်တွေ့သင်ကြားပေးသဖြင့်. . မောင်ရွှေမိုးမှာလည်း သိုင်းပညာကိုကောင်းစွာတတ်ကျွမ်းသူတစ်ဦးဖြစ်လာလေသည်။

လှူစွန့်စားကြီးအောင်ဘချိုသည် ကလေးမြို့၌ခြံကျယ်ကြီးပါဝင်သောအိမ်ကြီးတစ်လုံးကိုဝယ်ယူလိုက်ကာ. . အိမ်ထောင်ပရိဘောဂပစ္စည်းများကိုလည်း အပြည့်အစုံဝယ်ယူထည့်သွင်းထားလိုက်လေသည်။

"မောင်ရွှေမိုးရေ. . ။ မင်းက. . တခြားသိုင်းပညာတွေမှာအတော်လေးအခြေခံကောင်းနေပြီဆိုတော့ နောက်ပိုင်းကျရင်အချိန်ရတိုင်းဆက်ကျင့်ပြီး ပညာအဆင့်တက်သွားပေတော့. . ။ မင်းကမှတ်ဉာဏ်ကောင်းတော့ ဆရာရှင်းပြထားတဲ့သဘောတရားတွေနဲ့ သိုင်းပညာကျင့်စဉ်တွေအားလုံးကိုနားလည်ထားတာမို့. . ကြိုးစားကျင့်ကြံနိုင်ရင် သိုင်းပညာမှာဆရာတစ်ဆူတောင်ဖြစ်လာမှာပါ. . "

"ကျွန်တော့်ကို သိုင်းပညာရှင်တစ်ယောက်ဖြစ်လာအောင်စေတနာထားပြီးသင်ကြားပေးခဲ့တဲ့. . ဆရာကြီးရဲ့ကျေးဇူးတွေကိုတစ်သက်မမေ့တော့ပါဘူးဆရာကြီးရယ်. . "

"အေး. . ။ ဒီထက်အရေးကြီးတာက အခုဆရာသင်ပေး

www.burmeseclassic.com

www.burmeseclassic.com



မယ့် တွင်းပေါက်မျှော်စင်သိုင်းပညာပဲကွယ့်. . ။ ဒီပညာကိုရဖို့ ဆရာကိုယ်တိုင်ငါးနှစ်လောက်အချိန်ကြာအောင် သိုင်းပညာမှတ်တမ်းတွေနောက်ကို လိုက်ခဲ့ရတယ်။ ရန်သူတွေနဲ့အကြိမ်ကြိမ်ရင်ဆိုင်တိုက်ခိုက်ခဲ့ရတယ်။ ဆရာ့အတွက်ကံကောင်းသွားတာက ဒီသိုင်းပညာမှတ်တမ်းတွေကိုထိန်းသိမ်းထားတဲ့လူတွေဟာ. . သိုင်းပညာမှာအခြေခံမကောင်းကြလို့ တွင်းပေါက်မျှော်စင်သိုင်းပညာမှတ်တမ်းတွေကိုပိုင်ဆိုင်ထားကြပေမယ့်. . ဖြစ်မြောက်အောင် မကျင့်ကြံနိုင်ကြဘူးလေ။ အဲဒါကြောင့်လည်း ဆရာ့အနေနဲ့သိုင်းပညာမှတ်တမ်းတွေကို ရအောင်ယူနိုင်ခဲ့တာပေါ့. . "

လှစွန့်စားကြီးအောင်ဘချိုက သူ့လွယ်အိတ်ထဲမှပေစာပုရပိုက်ထုပ်ကို မောင်ရွှေမိုးအားလှမ်းပေးလိုက်လေသည်။

"ဟောဒီသိုင်းပညာမှတ်တမ်းတွေကို မောင်ရွှေမိုးရဲ့ကိုယ်နဲ့မကွာ သိမ်းဆည်းထားပေတော့။ ဒီသိုင်းပညာရဲ့အဆင့်ကုန်အထိ တတ်မြောက်အောင် ကြိုးကုတ်အားထုတ်ပေတော့. . ။ ဆရာကတော့ ။ သိုင်းပညာမှတ်တမ်းတွေလက်ထဲရောက်လာတဲ့အချိန်မှာ အသက်ကြီးနေပြီဆိုတော့ ပညာရဲ့သုံးပုံတစ်ပုံအထိပဲလေ့ကျင့်နိုင်တော့တယ်။ အဲဒီလို. . သုံးပုံတစ်ပုံလောက်ပဲတတ်တာတောင် ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ. . ရန်ကုန်မှာ လူမိုက်ငမိုးတို့နဲ့တိုက်ခိုက်တုန်းက. . မောင်ရွှေမိုးလည်းလက်တွေ့မြင်ခဲ့ဖူးတာပဲလေ။ ဒီသိုင်းပညာမှတ်တမ်းတွေသာ မသူတော်တွေ



လက်ထဲရောက်သွားရင် လူကောင်းတွေအတွက်အန္တရာယ်သိပ်များသွားနိုင်တယ်ကွယ့်. . "

မောင်ရွှေမိုးသည်. . ဆရာဖြစ်သူလှစွန့်စားကြီးအောင်ဘချိုပေးသောသိုင်းပညာမှတ်စုပုရပိုက်များကို ရှိသေစွာယူလိုက်ကာ အသေအချာပင်သိမ်းဆည်းထားလိုက်လေသည်။

"စိတ်ချပါ. . ဆရာကြီး။ ဒီသိုင်းပညာပုရပိုက်တွေကို ကျွန်တော့်အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်. . "

"ဆရာတို့ရှေ့ခရီးကိုမဆက်ခင်. . ဒီအိမ်မှာပဲခြောက်လလောက်နေကြရဦးမယ်။ အဲဒီခြောက်လအတွင်းမှာ မောင်ရွှေမိုးအနေနဲ့. . ဆရာသင်ပေးတဲ့သိုင်းပညာတွေကိုသေသေချာချာသင်ယူပြီးကြိုးစားလေ့ကျင့်ပေတော့။ မောင်ရွှေမိုးကို ဆရာ့ပညာအမွေတွေပေးခဲ့ချင်လို့ အခုလိုစီစဉ်လိုက်ရတာပဲ. . "

"ဟုတ်ကဲ့ပါ. . ဆရာကြီး။ ဆရာကြီးသင်ပေးသမျှကို တတ်မြောက်အောင်ကြိုးစားသင်ယူပါ့မယ်ခင်ဗျာ. . "

ထိုသို့ဖြင့်မောင်ရွှေမိုးသည် ကလေးမြို့ရှိခြံကြီးထဲတွင် သိုင်းပညာရပ်များကိုလက်တွေ့သင်ယူရလေတော့သည်။ နံနက်မိုးလင်းချိန်မှစ၍ ညဘက်နေဝင်ချိန်အထိဆက်တိုက်သင်ယူရကာ အချို့သောရက်များတွင် ညဘက်၌ပါသင်ယူလေ့ကျင့်နေရလေသည်။

တစ်နေ့တွင် လှစွန့်စားကြီးအောင်ဘချိုသည် ကလေးမြို့

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ထွက်သွားပြီး ညဘက်မှောင်ချိန်တွင်မှပြန်ရောက်လာ
သည်။ သူနှင့်အတူ မောင်ရွှေမိုးအရွယ်မျှရှိသောကုလားလူမျိုး
တစ်ဦးလည်းပါလာလေသည်။

"မောင်ရွှေမိုးရေ. . ။ ဒီကောင်လေးနာမည်က ဆွန်န
တဲ့. . ။ မြန်မာစကားလုံးဝမတတ်ဘဲ မဇ္ဈိမရာဘက်ကနေအလ
ရှာဖို့ထွက်လာတာတဲ့. . ။ မြို့ခံလူမိုက်တွေကဝိုင်းအနိုင်ကျင့်
ကြတာနဲ့ သနားလို့ခေါ်လာခဲ့တာပဲ။ အိမ်မှာခိုင်းစရာရှိတာ
ခိုင်းလို့ရတာပေါ့။ ဆရာတို့ခရီးထွက်တဲ့အခါကျရင်လည်း ဆွန်န
ကိုအိမ်စောင့်ထားခဲ့ကြတာပေါ့ကွာ. . "

ဆွန်နားဆိုသောကုလားလေးက မောင်ရွှေမိုးအားရှိ
ဗွာဦးညွှတ်လိုက်သည်။

လူစွန့်စားကြီးအောင်ဘချိုသည် သဘောကျစွာပြုံးရ
လိုက်ပြီးလျှင်. .

"မောင်ရွှေမိုးအတွက်လည်း ကုလားစကားသင်ဖို့အဆ
ပြေသွားတာပေါ့။ ဆရာတို့ရဲ့ ရှေ့ခရီးစဉ်မှာ. . မောင်ရွှေမိုး
ကုလားစကားကိုကျွမ်းကျွမ်းကျင်ကျင်တတ်ထားဖို့ကလည်း လို
နေတာမို့. . ဆရာသင်ပေးသမျှကို ဆွန်နားနဲ့ပြန်ပြောပြီးလေ့ကျ
ကြပေါ့ကွာ. . ဟား. . ဟား. . "

ဤသို့ဖြင့်ကလေးမြို့အိမ်ကြီးတွင် ကုလားလေးဆွန်န
တစ်ယောက်အပေါ်အဖြစ်တိုးလာကာ မောင်ရွှေမိုးမှာလည်းကု



စကားကို အဆင်ပြေပြေသင်ယူခွင့်ရနေလေတော့သည်။

ကုလားလေးဆွန်နားမှာ ခိုင်းသမျှအလုပ်များကိုမညည်း
မညူဘဲလုပ်ဆောင်ပေးတတ်သောကြောင့် သူတို့ဆရာတပည့်နှစ်
ယောက်နှင့်အဆင်ပြေနေကာ မောင်ရွှေမိုးအတွက်လည်းအိမ်ဗာ
ဟီရများအတွက်ပူပင်စရာမလိုတော့ဘဲ. . သိုင်းပညာကိုသာစိတ်
တိုင်းကျလေ့ကျင့်ခွင့်ရနေပေတော့သည်။

တစ်နေ့တွင်လူစွန့်စားကြီးအောင်ဘချိုက ကုလားလေး
ဆွန်နားအားမြေတွင်းတစ်တွင်းတူးခိုင်းနေသဖြင့် မောင်ရွှေမိုးက
စပ်စုလိုက်မိသည်။

"ဆရာကြီး. . ။ ဒီတွင်းတူးနေပုံထောက်တော့ ကျွန်တော့်
ကိုတွင်းပေါက်မျှော်စင်သိုင်းပညာကို လေ့ကျင့်ခိုင်းတော့မယ်နဲ့တူ
တယ်. . ။ အချိန်ဘယ်လောက်လေ့ကျင့်ရမှာလဲဆရာကြီး. . "

"ဆရာ့သဘောကတော့ . . တစ်လတိတိကျင့်လိုက်စေချင်
တယ်။ အဲဒီလောက်ကျင့်နိုင်ရင် ပညာသဘောကိုနားလည်ပြီးဆရာ
တို့သွားမယ့်ခရီးအတွက်လည်း. . အဆင်သင့်ဖြစ်သွားတာပေါ့။
နောက်ပိုင်းဒီကိစ္စတွေပြီးသွားရင်တော့ မောင်ရွှေမိုးအနေနဲ့စိတ်
အေးလက်အေးပညာအဆင့်ကုန်အောင်ကျင့်ဖို့ ဆရာတိုက်တွန်းပါ
တယ်ကွယ်. . "

မောင်ရွှေမိုးသည် တွင်းပေါက်မျှော်စင်သိုင်းပညာအား
တစ်လကြာသည်အထိလေ့ကျင့်နိုင်ခဲ့ရာ. . တစ်ယောက်တည်းမြေ

www.burmeseclassic.com

www.burmeseclassic.com



တွင်းကြီးအတွင်း၌ကျင့်ကြံနေရသဖြင့် အထီးကျန်စွာနေထိုင်ရမှု ကြောင့် သူ၏စိတ်ဓါတ်များသည်လည်းတဖြည်းဖြည်းမာကျောခက်ထန်လာကာ ကြောက်ရွံ့စိတ်များမရှိတော့ဘဲ အရာရာကိုရင်ဆိုင်ဖြေရှင်းလိုစိတ်များဖြစ်ပေါ်လာသည်အထိ ပြောင်းလဲသွားလေတော့သည်။

ဤသို့ဖြင့်အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားကာ ခြောက်လပြည့်မြောက်သောနေ့တွင်လူစွန့်စားကြီးအောင်ဘချိုက. .

"မောင်ရွှေမိုးရေ. . ။ ဆရာတို့ဘက်ကတော့. . အားလုံးအဆင်သင့်ပြင်ဆင်ပြီးပြီကွယ့်။ ရတနာသိုက်ရှိတဲ့နေရာကို မနက်ဖြန်မနက်မှာခရီးစထွက်ကြတာပေါ့. . "

လူစွန့်စားကြီးအောင်ဘချိုသည် နံဘေးတွင်ထိုင်နေသောကုလားလေးဆွန်နားအား ကုလားဘာသာစကားဖြင့်မှာကြားစရာရှိသည်များကိုမှာကြားနေလေတော့သည်။

♥ ♥

မြေတွေကိုရင်ဆိုင်တဲ့အခါ သူတို့ရဲ့မျက်လုံးတွေကိုလုံးဝမကြည့်မိအောင်ကြိုးစားပါ...မောင်ရွှေမိုး။ သူကို့ရဲ့မျက်လုံးတွေဟာ...အင်မတန်ထူးခြားဆန်းကြယ်တဲ့ညို့အားတွေရှိနေတယ်။

လူစွန့်စားကြီးအောင်ဘချို

www.burmeseclassic.com

www.burmeseclassic.com



## ရတနာသိုက်ရှာပုံတော်

ကလေးမြို့လေးမှစတင်ထွက်ခွာချိန်မှစ၍ တောတွင်းခရီးလမ်းမှာအလွန်ကြမ်းတမ်းလှပေသည်။ မောင်ရွှေမိုးအနေဖြင့် သိုင်းပညာကိုကောင်းစွာတတ်ကျွမ်းနေသူဖြစ်၍သာ လူစွန့်စားကြီးအောင်ဘချိုနောက်မှအမှီလိုက်နေနိုင်ခြင်းဖြစ်သည်။

တောနက်ကြီးထဲတွင် မြွေဆိုးကြီးများ၏အန္တရာယ်ကိုတွေ့ကြုံရသော်လည်း လူစွန့်စားကြီးအောင်ဘချိုသည်မြွေအတတ်ကိုကောင်းစွာကျွမ်းကျင်နိုင်နင်းသူဖြစ်ပေရာ မောင်ရွှေမိုးအဖို့အချိန်နှင့်အမျှပညာအသစ်အဆန်းများကိုပါတတ်မြောက်နေပေသည်။



ဆရာတပည့်နှစ်ယောက်သည် ရွာလေးများကိုတွေ့လျှင်ရှောင်ကွင်းဝေ့ဝိုက်၍သွားလာနေကြရကာ ညဘက်များတွင်တောနက်ကြီးထဲ၌သာအိပ်စက်ကြရလေသည်။

ထိုတောနက်ကြီးထဲတွင်နေထိုင်ကြသူများမှာ လူစိမ်းများကိုလုံးဝယုံကြည်မှုမရှိကြဘဲ တွေ့သမျှလူစိမ်းများကိုသတ်ဖြတ်တတ်ကြသောကြောင့် လူသူများနှင့်မတွေ့အောင်ရှောင်တိမ်းသွားလာရသည်မှာအလွန်ခက်ခဲပင်ပန်းလှပေတော့သည်။

တစ်ခါတစ်ရံတွင်မထင်မှတ်ဘဲ ရန်သူအုပ်စုနှင့်ရင်ဆိုင်တိုးမိလျှင်လည်း . . လွတ်အောင်ရှောင်ပြေးကြရကာ မလွှဲသာ၍တိုက်ခိုက်ကြရလျှင်လည်း ဆရာတပည့်နှစ်ယောက်၏တွင်းပေါက်မျှော်စင်သိုင်းပညာအစွမ်းဖြင့် တက်ညီလက်ညီတိုက်ခိုက်ခြေရှင်းကြရလေသည်။

ထိုကဲ့သို့တိုက်ခိုက်ကြရသောအချိန်တွင်မှ . . မောင်ရွှေမိုးသည် ဆရာဖြစ်သူလူစွန့်စားကြီးအောင်ဘချို၏အမျှော်အမြင်ကြီးကို နားလည်သဘောပေါက်လာမိလေသည်။

မောင်ရွှေမိုးအနေဖြင့် သိုင်းပညာတတ်မြောက်ထားခြင်းမရှိပါက ကြမ်းတမ်းခက်ထန်မာကျောလှသောရန်သူများ၏လက်ချက်ဖြင့် အသက်သေဆုံးရမည်မှာသေချာနေသောကြောင့် . . မိမိအား အပင်ပန်းခံ၍သိုင်းပညာများကိုသင်ကြားပေးကာ ရတနာသိုက်ရှိရာသို့ခေါ်ဆောင်လမ်းပြပေးသော ဆရာကြီး၏ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



များကို မောင်ရွှေမိုးသည်ကောင်းစွာသဘောပေါက်လာကာ ဆရာကြီးနှင့်အသက်ထက်ဆုံးလက်တွဲနေထိုင်သွားရန် မောင်ရွှေမိုး၏ စိတ်ထဲမှကျိတ်၍ ဆုံးဖြတ်ချက်ချထားလိုက်မိတော့သည်။

အန္တရာယ်ပေါင်းစုံ၊ အခက်အခဲပေါင်းစုံတို့ကိုကျော်ဖြတ်ကာ လေးလကျော်မျှခရီးကြမ်းနှင်ခဲ့ကြပြီးနောက်တွင် တောင်တန်းကြီးများ၏အဆုံး၌ရှိသော အဖြူရောင်တောင်ထွတ်ကြီးကိုတွေ့လိုက်ကြရလေသည်။

"ဆရာတို့ရဲ့ခရီးလမ်းအဆုံးကိုတော့ရောက်ပြီ မောင်ရွှေမိုးရေ။ နောက်ဆုံးအနေနဲ့ . . အခက်ခဲဆုံးကိစ္စတစ်ခုကိုဖြတ်ကျော်ပြီးရင် ဆရာတို့ရဲ့ရတနာသိုက်ထဲကိုရောက်နိုင်ပါပြီ . ."

"ဘယ်လို အခက်အခဲမျိုးရှိနေသေးလို့လဲ . . ဆရာကြီးကျွန်တော်သိခွင့်ရရင် သိချင်ပါတယ်."

"အဲဒီတောင်ပေါ်တက်တဲ့လမ်းမှာ . . မြွေတွေအင်မတန်ပေါများလှတယ်။ ဆရာတို့အနေနဲ့ မနက်အစောကြီးတက်သွားပြီ ညမမှောင်ခင်မှာပြန်ဆင်းနိုင်ဖို့လိုတယ်။ အမှောင်ထဲမှာ မီးတုတ်နဲ့ဆင်းရင်တောင်မြွေတွေကများလွန်းလှတာမို့ မြင်မြင်ထင်ထင်မဟုတ်ရင် နှိမ်နင်းနိုင်ဖို့ခက်လိမ့်မယ်။ မြွေတွေကလည်း အဆိပ်ပြင်းလှတာမို့ . . အချိန်မှီပြန်မဆင်းနိုင်ရင်တော့ ဆရာတို့အသက်ဆုံးရှုံးကြရမှာပဲ . ."

"မြွေတွေက . . အဲဒီလောက်တောင်များနေသလား ဆရာ



ကြီးရယ် . ."

"များတာပေါ့ . . မောင်ရွှေမိုး။ နှစ်ပေါင်းများစွာ လူသူမရောက်နိုင်တဲ့နေရာဖြစ်ပြီး . . ရာသီဥတုကလည်း မြွေတွေသိပ်ကြိုက်ကြတဲ့ရာသီဥတုမျိုးမို့ မြွေဆိုးတွေအများကြီးပေါက်ဖွားနေကြတာပဲ။ ဒါကြောင့်လည်း . . ရတနာသိုက်ကလုံခြုံနေတာပေါ့"

လူစွန့်စားကြီးအောင်ဘချိုက သူ၏ထုံးစံအတိုင်းမချိုပြုံးပြုံးလိုက်ပြန်ကာ . .

"မနက်ဖြန်ကျရင်တော့ . . ငါတို့ဆရာတပည့်နှစ်ယောက်မနားတမ်း ခရီးစွမ်းပြကြရဦးမှာပေါ့ကွာ . . ဟား . . ဟား . ."

* * *

ထိုညကတောင်ခြေတွင်မီးဖိုကြီးဖိုကာ ဆရာတပည့်နှစ်ယောက်အိပ်စက်ကြရလေသည်။ မီးဖိုကြီးဖိုထားသည့်တိုင်မြွေများ၏တွန်သံတရှီးရှီးကိုကြားနေရပြီး ပေလေးငါးဆယ်အကွာရှိသစ်ပင်များပေါ်တွင်လည်း တီးလို့တွဲလောင်းကျနေသောမြွေများ၏ မျက်လုံးနီနီရဲရဲများကိုမြင်နေရသဖြင့် ဆရာလူစွန့်စားကြီးအောင်ဘချိုပြောသည့်အတိုင်း . . မြွေဆိုးအလွန်ပေါများလှကြောင်းကို မောင်ရွှေမိုးသဘောပေါက်လိုက်လေသည်။

နံနက်အာရုဏ်တက်ချိန် အလင်းရောင်မှုန်မှုန်လေးပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်. . ဆရာတပည့်နှစ်ယောက်ကျောပိုးအိတ်တစ်လုံးစီလွယ်လိုက်ကြကာ မြိနေအောင်သွေးထားသည့်ငှက်ကြီးတောင်ဓားတစ်လက်စီကိုင်ဆွဲ၍ တောင်ထွတ်ပေါ်သို့တက်ရန်ပြင်ဆင်လိုက်ကြလေသည်။

"မြွေတွေကို ရင်ဆိုင်တဲ့အခါ. . သူတို့ရဲ့မျက်လုံးတွေကို လုံးဝမကြည့်မိအောင်ကြိုးစားပါမောင်ရွှေမိုး။ သူတို့ရဲ့မျက်လုံးတွေဟာ အင်မတန်ထူးခြားဆန်းကြယ်တဲ့ညို့အားတွေရှိနေတယ်. . "

လူစွန့်စားကြီးအောင်ဘချိုသည် တပည့်ဖြစ်သူမောင်ရွှေမိုးအားစိတ်မချစွာမှာကြားပြီး. . တောင်တက်လမ်းအတိုင်းစတင်တက်သွားလေတော့သည်။

ထိုအချိန်မှ၍ မြွေများနှင့်လူသားနှစ်ဦးတို့၏တိုက်ပွဲမှာ စတင်လေတော့သည်။

မောင်ရွှေမိုးသည် တွင်းပေါက်မျှော်စင်သိုင်းပညာကိုလေ့ကျင့်ထားသဖြင့်သာ မြွေများအားမနားတမ်းရှောင်တိမ်း၍ ခုတ်နိုင်နေခြင်းဖြစ်သည်။ သူ့ရှေ့မှ ဆရာလူစွန့်စားကြီးအောင်ဘချိုမှာလည်း. . မြွေများအားခုတ်ရင်းပြေးတက်သွားနေသဖြင့်မောင်ရွှေမိုးသည် နောက်မှအမှီပြေးလိုက်နေရလေသည်။

နေမွန်းတည့်ချိန်ကျော်သောအခါ တောင်ထိပ်ကွက်လပ်နေရာဆီသို့ရောက်လာကြပြီဖြစ်၍ ကွက်လပ်နေရာကျယ်တစ်ခုကိုရွေးချယ်ကာ တစ်ယောက်တစ်လှည့်စီစောင့်ပေးရင်းအာဟာရ



ဖြည့်တင်းကြရလေသည်။

"အခြေအနေကတော့. . သိပ်မကောင်းလှဘူးမောင်ရွှေမိုးရေ။ အောက်ပြန်ဆင်းရင်. . မမှောင်ခင် တောင်ခြေကိုပြန်ရောက်ဖို့အတော်ကြိုးစားကြရလိမ့်မယ်ကွယ့်. . "

လူစွန့်စားကြီးအောင်ဘချိုသည်. . ကွက်လပ်နှင့်မလှမ်းမကမ်းနေရာတွင်ရှိနေသော ဂူပေါက်တစ်ခုဆီသို့လက်ညှိုးထိုးပြလိုက်ကာ. .

"အဲဒီဂူထဲမှာ. . ရွှေဒင်္ဂါးတွေနဲ့လူအရိုးခြောက်တွေရှိနေတယ်။ ဆရာ့အထင်တော့. . ဘဏ္ဍာငွေတွေသယ်ပို့ရတဲ့ဗြိတိသျှတပ်ဖွဲ့တစ်ဖွဲ့ဟာ အကြောင်းတစ်ခုခုနဲ့ဒီတောင်ပေါ်မှာတက်ပုန်းနေရင်း မြွေတွေရဲ့လက်ချက်မိပြီးသေကုန်ကြတယ်နဲ့တူပါရဲ့. . "

လူစွန့်စားကြီးအောင်ဘချိုသည် ကျောပိုးအိတ်ထဲမှသံဗူးတစ်ဗူးကိုထုတ်ယူလိုက်ပြီး အဝတ်စုတ်များကိုထုတ်ယူ၍ သံဗူးထဲမှရေနံဆီများဖြင့်လောင်းချလိုက်ကာ. .

"ဒီအဝတ်စုတ်တွေကိုမီးရှို့ပြီး ဂူပေါက်ထဲပစ်ထည့်လိုက်တာနဲ့ ဂူထဲကထွက်လာတဲ့မြွေတွေကိုအကုန်ရှင်းပစ်ပေတော့. . ။ ကျန်ခဲ့တဲ့ကောင်တွေဟာ. . အပြန်လမ်းကျရင် တို့ကိုဒုက္ခကောင်းကောင်းပေးလိမ့်မယ်။ အခုအချိန်မှာ. . ရှင်းထားနိုင်ရင်ပိုကောင်းတာပေါ့. . "

လူစွန့်စားကြီးအောင်ဘချိုက မောင်ရွှေမိုးအားလှည့်၍

www.burmeseclassic.com

www.burmeseclassic.com



မှာကြားရင်း အဝတ်စုလ်များအားမီးရှို့၍ဂူပေါက်ထဲသို့ပစ်ထည့်လိုက်လေသည်။

"ရှိုး . . ရှိုး . . "

မြွေတွန်သံများအဆက်မပြတ်ထွက်ပေါ်လာကာ ဂူထဲမှမြွေများစွာထွက်ပေါ်လာသဖြင့် ဆရာတပည့်နှစ်ယောက်မှာမနားတမ်းပင်ခားစွမ်းပြနေကြရလေသည်။

"ဝှိုး . . ရှစ် . . "

"ရှိုး . . ရှိုး . . "

အချိန်အတော်ကြာမှပင် ဂူထဲမှမြွေများတုန်သွားသဖြင့် လူစွန့်စားကြီးအောင်ဘချိုသည် . . မီးတုတ်တစ်ချောင်းကိုအမြန်ထွန်းညှိလိုက်ကာဂူထဲသို့ပြေးဝင်သွားသဖြင့် မောင်ရွှေမိုးလည်း နောက်မှအပြေးလိုက်သွားလေသည်။

"ဟာ . . "

မီးတုတ်၏အလင်းရောင်ဖြင့် . . ဂူထဲတွင်ပြန့်ကျဲနေသော အရိုးစုများနှင့် ပွင့်နေသောသေတ္တာကြီးအတွင်းမှတဝင်းဝင်းလက်နေသောရွှေဒင်္ဂါးများကိုတွေ့လိုက်ရလေသည်။

"အချိန်မရှိတော့ဘူး . . မောင်ရွှေမိုးရေ။ ရွှေဒင်္ဂါးတွေကိုအိတ်နှစ်လုံးအပြည့်သာ မြန်မြန်ကြုံးထည့်ပေတော့ . . "

လူစွန့်စားကြီးအောင်ဘချိုက စောင့်ကြည့်ပေးနေချိန်တွင် မောင်ရွှေမိုးသည် ကျောပိုးအိတ်ကြီးနှစ်လုံးထဲသို့ရွှေဒင်္ဂါးများကို



အပြည့်ထည့်လိုက်ကာ တစ်လုံးကိုကျောတွင်လွယ်ပိုး၍ ကျန်တစ်လုံးကိုဆရာအောင်ဘချိုအားကမ်းပေးလိုက်တော့သည်။

"ပြန်ထွက်ဖို့အသင့်ဖြစ်ပါပြီ . . ဆရာကြီး"

"တောင်အောက်ကိုရောက်အောင် . . အမြန်ပြေးကြမယ် မောင်ရွှေမိုး . . ။ ဆရာ့နောက်ကသာ ကပ်လိုက်ခဲ့ပေတော့ . . "

တောင်အောက်ပြန်ဆင်းသည့်လမ်းတလျှောက်၌ လူစွန့်စားကြီးအောင်ဘချိုသည် . . ကျောပိုးအိတ်ကြီး၏အလေးချိန်ကိုပါထမ်းပိုးထားရသည့်ကြားမှပင် တွေ့သမျှ မြင်သမျှမြွေဆိုးများအားအားရေးပြလျှက်ပြေးဆင်းနေရာ . . ဆရာဖြစ်သူအံလွှန်ပင်ပန်းနေသည့်အချိန်များတွင် မောင်ရွှေမိုးကလည်းရှေ့မှပြေးဆင်း၍လမ်းရှင်းပေးနေရလေသည်။

မောင်ရွှေမိုးတို့အတွက် ကံကောင်းသွားသည်ဟုပင်ဆိုရပေမည်။ အချိန်ကာလမှာနွေရာသီဖြစ်၍ . . နေ့တာရှည်နေသောကြောင့် အမှောင်ရိပ်သန်းစအချိန်တွင်ပင်တောင်ခြေရှိစခန်းသို့ပြန်ရောက်နိုင်ခဲ့ကြလေတော့သည်။

"ကံတရားက . . ငါတို့ဘက်က ကူညီလိုက်ပြီကွ။ ငါတို့အကြံအစည် . . အောင်မြင်ပြီကွ . . ဟား . . ဟား . . "

လူစွန့်စားကြီးအောင်ဘချိုသည် သူ၏စွန့်စားသည့်လုပ်ရပ်အောင်မြင်သွားသဖြင့် ဝမ်းသာအားရပင်ဟစ်ကြွေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူစွန့်စားကြီးအောင်ဘချိုနှင့်မောင်ရွှေမိုးတို့၏ အပြ
လမ်းခရီးတွင်. . အန္တရာယ်နှင့်အခက်အခဲများစွာတွေ့ကြုံရသော
လည်း ဆရာတပည့်နှစ်ယောက်ညီညွတ်စွာရင်ဆိုင်ဖြေရှင်းနိုင်
သဖြင့် လေးလမျှကြာသောအချိန်တွင်. . ကလေးမြို့ရှိအိမ်ကြီးသို့
ပြန်လည်ရောက်ရှိနိုင်ခဲ့ကြလေတော့သည်။

♥ ♥ ♥

ဆွန်နားဟာ...ဆယ်နှစ်သားလောက်ကတည်းက
ကျွန်တို့ကသည်းရှာမှာလာနေတဲ့ မြန်မာမိသားစုဆီက
မြန်မာစကားကို...ကောင်းကောင်းပြောတတ်အောင်
သင်ထားပြီးသားပါကွ...။

ပန်းပဲဆရာကြီး ချန်ဒူး ရား

www.burmeseclassic.com

www.burmeseclassic.com



## မထင်မှတ်သောအကွေ့

မောင်ရွှေမိုးတို့ပြန်ရောက်လာကြသောကြောင့် အိမ်စောင့်အဖြစ်ထားခဲ့သောကုလားလေးဆွန်နားမှာ အလွန်ပင်ပျော်ရွှင်နေလေတော့သည်။

လူစွန့်စားကြီးအောင်ဘချိုသည်လည်း. .သူ၏စွန့်စားမှုများအောင်မြင်လာသောကြောင့်ကျေနပ်ပီတိဖြစ်နေကာ. .

"ငါတို့လည်းတစ်နှစ်နီးပါးလောက် ပင်ပင်ပန်းပန်းခရီးထွက်ခဲ့ရတာဆိုတော့. . တစ်လလောက်တော့အေးအေးဆေးဆေးအနားယူလိုက်ကြရအောင် မောင်ရွှေမိုးရေ. ."



လူစွန့်စားကြီးအောင်ဘချိုသည်. . ကုလားလေးဆွန်နားအားဈေးသို့သွားရောက်၍ အကောင်းဆုံးဟင်းလျာများချက်ပြုတ်ပြင်ဆင်ရန်စေခိုင်းလိုက်ပြီးလျှင်. .

"ဘယ်သူမှမရှိတုန်း. . ရွှေဒင်္ဂါးအိတ်နှစ်အိတ်ကို လုံခြုံတဲ့နေရာတစ်ခုခုမှာသွားဖွက်ထားလိုက်ဦး မောင်ရွှေမိုး။ ဒီရွှေဒင်္ဂါးတွေအကြောင်းကို. . ဆွန်နားရှေ့မှာလုံးဝမပြောပါနဲ့။ ဆရာတို့ခရီးသွားနေကြတဲ့တစ်နှစ်လောက်အချိန်အတွင်းမှာ ဆွန်နားလည်းမြန်မာစကားကိုကောင်းကောင်းတတ်နေနိုင်တယ်။ လူဆိုတာကလောဘရဲ့သားကောင်မျိုးမို့. . သူမသိသင့်တာတွေကို သူ့ရှေ့မှာမပြောဘဲနေကြရင်ပိုကောင်းတယ်. ."

"ဟုတ်တဲ့ ဆရာကြီး။ ကျွန်တော်သဘောပေါက်ပါပြီ. ."

မောင်ရွှေမိုးမှာ သူအလွန်ချစ်ခင်လေးစားရသောဆရာကြီးလူစွန့်စားအောင်ဘချိုအား. . အနီးကပ်ပြုစုကျွေးမွေးနေရသဖြင့်အလွန်ပျော်ရွှင်နေကာ အားလပ်သောအချိန်များတွင်ဆရာတပည့်နှစ်ယောက်အေးအေးဆေးဆေးထိုင်၍ ဆရာဖြစ်သူကပြန်ပြောပြသောယဘဝအကြောင်းများ၊ ဆရာဖြစ်သူ၏စွန့်စားခန်းအကြောင်းများကိုနားထောင်ရင်း ပျော်ရွှင်နေလေတော့သည်။

ကုလားလေးဆွန်နားမှာလည်း အကောင်းဆုံးဟင်းလျာများကိုနေ့စဉ်ပင်ချက်ပြုတ်ကျွေးမွေးကာ. . သူတို့အနီးတွင်အချိန်ပြည့်ရှိနေတတ်ပြီး ဝေယျာဝစ္စကိစ္စများကိုကူညီဆောင်ရွက်ပေးနေ

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

နှစ်ပတ်ခန့်ကြာသောအခါ. . ဆရာကြီးအောင်ဘချိုသည် လူစွန့်စားတို့၏ထုံးစံအကိုင်း အိမ်ကြီးထဲတွင်နေထိုင်ရသည်ကိုငြီးငွေ့လာသဖြင့်. .

“ရှေ့အပတ်ကျရင်. . ဆရာတို့ခရီးဆက်ကြမယ် မောင်ရွှေမိုးရေ။ မင်းလည်းဝယ်စရာခြမ်းစရာရှိတာတွေကို အဆင်သင့်ဝယ်ထားခြမ်းထားပေတော့. .”

လူစွန့်စားကြီးအောင်ဘချိုသည်. . ကုလားလေးဆွန်နားဘက်သို့လှည့်ကြည့်လိုက်ကာ ကုလားဘာသာစကားဖြင့်. .

“ငါဘပည့်ဆွန်နားကိုတော့... ဟောဒီအိမ်ကြီးနဲ့အိမ်ကြီးထဲကပစ္စည်းတွေအားလုံး အပိုင်ပေးခဲ့ပါမယ်ကွာ. .။ မင်းလည်းအိမ်ထောင်ပြုရမယ့်အရွယ်တောင်ကျော်နေပြီဆိုတော့. . ဆရာတို့ပြန်သွားပြီးရင် အိမ်ထောင်ပြုပြီးဒီမှာပဲအခြေချနေပေတော့. .။ မင်းအတွက်ရင်းနှီးစားသောက်နိုင်ဖို့လည်း. . ငွေကြေးလုံလောက်အောင်ပေးခဲ့ပါမယ်. .”

ကုလားလေးဆွန်နားသည် အလွန်ဝမ်းမြောက်ပျော်ရွှင်သွားသဖြင့်. .

“ဆရာကြီးရဲ့ကျေးဇူးက. . ကြီးမားလှပါတယ်ခင်ဗျာ။ ဆရာကြီးရဲ့ကျေးဇူးကို. . ဆွန်နားတစ်သက်လုံးမမေ့ပါဘူး”

ဆွန်နားသည်. . အလွန်ဝမ်းသာသွားသဖြင့် ကုလားဘာသာစကားဖြင့် ကျေးဇူးတင်ကြောင်းကိုအကြိမ်ကြိမ်အထပ်ထပ်ပြောကြားနေလေတော့သည်။



မောင်ရွှေမိုးသည် ရန်ကုန်သို့ပြန်ရတော့မည်ဖြစ်၍စိတ်ထဲတွင်အလွန်ပျော်ရွှင်နေကာ. . နောက်တစ်လလောက်ဆိုလျှင် ချစ်ဇနီးမလေးငယ်၊ သားလေးမောင်သန်းဟန်တို့နှင့်အတူ ပြည့်စုံချမ်းသာစွာနေထိုင်ရတော့မည့်အရေးကို တွေးတောစိတ်ကူးယဉ်ပြီးကျေနပ်နေမိလေသည်။

ကလေးမြို့နှင့်နှစ်မိုင်ခန့်အကွာတွင်ရှိသောနောင်ကလုံရွာကြီးတွင် ကသည်းလူမျိုးပန်းပဲကျော်ချန်ဒူးရားဆိုသူတစ်ဦးရှိရာ သူ၏ဓားများမှာ အလွန်ကောင်းမွန်သည်ဟုနာမည်ကြီးနေသဖြင့် ကိုယ်ပိုင်ငှက်ကြီးတောင်ဓားနှစ်လက်သွားရောက်အပ်နှံရန် စိတ်ကူးမိပြီး. . နောင်ကလုံရွာသို့သွားရောက်ရမည့်လမ်းကြောင်းကို ကုလားလေးဆွန်နားအား ကုလားဘာသာစကားဖြင့်မေးမြန်းလိုက်လေသည်။

“ဆရာက. . နောင်ကလုံရွာကို ဘာကိစ္စနဲ့သွားချင်တာလဲဆရာရဲ့. .”

“အဲဒီရွာမှာ. . ကသည်းလူမျိုး ပန်းပဲဆရာချန်ဒူးရားဆိုတာရှိတယ်လို့ပြောကြတယ်။ သူ့ဓားတွေက နာမည်သိပ်ကြီးလို့ ဓားနှစ်ချောင်းလောက်အပ်ချင်လို့ပါ. .”

ကုလားလေးဆွန်နားမှာ မျက်နှာတွတ်ကနဲပျက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်. .

"ဆရာကလည်းဗျာ. . ။ ဓားလုပ်ချင်တာများ. . နောင်ကလုံရွာအထိတောင်သွားဖို့မလိုပါဘူး။ ဒီကလေးမြို့ပေါ်မှာလည်း နာမည်ကြီးပန်းပဲဆရာတွေရှိပါတယ်. . "

"ပန်းပဲဆရာတွေကတော့. . ငါတို့ရန်ကုန်မှာလည်းအများကြီးရှိတာပေါ့ဆွန်နားရာ။ ဒါပေမယ့်. . အဲဒီပန်းပဲဆရာချန်ဒူးရားက ဓားကိုင်မယ့်လူရဲ့နေ့တွေ၊ နံတွေကိုပါတွက်ချက်ပြီးမှ ဓားကိုလုပ်ပေးတာဆိုတော့ တစ်သက်လုံးကိုင်ရမယ့်ဓားကောင်းကောင်းနှစ်လက်ကို အပ်လိုက်ချင်လို့ပါကွ. . "

မောင်ရွှေမိုးသည် ကုလားလေးဆွန်နား၏မျက်နှာပျက်သွားခြင်းကိုကောင်းစွာသတိထားမိလိုက်သောကြောင့် ပို၍မသက်သာဖြစ်သွားမိကာ. .

"မင်းကနောင်ကလုံရွာကို မသွားတတ်ဘူးဆိုရင်လည်း ငါ့ဘာသာပဲမေးစမ်းပြီးသွားပါတော့မယ်ဆွန်နားရာ. . ။ ဆရာကြီးနိုးလာရင်သာ အကျိုးအကြောင်းပြောပြထားလိုက်ပါ. . "

မောင်ရွှေမိုးသည် ကုလားလေးဆွန်နားအားမှာကြားထားခဲ့ပြီးလျှင် ကလေးမြို့ထဲ၌နောင်ကလုံရွာသို့သွားသည့်လမ်းကိုမေးစမ်းပြီး. . ပန်းပဲဆရာချန်ဒူးရား၏ပန်းပဲဖိုသို့ရောက်ရှိသွားလေတော့သည်။

"ကျွန်တော့်အတွက်. . ဆောင်ဓားနှစ်လက်အပ်ချင်လို့ပါ



ပန်းပဲဆရာကြီး။ အချိန်သုံးရက်နဲ့ပြီးအောင်လုပ်ပေးနိုင်ပါ့သလားခင်ဗျာ. . "

မောင်ရွှေမိုးသည် ကုလားစကားကိုကျွမ်းကျင်စွာပြောနိုင်နေပြီဖြစ်၍ ကုလားစကားဖြင့်မေးမြန်းလိုက်လေသည်။

"အဲဒီလောက်အချိန်နဲ့ပြီးဖို့ဆိုရင် အမြန်ကြေးတော့ပေးရလိမ့်မယ်ကွယ့်. . "

"ဟုတ်ကဲ့ပါ. . ဆရာကြီး။ အမြန်ကြေးကျသလောက်ကိုပေးပါ့မယ်ခင်ဗျာ. . "

"အမြန်ကြေးပေးမယ်ဆိုရင်တော့ ကျုပ်အနေနဲ့ပြီးအောင်ကြိုးစားပေးရမှာပေါ့လေ. . "

ပန်းပဲဆရာကြီးချန်ဒူးရားသည် မောင်ရွှေမိုးအားသေချာစွာစူးစိုက်ကြည့်လိုက်ကာ. .

"မောင်ရင်လေးက. . ဘာနေ့သားလဲကွ။ မောင်ရင်လေးနေတာကရော ဘယ်အရပ်မှာနေတာလဲ. "

"ကျွန်တော်က ဗုဒ္ဓဟူးသားပါ။ လောလောဆည်မှာ. . ဘိုကုန်းရပ်ကအိမ်ကြီးမှာ ခဏတည်းနေတာပါ။ ရှေ့အပတ်ကျရင် ရန်ကုန်ပြန်တော့မှာမို့. . ဆရာကြီးဆီကဓားကို သုံးရက်အတွင်း အပြီးလိုချင်နေတာပါခင်ဗျာ. . "

ပန်းပဲဆရာကြီးချန်ဒူးရားက. . မောင်ရွှေမိုးအားကြည့်၍ ပြုံးလိုက်ရင်း. .

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . လက်စသတ်တော့ မောင်ရင်လေးဟာဆွန်နားတို့အဖွဲ့ကပဲကိုး. . ။ ဒါကြောင့်လည်း. . မားတွေကိုအမြန်ကြေးပေးပြီးလာအပ်နေတာကိုးကွ. . ဟား. . ဟား. . "

မောင်ရွှေမိုးသည် ပန်းပဲဆရာကြီးချန်ဒူးရား၏စကားကိုကြားလိုက်ရသည်နှင့် ကုလားလေးဆွန်နားမျက်နှာပျက်သွားသည့်အဖြစ်နှင့်ဆက်စပ်စဉ်းစားလိုက်မိကာ. .

"ဆရာကြီးက. . ဆွန်နားကိုသိလို့လားခင်ဗျ. . "

"မောင်ရင်က. . ဆွန်နားလိုကောင်မျိုးရဲ့ဂိုဏ်းဝင်လုပ်နေပြီး ဆွန်နားအကြောင်းကိုခုချိန်ထိကောင်းကောင်းမသိသေးဘူးလားကွာ။ ကျုပ်နဲ့ မင်းတို့ရဲ့ဆရာကြီးဆွန်နားနဲ့က. . ကသည်းမှာတည်းက တစ်ရွာတည်းနေလာခဲ့ကြတဲ့သူတွေပါကွ။ ဆွန်နားဆိုတဲ့ကောင်ဟာငယ်ငယ်လေးထဲက. . အင်မတန်ရက်စက်တဲ့ကောင်။ သတ္တိလည်းကောင်း၊ ဉာဏ်လည်းထက်လို့ ကျုပ်တို့ကသည်းဘက်မှာဆွန်နားဟာ အသက်ငယ်ငယ်နဲ့ဓားပြဗိုလ်ဖြစ်လာတာပေါ့ကွ။ ဗြိတိသျှပုလိပ်တွေကိုသတ်မိလို့သာ ဒီဘက်ကိုထွက်ပြေးလာခဲ့ရတာပဲ. . "

မောင်ရွှေမိုးသည်ကြားလိုက်ရသောစကားကြောင့်. . ရင်ထဲတွင်ထိတ်ကနဲဖြစ်သွားသော်လည်း မျက်နှာမပျက်စေရန်ကြိုးစားထိန်းချုပ်၍ ပန်းပဲဆရာကြီးချန်ဒူးရား၏စကားများကိုဆက်နားထောင်နေလိုက်သည်။



"ဟိုနေ့က. . ကျုပ်မြို့ထဲကိုရောက်တော့ ဆွန်နားလိုမျိုး မဒီနားနဲ့တောင်တွေ့ခဲ့သေးတယ်။ သူပြောတော့. . မင်းတို့အရွ ရန်ကုန်အထိတောင်သွားကြတော့မယ်ဆို. . ။ သူ့သားသုံးယောက်ကိုလည်းရန်ကုန်မှာ ပညာတတ်သူဌေးကြီးတွေဖြစ်အောင်လုပ်ရမယ်လို့လည်းပြောသွားသေးတယ်ကွ. . ဟား. . ဟား. . "

မောင်ရွှေမိုးသည်ဟန်ဆောင်ရယ်မောလိုက်ပြီးလျှင်. .

"ဆရာကြီးကို. . ကြွားသွားတာနေမှာပါခင်ဗျာ။ ဆရာဆွန်နားက. . မြန်မာစကားမှမတတ်တာ။ ရန်ကုန်ကို. . ဘယ်လိုသွားနေကြမှာလဲခင်ဗျ. . "

ပန်းပဲဆရာကြီးချန်ဒူးရားသည် အလွန်ရယ်ရသောဟာသတစ်ခုကိုကြားလိုက်ရသကဲ့သို့ အူလှိုက်သည်းလှိုက်ရယ်မောလိုက်တာ. .

"မောင်ရင်တော့. . ဆွန်နားရဲ့ထောင်ချောက်ထဲမှာပိတ်မိနေမှာကို မြင်ယောင်သေးတော့သကွာ။ ဆွန်နားက အမြဲတမ်းသူ့ကိုယ်သူမြန်မာစကားလုံးဝမတတ်ဘူးဆိုပြီး. . ဟန်ဆောင်နေတတ်တာကွ။ သူဟန်ဆောင်ပုံကပိရိလွန်းတော့. . သူ့ကိုမြန်မာစကားမတတ်ဘူးဆိုပြီး သူ့ရှေ့မှာလျှို့ဝှက်ချက်တွေထုတ်ပြောမိရင်တော့. . ဒုက္ခများဖို့သာပြင်ပေတော့. . ဟား. . ဟား. . "

မောင်ရွှေမိုးသည်. . ပန်းပဲဆရာကြီးချန်ဒူးရား၏စကားတိုနားထောင်နေရင်း. . ဆွန်နားကိုအိမ်သို့စတင်ခေါ်ဆောင်လာ

www.burmeseclassic.com

စဉ်က ဆွန်နားရှေ့တွင်ရတနာသိုက်အကြောင်းများပြောဆိုတိုင်ပင်ခဲ့ကြဖူးသည့်အဖြစ်ကို ပြန်လည်အမှတ်ရလာမိလေသည်။

"အမှန်တော့. . ဆွန်နားဟာ ဆယ်နှစ်သားလောက်ကတည်းက ကျုပ်တို့ကသည်းရွာမှာလာနေဟဲ့မြန်မာမိသားစုဆီက မြန်မာစကားကို ကောင်းကောင်းပြောတတ်ဆိုတတ်အောင် သင်ထားပြီးသားပါကွ. . ဟား. . ဟား. ."

ဗန်းပဲဆရာကြီးချန်ဒူးရား၏စကားကြောင့် သူတို့အနေဖြင့်အန္တရာယ်ရှိနေပြီဖြစ်ကြောင်းကိုရိပ်မိလိုက်သောမောင်ရွှေမိုးသည် ခါးနှစ်လက်အပ်နှံသည့်ကိစ္စကိုအမြန်ပြီးပြတ်အောင်လုပ်ဆောင်ကာ အိမ်သို့အမြန်ပြန်ပြေးလာခဲ့လေသည်။

အိမ်ကြီးသို့ပြန်ရောက်သောအခါ အိမ်ရှေ့တံခါးမကြီးမှာ ထူးထူးခြားခြားပိတ်ထားသည်ကိုတွေ့လိုက်ရသောကြောင့် မောင်ရွှေမိုး၏စိတ်ထဲတွင်ထင့်ကနဲဖြစ်သွားမိကာ. .

"ဆွန်နားရေ. . ဆွန်နား။ တံခါးလာဖွင့်စမ်းပါဦးကွ. ."

ဟု အော်ဟစ်ခေါ်လိုက်သော်လည်း အိမ်ကြီးအတွင်းမှ အသံလုံးဝမကြားရသဖြင့် တံခါးမကြီးအားပခုံးဖြင့်အတင်းတွန်းတိုက်ဖွင့်လိုက်ရာ တံခါးချက်ပြုတ်ပြီးပွင့်ထွက်သွားလေသည်။

"ဆရာကြီး. . ဆရာကြီး. ."

မောင်ရွှေမိုးက စိုးရိမ်တကြီးဖြင့်အော်ဟစ်ခေါ်ရင်းအိမ်ကြီးထဲသို့ပြေးဝင်သွားလေရာ. . မီးဖိုခန်းထဲမှ မြင်ကွင်းကြောင့်



အလွန်အံ့ဩထိတ်လန့်သွားရလေတော့၏။

"ဟာ. ."

ဆရာကြီးလူစွန့်စားအောင်ဘချိုသည် ထမင်းစားပွဲကြီးပေါ်တွင်ထိုင်နေလျက်မှ ဦးခေါင်းမှာစားပွဲပေါ်တွင်မှောက်ကျနေလေသည်။

မောင်ရွှေမိုးကဆရာကြီးအနီးသို့ပြေးသွားကာ စမ်းသပ်ကြည့်လိုက်ရာ. . ဆရာကြီးမှာစားပွဲကြီးပေါ်တွင်မှောက်လျက်သားဖြင့်ပင် အသက်ပျောက်နေသည်ကိုတွေ့လိုက်ရလေတော့၏။

"ဟာ. ."

စားပွဲပေါ်တွင် သောက်လက်စကော်ဖီခွက်နှင့်ပေါင်မုန့်ပန်းကန်ကိုပါတွေ့လိုက်ရသဖြင့်. . ဆရာကြီးသည်အလွန်ပြင်းထန်သောအဆိပ်တစ်မျိုးဖြင့် လုပ်ကြံခံလိုက်ရခြင်းဖြစ်ကြောင်းကိုသိရှိလိုက်ကာ ဆွန်နား၏အခန်းထဲသို့ပြေးဝင်ကြည့်လိုက်လေသည်။

ဆွန်နား၏အခန်းထဲတွင် ပစ္စည်းများရှင်းလင်းလျက်ရှိသဖြင့်. . ဆွန်နားမှာထွက်ပြေးသွားပြီဖြစ်ကြောင်းကို သိလိုက်ရလေတော့သည်။

"တောက်. . လုပ်ရက်လိုက်တာ ဆွန်နားရား တော့လူမှုန့်ဆရာကြီးကိုတောင်. . အဆိပ်ခတ်ပြီးလုပ်ကြံသွားတယ်။ ခုနက အကြောင်းတွေကို. . နောင်ကာလုံ့ရွာရောက်ရင် ငါသိလာလိမ့်မယ်ဆိုတာကိုရိပ်မိလို့ ဆရာကြီးကိုလုပ်ကြံလိုက်တာပဲဖြစ်ရမယ်. ."

www.burmeseclassic.com



မင်းကိုတော့. . တစ်သက်လုံးအခဲမကျေနိုင်တော့ဘူးဆိုတာ မှတ်ထားလိုက်ပေတော့. . ”

မောင်ရွှေမိုးသည်. . သူဖွက်ထားသော ရွှေဒင်္ဂါးအိတ်ကြီးနှစ်လုံးကိုသတိရလိုက်သောကြောင့် အိမ်အပေါ်ထပ်သို့ပြေးတက်သွားကာ. . ဖွက်ထားသောနေရာများတွင် ပြန်လည်ရှာဖွေကြည့်လိုက်လေသည်။

“ဟာ. . ”

ကျွန်းသေတ္တာကြီး၏နောက်ရှိ. . အံဝှက်ကဲတွင်ဖွက်ထားသောအိတ်ကြီးမှာ ပျောက်ဆုံးသွားပြီဖြစ်ကြောင်းသိလိုက်ရသဖြင့် မောင်ရွှေမိုးသည်. . အိမ်ခေါင်မိုးမျက်နှာကြက်ပေါ်တွင်ဖွက်ထားသောအိတ်ကြီးအားတက်ကြည့်လိုက်လေသည်။

“ဟင်း. . တော်ပါသေးရဲ့. . ”

မောင်ရွှေမိုးအတွက် ကံကောင်းသွားသည်ဟုပင်ဆိုရပေတော့မည်။ ဆွန်နားသည်မျက်နှာကြက်ပေါ်မှအိတ်ကြီးအားလုံးဝမတွေ့ရှိခဲ့ပေ။ ထိုအိတ်ကြီးအား ရှာမတွေ့နိုင်သေးသောကြောင့်လည်း. . ဆွန်နားသည် သူ့အားအဆိပ်မခတ်သေးဘဲအချိန်စောင့်နေခဲ့ခြင်းဖြစ်ကြောင်းကိုလည်း သဘောပေါက်လိုက်လေသည်။

မောင်ရွှေမိုးသည် သူ၏လက်ရှိအခြေအနေကိုတွေးကြည့်လိုက်ရာ. . သူမသိသောရန်သူများက ပတ်လည်ဝိုင်းနေကြပြီဖြစ်ကြောင်းကိုတွေးမိလေသည်။



ဆွန်နားသည် ကသည်းလူဆိုးဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်ကာ ရွှေဒင်္ဂါးအိတ်တစ်အိတ်ကိုရသွားပြီဖြစ်သော်လည်း သူ့ထံ၌တစ်အိတ်ကျန်နေသေးသည်ကိုကောင်းစွာသိရှိထားသဖြင့်. . ထိုရွှေဒင်္ဂါးအိတ်အားလုယူနိုင်ရန်စီစဉ်ထားမည်မှာ သေချာလှပေ၏။

ဆွန်နားအနေဖြင့် မိသားစုနှင့်အတူရန်ကုန်သို့ထွက်ပြေးသွားလျှင်ပင် တပည့်တပန်းများအားသူ့ကိုလက်စတုံးသုတ်သင်ပြီး ရွှေဒင်္ဂါးအိတ်အားလုယူရန် မှာကြားသွားမည်မှာသေချာလှပေရာ သူ့အနေဖြင့်. . အမြန်ဆုံးခြေရာဖျောက်ရှောင်တိမ်းနိုင်မှသာလျှင် ကသည်းလူဆိုးများ၏လက်မှ. . လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း တွေးမိသဖြင့် မောင်ရွှေမိုးသည်ရွှေဒင်္ဂါးအိတ်ကြီးအားခြေရာလက်ရာမပျက်ပြန်သိမ်းထားလိုက်လေသည်။

မောင်ရွှေမိုးသည် သူ့အလွန်ချစ်ခင်လေးစားသောဆရာကြီးလူစွန့်စားအောင်ဘချို၏အလောင်းနားတွင်ထိုင်ကာ ငေးငိုင်နေမိလေသည်။ အခက်အခဲပေါင်းစုံ၊ အန္တရာယ်ပေါင်းစုံကိုတစ်နှစ်ကျော်ပူးတွဲရင်ဆိုင်ခဲ့ကြပြီးမှ လူယုံသတ်၍သေရရှာသောဆရာကြီး၏အဖြစ်ကြောင့်အလွန်ပင်ကြေကွဲဝမ်းနည်းနေမိလေသည်။

မောင်ရွှေမိုးမှာ ကျေးဇူးရှင်ဆရာကြီး၏အဖြစ်ဆိုးကြောင့် နှလုံးကွဲအက်လုမတတ်ခံစားလိုက်ရကာ. . လူတိုင်းအပေါ်သွင်ယုံကြည်မှုကင်းမဲ့သည့်စိတ်မိုက်စိတ်ရိုင်းများက သူ၏အသည်းထဲတွင် စွဲထင်ဝင်ရောက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေမိုးသည် ကျေးဇူးရှင်ဆရာကြီးလူစွန့်စားအောင်ဘချို၏အလောင်းအား အိမ်ကြီး၏အနောက်ဘက်ရှိမြက်ခင်းပြင်တွင်ကိုယ်တိုင်မြှုပ်နှံပေးလိုက်ပြီးလျှင် မျက်ရည်လည်ရွဲဖြင့်အကြိမ်ကြိမ်ဦးချကန်တော့ကာ နောက်ဆုံးအကြိမ်အဖြစ်နှုတ်ဆက်လိုက်ပြီး ကလေးမြို့မှထွက်ခွာနိုင်ရန်ပြင်ဆင်ရလေတော့သည်။

ဓားပြဆွန်နား၏တပည့်များသည်. . သူဖွက်ထားသောရွှေဒင်္ဂါးအိတ်ကြီးဖြင့်ကလေးမြို့မှထွက်ခွာချိန်တွင် အပိုင်စောင့်၍တိုက်ခိုက်ကြမည်ဖြစ်ကြောင်းတွေးမိလိုက်သဖြင့် ရန်သူများအားလှည့်စားနိုင်ရန် ညဘက်တွင်အိမ်ကြီးအားမီးများဖြင့်ထိန်လင်းနေအောင်ထွန်းညှိထားလိုက်ပြီး ကလေးမြို့ထဲတွင်ဆက်နေမည့်ဟန်ဖြင့်ရန်သူများအားလှည့်စားထားလိုက်လေသည်။

ညဉ့်သန်းခေါင်ယံအချိန်သို့ရောက်သောအခါ မျက်နှာကြက်ပေါ်မှရွှေဒင်္ဂါးအိတ်ကြီးအားတက်ယူလိုက်ပြီး မောင်ရွှေမိုးသည်အိမ်ကြီး၏အနောက်ဘက်အမှောင်ရိပ်မှတဆင့် တောထဲသို့တိုးဝင်ရှောင်တိမ်းခဲ့ရလေသည်။

ဆရာကြီးလူစွန့်စားအောင်ဘချိုက သင်ကြားပေးထားသဖြင့်. . တောတွင်းပရိယာယ်ကြွယ်ဝနေသောမောင်ရွှေမိုးသည်ရန်သူများကအိမ်တွင်ရှာမတွေ့ပါက တောလမ်းအတိုင်းခြေရာခံလိုက်လာကြမည်ကိုကြိုတင်တွက်ဆမိထားသဖြင့် ချောင်းငယ်တစ်ခုသို့ရောက်သောအခါ ခြေရာလက်ရာအားလုံးကိုဖျောက်ဖျက်ပစ်



လိုက်ပြီး ရန်သူများထင်မှတ်မထားကြသည့်အိန္ဒိယနိုင်ငံဘက်သို့ပြန်လှည့်သွားကာ တမူးမြို့လေးအနီးရှိဆရာကြီးလူစွန့်စားအောင်ဘချို၏မိတ်ဆွေတစ်ဦးအိမ်တွင်. . နှစ်လခန့်ခိုအောင်းနေထိုင်နေလိုက်ပြီးမှ ခရီးသွားအဖွဲ့တစ်ဖွဲ့နှင့်မိတ်ဆွေဖွဲ့ကာ. . ရုပ်ဖျက်၍ရန်ကုန်သို့အရောက်ပြန်လာခဲ့လေသည်။

* * *

မောင်ရွှေမိုးသည် ဆရာကြီးလူစွန့်စားအောင်ဘချိုနှင့်တတူကလေးမြို့အိမ်ကြီးတွင်နေထိုင်စဉ်က ဆွန်နားအားမြန်မာစကားမတတ်ဟုယုံကြည်နေသောကြောင့် ဆွန်နားနှင့်အတူထိုင်နေသောအချိန်များ၌ တိုးကြောင်ကလေးရွာမှမိသားစုအကြောင်းကိုမကြာခဏပြောခဲ့ဖူးသည်ကိုပြန်လည်အမှတ်ရနေသဖြင့် ရန်ကုန်သို့ပြန်ရောက်သောအခါ. . တိုးကြောင်ကလေးအိမ်ကြီးသို့တန်းမပြန်ဘဲ ရန်ကုန်မြို့တွင်စတည်းချနေထိုင်ကာ. . အင်းလျားလမ်းရှိတိုက်အိမ်ကြီးကိုဝယ်ယူလိုက်ပြီး. . တိုးကြောင်ကလေးရှိနေနီးသည့်မလေးငယ်နှင့်သားလေးမောင်သန်းဟန်တို့အကြောင်းကို လျှို့ဝှက်စွာစုံစမ်းလိုက်သောအခါ ရင်နာစရာသတင်းစကားကိုထပ်မံကြားသိလိုက်ရလေတော့သည်။

မလေးငယ်တို့မိသားစုနေထိုင်ကြသည့်အိမ်ကြီးကို လွန်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သောလေးလခန့်က ဓားပြများကဝင်ရောက်လုယက်ကြရာ . . သားလေးမောင်သန်းဟန်မှာ မြို့ကျောင်း၌ကျောင်းသွားတက်နေ၍လွတ်မြောက်သွားသော်လည်း ဇနီးသည်မလေးငယ်မှာမူဓားပြများ၏လက်ချက်ကြောင့် သေဆုံးသွားရပြီဆိုသောသတင်းကြောင့် ဆွန်နားတို့၏လက်ချက်ဖြစ်ကြောင်းရိပ်မိလိုက်ကာ သားလေး၏အသက်အန္တရာယ်ကိုစိုးရိမ်ရသောကြောင့် . . သွားရောက်တွေ့ဆုံခြင်းမပြုသေးဘဲ ဆွန်နားတို့အားရှင်းလင်းပြီးမှသာလျှင် သားလေးအားတွေ့ဆုံ၍သိုင်းပညာများသင်ကြားပေးပြီး . . အမွေများခွဲဝေပေးရန်ဆုံးဖြတ်လိုက်ရလေတော့သည်။

* * *

မောင်ရွှေမိုးသည် အင်းလျားလမ်းရှိအိမ်ကြီးတွင်တစ်ဦးတည်းနေထိုင်ရင်း . . အချိန်ရှိသမျှ တွင်းပေါက်မျှော်စင်သိုင်းပညာများကိုကြိုးစားလေ့ကျင့်နေလေသည်။ သူ၏စိတ်ခါတ်များမှာလည်း အချိန်ကြာလာသည်နှင့်အမျှ ခက်ထန်ကြမ်းတမ်းလာကာ . . ဆွန်နားကပေးခဲ့သောခါးသီးလှသည့်အတွေ့အကြုံကြောင့် မည်သူ့ကိုမျှမယုံကြည်နိုင်တော့ဘဲ တပည့်တပန်းအိမ်စေများကိုပင်မထားရှိဘဲ တစ်ဦးတည်းသာနေထိုင်နေလေသည်။

သူသည်သူဌေးကြီးတစ်ဦးအဖြစ်အဆင့်အတန်းမြင့်မြင့်



နေထိုင်ကာ အားလပ်သည့်အချိန်များတွင်ရုပ်ဖျက်၍ရန်ကုန်မြို့ထဲ၌လှည့်ပတ်သွားလာရင်း . . ဆွန်နားတို့အကြောင်းကိုစုံစမ်းနေလေတော့သည်။

ထိုသို့ဖြင့် . . နှစ်နှစ်ကျော်မျှကြာမြင့်လာသည့်အချိန်တွင် ရန်ကုန်မြို့ထဲတစ်နေရာ၌ အနောက်တိုင်းဝတ်စုံကိုသပ်ယပ်စွာဝတ်ဆင်ထားသော ဆွန်နားအားတွေ့ရှိလိုက်ရလေသည်။

မောင်ရွှေမိုးသည် ဆွန်နားအကြောင်းကိုလိုက်လံစုံစမ်းရာ ဆွန်နားသည် . . ယခုအခါ၌ ရွှေကုန်သည်ကြီးစူနီယာဆင်းအဖြစ် အမည်ပြောင်းထားပြီး မိသားစုများမရှိကြဘဲတပည့်တပန်းများစွာဖြင့်နေထိုင်နေသည်ကို သိရှိရလေသည်။

ပန်းပဲဆရာကြီးချန်ဒူးရားက ဆွန်နား၏ဇနီးမဒီနားနှင့်သားသုံးယောက်အကြောင်းကိုပြောပြထားခဲ့ပါလျှက် ဆွန်နားသည် မည်သည့်အတွက်ကြောင့် . . မိသားစုများနှင့်မနေထိုင်ဘဲ ခွဲရာဖျောက်နေထိုင်နေသည်ကိုသိရှိရန် မြောက်လခန့်အချိန်ယူ၍စုံစမ်းလိုက်သောအခါမှ . . ဆွန်နားသည် သူ၏ဇနီးနှင့်သားသုံးယောက်အား အိန္ဒိယနိုင်ငံရှိဒါဂျီလင်မြို့တွင်ပို့ထားကြောင်းကို သိရှိလိုက်ရတော့၏။

ထိုသို့ဖြင့် မောင်ရွှေမိုးသည်ဆွန်နားအားသတ်ဖြတ်ရန် အကွက်ချောင်းနေခဲ့ပြီး . . တစ်ရက်တွင်ဆွန်နား၏တပည့်များက တော်တစ်ခုသို့သွားနေချိန်၌ ဆွန်နား၏အိမ်ကြီး၌ပျော်ဆုံကြကာ

www.burmeseclassic.com

www.burmeseclassic.com



ဆွန်နားအား . . တွင်းပေါက်မျှော်စင်သိုင်းပညာဖြင့်သတ်ဖြတ်ကာ မီးခံသေတ္တာကြီးထဲမှရွှေဒင်္ဂါးများကိုပြန်ယူရာ၏ သူ့ထံမှခိုးယူသွားခဲ့သည့်ပစ္စည်းများ၏ငါးပုံတစ်ပုံမျှသာပြန်လည်ရရှိသဖြင့် ဆွန်နားသည်ရွှေဒင်္ဂါးများအား ဇနီးသည်မဒီနားနှင့်သားသုံးယောက်ထံတွင် အပ်နှံထားခြင်းဖြစ်ကြောင်းကို သဘောပေါက်သွားလေ၏။

ရွှေကုန်သည်ကြီးစူနီယာဆင်းအဖြစ် . . အမည်ခံယူထားသောဆွန်နားအားသတ်ဖြတ်ခဲ့မှုမှာ မောင်ရွှေမိုးကတစ်ယောက်တည်းလျှို့ဝှက်စွာလုပ်ကြံခဲ့ခြင်းဖြစ်ပြီး သဲလွန်စတစ်စုံတစ်ရာမျှ မကျန်ရစ်ခဲ့သဖြင့် . . ထိုခေတ်ကပုလိပ်အဖွဲ့ဝင်များသည်အမှုပေါ်အောင်မဖော်စုံမနိုင်ကြဘဲ တရားခံမောင်ရွှေမိုးမှာလွတ်မြောက်နေပေတော့သည်။

သူကျူးလွန်ခဲ့သည့်လူသတ်မှု၏ . . အခြေအနေများအေးချမ်းသွားသောအချိန်တွင်မှ မောင်ရွှေမိုးသည်တိုးကြောင်ကလေးရွာသို့ညဘက်တွင်လျှို့ဝှက်စွာသွားရောက်ကာ သားလေးမောင်သန်းဟန်နှင့်တွေ့ဆုံလေတော့သည်။

♥ ♥ ♥

တွင်းပေါက်မျှော်စင်သိုင်းပညာမှတ်တမ်းမှုရင်းကို
သားလေးရဲ့မျိုးရိုးစဉ်ဆက် . . .
ထိန်းသိမ်းစောင့်ရှောက်ပြီးလေ့ကျင့်နိုင်ဖို့ . . .
ဖေဖေ့ရဲ့ပညာအမွေအဖြစ် ပေးလိုက်ပါမယ်ကွယ်။

တွင်းပေါက်မျှော်စင်သိုင်းပညာရှင်ဦးရွှေမိုး

www.burmeseclassic.com

www.burmeseclassic.com



## ဖခင်နှင့်တွေ့သော်လည်း

မောင်သန်းဟန်သည် မိခင်ဖြစ်သူအားမားပြများကသတ်ဖြတ်သွားခြင်းအတွက် အလွန်နာကြည်းခံပြင်းနေသူဖြစ်သည်။

သူ့ဘဝတွင်. . ဖခင်ဖြစ်သူမှာလည်း လွန်ခဲ့သောငါးနှစ်ကျော်ကပင်စီးပွားရှာရန်ထွက်သွားခဲ့ပြီး လုံးဝပျောက်ဆုံးသွားသဖြင့် သေဆုံးပြီဟုယူဆကာ အမေ၏မောင်ဦးဒွေးမောင်နှင့်အတူနေထိုင်နေရပေသည်။

မောင်သန်းဟန်၏ဘဝတွင် မမေ့နိုင်သောညတစ်ညသို့ရောက်ရှိလာခဲ့လေသည်။ ထိုညက. . မောင်သန်းဟန်အိပ်မောကျ



နေစဉ် အိမ်ခန်းတံခါးကိုအဆက်မပြတ်ခေါက်နေသံကြောင့် လန့်နိုးသွားရလေသည်။

"ဒွေးမောင်ရေ. . တံခါးဖွင့်စမ်းပါဦးဗျ"

မောင်သန်းဟန် အိမ်အောက်ထပ်သို့ဆင်းလာချိန်တွင်. . တံခါးအနီး၌ဦးလေးဒွေးမောင်တစ်ယောက် မီးခွက်တစ်ချောင်းဖြင့်ရပ်စောင့်နေသည်ကိုတွေ့လိုက်ရလေသည်။

"အပြင်ကခေါ်နေတာ ဘယ်သူလဲကွ။ ဘာကိစ္စရှိလဲ. ."

"ဒွေးမောင်ရေ. . ငါ ရွှေမိုးပါကွ။ တံခါးမြန်မြန်ဖွင့်စမ်းပါဦး. ."

ဦးလေးဒွေးမောင်ကတံခါးကိုဖွင့်ပေးလိုက်သည်နှင့် သားနားသပ်ယပ်စွာဝတ်ဆင်ထားသော လူကြီးတစ်ဦးကအိမ်တွင်းသို့ဝင်ရောက်လာလေသည်။

မောင်သန်းဟန်အနေနှင့် ဦးရွှေမိုးအမည်ကိုကြားလိုက်ကတည်းကပင်. . သူ၏ဖခင်ဖြစ်ကြောင်းသိထားပြီးဖြစ်၍ နှစ်ပေါင်းများစွာပျောက်ဆုံးနေခဲ့သော ဖခင်ဖြစ်သူကိုသာငေးစိုက်ကြည့်နေမိလေသည်။

ဦးရွှေမိုးဆိုသည့်လူကြီးကလည်း. . မောင်သန်းဟန်အားခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်ကာ မျက်လုံးအစုံတွင်မျက်ရည်များရစ်ဝဲလာပြီး. .

"သားလေးရေ. . ဖေဖေ့ဆီကိုလာပါဦးကွယ်။ ဖေဖေဟာ

www.burmeseclassic.com

www.burmeseclassic.com



သားလေးကိုအခုလိုတွေ့ရဖို့ နှစ်ပေါင်းများစွာအချိန်ယူပြီးစောင့်ဆိုင်းနေခဲ့ရတာပါ။ ဒီကိစ္စတွေအားလုံးကို. . ဖေဖေရှင်းပြပြီးရင် သားအနေနဲ့ ဖေဖေ့အပေါ် နားလည်လာပါလိမ့်မယ်ကွယ်. . "

ဦးရွှေမိုးသည်မောင်သန်းဟန်အား ကြင်နာစွာပွေ့ဖက်လိုက်ပြီးလျှင်. .

"ဒွေးမောင်ရေ. . ။ ငါသားလေးကို ခဏခေါ်သွားမယ်ကွာ. . ။ ရွာထဲကလူတွေမေးရင် တောကအမျိုးတွေဆီကိုအလည်သွားတယ်လို့သာပြောထားလိုက်ပေတော့. . ။ ငါနဲ့ပတ်သက်ပြီး အသက်ရှင်လျက်တွေ့လိုက်ရတယ်ဆိုတဲ့စကားမျိုးကို ယောင်လို့တောင်မဟမိပါစေနဲ့။ ငါတို့မိသားစုအတွက်. . အန္တရာယ်တွေက ခုချိန်ထိရှိနေသေးတာမို့ အင်မတန်လျှို့ဝှက်သိုသိပ်ဖို့လိုတယ်ကွ။ သားလေးကို. . ၀ လတင်းတင်းပြည့်တဲ့နေ့မှာ အိမ်ကိုပြန်ပို့ပေးပါ့မယ်။ ရွာထဲမှာ အဆင်ပြေအောင်ပြောထားလိုက်ပေါ့. . "

ဦးလေးဒွေးမောင်သည် ရှုတ်တရက်ကြုံတွေ့လိုက်ရသော အခြေအနေများကြောင့် အလွန်အံ့ဩသင့်နေကာ. .

"ကိုရွှေမိုးရယ်. . ။ ခင်ဗျား ဒီကထွက်သွားပြီးတဲ့နောက်မှာ အခြေအနေတွေကအတော်ဆိုးဆိုးရွားရွားပြောင်းလဲကုန်ပြီဗျ။ ကျုပ်ညီမလေး မလေးငယ်ခမြာလည်း. . "

ဦးရွှေမိုးက လက်ကာပြလိုက်ပြီးလျှင်. .

"အဲဒါတွေကို. . ငါအကုန်သိပြီးပါပြီ ဒွေးမောင်ရာ။ ငါက



မင်းတို့ဆီကို. . အခြေအနေအရလာမတွေ့နိုင်ပေမယ့် မင်းတို့ပတ်ဝန်းကျင်မှာငါအမြဲရှိနေတာပါ။ မလေးငယ်ကိုသတ်သွားတဲ့ကောင်တွေကိုလည်း ငါကိုယ်တိုင်သတ်လိုက်ပါပြီ. . "

မောင်သန်းဟန်သည်. . ဖခင်၏ရင်ခွင်ထဲတွင်မှီနေရင်း ဖခင်ဖြစ်သူက သူ့အလွန်နာကြည်းနေသောလူသတ်သမားများအား သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်းကြားသိလိုက်ရသောအခါ. . ယခုမှ စတင်တွေ့မြင်ရသောဖခင်ဖြစ်သူအား အလွန်လေးစားရှိသေချစ်ခင်စိတ်များတဖွားဖွားပေါ် ပေါက်လာကာ ဖခင်ဖြစ်သူကပြောပြမည့်အကြောင်းအရာများကို ကြားသိချင်နေမိလေတော့သည်။

"သားလေးရေ. . ဖေဖေနဲ့လိုက်ခဲ့ပေတော့။ တို့သားအဖနှစ်ယောက်. . တစ်လလောက်အေးအေးဆေးဆေးအတူနေကြပြီး သားဘဝနောင်ရေးအတွက် တိုင်ပင်ကြတာပေါ့ကွယ်. . "

"ဟုတ်ကဲ့ပါ. . ဖေဖေ။ ဖေဖေ့သဘောဆန္ဒအတိုင်း သားလိုက်နာပါ့မယ်. . "

* * *

အင်းလျားလမ်းရှိ ဖခင်ကြီးတစ်ဦးတည်းနေထိုင်သော အိမ်ကြီးသို့ရောက်သောအခါ မောင်ရွှေမိုးသည်ဖခင်ကြီး၏ကြွယ်ဝချမ်းသာမှုများကိုကြည့်ကာ အလွန်အံ့ဩနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားလေးက. . ဖေဖေတစ်ယောက်အညှိုးစည်းစိမ်နဲ့နေပြီး သားလေးကိုဖြစ်သလိုပြစ်ထားတယ်လို့ ထင်နေပြီလား. ."

"သားက. . အဲဒီလိုမထင်ပါဘူးဖေဖေ။ မေမေမဆုံးခင်ကတည်းက. . ဖေဖေ့အကြောင်းတွေ အားလုံးပြောပြထားပါတယ်။ ဖေဖေဟာ. . မိသားစုကိုသိပ်ချစ်ခင်ပြီး မေမေနဲ့သားကိုချမ်းချမ်းသာသာထားချင်လွန်းလို့ ရန်ကုန်မှာဈေးသွားရောင်းပြီးကျွေးမွေးခဲ့တာကအစ. . ခရီးဝေးမှာစီးပွားသွားရှာမယ့်အချိန်မှာ သားတို့နေဖို့အိမ်ကြီးကိုဆောက်ပေးခဲ့ပြီး သားတို့မိသားစုမပူမပင်နေနိုင်ဖို့ငွေကြေးအပြည့်အစုံပေးထားခဲ့တယ်ဆိုတာ သားသိပြီးသားပါ။ ဖေဖေအခုလိုတစ်ယောက်တည်းနေတာဟာ အကြောင်းထူးတစ်ခုခုရှိလို့ပဲဆိုတာကို သားသဘောပေါက်ပါတယ်. ."

ဦးရွှေမိုးသည် မောင်သန်းဟန်၏စကားကြောင့်ကျေနပ်တိဖြစ်သွားကာ သားဖြစ်သူအားကြင်နာစွာပွေ့ဖက်လိုက်ပြီး. .

"တဲ. . သားလေးကို ဖေဖေကြုံခဲ့ရတဲ့အဖြစ်အပျက်တွေအားလုံးပြန်ပြောပြမယ်. . ။ သေသေချာချာသာမှတ်သားထားပေဘာ့ သားလေးရေ. ."

ဦးရွှေမိုးက ရန်ကုန်မြို့ကမ်းနားတွင်ဈေးရောင်းနေရင်းရာဖြစ်သူလူစွန့်စားကြီးအောင်ဘချိုနှင့် တွေ့ကြုံခဲ့ရခြင်းမှအစကာ. . နောက်ဆုံးတွင်ဆွန်နားအားသတ်ဖြတ်ခဲ့ခြင်းနှင့် ဆွန်နားသားသုံးယောက်မှာဒါဂျီလင်မြို့တွင်ပညာသင်ကြားနေကြသည်



ကိုပါ အသေးစိပ်ပြောပြလိုက်လေသည်။

ဦးရွှေမိုးသည်စကားအရှည်ကြီးပြောလိုက်ရသဖြင့် စိတ်မောလူမောဖြစ်သွားကာ. .

"အခုဖေဖေပြောပြနေတာက. . သားလေးတို့နဲ့ခွဲခွာပြီးကြီးပွားချမ်းသာအောင်ကြိုးစားရင်း ဖေဖေကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေပဲကွယ့်။ ဒီကိစ္စတွေဟာ သားလေးနဲ့ပါတစ်ချိန်ချိန်မှာပတ်သက်လာနိုင်တာမို့. . ဖေဖေ့အနေနဲ့အဖြစ်အပျက်အားလုံးကိုအသေးစိတ်ပြောပြထားရတာပါ. ."

ဦးရွှေမိုးသည် သားဖြစ်သူအားစူးစိုက်ကြည့်လိုက်တာ. .

"သားလေးကို ဖေ ဖေခေါ်လာခဲ့တဲ့ရည်ရွယ်ချက်က. . ဖေဖေတို့မိသားစုနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကိုရှင်းပြဖို့နဲ့ ဖေဖေပိုင်ဆိုင်တဲ့ပစ္စည်းဥစ္စာရတနာတွေကို. . ဘယ်နေရာတွေမှာသိမ်းဆည်းထားတယ်ဆိုတာ သားသိအောင်ပြထားချင်လို့ပဲ"

"လောကကြီးမှာ. . ဘယ်သူ့ကိုမှ ယုံကြည်လို့မရဘူးဆိုတာ ဖေဖေ့ကိုယ်တွေ့အဖြစ်အပျက်တွေကိုသင်ခန်းစာယူပါသားလေး. . ။ ရှင်းရှင်းပြောရရင် ဖေဖေအခုပြောတဲ့အကြောင်းအရာတွေကို မင်းဦးလေးဒွေးမောင်ကိုတောင်မပြောပါနဲ့. ."

"ဟုတ်ကဲ့. . ဖေဖေ၊ သားသဘောပေါက်ပါပြီ. ."

"အေးကွယ်. . ဒါဆို နော က်ဆုံးအနေနဲ့ ဖေဖေ့အတွက်အရေးအကြီးဆုံးကိစ္စကိုပြောပြမယ်. . ။ သားဟာ ဖေဖေ့ရဲ့ဥစ္စာ

www.burmeseclassic.com

www.burmeseclassic.com



အမွေအနှစ်တွေကိုထိန်းသိမ်းရမယ့် တစ်ဦးတည်းသောသားဖြစ်တာမို့. . ဖေဖေ့ဆရာကြီးရဲ့အမွေအနှစ်ဖြစ်တဲ့ တွင်းပေါက်မျှော်စင်သိုင်းပညာကိုသင်ကြားပေးချင်တယ်။ သားအနေနဲ့. . သင်ယူချင်စိတ်ရော ရှိရဲ့လားကွယ်. . "

မောင်သန်းဟန်မှာ. . ဖခင်ဖြစ်သူက နောက်ကြောင်းပြန်ပြောပြနေစဉ်ကပင် တွင်းပေါက်မျှော်စင်သိုင်းပညာနှင့်ပတ်သက်၍အလွန်စိတ်ဝင်စားနေသူဖြစ်ရာ ယခုကဲ့သို့ဖခင်ကပညာအမွေပေးမည်ဟုဆိုလိုက်သောအခါ မဆိုင်းမတွပင်. .

"ဟုတ်ကဲ့ပါ. . ဖေဖေ။ သားလည်း. . အဲဒီသိုင်းပညာကိုသင်ချင်ပါတယ်. . "

ဦးရွှေမိုးသည်. . ဖအေတူသားလေးကိုသဘောကျစွာပြုံး၍ကြည့်လိုက်ပြီး. .

"ဒီအိမ်ကြီးမှာနေတဲ့တစ်လအတွင်း သိုင်းပညာအခြေခံတွေကို ဖေဖေကိုယ်တိုင်သင်ပေးမယ်။ ပြီးရင်. . တွင်းပေါက်မျှော်စင်သိုင်းပညာမှတ်တမ်းပုရပိုက်ကို . . သားလေးရဲ့မျိုးရိုးစဉ်ဆက်ထိန်းသိမ်းစောင့်ရှောက်ပြီးလေ့ကျင့်နိုင်ဖို့. . ဖေဖေ့ရဲ့ပညာအမွေအဖြစ်ပေးလိုက်ပါမယ်ကွယ်. . "

ထို့နောက်ဦးရွှေမိုးသည် တွင်းပေါက်မျှော်စင်သိုင်းပညာမှတ်တမ်းပုရပိုက်ကိုမောင်သန်းဟန်လက်သို့အပ်နှံလိုက်ကာ. . သူလျှို့ဝှက်သိမ်းဆည်းထားသည့်ရွှေဒင်္ဂါးများ၏နေရာများကိုပြသပြီး



မောင်သန်းဟန်သုံးရန် ရွှေဒင်္ဂါးပြားတစ်ရာကိုလည်းပေးလိုက်လေသည်။

"ဒီရွှေဒင်္ဂါးပြားတွေဟာ တန်ဖိုးကြီးမားလှသလိုအန္တရာယ်လည်းများလှပါတယ်သားလေးရယ်. . ။ ထိန်းနိုင်သမျှသိုသိပ်နေနိုင်မှဖြစ်မှာနော်. . "

"စိတ်ချပါ. . ဖေဖေ။ ဖေဖေပြောပြခဲ့တဲ့ အမြင်ဆိုးတွေဟာ သားဘဝအတွက်သင်ခန်းစာတွေပါပဲ. . "

* * *

ဖခင်ဖြစ်သူဦးရွှေမိုးနှင့်. . ပြန်လည်တွေ့ဆုံပြီးနောက်ပိုင်းတွင် မောင်သန်းဟန်၏ဘဝသည်အကြီးအကျယ်ပြောင်းလဲသွားလေတော့သည်။

သူသည်မည်သူ့ကိုမျှယုံကြည်ခြင်းမရှိတော့ဘဲ ဦးလေးအေးမောင်ကိုပင်အသိမပေးဘဲ အားလပ်ချိန်တိုင်းတွင်သိုင်းပညာကိုသာလေ့ကျင့်နေလေတော့သည်။ နောက်တစ်နှစ်အကြာ၌ ဆယ်တန်းအောင်သောအခါ. . အဆောင်နေ၍ကျောင်းတက်မည်ဟုဆိုကာ ရန်ကုန်ကောလိပ်ရှိအဆောင်တွင်သွားရောက်နေထိုင်ပြီး ကျောင်းပိတ်ရက်များတွင် ဖခင်ဖြစ်သူနှင့်အတူသွားရောက်နေထိုင်ကာ သိုင်းပညာများကိုဖိဖိစီးစီးလေ့ကျင့်နေလေတော့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းဟန်သည် ကောလိပ်ကျောင်းတက်ရင်းမှပင် ကောလိပ်ကျောင်းသူမမြဝင်းနှင့်တွေ့ဆုံမိကာ ချစ်ခင်စုံမက်ကြပြီး အိမ်ထောင်ပြုလိုက်ကြလေသည်။

ထိုသို့ဖြင့်သမီးကလေးမမြသွေးကိုမွေးဖွားခဲ့ပြီး မောင်သန်းဟန်တို့မိသားစုမှာငွေကြေးအတွက်ပူပင်ရန်မလိုသဖြင့် တိုးကြောင်ကလေးအိမ်ကြီးတွင်ပျော်ရွှင်စွာနေထိုင်ခဲ့ကြရာ မမြသွေး ဆယ်နှစ်သမီးအရွယ်တွင် ဂျကြမ္မာမုန်တိုင်းကမထင်မှတ်ဘဲတိုက်ခတ်လာပြန်တော့၏။

မောင်သန်းဟန်သည် ဖခင်ကြီးဦးရွှေမိုးထံသို့တစ်လလျှင်တစ်ခေါက်သွားရောက်တွေ့ဆုံနေကျဖြစ်သည့်အတိုင်း ရန်ကုန်မြို့သို့ထွက်ခွာသွားလေရာ ရန်ကုန်တွင်တစ်ညအိပ်ပြီးပြန်ရောက်လာသောအချိန်၌ သူတို့အိမ်ကြီးသို့ဓားပြသုံးယောက်ကဝင်ရောက်တိုက်ခိုက်ကြပြီး . . ပစ္စည်းများရှာမတွေ့သဖြင့် ဇနီးသည်မမြဝင်းအားသတ်ဖြတ်သွားကြောင်းကိုကြားသိလိုက်ရလေ၏။

ချစ်ဇနီးမမြဝင်း၏ဈာပနကိစ္စများပြီးစီးသွားသည်နှင့် မောင်သန်းဟန်သည် . . သမီးလေးမမြသွေးအား သူငယ်ချင်းများဖြစ်ကြသော မောင်ဖိုးသာနှင့်မနုတင်တို့လင်မယားထံတွင်အပ်နှံခဲ့ပြီးနောက် လူသတ်သမားများအားစုံစမ်းရန်တိုးကြောင်ကလေးနေအိမ်ကြီးမှ ထွက်ခွာသွားလေတော့သည်။

ဖခင်ကြီးဦးရွှေမိုးအား . . အကျိုးအကြောင်းပြောပြလိုက်သောအခါ . . ဦးရွှေမိုးသည်သူ့ကြောင့်ဖြစ်ရလေသည်ဟု စိတ်မကောင်းအကြီးအကျယ်ဖြစ်နေလေတော့၏။ ဓားပြလူသတ်သမားများမှာ . . ပစ္စည်းမရရှိဘဲ အကြောင်းမဲ့လူသတ်သွားသောကြောင့် ကသည်းဓားပြဆွန်နား၏အဆက်အနွယ်ဖြစ်ဖို့များကာ ဆွန်နား၏သားသုံးယောက်အနက်မှ တစ်ယောက်ယောက်ဖြစ်နေနိုင်သောကြောင့် အိန္ဒိယနိုင်ငံဒါဂျီလင်မြို့မှရန်ကုန်သို့ရောက်လာသူများကို ဦးစားပေး၍စုံစမ်းရန် မှာကြားလိုက်လေသည်။



အလွန်ဉာဏ်ကောင်း၍ . . ဖွဲ့နဘဲကြီးလှသောမောင်သန်းဟန်သည် ဆင်းရဲသားတစ်ဦးအဖြစ်ရုပ်ဖျက်၍ ရန်ကုန်မြို့အနှံ့အပြားတွင်လှည့်လည်နေထိုင်ရင်းပင်ပင်ပန်းပန်းစုံစမ်းခဲ့ရာ တစ်နှစ်ကျော်မျှကြာသောအချိန်တွင်မှ အိန္ဒိယနိုင်ငံဒါဂျီလင်မြို့မှရောက်ရှိလာပြီး ရန်ကုန်မြို့တွင်ရွှေကုန်သည်ကြီးများအဖြစ်လုပ်ကိုင်နေကြသော ရွှေကုန်သည်ကြီးဆာမိဆင်း၊ ရွှေကုန်သည်ကြီးအားဆင်းနှင့်ရွှေကုန်သည်ကြီးပရားဆင်းတို့အကြောင်းကိုစုံစမ်းသိရှိရလေတော့သည်။

မောင်သန်းဟန်သည် . . နောက်ထပ်သုံးလမျှအချိန်ယူ၍စောင့်ကြည့်နေလေရာ ထိုရွှေကုန်သည်ကြီးသုံးယောက်သည် လူအများကြားတွင်အဆက်အဆံမလုပ်ကြသော်လည်း တစ်လလျှင်တစ်ကြိမ် . . အိမ်ကြီးတစ်အိမ်၌လျှို့ဝှက်စွာတွေ့ဆုံလေ့ရှိကြသည်ကိုသိရှိလိုက်ရသဖြင့် ထိုအိမ်ကြီးအကြောင်းကိုစုံစမ်းရာ အိမ်ရှင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးမှာ. . မဒီနားအမည်ရှိကသည်းအမျိုးသမီးကြီးဖြစ်နေကြောင်းသိရှိလိုက်ရသဖြင့်. . ဖခင်ကြီးဦးရွှေမိုးပြောခဲ့ဖူးသည့်ဆွန်နား၏မိန်းမဖြစ်ကြောင်းမှတ်မိလိုက်ကာ. . ရွှေကုန်သည်ကြီးဆာမိဆင်၊ အားဆင်းနှင့်ပရားဆင်းတို့သည်လည်းဆွန်နား၏သားများဖြစ်ကြကာ မိမိ၏ဇနီးမမြဝင်းအားသတ်ဖြတ်သွားသူများမှာထိုသုံးဦးပင်ဖြစ်ကြောင်းရိပ်စားမိလိုက်လေတော့၏။

သို့ဖြင့်မောင်သန်းဟန်သည် သူ့ကိုယ်သူထမ်းသိကျားမင်းဟုအမည်ခံယူလိုက်ကာ. . ရွှေကုန်သည်ကြီးသုံးဦးအားကျားကုတ်သည့်ဒဏ်ရာများဖြင့်သေဆုံးနေသည့်ပုံစံမျိုးဖြင့် အောင်မြင်စွာသတ်ဖြတ်နိုင်ခဲ့သော်လည်း ညီအငယ်ဆုံးပရားဆင်းအားသတ်ချိန်တွင် အလွန်လျှင်သောရာဇဝတ်အုပ်မစ္စတာဂျူဗီ၏ထောက်ချောက်၌အမိခံလိုက်ရကာ. . ခြေထောက်ကိုသေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခြင်းခံလိုက်ရပြီး ရုံးတင်စစ်ဆေးပြီးနောက်. . သေဒဏ်ကျခံလိုက်ရလေသည်။

♥ ♥ ♥

BURMESE CLASSIC .com

တစ်ကျပ်သားဆိုရင်…တော်သေးတာပေါ့ဗျာ။
ခုဟာက…ပီအောထွန်းရင်တိုက်က ရွှေရည်စိမ်
ဂုဏ်ပြုတံဆိပ်ကြီးချီးမြှင့်မှာဗျ…ဟား…ဟား။

စုံထောက်ကြီး ဦးဇင်ယော်

www.burmeseclassic.com

www.burmeseclassic.com



ထမ်းသိကျားမင်း၏ဇာတ်သိမ်း

ကျွန်ုပ်သည် . ဦးရွှေမိုး၏စွန့်စားခန်းများနှင့်မောင်သန်းဟန်၏အဖြစ်အပျက်များကိုဖတ်ရှုရသည်မှာ အလွန်စိတ်ဝင်စားစရာကောင်းသောဝတ္ထုကြီးတစ်ပုဒ်ကိုဖတ်ရှုရသကဲ့သို့ဖြစ်နေသောကြောင့်တစ်ညလုံးမအိပ်ဘဲဖတ်ရှုနေခဲ့ပြီး ဦးဇင်ယော်၏စစ်ဆေးချက်မှတ်တမ်းမှာ ဤနေရာ၌အဆုံးသတ်သွားသောကြောင့် မချင့်မရဲကြီးဖြစ်၍ကျန်ရစ်ခဲ့လေသည်။

ထို့ကြောင့်လည်း ကျွန်ုပ်သည်မနက်စောစောအိပ်ရာမှနိုးသည်နှင့် . ဆိုက္ကားတစ်စီးဖြင့် စုံထောက်ကြီးဦးဇင်ယော်နေထိုင်



သည့် ဘောက်ထော်အိမ်ကြီးဆီသို့ထွက်လာခဲ့လေသည်။

စုံထောက်ကြီးဦးဇင်ယော်သည် အိမ်ရှေ့ဧည့်ခန်းတွင် ကော်ဖီနှင့်ပေါင်မုန့်ထောပတ်သုတ်ကိုစားသုံးကာ ဇိမ်ကျနေရင်း ကျွန်ုပ်အားမြင်လိုက်ရသောအခါ သူ့ရှေ့တွင်အဆင်သင့်ချထားသောကော်ဖီခွက်တစ်ခွက်အား မေးငေါ့ပြလိုက်ပြီးလျှင် . .

"ဦးသိန်းမောင်ရေ . . ခင်ဗျားရောက်လာတော့မယ်ဆိုတာကိုကြိုသိလို့ ကော်ဖီတစ်ခွက်တောင်အဆင်သင့်ဖျော်ထားပါသေးတယ်ဗျာ . ."

"အင်း . . စုံထောက်ကြီးဦးဇင်ယော်လို့နာမည်ကြီးနေတာဟာ စုံထောက်ပညာတစ်ခုတည်းမှာတော်လို့မဟုတ်ဘဲ အတွေ့အကြုံ တူလူပ်ရှားခဲ့ကြတဲ့ရဲဘော်ရဲဘက်တွေကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်နိုင်လို့နာမည်ကြီးနေတယ်ဆိုတာ ကျုပ်သိရပါပြီဗျာ"

"ဦးသိန်းမောင်ရယ် . . စောစောစီးစီး စကားနာတွေထိုးနေရအောင် ကျုပ်ကဘာများလုပ်မိလို့လဲဗျ . ."

"ဘာလုပ်ရမှာလဲဗျ . . ခင်ဗျားက မမြသွေးရဲ့အစစ်ခံချက်တွေကိုထည့်ရေးမထားလေတော့ ဖတ်ရတာဆတ်တငံ့ငံ့ကြီးဖြစ်နေတာပေါ့ . ."

ဦးဇင်ယော်သည်ကျွန်ုပ်အားပြုံးဖြဲဖြဲဖြင့်ကြည့်လိုက်ပြီး

"မမြသွေးနဲ့ပတ်သက်တာတွေက ခင်ဗျားလည်းသိထားပြီးသားတွေမို့ စစ်ဆေးချက်မှတ်တမ်းမှာထည့်မကူးတာပါ . ."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကဦးဇင်ယော်အား ဘုကြည့်ကြည့်လိုက်ကာ. .

"အဲဒါတွေမပါတော့. . ဖတ်ရတာအရသာမရှိဖြစ်နေတာပေါ့ ဦးဇင်ယော်ရာ. . "

ဦးဇင်ယော်က သဘောကျစွာပြုံးရယ်လိုက်ကာ. .

"စစ်ဆေးချက်မှတ်တမ်းက. . ဝတ္ထုမှမဟုတ်တာ။ ဖတ်လို့ဘယ်အရသာရှိနိုင်ပါ့မလဲဗျ. . ။ ခင်ဗျားက မမြသွေးနဲ့ပတ်သက်ပြီး ဘာများသိချင်သေးလို့လဲ. . "

"ကျုပ်မသိဘဲကျန်ခဲ့တာလေးတွေရှိတယ်ဗျ. . ။ ရေနစ်သေတဲ့မခင်လေးကိစ္စလိုမျိုးတွေပေါ့. . "

"ဒါတွေက. . ဆက်စပ်တွေးလိုက်ရင် အဖြေပေါ်နေပါတယ် ဦးသိန်းမောင်ရယ်။ ကဲပါလေ. . ခင်ဗျားစိတ်ကျေနပ်သွားအောင် ကျုပ်ကပဲဆက်ရှင်းပြလိုက်ပါ့မယ်. "

"မမြသွေးဟာ ဘာမှသိပ်မသိတတ်သေးတဲ့ရှစ်နှစ်သမီးအရွယ်တုန်းက မိခင်မမြဝင်းကိုဓားပြတွေသတ်သွားလို့နာကြည်းစိတ်ဝင်နေရာက. . တစ်ဆယ့်နှစ်နှစ်သမီးအရွယ်မှာ ဖခင်ကြီးကိုကြိုးပေးသတ်ဖို့. . သူ့ရှေ့မှာအမိန့်ချလိုက်တာကိုကြားရပြန်တော့ သူမရဲ့စိတ်ဓါတ်တွေဟာ ကလေးအရွယ်နဲ့မမျှအောင်ကိုမာကျောခက်ထန်သွားတော့တာပေါ့. . "

"ဒီလိုမာကျောခက်ထန်နေတဲ့မမြသွေးရဲ့စိတ်ဓါတ်တွေကိုမီးလောင်ရာလေပင့်လုပ်ပေးလိုက်တဲ့လူကတော့. . သူ့အဖိုးဦးရွှေ



မိုးပါပဲ။ ဦးရွှေမိုးဟာ. . မောင်သန်းဟန့်တုန်းကလိုပဲ မမြသွေးကိုလျှို့ဝှက်တွေ့ဆုံပြီး သူတို့မျိုးရိုးစဉ်ဆက်ကြုံတွေ့ခဲ့ရတဲ့အဖြစ်တွေကိုပြောပြလိုက်တယ်။ ပြီးတော့. . တွင်းပေါက်မျှော်စင်သိုင်းပညာကို မမြသွေးကောလိပ်လာတက်တဲ့အချိန်တွေမှာ သူ့အိမ်ကြီးမှာလျှို့ဝှက်ပြီးသင်ပေးခဲ့တယ်။ နဂိုကတည်းက. . စိတ်ဓါတ်မာကျောခက်ထန်တဲ့မမြသွေးအတွက် တစ်ယောက်တည်းအထီးကျန်နေပြီးလေ့ကျင့်ရတဲ့ တွင်းပေါက်မျှော်စင်သိုင်းပညာကိုလေ့ကျင့်မိလိုက်တာဟာ မြင်းကိုအတောင်တပ်ပေးလိုက်သလိုဖြစ်သွားတော့တာပေါ့ဗျာ. . "

"ဒါကြောင့်လည်း. . သူငယ်ချင်းတွေနဲ့ ငမိုးရိပ်ဘုရားပွဲကိုသွားကြရင်း သူတို့စီးလာကြတဲ့လှေကြီးစပြီးနစ်နေချိန်မှာ ရေမကူးတတ်တဲ့သူငယ်ချင်းမခင်အေးကို သူဆွဲနေကြရွှေဆွဲကြိုးလေးဆွဲပေးလိုက်ပြီး. . နစ်ရက်လောက်ကြာလို့မခင်အေးအလောင်းကိုပြန်တွေ့ကြတော့ မမြသွေးသေသွားပြီလို့သတင်းထွက်လာချိန်မှာ သူ့ဘဝကိုလုံးဝမျက်ပြုပ်ပစ်လိုက်ပြီး သူ့အဖိုးဦးရွှေမိုးရဲ့ခြံကြီးထဲမှာနေပြီး သိုင်းပညာကိုပဲလေ့ကျင့်နေတော့တာပေါ့. . "

ဦးဇင်ယော်သည် ကျွန်ုပ်အားပြုံး၍ကြည့်လိုက်ပြီး. .

"နဂိုကနည်းက စိတ်ဓါတ်ခက်ထန်လှတဲ့မမြသွေးဟာ. . သူ့အဖေကိုသေဒဏ်ချမှတ်လိုက်တဲ့ကိစ္စကို အခဲမကျေနိုင်ဖြစ်နေတာမို့. . နောက်ဆုံးမှာ လူသတ်မှုတွေဆက်တိုက်ကျူးလွန်ခဲ့တာမှာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကိုတောင်ဆက်ဖို့ အထိဖြစ်လာခဲ့တာပေါ့ ဦးသိန်းမောင်"

ကျွန်ုပ်သည် ထိုညက အဖြစ်အပျက်များကိုပြန်လည်မြင်ယောင်မိသဖြင့် ကြက်သီးမွေးညင်းများပင်ထလာမိလေတော့၏။

"ခင်ဗျားကို. . သတင်းထူးတစ်ခုပြောပြရဦးမယ်။ စီအိုင်ဒီစုံထောက်တွေက ခင်ဗျားကြောင့်သူတို့အလုပ်မပြုတ်ကြတာမို့ ခင်ဗျားအတွက်ဂုဏ်ထူးဆောင်ရွှေတံဆိပ်ချီးမြှင့်ပေးဖို့ စုံထောက်မင်းကြီးမစ္စတာစတီးဝပ်ကိုဝိုင်းတိုက်တွန်းကြပြီး ရှေ့အပတ်ထဲမှာ အခမ်းအနားနဲ့ရွှေတံဆိပ်ဆုဒာပ်နှင်းကြလိမ့်မယ်ဗျ. ."

ကျွန်ုပ်မှာ. . စီအိုင်ဒီမှရွှေတံဆိပ်ဆုချီးမြှင့်မည်ဆိုသဖြင့် ပျော်ရွှင်ကျေနပ်သွားသော်လည်း ဟန်လုပ်၍. .

"ခင်ဗျားတို့စီအိုင်ဒီရွှေတံဆိပ်က. . ရွှေဘယ်လောက်များပါမှာလဲဗျာ။ မသကာရှိလှ တစ်ကျပ်သားပေါ့ဗျ. ."

ဦးဇင်ယော်က သဘောကျစွာရယ်မောလိုက်ပြန်ပြီး. .

"တစ်ကျပ်သားဆိုရင် တော်သေးတာပေါ့ဗျာ။ ခုဟာက ပီအောထွန်းရင်တိုက်က. . ရွှေရည်စိမ်ဂုဏ်ပြုဟံဆိပ်ကြီးချီးမြှင့်မှာဗျ. . ဟား. . ဟား. ."

ကျွန်ုပ်နှင့်ဦးဇင်ယော်တို့၏ရယ်မောသံများသည် အိမ်ခန်းထဲ၌ဆူညံသွားလေတော့သတည်း။

ဤတွင်ပြီး၏။

ရာဇဂဏီ

BURMESE CLASSIC .com

www.burmeseclassic.com